www.burmeseclassic.com

ရွှေပဒေသာစာပေ

# မယ်နိုင်

# လပြည့်ည



( အချစ်လုံးချင်းဝတ္ထုသစ် )

www.burmeseclassic.com

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

၂၀၁၆ ခုနှစ်၊ စက်တင်ဘာလ၊ ပထမအကြိမ်

**တွန်ရှူတာစာမီ** - ခင်ပြုံးဝင်း

**ထုတ်ဝေသူ** - ဦးအေးလွင် (၀၀၄၀၅)
ရွှေပဒေသာစာပေတိုက်
အမှတ်(၃၃)၊ ကျိုက်တော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ** - ဦးအေးလွင် (၀၀၂၄၀)
ရွှေပဒေသာအော့ဖ်ဆက်
အမှတ်(၃၃)၊ ကျိုက်တော်လမ်း
မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်။

**ဖြန့်ချေး** - ၁၅၀၀ ကျပ်

**အုပ်ရေ** - ၅၀၀ အုပ်

ထုတ်ဝေသည့်စာအုပ်၊ ကတ်တလောက်အညွှန်း (CIP)

လပြည့်ည
မယ်ခိုင်
ရွှေပဒေသာစာပေ၊ ၂၀၁၆၊ ရန်ကုန်။
၂၆၈ - စာ၊ ၁၂ × ၁၈ စင်တီ။
(၁) လပြည့်ည

# လပြည့်ည

## မယ်ခိုင်

BURMESE CLASSIC
www.burmeseclassic.com

www.burmeseclassic.com



နူးညံ့တဲ့ သူ့လက်ကို
မလွှတ်ချင်ခဲ့တဲ့အချိန်
အရောင်မျိုးစုံ ယှက်သန်းနေတဲ့
သူ့မျက်ဝန်းရဲ့ဘာသာစကားကို
မသိချင်ယောင်ဆောင်ခဲ့တဲ့အချိန်
နက်ရှိုင်းလွန်းတဲ့ ရင်ခုန်သံတွေကို
ပြက်ရယ်ပြုနိုင်ခဲ့တဲ့အချိန်
အပြုံးတွေ ပြေးလွှားလှုပ်ရှားနေတဲ့
သူ့စကားသံချိုချိုတွေကို
တိမ်းရှောင်ထွက်ပြေးမိခဲ့တဲ့အချိန် ...။
အချစ်ကို အကျဉ်းချဖန်များတော့
အချစ်ရဲ့အကျဉ်းသားဖြစ်ရတဲ့ ...ငါက
နောင်တတွေ ရင်မှာတစ်ပွေ့တစ်ပိုက် ...
ခုနေ
သူ့မျက်ဝန်းလေးကို
တစ်ခါလောက် ပြန်မြင်ခွင့်ရလျှင် ...
သူ့ရယ်သံလေးကို
တစ်ကြိမ်လောက် ပြန်ကြားခွင့်ရလျှင် ...
အချစ်ရဲ့အဓိပ္ပာယ်ကို ...ငါ ...



BURMESE CLASSIC

# အခန်း (၁)

ညအမှောင်ထုသည် တိတ်ဆိတ်စွာ ချည်းနင်းဝင်ရောက်လာသောအခါ ပုရစ်အော်သံလေးများသည် ကျွတ်စီကျွတ်စီ ထွက်ပေါ်လာလေသည်။ အိမ်မြှောင်စုတ်ထိုးသံကိုလည်း ကြိုကြားကြိုကြားကြားနေရသောကြောင့် တိတ်ဆိတ်သော ညချမ်းနှင့်သည် လှုပမှုများပျောက်ဆုံးပြီး ကြောက်မက်ဖွယ်အတိ ဖြစ်နေသည်မှာ အမှန်ပါ။

အိပ်သင့်ပြီဆိုတာ သိနေ၍ မျက်လုံးကို အတင်းဖိပိတ်နေသော်လည်း အိမ်မြှောင်စုတ်ထိုးသံကြောင့် အိပ်မပျော်နိုင် ဖြစ်ရပြန်သည်။ ထို့ကြောင့် ကိုယ့်ကိုယ်ကို ဒုက္ခမပေးချင်တော့၍ ကြိတ်မှိတ်ထားသော မျက်စိကို လွှတ်လပ်ခွင့်ပြုလိုက်ရပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



သို့သော် အမှောင်ထုကိုအားပြုပြီး ကြည့်ရဖန်များလာသောအခါ သေးသောပစ္စည်းများကို ခပ်ကြီးကြီး မြင်လာရပြီး ကြီးသောပစ္စည်းများကို ရောမကြီးဟု မြင်လာသည်။ ငြိမ်သက်နေသော အရာဝတ္ထုများသည် ကိုယ့်ဆီပြေးလာသလို ခံစားရ၍ အသက်ရှူလမ်းကြောင်းပင် မွန်းကျပ်လာသလို ခံစားရ၏။

ထိတ်လန့်နေသောစိတ်တို့သည် တဖြည်းဖြည်း ချောက်ချားစပြုလာလေသည်။ တစ်နေရာရာမှ တစ်ခုခုထွက်လာတော့မလို ခံစားရ၏။ ထို့ကြောင့် ခြေရင်းမှ စောင်တစ်ထည်ကို ခြေဖြင့်သော့ကာ ဆွဲယူလိုက်သည်။ ချွေးပြန်သည်ထိ တင်းနေအောင် ခေါင်းမြီးခြုံထားသော်လည်း နီးလိုက်ဝေးလိုက်ဖြစ်နေသော အရာဝတ္ထုများက လွင့်ပျောက်မသွားပေ။

“ငါ…မျက်စိကြောင်နေတာများလား”

ဟု တွေးမိပြီး အိပ်မပျော်သောစိတ်ကို အမိန့်မပေးတော့ဘဲ အိပ်ရာထဲမှ လူးလဲထကာ မီးခလုတ်ကို စမ်းတဝါးဝါး ဖွင့်သည်။ ဖျတ်ခနဲ လင်းသွားသောမီးရောင်ကြောင့် မျက်စိသည် ကျိန်းခနဲ ဖြစ်သွားရ၍ တခဏမျှတော့ မျက်စိကို မှိတ်ပစ်လိုက်ရသည်။

ပြီးနောက် အလင်းရောင်နှင့် ကျင့်သားရအောင် လေ့ကျင့်ပြီး တဖြည်းဖြည်းချင်း မျက်စိကို ပြန်ဖွင့်သည်။

ထိုအခါမှ နီးလိုက်ဝေးလိုက်၊ ကြီးလိုက်သေးလိုက်အရာများ မျက်လှည့်ပြသလို ပျောက်ဆုံးသွားရလေသည်။

အိပ်၍မပျော်သောကြောင့် စာအုပ်ဖတ်ရန် စဉ်းစားမိပြီး စားပွဲ





ပေါ်ရှိ ကလေးပုံပြင်စာအုပ်ကို လှမ်းဆွဲလိုက်ပြန်သည်။

ရာသီဥတုက အေးသောကြောင့် စောင်နှင့် လက်လွှတ်သွားသည်နှင့်တစ်ပြိုင်နက် အအေးဓာတ်က စိမ့်ခနဲ စီးဝင်လာပြန်သည်။

“အေးလိုက်တာကွာ…လှုပ်တောင်မလှုပ်နိုင်ဘူး၊ ဒီပုံအတိုင်းဆို ဒီတောလမ်းခရီးကို ငါ ဘယ်လိုရှေ့ဆက်မလဲ”

ဟု ညည်းညူမိပြန်၏။

သို့သော် သူသည် ဘယ်အရာကိုမှ လွယ်လွယ်အရှုံးမပေးတတ်သူမို့ ရာသီဥတုကို အံတုကာ စောင်ခြုံထဲမှ အားယူထလေသည်။

စုစုပေါင်း ခြုံထားသည့်စောင်ကလေးသည် ချမ်းလာလိုက် ဆွဲခြုံလိုက်နှင့်မို့ စောင်က ကိုယ်ပေါ်တွင် အစီအစဉ် သိပ်မကျပေ။ စောင်နွမ်းနွမ်းလေးများက သူ့ကိုယ်ပေါ် အမှိုက်ပုံအငယ်စားလေး ဖြစ်နေသည်မှာ အမှန်ပါ။

“ရှီးရာပုံပြင် ဆိုပါလား…”

ကလေးစာအုပ်တွေ မဖတ်တာကြာပြီဖြစ်၍ သူ ပြုံးမိသည်။ ပုံပြင်စာအုပ်လေးတွေကို မြင်ရပြန်တော့ ရန်ကုန်တွင် ကျန်ရစ်ခဲ့သည့် ဘွားအေကိုတော့ သတိရမိသား…

“အဘွား…နေရောကောင်းရဲ့လား။ ကောင်းမှာပါ…သူ့ဘေးမှာ ပြုစုမယ့်လူတွေ အများကြီးပဲ”

စီးပွားရေးသမား မိဘနှစ်ပါးကြားတွင် အထီးကျန်ရသော သူ့အတွက် ဘွားအေကသာ သူငယ်ချင်း၊ ဘွားအေကသာ မိဘဖြစ်ခဲ့၍ ရောက်လေရာအရပ်တွင် ဘွားအေကိုသာ အမြဲသတိရနေသည်။

www.burmeseclassic.com



နာရီကို ကြည့်မိတော့ ညရှစ်နာရီကျော်မျှသာ ရှိသေးသည်။ သူ အံ့သြသွားလေ၏။ ရန်ကုန်မှာဆိုလျှင် ရှစ်နာရီဆိုပါက လည်ပတ်လို့ကောင်းနေဆဲ ဖြစ်၏။

အိပ်မပျော်၍ ညတာရှည်လွန်းသည်ဟု စိတ်ထဲတွေးနေမိသည်။ ယခုတော့ မိုးချုပ်စအချိန်ဆိုပါလား…ဘယ်လိုဖြစ်တာလဲ။ ဘာလို့ မိုးက အဲဒီလောက်ထိ အချုပ်မြန်ရတာလဲ။ တကယ်မိုးချုပ်တာရော ဟုတ်ရဲ့လား။ အဘွားပြောပြတဲ့ ပုံပြင်တွေထဲကလို စုန်းတွေ၊ နတ်တွေ ပြုစားထားတာရော မဖြစ်နိုင်ဘူးလား။

မယုံသင်္ကာစိတ်ကြောင့် ပြတင်းတံခါးကို ဖွင့်လိုက်သည်။

တံခါးဖွင့်ဖွင့်ချင်းပင် ဝှီခနဲ ခတ်သွားတဲ့လေအေးကြောင့် အရိုးထဲထိ စိမ့်အေးသွားလေသည်။

ဘုရား…ဘုရား…တကယ်ကြီးပါလား။ တကယ်ကြီး မှောင်မိုက်နေပါလား။ မှောင်မိုက်ရုံတင်မက တိတ်ဆိတ်၍ပါနေသည်။ အချို့တဲအိမ်လေးများတွင် မှိန်ပျပျအလင်းရောင်ကို တွေ့ရ၏။

ထိုအလင်းရောင်သည် ငြိမ်သက်မနေသောကြောင့် လျှပ်စစ်မီး မဟုတ်ဘဲ ထင်းမီးဖြစ်လိမ့်မည်ဟု သူ ခန့်မှန်းမိလေသည်။ ဘယ်လို ဖြစ်ရတာလဲ…ညရှစ်နာရီလေးနဲ့ အားလုံး အိပ်ကြပြီလား။

ရန်ကုန်မှာဆို ဖေဖေက ဒင်နာရှိပါက ခုချိန်ထိ အိမ်ပြန်ရောက် လိမ့်မည်မဟုတ်ပေ။ အဘွားဆိုလည်း စီးပုတီးလေးတစ်ကုံးဖြင့် ခြံထဲ ဟိုဟိုဒီဒီ လျှောက်နေလိမ့်မည်။ မေမေကတော့ ထုံးစံအတိုင်း ညဆယ်နာရီ မထိုးမချင်း သူ့စိန်တွေနဲ့ပဲ စကားပြောနေပါလိမ့်မည်။





အတူနေတော့ မသိသာပေမယ့် ခုလိုဝေးနေပြန်တော့လည်း မိသားစုကို လွမ်းမိသားပင်…

ရာသီဥတုက အေးနဲ့ ခုနေချိန် ကော်ဖီပူပူလေး သောက်လိုက်ရ ရင် အကောင်းသား။ ဟိုတယ်တို့၊ တည်းခိုခန်းတို့မှာဆိုလျှင် ဝန်ထမ်း များကို အားမနာတမ်း အကူအညီတောင်းလျှင် ကော်ဖီတစ်ခွက်က အလွယ်တကူ ရနိုင်ဖွယ်ရှိသော်လည်း ယခုတော့ လမ်းခုလပ် ယာယီ တဲအိမ်မှာမို့ အိမ်ရှင်များထံ တောင်းရအခက်သားပင်။

လူချေလည်း တိတ်နေပြီမို့ အိမ်သားအားလုံး အိပ်နေကြပြီဟု လည်း ထင်သည်။ ထို့ကြောင့်ပင် တောင့်တနေသော ကော်ဖီကို မေ့ပျောက်နိုင်ရန် ရိုးရာပုံပြင်စာအုပ်ကိုသာ ဆွဲယူပြီး ဖတ်လိုက်သည်။

ကလေးဖတ်စရာစာအုပ်မို့ ပေါ့ပေါ့ပါးပါးနှင့် အပျင်းတော့ ပြေသားပင်။ ပြုံးစရာစာကြောင်းလေးများပါသလို စိတ်ဝင်စားဖွယ်ရာ အဖြစ်အပျက်လေးများလည်း ပါ၏။ ကလေးတွေ နားလည်လွယ်စေ ရန် ရိုးရှင်းသောစကားလုံးများကို အသုံးပြုထားသည့်အတွက် အပျင်း ပြေစေသည်မှာ အမှန်ပါ။ စုန်းမကြီး၏ တန်ခိုးအရှိန်အဝါမှာလည်း အံ့သြမိစရာ ကောင်းလှသည်။ သူ မကြားဖူးသော စုန်းအမျိုးမျိုးကို လည်း ဖတ်ရှုရသည်။

သူငယ်စဉ်က အဘွား ပြောပြသည့်ပုံပြင်ထဲမှ စုန်းမလို ဝေဖာ တွေ၊ ချောကလက်တွေ မစားသည့် စုန်းအမျိုးမျိုး ပါဝင်နေသည်။ ချေးစားစုန်းကို ဟာသဆန်ဆန် ရေးထားပြီး တိမ်ညွှန့်စားသောစုန်းကို ဘာယာနကဆန်ဆန် ရေးထားလေသည်။

www.burmeseclassic.com



ပြီးနောက် ဒလိမ့်တုံးစုန်း၊ အပျိုစုန်း၊ ဝမ်းတွင်းစုန်း၊ စုန်းမီးလုံး… အစရှိသဖြင့် စုန်းအမျိုးမျိုးကို ခွဲခြမ်းစိတ်ဖြာထားသဖြင့် သူ ပြုံးမိလေသည်။ စာရေးသူကိုလည်း ချီးကျူးမိသည်။ သူမို့သာ တွေးလည်းတွေးနိုင်သည်ဟု…။

ကလေးဖတ်စရာစာအုပ်မို့ လူကြီးဖြစ်သောသူက နှစ်နာရီမျှ ဖတ်လိုက်တယ်ဆိုလျှင်ပဲ ဤသည်မရွေး တစ်လုံးမကျန်အောင် ပြီးဆုံးပြီဖြစ်၏။

ဆယ်နာရီဆိုသောအချိန်သည် သူ့အတွက် စောနေပြန်သေးသည်။ ရန်ကုန်နေအိမ်မှာဆိုပါက ဆယ့်နှစ်နာရီ၊ တစ်နာရီမှ အိပ်ရာဝင်လေ့ ရှိသည်။ သူ့မျက်လုံးသည် အချိန်ကို ကောင်းစွာ သိနေပြီဖြစ်၏။ ခရီးပန်းလာတယ်ဆိုသော်ငြား အလေ့အကျင့်ကို မစွန့်လွှတ်နိုင်ပေ။

ချမ်းလွန်းတာမှန်သော်လည်း စောင်ခြုံထဲ ဝင်ခွေနေပြန်လျှင်လည်း အညောင်းမိသည်။

အင်္ကျီထူထူဝတ်ပြီး လမ်းထွက်လျှောက်ရအောင်လည်း ပတ်ဝန်းကျင်တွင် လျှပ်စစ်မီးရောင်က လုံလုံလောက်လောက် မရှိချေ။

ထိုထက်ဆိုးသည်က နှင်းရည်ကျသံ တဖျောက်ဖျောက်နှင့် ပုရစ်အော်သံမှလွဲ၍ ပတ်ဝန်းကျင်သည် အထူးတိတ်ဆိတ်နေသောကြောင့်ဖြစ်သည်။ သူသည် တိတ်ဆိတ်ခြင်းကို နှစ်သက်လှသူ မဟုတ်ပေ။ တိတ်ဆိတ်ခြင်းသည် စိတ်ကို ခြောက်ချားစေသောကြောင့် သူ မကြိုက်ပေ။

ခပ်လှမ်းလှမ်းဆီမှ ခင်ပုတ်ငှက်အော်သံကိုလည်း အတိုင်းသား





ကြားနေရသည်။ အသွား ပြောပြတဲ့ပုံပြင်တွေအရဆိုပါက ခင်ပုတ်ငှက်အနောက်ရပ်တွင် အော်လျှင် အရှေ့အရပ်၌ အပျိုတစ်ဦးက လင်ကောင်မပေါ်ဘဲ ကိုယ်ဝန်ဆောင်ထားရပြီ ဖြစ်၏။

"ဒေါက်…ဒေါက်…"

တံခါးခေါက်သံသည် ညအမှောင်ထုကို အံတု၍ ထွက်ပေါ်လာသည်။

"ဘယ်သူလဲ"

"ကျွန်တော်ပါ… အစ်ကို အိပ်မပျော်လို့လား…မီးဖွင့်ထားတာတွေ့လို့ပါ"

သူ ကားအော်ဒါငှားခဲ့သော ကားဒရိုင်ဘာလေး၏အသံ ဖြစ်သည်။ ထို ကားဆရာလေး၏နာမည်က ခပ်ဆန်းဆန်းပင်။ တိုင်းရင်းသားနာမည် ဖြစ်၏။

"အင်း…ဟုတ်တယ်၊ မျက်စိကြောင်နေတာနဲ့ပဲ…"

ပြောပြောဆိုဆိုပင် ထိုးထားသော တံခါးဂျက်ကို ဖွင့်လိုက်သည်။

"အိပ်မပျော်ရင်…လာလေ…အစ်ကို…မီးလှုံရင်း ခေါပုတ်တင်စားကြတာပေါ့"

"ကောင်းသားပဲ"

သူ ကျေနပ်သွားသည်။ သူ့အဖြစ်က ရေငတ်တုန်း ရေတွင်းထဲကျသည့်အခြေအနေ…

"ထိုင်…အစ်ကို"

ဟုဆိုသဖြင့် သူက မီးလင်းဖိုဘေးရှိ ဂုန်နီအိတ်ပေါ် ထိုင်ချလိုက်



www.burmeseclassic.com

www.burmeseclassic.com



လေသည်။ ဆိုဖာခုံမဟုတ်၍ ကြမ်းရှရှနိုင်သော်လည်း နွေးထွေးလှသည်။

"ကောက်ရိုးတွေပါဗျာ…အထဲမှာ ကောက်ရိုးသွပ်ထားတာပါ၊ စိတ်ချလက်ချ ထိုင်ပါ"

"ကောက်ရိုးဆိုတာက စပါးကိုင်းခြောက်ကို ပြောတာမဟုတ်လား"

သူ့အမေးကို နှုတ်ဖြင့်မဖြေဘဲ အပြုံးဖြင့်သာ ဖြေလေသည်။ သူ ရှက်မိ၏။ သူက အဲဒီလောက်တောင် ဗဟုသုတနည်းတဲ့လူလား။

"ဘကြီး…ဒါက ကျွန်တော့်ညီ့သည်လေ"

ကားဆရာလေးက သူ့အား မီးဖိုသေး ငုတ်တုတ်ထိုင်မှိုင်နေသော အဘိုးအိုနှင့် မိတ်ဆက်ပေးသည်။

အဘိုးအိုက သူ့ထံ လှမ်းမကြည့်ဘဲ ခေါပုတ်ဆိုသော ကောက်ညှင်းအပိုင်းပြားကို တုတ်တစ်ချောင်းဖြင့်ထိုးပြီး မီးကျီးခဲအနီးတွင် အပူခံနေသည်။

"ဘယ်သွားကြမလို့လဲ"

"ပူတာအို…မချမ်းဘော…ရေခဲတောင်…အစရှိသဖြင့် ခရီးတွေစုံအောင် သွားမယ်တဲ့ဗျာ"

သူဆိုခဲ့သည့်အတိုင်းပင် ကားဆရာလေးက အဘိုးအိုထံ တစ်ဆင့်ဖောက်သည်ချလေသည်။

ထိုအခါမှ အဘိုးအိုက သူ့ထံ တစ်ချက်လှမ်းကြည့်၏။

သူမှာ ပြုံးပြရမလို…အရိုအသေပေးရမလို ယောင်နန ဖြစ်သွား





လေသည်။

ညနေခင်းက သူ ထိုအိမ်ထဲဝင်လာသောအခါ သူက ပြုံးပြနှုတ်ဆက်သည်ကို မသိချင်ယောင်ဆောင်ခဲ့သည့် အဘိုးအိုမို့ သူကလည်း ထပ်ပြီး ကြောင်တောင်တောင် မဖြစ်စေရန် အပြုံးကို ချေဖျက်မိလေသည်။

"သွားရောသွားနိုင်ပါ့မလား…ရေခဲတောင်ဆိုတာက ပြောတော့သာအလွယ်လေး…သွားဖို့ အတော်မလွယ်ဘူး"

သူ့ကို အထင်သေးရန်ကောဟု တွေးမိပြီး အဘိုးအိုကို ဒေါသဖြစ်သွားမိသည်။ ထိုအဘိုးအိုနေရာမှာသာ အိမ်မှအသွားဆိုပါက ရန်တွေ့မိမှာမလွဲပင်။

သို့သော် အရိပ်ခိုရသော အိမ်ရှင်ဖြစ်တာကတစ်ကြောင်း… မြန်မာစကားကို ပီပီသသ မပြောနိုင်သော တိုင်းရင်းသားကြီးဖြစ်နေတာကတစ်ကြောင်း…အစရှိသဖြင့် နှစ်ကြောင်းပေါင်းကာ သည်းခံလိုက်လေသည်။

"သွားနိုင်တာ မသွားနိုင်တာက ခရီးသည်အပိုင်းပေါ့… ကျွန်တော်က ကားသမားလေ…ကားခရရင် ပို့ရမှာပဲ"

ကားဆရာလေးစကားက အမှားမရှိသော်လည်း အခံရတော့ ခက်သားပင်။

မြစ်ကြီးနားမြို့မှ ဘင်ကားတစ်စီးကို တစ်ပတ် အပြတ်ငှားခြင်း ဖြစ်သည်။ ပူတာအိုသို့ လေယာဉ်ခရီးနဲ့ဆိုပါက အဆင်ပြေချောမွေ့နိုင်သော်လည်း သူလိုချင်သည်က အဆင်ပြေမှုမဟုတ်ဘဲ



www.burmeseclassic.com

www.burmeseclassic.com



ဒေသန္တရ ခရီးအတွေ့အကြုံ ဖြစ်သည်။ ထို့ကြောင့် လေယာဉ်ကိုပယ်ပြီး ကားကို ရွေးချယ်ခဲ့သည်မှာ ယနေ့ဆို လမ်းခရီး၌ တစ်ညအိပ်လိုက်ရပြီ ဖြစ်၏။

တံတားကျိုးနေ၍ ခရီးဆက်မရဘဲ တန့်နေခြင်း ဖြစ်၏။ သူတို့ရောက်နေသောနေရာကလည်း ခပ်ဆန်းဆန်းပင်။ ရှဝါးရွာ ဖြစ်၏။ နာမည်ကလည်း ဆန်းသလို လူတွေကလည်း ဆန်း၏။ ရိုးရာဝတ်စုံတွေဝတ်ပြီး ကိုယ်ပေါ်တွင် ဓားလွယ်ကြီးတွေ ချိုင်းကြလေသည်။ ပြီးနောက် မေးလိုက်လျှင်လည်း အဖြေစကားက ထွက်မလာပေ။ မသိကျိုးနှံ ပြုနေကြ၍ သူ့ရင်ထဲ ဆက်ဆံရေးကျဲသည့်ရွာဟု ကမ္ပည်းထိုးထားမိသည်။

"ရော့…စားလိုက်…ဆာလောက်ရောပေါ့"

အဘိုးအိုသည် ပြောပြောဆိုဆိုပင် ခေါ်ပုတ်ကင်ကို သူ့ထံ လှမ်းပေးသည်။ သူ ငြင်းဖို့ကြိုးစားသေး၏။ သို့သော် ကားဆရာက မငြင်းဖို့ မျက်နှာကဲပြသဖြင့် သူက တရိုတသေ လှမ်းယူသည်။

"ကျေးကျူးကမ္ဘာဆိုင်ရော"

ကားဆရာ သင်ထားပေးသည့်အတိုင်းပင် ကချင်ဘာသာဖြင့် ကျေးဇူးတင်ကြောင်း ပြောပြီး ခေါ်ပုတ်ကို လှမ်းယူကာ စားလိုက်သည်။

အမှန်က သူသည် ကောက်ညှင်းကို စားလေ့စားထ မရှိပေ။ သို့သော် မြစ်ကြီးနားမြို့ပေါ်၌ သုံးရက်မျှ စနည်းနာခဲ့လေသောအခါ ထိုဒေသ၏အစားအစာသည် သူနှင့် စိမ်းမနေတော့ချေ။





"ရော့…ဒါနဲ့ တို့စား၊ တောင်ယာက ခရမ်းချဉ်သီးတွေကို အစိမ်းတောင်းထားတာ"

အဘိုးအိုက ပြောပြောဆိုဆိုပင် ဝါးခွက်ကို သူ့ထံ တွန်းပို့လေသည်။ သူက ပူနွေးသော ခေါ်ပုတ်ကို ဖဲ့ကာ ထိုခရမ်းချဉ်သီးတောင်းနှင့် တို့စားလိုက်သည်။

မီးတင်းနေသော ခေါ်ပုတ်မီးကင်နှင့် တောင်ယာခရမ်းချဉ်သီးတောင်းက ပါးစပ်ထဲ အရသာတွေ့လှသည်။

မြို့မဈေးထဲ၌ ကချင်မကြီးတစ်ဦးက တောင်ယာခရမ်းချဉ်ဟု ရောင်းနေသဖြင့် သူ စပ်စုခဲ့ရာ ဆီးသီးအရွယ် ခရမ်းချဉ်အခိုင်လိုက်ကို သူ တွေ့ခဲ့ရ၏။ တအံ့တဩပင် ဓာတ်ပုံမှတ်တမ်း လုပ်ခဲ့မိသည်။ ထိုအချိန်က ထိုခရမ်းချဉ်သီးသည် ခုလောက်ထိ အရသာရှိလိမ့်မည်ဟု ထင်မထားခဲ့တာ အမှန်ပါ။

"တော်တော်ကောင်းတာပဲနော်"

ဟု သူက ဆိုသောအခါ ကားဆရာက သူ့ကို ပြုံးပြီးကြည့်သည်။

"တိုင်းရင်းသားတွေက ငရုတ်သီးတောင်းတော့ နိုင်တယ်ဗျ။ ကောက်သစ်စားပွဲနဲ့ အစ်ကို မကြုံလို့ပါ။ ကြုံများကြုံရင် အဲဒီစားပွဲကို အစ်ကို မေ့နိုင်မှာမဟုတ်ဘူး"

"အဲဒီပွဲက ဘယ်တော့လုပ်တာလဲ"

"ကောက်သစ်ပေါ်ချိန်ပေါ့…အစ်ကိုရ"

"ကောက်သစ်က ဘယ်အချိန်ပေါ်တာလဲ"



www.burmeseclassic.com

"အင်္ဂလိပ်လိုဆို…ဆယ်လပိုင်းကုန်ခါနီးပေါ့ဗျာ…အခုက တစ်လပိုင်းတောင် ကုန်တော့မယ်ဆိုတော့ ပွဲပြီးပြီပေါ့"

"ဪဗျာ…နောက်တော့ ကောက်သစ်စားပွဲ အမီအလည် လာပါ့မယ်"

ဟု သူကဆိုပြီး အေးစက်နေသောလက်ကို မီးကင်မိပြန်သည်။ ရာသီဥတုက အေးလွန်းသောကြောင့် မီးဖိုသားထိုင်နေသော်ငြား ပူတယ်ဟု မခံစားရပါ။

"မင်း…ကြည့်ရတာ အအေးခံနိုင်ပုံမရဘူး"

အဘိုးအိုက ဆိုသည်။ ဒါက သူ့အတွက် ပထမဆုံးစကားမို့ နှုတ်ဆက်ခြင်းများလားဟု တွေးမိပြန်၏။

"ဒီဇင်ဘာနဲ့ ဇန်နဝါရီတော့ မလာပါနဲ့"

ဘာလို့လဲ…ဘာကြောင့် အဲဒီလို ပြောရတာလဲ…

သူဟာသူ လာချင်တဲ့အချိန်လာမှာပေါ့။ ဘာကြောင့် သူ့ကို ကန့်သတ်ချုပ်ချယ်နေရတာလဲ။ မွေးထားတဲ့ မိဘနဲ့ ထိန်းကျောင်းခဲ့တဲ့ ဘွားအေတောင် သူ့ကို မချုပ်ချယ်နိုင်မှတော့ ထိုအဘိုးအိုရဲ့စကားဟာ သူ့အတွက် ဘယ်လိုအရာရောက်နိုင်မှာမို့လဲ…

"ဟုတ်တယ်…အစ်ကို…သိပ်အေးတယ်၊ ဘကြီးက အစ်ကို့ကို စေတနာထားလို့ ပြောတာပဲ"

ပြုံးချင်ချင် ဖြစ်သွားလေသည်။ ဒါက စေတနာစကားတဲ့လား။ အုံ့မှိုင်းနေသော သူ့စိတ်တွေ ပြန်လည်လင်းကျင်းသွားသလို ခံစားရ၏။ အမိန့်သံဆန်ဆန်ပြောသောစကားမို့ မကျေနပ်ခဲ့တာ အမှန်ပါ။





"ဘယ်လောက်အေးနိုင်မှာမို့လဲဗျာ…ရပါတယ်။ ဒေသခံတွေလည်းလူ…ကျွန်တော်လည်း လူပဲ။ သူတို့တွေတောင် နေနိုင်မှတော့ ကျွန်တော်လည်း နေနိုင်ရမှာပေါ့…မနေနိုင်လည်း ကြိုးစားနေထိုင်ရမှာပဲ"

သူ့စကားက ပြတ်သားလှသဖြင့် အဘိုးအို၏နှုတ်ခမ်းများသည် ပြုံးယောင်သမ်းလာသည်။ ထိုအခါမှ စကားဝိုင်းလေးက သက်ဝင်လာသလို ခံစားရ၏။

"ရော့…"

အဘိုးအိုသည် ဝါးကျည်တောက်အငယ်လေးကို သူ့ထံ ပေးလာပြန်၏။ ကားဆရာက သောက်လိုက်ဟု အဓိပ္ပာယ်မျိုးပြသဖြင့် သူက အခြေအနေမှန်းစမ်းမနေဘဲ သောက်ပစ်လိုက်၏။

လည်ချောင်းတစ်လျှောက် ပူခနဲ စီးမျောသွားလေသည်။

"မီးတောက်အရက်ဗျ…တော်သင့်ရုံသောက်တော့ အချမ်းသက်သာတာပေါ့ဗျာ…ဘကြီးက အစ်ကို့ကို ခင်လို့တိုက်တာနော်…သောက်ရခဲတယ်ဗျ"

ခင်လို့ဆိုပါလား…

ထိုစကားကို ကြားရသောအခါ လေးပင်နေသော သူ့နှုတ်ခမ်းများက သွက်လက်လာသလို ခံစားရသည်။

ရောက်စတုန်းကတော့ ဒီလို ကန့်လန့်လန့်လူတွေနဲ့ အဆင်ပြေပါ့မလားဟု စိတ်ထဲထင့်နေမိသည်။ ခုလို မီးပုံဘေးဝိုင်းဖွဲ့လိုက်တော့လည်း ဆက်ဆံရေးက ထင်သလောက် မခက်ခဲလှပေ။



www.burmeseclassic.com

www.burmeseclassic.com



"ကောင်းတယ်ဗျာ…ဒါကို ဆန်နဲ့ချက်တာလား"

"ကောက်ညှင်းနဲ့ဗျ…ကောက်သစ်နဲ့ချက်တော့ အနံ့ပါကောင်းတာပေါ့ဗျာ…ကဲ…ကျွန်တော်တော့ အရှိန်အတော်တက်နေပြီဗျ… မနက်ဖြန် ကားမောင်းရဦးမှာနဲ့ အိပ်တော့မယ်ဗျို့"

ကားဆရာသည် ပြောပြောဆိုဆိုပင် ကောက်ရိုးအဆာသွပ် ဂုန်နီအိတ်ကြီးပေါ် ခွေလှဲသွားလေသည်။

ထို့ကြောင့် မီးဖိုဘေး အဘိုးအိုနှင့်သူသာ ငုတ်တုတ်ကျန်ရစ်လေသည်။

ပေါင်းကူးတံတားလေး ပြိုလဲသွားပြီမို့ သူတို့အကြား စကားသံတို့ ဆိတ်သုဉ်းသွားလေသည်။

အဘိုးအိုကို အကဲခတ်လိုက်တော့လည်း သူ့ကို ဘာစကားမှ ပြောစရာရှိပုံမပေါ်ချေ။ ခေါပုတ်ကိုသာ အေးအေးလူလူ ကင်လိုက် စားလိုက်လုပ်နေ၏။

အဘိုးအိုက သူ့ကို ပြောစရာစကားမရှိသော်လည်း သူ့မှာတော့ မေးခွန်းတွေ အပုံလိုက်ရှိနေပေသည်။ တည်နေရာ၊ ဒေသ၊ ရာသီဥတု၊ လူမျိုး၊ ယဉ်ကျေးမှုတွေ စုံစီနေလေသည်။

"မနက်ရောက်ရင်တော့ တံတားက ပြန်ကောင်းသွားမှာပါနော် ဘကြီး"

"ပြင်တဲ့လူတွေလာရင်တော့ ကောင်းရင်ကောင်းမှာပေါ့"

"ပြင်တဲ့လူတွေ…ဟုတ်လား…သူတို့က စည်ပင်ဝန်ထမ်းတွေ လား"





"စည်ပင်…မပင်တော့ မသိဘူး…သူတို့က ကုန်တင်ကားကြီး တွေ မောင်းတာပဲ၊ တစ်ခါလာရင် ကားက နှစ်စီး သုံးစီးဆိုတော့ ဝိုင်းပြင်တော့ ကောင်းသွားတာပဲ။ တစ်ပတ်တော့ ခံမှာပေါ့…ပြီးရင် ဒိုရင်းပဲ"

"ပူတာအိုကိုရောက်ဖို့ ဘယ်နမိုင်လောက်လိုဦးမလဲ"

"မိုင်တော့ ငါ မသိဘူး။ အရင်ကတော့ ငါတို့ အဲဒီရောက်အောင် နှစ်ညအိပ် သုံးရက် လမ်းလျှောက်ရတာပဲ"

"ဩော်…အတော်ဝေးသေးတာပဲ"

"မင်းက ဘယ်ကလဲ ဗမာ"

"ဗျာ"

ရုတ်တရက် ဘာပြန်ဖြေရမှန်းမသိ ဖြစ်သွားသည်။ တဖြည်းဖြည်းချင်း စဉ်းစားတော့မှ သူ့ကို နာမည်မသိလို့ ဗမာလို့ ခေါ်လိုက်တာပဲဟု နားလည်လိုက်သည်။

"ရန်ကုန်ကပါ…ကျွန်တော့်နာမည်က ဘလက်လို့ ခေါ်ပါတယ်။ နာမည်အပြည့်အစုံကတော့ ဘလက်ဟိုးပါ။ တွင်းနက်ကြီးလို့ အဓိပ္ပာယ်ရပါတယ်"

"ငါက လဂျား…ဒီရွာမှာတော့ ငါက အသက်အကြီးဆုံးပဲ"

"ဒီရွာက ထူးဆန်းတယ်နော် ဘကြီး…အိမ်ကလည်း ဆယ်လုံးတောင် ရှိပုံမရဘူး"

"အေး…ဟုတ်တယ်…ပူတာနဲ့ ကားလမ်းပေါက်သွားတော့ ကားတွေ တအားကြီးလာတယ်လေ…ကားဖြတ်သွားရင် ရှုတယ်။



www.burmeseclassic.com

www.burmeseclassic.com



အိပ်လို့မရဘူး…ဒါကြောင့် တောထဲဝင်ကုန်ကြပြီ။ အရင်ကတော့ ဒီ့ထက် အိမ်တွေများပါတယ်"

အံ့သြရပြန်သည်။ မြို့ပေါ်များဆိုပါက လမ်းမကြီးဘေးနေရာ ရဖို့ လူတွေက အလုအယက် ငွေများများသုံးကြရသည်။ အခုတော့ ကားသံဆူလို့ တောထဲဝင်သွားကြသည်ဆိုပါလား။

"အိပ်တော့လေ…ခရီးဆက်ရဦးမှာပဲ"

"အိပ်မပျော်ပါဘူး ဘကြီးရယ်…မပျော်လို့တောင် အိပ်ရာဘေးက ပုံပြင်စာအုပ် ဖတ်ခဲ့သေးတယ်။ ဒီအိမ်မှာ ကလေးရှိသလားဗျ… ဘကြီးရဲ့ မြေးတို့ဘာတို့ပေါ့"

"မရှိပါဘူး…အဲဒါ ငါ့သားငယ်ငယ်က ဖတ်တဲ့စာအုပ်ပါ။ ငါ့အဖော် ရေးသွားတဲ့စာအုပ်လေ"

"ဒါဆို ဘကြီးရဲ့အဖော်က စာရေးဆရာပေါ့"

သူ နည်းနည်းအထင်ကြီးချင်လာသည်။

ဘကြီးရဲ့စကားက ကြွားဝါခြင်း အလျှင်းမရှိသော်လည်း ထိုသို့ တောသားကြီးရဲ့အဖော်က စာရေးနိုင်တယ်ဆိုတာမျိုးကို ယုံရခက်ရ သည်။ အဖော်ဆိုတာက မိန်းမကို ပြောတာလား…အခု ဘယ်မှာလဲ။ သေဆုံးသွားပြီလား…ခရီးထွက်သွားတာလား။

"သူလည်း မင်းလို ဗမာပဲလေ။ ရန်ကုန်မှာနေတယ်… ငါ့ ထက်တောင် သူက အသက်နည်းနည်းကြီးပါသေးတယ်။ သူက ငါနဲ့ သုံးနှစ်လောက် အတူနေသွားခဲ့တယ်။ အဲဒါ သူ ရွာမှာကြုံရတာတွေ ကို ရေးသားတာ"





"ဗျာ…ရွာမှာ ကြုံရတာ…ဟုတ်လား"

သူ ထိတ်လန့်သွားသည်။

ထိုအဘိုးအိုက သူ့ကို လိမ်ညာနေပုံမရပေ။ မျက်လုံးတွေက ငြိမ်သားနေ၏။ သူ နားကြားများလွဲနေလေသလား။

"ဟာ…မဖြစ်နိုင်တာ ဘကြီးကလည်း…စာအုပ်ထဲက ရွာက ကြီးတယ်ဗျ…ဒီရွာက ကျွန်တော့်မျက်စိထဲ သိပ်ငယ်လွန်းတယ်။

"ငါ…ငယ်ငယ်ကတော့ ဒီရွာက အိမ်ခြေသုံးဆယ်လောက် ရှိတယ်ကွယ်…လူလည်းများတယ်၊ တောထဲဝင်ကုန်ကြတယ်လို့ မင်းကို ငါ ပြောသားပဲ"

"တစ်ခုခုတော့ လွဲနေပြီဗျ…ကျွန်တော် ဖတ်ရတဲ့စာအုပ်က ...တွေနဲ့ ဂမ္ဘီရပညာတွေအကြောင်း ရေးထားတာဗျ"

"ငါတို့အိမ်မှာ စာအုပ်က အဲဒီတစ်ခုတည်း ရှိတယ်လေ။ ငါ ...ဘူး…မင်း မှားနေတာ"

ဆက်ငြင်းဖို့ မသင့်တော်တော့ပေ။

သို့သော် မငြင်းသော်ငြား လက်ခံခြင်းတော့မဟုတ်ပေ။

ဒါကို အဘိုးအိုကလည်း ကောင်းစွာ သဘောပေါက်လိမ့်မည်။

"စာအုပ်ထဲမှာ မလွန့်တောင်အကြောင်းပါတယ်မဟုတ်လား"

"ဟုတ်ကဲ့…ပါပါတယ်"

"မနက်ဖြန် ခရီးမဆက်ခင် အချိန်ရမလား"

"ဘာလို့လဲ"

"အဲဒီမလွန့်တောင်ပေါ်ကို မင်းကို ငါ ပို့ပေးမယ်"



www.burmeseclassic.com

www.burmeseclassic.com



အဘိုးအိုက ငါ့စကား မှန်တယ်ဆိုတာ မင်းကို ငါ သက်သေ ပြမယ်ဟု မပြောရုံတမယ် ဆိုဏ်။

သူလည်း စိတ်ဝင်စားလှပါသည်။

သွားလိုသည်။ သူ့ရည်ရွယ်ချက်က ပူတာအို မဟုတ်ပါ။ မချမ်းတောလည်း မဟုတ်ပါ။ ရေခဲတောင်လည်း မဟုတ်ပါ။ ယဉ်ကျေးမှုကို လေ့လာရန်နှင့် အပင်တွေကို လေ့လာရန် ဒေသန္တ ဗဟုသုတကိုသာ မှီးရန်သာဖြစ်သည်။

အကယ်၍သာ လေ့လာခွင့်ရမည်ဆိုပါက ရှုဝါးသည် သူ့ခရီးစဉ် စ-ဆုံး ဖြစ်သွားပေလိမ့်မည်။



## အခန်း (၂)

နှင်းရည်များ စိုရွှဲနေသော ဆောင်းမနက်ခင်းသည် မြူနှင်းများ ကြားတွင် အရှေ့အနောက် တောင်မြောက် ခွဲရခက်လှသည်။

မြူနှင်းများဆိုင်းဝေနေသောကြောင့် ရှေ့ကိုက်တစ်ရာမှ မြင်ကွင်း ကို ထင်ထင်ရှားရှား မတွေ့နိုင်ပေ။

မြစ်ကြီးနားမှာကတည်းက မြူနှင်းသည် သူနှင့် မစိမ်းလှသော် လည်း ရှုဝါး၏မြူနှင်းကတော့ သူ့အတွက် ညကမ္ဘာတစ်ခု ဖန်ဆင်း ဆဲ၏။

"အစ်ကို ဘယ်လဲဗျ..ကျွန်တော်တို့ ခရီးဆက်ရဦးမယ်လေ"

တောင်တက်ရန် ဝတ်စုံပြည့်နှင့် သူ့အား အိပ်ရာမှ နိုးလာသော ဘားဆရာက ဟန့်တားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



""ကျွန်တော်...ခင်ဗျားကို ငှားလာတာ ခရီးနဲ့မဟုတ်ဘူး...နေ့ပြတ်နဲ့ ငှားလာတာပါ။ ဒါကြောင့် ကျွန်တော့်ခရီးကို ကျွန်တော်ပဲ စီမံမယ်""

""ဒါပေမယ့် ကားလမ်းက အစိုးမရဘူးပေါ့""

""မရလည်း မသွားဘူးပေါ့ဗျာ...ခင်ဗျားပဲ ပြောထယ်မဟုတ်လား။ ဒေသခံတွေနဲ့ လေပေးလေယူတည့်ဖို့က မလွယ်ဘူးဆို... အခု ဘကြီးနဲ့ ကျွန်တော် လေပေးဖြောင့်တုန်းလေး အမြတ်ယူချင်သေးတယ်""

""ဘယ်မှာ သွားလေ့လာမလို့လဲ""

""မလွန်တောင်ပေါ်တက်မလို့""

""မလွန်တောင်...ဟုတ်လား""

သူ့စကားကြောင့် ကားဆရာလေးမျက်နှာ ပျက်သွားသည်။ ဘာကြောင့်လဲ...

""မသွားပါနဲ့ အစ်ကိုရယ်""

""ဘာလို့လဲ""

""အဲဒီတောင်က နတ်ကြီးတယ်ဗျ...ရှေးက နတ်ဝှက်ထားတဲ့ ရွှာရှိတယ်လို့လည်း လူပြောများတယ်""

သူ ပြုံးသည်။ ကားဆရာလည်း စာအုပ်ထဲကအကြောင်းအရာတွေနဲ့ အိပ်ရာဝင်ပုံပြင် ဖြစ်ခဲ့ဖူးတယ်ထင်ပါရဲ့။

""စာအုပ်က ဒီနယ်တစ်ဝိုက်မှာတော့ ပေါက်ပေါက်ရောက်ရောက်ရှိပုံပဲ""





""ဘာစာအုပ်လဲဗျ""

""ခင်ဗျား...ငယ်ငယ်တဖတ်တဲ့ စုန်းစာအုပ်ပေါ့ဗျာ""

သူလည်း ညတုန်းက ဖတ်ခဲ့သော စုန်းစာအုပ်ကို ရည်ရွယ်ပြီး ပြောခြင်းဖြစ်သော်ငြား ကားဆရာကတော့ ဘာတွေပြောနေတာလဲဆိုသည့် မေးခွန်းမျိုးနှင့် သူ့ကို ကြည့်လေသည်။

သူကလည်း အိပ်ချင်ယောင်ဆောင်နေသောလူကို နိုးချင်စိတ်မရှိပါ။ ထို့ကြောင့်ပင် ကျောပိုးအိတ်ကို စတိုင်ကျကျ ကောက်လွယ်လိုက်သည်။

ခုနေချိန် လဂျားဆိုသောအဘိုးအို အိမ်ထဲမှထွက်လာပါက သွားရန်အဆင်သင့် ဖြစ်နေပေပြီ။

နှင်းထုက ပို၍ သိပ်သည်းလာသည်မို့ အမှောင်ထုလွှမ်းမည်ကို နိုးရိမ်မိပြန်သည်။ ထို့ကြောင့် မြစ်ကြီးနားမှဝယ်လာသော လက်နှိပ်ဓာတ်မီးကို ခါးကြား၌ ညစောင့်ဝန်ထမ်းလို စတိုင်ကျကျ ချိတ်ထားမိပြန်သည်။

""ကျွန်တော်လည်း လိုက်ခဲ့မယ် အစ်ကိုရာ...စောင့်နေလည်း ဘုန်းမှာမှမဟုတ်တာ""

""လိုက်ခဲ့တော့လည်း ကောင်းတာပေါ့ဗျာ...ခင်ဗျားက ကချင်စကားလည်းရ...ဗမာစကားလည်း လိပ်ပတ်လည်အောင် ပြောတတ်တော့ ကျွန်တော့်အတွက် ပိုအဆင်ပြေတာပေါ့။ ဒါနဲ့ ခင်ဗျားနာမည်လေး ပြန်ပြောပါဦး...စိတ်မရှိနဲ့ဗျာ...ကျွန်တော် မေ့သွားလို့ပါ""

""ရပါတယ်...ဘာရန်ဒီးပါဗျာ...ဘာရန်ဒီး...အင်္ဂလိပ်နာမည်

www.burmeseclassic.com



တော့ ပြောဖို့မလိုပါဘူး။ ဘလက်ဟိုးဆိုတာကို ကျွန်တော် ကောင်းကောင်းမှတ်မိပါတယ်။

မြစ်ကြီးနားမြို့တွင်း လည်ပတ်ရန် ကားငှားစီးရာမှ ထိုကားဆရာနှင့်သူ ရင်းနှီးခဲ့ကြပြီး ခုလို ခရီးရှည်ထွက်ရန် ဆက်လက်ငှားရမ်းမိခြင်း ဖြစ်၏။

အပြောအဆို ညက်ညောသော ကားဆရာကြောင့် သွားရေးလာရာ အဆင်ပြေခဲ့သည်။ ဒရိုင်ဘာဆိုတာထက် ဧည့်လမ်းညွှန်ကောင်းတစ်ယောက်ဆိုလျှင် ပိုမှန်ပေလိမ့်မည်။ အထင်ကရ နေရာတိုင်းနဲ့ နောက်ခံဇာတ်လမ်းကို သူ စိတ်ဝင်စားအောင် ရှင်းလင်းပြောပြနိုင်သည်။

"ကဲ...အသင့်ဖြစ်ရင် သွားကြစို့ဟေ့"

ဟုဆိုကာ အဘိုးအိုက အိမ်တံခါးကို ပိတ်လိုက်သောအခါ သူ အံ့အားသင့်သွားသည်။ သော့မခတ်ဘူးလား...ဘာလို့ သော့မခတ်တာလဲ။ အဘိုးအိုက သူ့ပစ္စည်းတွေ ပျောက်ရမှာ မစိုးရိမ်ဘူးလား...။

"အဘိုး...အိမ်သော့မခတ်ဘူးလား"

"ဘာလို့ခတ်ရမှာလဲ...ငါ့အိမ်မှာ ဘာသော့မှမရှိဘူး"

"ဟာ...မဖြစ်ဘူးဗျ...ကျွန်တော့်ရဲ့ ခရီးဆောင်အိတ် အိမ်ထဲမှာကျန်ခဲ့တယ်"

ဟု သူက စိုးရိမ်တကြီး ပြောသောအခါ အဘိုးအိုက သူ့ကို ဂရုမစိုက်တော့ဘဲ ထွက်သွားလေ၏။ ပြီးနောက် လမ်းပေါ်တွင် ဆော့ကစားနေသော ကလေးအချို့နှင့် စကားပြောနေလေသည်။





"ဒီရွာမှာ သူခိုးမရှိဘူး...အစ်ကိုရ...ဘာပစ္စည်းမှ မပျောက်ဘူး...မစိုးရိမ်နဲ့"

ကားဆရာလေး ဘရန်ဒီးက ယုံကြည်မှုရှိစွာ ပြောပေမယ့် သူတော့ မယုံကြည်ပါ။ လောဘမရှိတဲ့လူရယ်လို့ လောကမှာ မရှိနိုင်ပါ။ သူ့အိတ်ထဲ လိုသုံးလိုမယ် ငွေငါးသိန်း ထည့်ထားခဲ့သည်။ ပျောက်သွားလျှင်တော့ သူ့အတွက် လမ်းစရိတ်တွင် ဒုက္ခတွေ့လိမ့်မည်။ ငွေဆိုတာက သည်းခြေကြိုက်အရာဝတ္ထုတစ်ခု မဟုတ်လား။

"လာပါ...အစ်ကိုရာ...သွားရအောင်"

ဟု ကားဆရာလေးက သူ့ကို ရင်းနှီးခင်မင်စွာ ပခုံးဖက်ခေါ်သဖြင့် သူမှာ နောက်သို့ လှည့်မကြည့်နိုင်တော့ဘဲ နှင်းတောထဲ အဘိုးအို ပျောက်ကွယ်မသွားခင် ခြေရာခံလိုက်လာမိလေသည်။

"အရင်က ဒီလမ်းတွေက ဂျာမဏီရုံတွေချည်းပဲပေါ့။ အခုတော့ ခရီးသွားတွေ တည်းခိုသွားလာကြလွန်းတော့ လမ်းတွေ ဖြစ်ကုန်ပြီ"

"ဒီရွာကို ခင်ဗျား မကြာခဏ ရောက်ပုံပဲနော်"

"ရောက်ဆို...အစ်ကိုရယ်...ကျွန်တော်က ဒီရွာဇာတိပဲလေ"

"ဗျာ"

"ဟုတ်တယ်...ကျွန်တော့်မိဘတွေက ကျွန်တော် ဆယ်နှစ်သားလောက်ကမှ မြစ်ကြီးနားကို ပြောင်းသွားကြတာ...ပြောင်းတာဆိုတော့ မဟုတ်ပါဘူး။ မြို့ပေါ် ဆေးမြစ်စုံတွေ တက်ရောင်းရင်း နေဖြစ်သွားတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"သြော်…ဒါကြောင့် ခင်ဗျားက ဟိုဘကြီးနဲ့ ရင်းနှီးနေတာကိုး"

"ဒါကြောင့်တော့ မဟုတ်ပါဘူးဗျာ…အစ်ကိုက ကျွန်တော်တို့ တိုင်းရင်းသားတွေအကြောင်း မသိသေးလို့ပါ။ အဘိုးကြီး…အဘွားကြီးတွေက ရှေးကျတယ်လေ။ သူတို့တွေရှေ့မှာ သူတို့ဘာသာစကားနဲ့ မပြောရင် ရေတစ်ခွက်သောက်ဖို့တောင် မလွယ်ဘူး။ စိတ်ပုတ်တာတော့ မဟုတ်ဘူးဗျ…လူမှုဆက်ဆံရေးကို နားမလည်တာပါ။ ရှမ်းအဘွားအိုရှေ့ရောက်ရင် ရှမ်းလို တစ်လုံးနှစ်လုံး ပြောလိုက်တာနဲ့ နောက်ပိုင်းကိစ္စက အဆင်ပြေပြီ…အဲဒီလိုပဲ ကချင်အဘွားအိုရှေ့ရောက်ရင်လည်း ကချင်လို တစ်လုံးနှစ်လုံးပြောရင် အိုကေပြီ"

"သူတို့ကလည်း သူ့အထာနဲ့သူပဲနော်"

သူ ပြုံးမိပြန်သည်။ လူမျိုးကိုချစ်သော အဘိုးအို၊ အဘွားအိုများကို သူ့ရင်ထဲ ချစ်စိတ်ဖြစ်ပေါ်မိသည်။ ထို့ကြောင့် ဦးလဂျားဆိုသော အဘိုးအို၏ဆက်ဆံရေး မပြေပြစ်မှုကို ချစ်သွားမိသလို ခံစားရသည်။

"ဘကြီးက အသက်သာကြီးတယ်…လမ်းလျှောက် အတော်မြန်တာပဲနော်"

သူ အံ့ဩရပြန်သည်။ သူလို နှစ်ဆယ်ကျော် လူငယ်တစ်ဦးက အသက်ကို ခန့်မှန်းရခက်သော အဘိုးအိုနောက် လိုက်မမှီနိုင်၍ ဖြစ်သည်။

"အစ်ကိုက ဘာလို့ မလွန်တောင်ကို တက်ချင်ရတာလဲ"

"စပ်စုချင်လို့ပါ…ကျွန်တော့်အတွက် မလွန်တောင်ဆိုတဲ့ ဝိသေသက အရေးမကြီးပါဘူး…ခင်ဗျားအတွက် မလွန်တောင်ဆိုတာ





မယ့် ကျွန်တော့်အတွက်တော့ တောင်တွေထဲက တောင်တစ်တောင်ပဲ ဖြစ်မှာပါ"

"အစ်ကို တစ်ခုခုကို လေ့လာဖို့ ခရီးထွက်လာမှန်း ကျွန်တော် ခန့်မှန်းမိပါတယ်။ ဒါကြောင့် ပြောပြလို့ရရင် ကျွန်တော် သိချင်ပါတယ်။ ကူညီချင်လို့ပါ…အစ်ကို ဘာကို လေ့လာချင်တာလဲ"

"ရေ၊ မြေသဘာဝ ရာသီဥတု၊ ကုသချ(ယဉ်ကျေးမှု)၊ နေထိုင်မှုပုံစံ၊ တော၊ တောင်၊ သဘာဝပေါက်ပင်…သစ်ခွ…အဲ ဘာကျန်ဦးမလဲကွာ…ရှိတာအကုန်ပဲ"

သူ့စကားကြောင့် ရီးသားသော ဗားဆရာလေးက ပြုံးပြန်ပြီးနောက် သူ့ကို နားလည်သွားဟန်နှင့် ရှေ့မှဦးဆောင်ပြီး လျှောက်သွားလေသည်။

သူသည် ကျောပိုးအိတ်ကို တင်းနေအောင် စုကိုင်ပြီး နောက်မှ ခပ်သွက်သွက် လိုက်လေသည်။

ဖောနှင့်လိုက်နေ၍လားမသိ၊ ကိုယ်ခန္ဓာအတွင်း ချွေးပြန်ချင်လာသလို ခံစားရသည်။

ခြေသလုံးသို့ နှင်းရည်စက်များ စီးကျနေသော်လည်း အေးသည်ဟု မခံစားရတော့ပါ။ မြက်ဖျားမှ နှင်းရည်စက်များသည် သူတို့ကို သိခိုက်မိတိုင်း တန်ပြန်တိုက်စစ်ဆင်ဗွာတ်လေသည်။

"အစ်ကို့ကျေးဇူးကြောင့် သတင်းကြီးတဲ့ မလွန်တောင်ထိပ်ရောက်ဝါးထင်ထင် မြင်တွေ့ရတော့မှာပေါ့ဗျာ"

ဗားဆရာက အမှတ်တမဲ့ ပြောသောစကားဖြစ်သော်လည်း



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲ ထိုစကားက အမှတ်တမဲ့ ဖြစ်မသွားချေ။

“ဘာလို့လဲ...ကားဆရာ...အဲ...ဘရန်ဒီးလို့ပဲ ရင်းရင်းနှီးနှီး ခေါ်ပါ့မယ်။ ဘာလို့လဲ...ဘရန်ဒီး...မလွန်တောင်က ဘယ်လို သတင်းကြီးတာလဲ”

“ကျွန်တော့်အနု(အမေ) အမြဲပြောပြတဲ့ အိပ်ရာဝင်ပုံပြင်မို့ မလွန်တောင်ကို ကျွန်တော် ရင်းနှီးနေပါတယ်”

“စုန်းတွေအကြောင်းထင်တယ်...လူတွေက တော်တော် ဖန်တီးပြီး ပြောနိုင်စွမ်းရှိတယ်နော်...ဘယ်လိုလုပ်ဖြစ်နိုင်မှာလဲ...လူခေါင်းပြတ်က အလိုလိုပြန်ဆက်သွားတာတွေ...လူသေကောင်ခေါင်းတလားက ရွာအနှံ့ ပတ်ပြေးတာတွေ...လူကနေ မီးလုံးဖြစ်တာတွေ...တကယ့်သဘာဝလွန်တွေပဲ။ ဟောလိဝုဒ်ရုပ်ရှင်လိုဆိုရင်တော့ အိပ်မက်ဆိုးတွေပေါ့ကွာ...ဟား...ဟား”

သူက ရယ်စရာစကားဆိုသော်လည်း ဘရန်ဒီးက မရယ်ဘဲ သူ့ကိုသာ တအံ့တသြ စိုက်ကြည့်နေလေသည်။

ဘရန်ဒီး၏မျက်လုံးသည် စကားလုံးများစွာကို ဆိုလေသောကြောင့် သူ့ရယ်သံကို ဆုံးအောင် မဖွင့်ဟနိုင်လိုက်ပေ။

“အဲဒီစုန်းဆိုတာ တကယ်ရှိတယ် အစ်ကို...”

ညာပြောနေပုံမရသော ထိုပြူးကြောင်ကြောင်မျက်လုံးကြောင့် ရယ်မိသောဖြစ်ရပ်အပေါ်အား တုံ့အားနာခံစားရသည်။

“လူကြားကောင်းအောင် အိပ်ရာဝင်ပုံပြင်လို့ ပြောလိုက်ရမယ့် အဲဒါ...ပုံပြင်မဟုတ်ဘူး...အစ်ကို...တကယ့်ဖြစ်ရပ်။ ကျွန်တော့်





အနု(အမေ) နဲ့ အဝ(အဖေ)တို့ငယ်ငယ်တုန်းက ကိုယ်တွေ့ကြုံခဲ့ရတဲ့ ဖြစ်ရပ်တွေ...တကယ်ဖြစ်ခဲ့တဲ့ကိစ္စတွေ”

သူ မှင်တက်သွားသည်။ ဘာဆက်ပြောရမှန်း မသိနိုင်တော့ပါ။ မယုံဘူးပြောပြန်လျှင်လည်း တစ်ဖက်သားကို စော်ကားရာကျလိမ့်မည်။ ယုံတယ်လို့လည်း မုသားမသုံးချင်တာ အမှန်ပါ။

“ယုံကြည်ချင်လောက်အောင် ထင်ယောင်ထင်မှားဖြစ်နေတဲ့ အချိန် ယုံရလောက်တဲ့ အဖြစ်အပျက်တစ်ခုကို တကယ်ပါလို့ စိတ်ထဲ စွဲမှတ်တတ်တယ်ဆိုတဲ့ ခံစားမှုမျိုး စိတ်ပညာမှာရှိတယ် ဘရန်ဒီး”

“ခေတ်က တိုးတက်လာတယ်ဆိုတာ အမှန်ပါ အစ်ကို... ဒီနေ့ ကျွန်တော်တို့ ဒီလိုစကားပြောနေပါတယ်ဆိုတာကို မှတ်တမ်းလုပ်မထားခဲ့ရင် ကျွန်တော်တို့မြေးတွေလက်ထက်မှာ ဒီအချိန်ဟာ ယုံတမ်းပုံပြင်တစ်ပုဒ် ဖြစ်သွားမှာ ကေန်ပဲ...အစ်ကို”

ဘရန်ဒီးသည် သူ့ကို စကားဆက်မပြောတော့ဘဲ ဦးလဂျားနောက်ကိုသာ ခပ်သွက်သွက် လိုက်သွားလေသည်။

ဘာလဲ...ဘရန်ဒီးက သူ့ကို အနိုင်ပိုင်းပြီး ထွက်သွားတာ လား။ ရင်ထဲမခံချိမခံသာ ဖြစ်ရပါသည်။ ထိုစိတ်ကြောင့် စုန်းကဝေတွေ တကယ်မရှိပါဘူးဆိုသည့် သက်သေကို ဘရန်ဒီး သိအောင် ပြချင်သည်။ အယုံလွယ်သောစိတ်တွေကို ခေတ်အမြင်နှင့် ဆုံးမချင်သည်။

ထို့ကြောင့် ပုံပြင်ထဲမှာပါသော လရှူးရှနော်ရွာကို မရောက် အရောက်သွားတော့မည်ဟု ဆုံးဖြတ်မိသည်။

ပုံပြင်ထဲမှ တည်နေရာအရဆိုပါက လရှူးရှနော်ရွာသည်



www.burmeseclassic.com

www.burmeseclassic.com



မလွန်တောင်ပေါ်မှ ကြည့်ပါက လှမ်းမြင်နေရသည်ဟု ဆိုသည်။

သို့သော် ယခုလို မြူတွေဆိုင်းနေပုံနှင့် လရှုးရှုနော်ရှာကို တွေ့ရပါ့မလား...။

ရန်ကုန်သားမို့ တောင်ကို တိုင်းရင်းသားတွေလောက် မတက်နိုင်သော်လည်း အလျှော့မပေးစတမ်းပင် အမီလိုက်နေမိသည်။ တောင်ပေါ်ရောက်လာလေ အအေးပိုလာလေဟု ခံစားရသည်။

စောစောက ခပ်စိုစို ဖြစ်ချင်နေသောချွေးများ ပြန်လည်ငုံ့လျှိုသွားသောကြောင့်လားမသိ စိမ့်တိမ့်တိမ့် ခံစားရသည်။ မောဟိုက်လာသလို ဒူးတွေလည်း နာစပြုလာသည်။ ခါးတွေလည်း ညောင်းစပြုလာသည်။

နားကြဦးစို့ဟုပြောလျှင် သိက္ခာကျလေမည်မို့ ရှိသမျှအားတို့ကို စုစည်းပြီး အသံတိတ်လိုက်လာမိသည်။

လေးနာရီမျှ လျှောက်ပြီးသောအခါ ဦးလဂျားက ခရီးကိုရပ်တန့်ပြီး ထင်းခြောက်များကိုဆွဲကာ မီးဖိုလေသည်။

သူနှင့်ဘရန်ဒီးမှာ မောဟိုက်နေသောကြောင့် ဦးလဂျားကို မကူညီနိုင်ကြပါ။ ဦးလဂျားကလည်း သူတို့အကူအညီကို မျှော်လင့်ပုံမရချေ။

ရှိသမျှထင်းခြောက်တွေကို ဖြစ်သလိုစုစည်းပြီး သစ်ရွက်ခြောက်အချို့နှင့် မီးဖိုလေသည်။

"မကြာခင် မြူတွေ ဆိုင်းလာလိမ့်မယ်။ ငါတို့ ဒီမှာ ခဏနားမှဖြစ်မယ်"





ဦးလဂျားစကားကို ယုံရခက်သည်။ လက်မှနာရီကို ငုံ့ကြည့်လိုက်သောအခါ ဆယ်နာရီကျော်နေပြီ ဖြစ်သည်။ ရန်ကုန်မှာသာဆိုပါက ဒီအချိန်ဆို နေပူရှိန် ခပ်ပြင်းပြင်း ဖြစ်နေလိမ့်မည်။

သို့သော် မြစ်ကြီးနား၌ သုံးရက်မျှနေဖူးခဲ့သောကြောင့် ကချင်ပြည်၌ နေအထွက်နောက်ကျခြင်းကို သိနေ၏။ နေအထွက်နောက်ကျခြင်းတော့ မဟုတ်ပေ။ မြူနှင်းတွေ ဝေ့ဆိုင်းနေသောကြောင့် နေကန်းထုကို ဖောက်ထွင်းရ၍ အချိန်အနည်းငယ် ကြန့်ကြာသွားခြင်းသာ ဖြစ်လိမ့်မည်။

သူ မှတ်သားထားသလောက်ဆိုပါက ရှစ်နာရီဆို နေအပူရှိန်တောင်းကောင်းရပြီ ဖြစ်၏။ ဒီနေ့တော့ မိုးအုံ့လို့များလား...။

"အခု ကျွန်တော်တို့ ဘယ်နေရာရောက်နေတာလဲ ဘကြီး... မလွန်တောင်ပေါ် တက်နေတာလား"

"ဒါ...မလွန်တောင် မဟုတ်သေးဘူး။ ဒီတစ်တောင်ကျော်ပြီးမှ နောက်တစ်တောင် တက်ရမယ်။ အဲဒါမှ မလွန်တောင်ပဲ"

ပေးလိုက်တာ...။ အဲဒီလောက်ဝေးလံခေါင်သီတဲ့နေရာမှာ ဘယ်လိုလူတွေက ရွာဖွဲ့ပြီး နေထိုင်ကြပါလိမ့်။

ကားလမ်းပေါက်နေပြီဆိုသည့် ကားဖြင့် လာရချည်သေးရဲ့... ဆိုတော့ ကားလမ်းမပြောနှင့်...လူသွားလမ်းပင် ပြောင်နေအောင် ဖုံး၍ နှင်းရည်စိုထားတဲ့ မြက်ပင်များကြား တိုးဝှေ့လာရ၍ ဘောင်းဘီအောက်နားစများမှာ နှင်းရည်တို့ မင်းမူနေပြီ ဖြစ်၏။

"တဲ...မင်းတို့ ဒီမှာ ခဏနေကြဦး...ဟိုဟိုဒီဒီ လျှောက်



www.burmeseclassic.com

www.burmeseclassic.com



မသွားပါနဲ့၊ မြူတွေထူလာရင် လမ်းပျောက်ကုန်လိမ့်မယ်”

ဟုဆိုပြီး အဘိုးအိုဦးလဂျားက ခြားတစ်ချောင်းကို ခါးကြား… ကာ မြူနှင်းများကြားထဲ ဝင်ရောက်ပျောက်ကွယ်သွားလေသည်။

“ကျွန်တော်တို့ကိုတော့ လမ်းပျောက်မှာ စိုးရိမ်တယ်။ အ… ဘကြီးက ဘယ်ကိုသွားတာလဲ”

“စားသောက်ဖို့ တစ်ခုခုသွားရှာတာနေမှာပေါ့ အစ်ကိုရ… ကျွန်တော့်အဝ ပြောဖူးတာတော့ ရှဝါးရွာသားတွေက တောထဲသွ… ရင် ဓားတစ်ချောင်း ခါးထိုးထားရုံနဲ့ မငတ်တော့ဘူးတဲ့”

“ဘာလို့လဲ”

“အနည်းဆုံး ရေကြက်တစ်ကောင်တော့ ဖမ်းနိုင်တယ်လေ…”

သူ ပြုံးမိပြန်သည်။ သဘောကျသွား၍ဖြစ်သည်။

မသိလျှင် စာအုပ်ထဲမှ အကြောင်းအရာကို ဘရန်ဒီး… ကျက်မှတ်ပြီး နှုတ်တိုက်ရွတ်ပြနေသည်ဟု ထင်ရသည်။

စာအုပ်ထဲ၌လည်း လရှူးရှနော်ရွာသားများက ထိုသို့ပြုမ… မှုမျိုး ရှိသည်။ တောလိုက်သည်။ စပါးစိုက်သည်။ ရလာသော ဆ… ကို စက်နှင့်မကြိတ်ခွဲပါဘဲ မောင်းဆုံထဲထည့်ကာ ထောင်းပြီး ဆ… သည်။ ရလာသောဆန်ကိုမှ ဆန်ကွဲနှင့်ဆန်စေ့ ခွဲခြားသည်။

ဆန်ကွဲကို ဆန်မုန့်ထောင်းပြီး မုန့်လုပ်စားကြပြီး ဆန်ကို… ထမင်းချက်စားကြသည်။ ဆားရှားသောရွာငယ်လေး ဖြစ်… ဈေးမရှိသောရွာလည်း ဖြစ်သည်။

ထို့ကြောင့် ဤသို့ မြူနှင်းအလှမ်းဝေးသောနေရာတွင် သ…





…ရှင်သန်နေထိုင်ကြသလဲဆိုတာကို သူ သိချင်လွန်းလှပါသည်။

“ဘရန်ဒီး…ခင်ဗျား…လရှူးရှနော်ရွာဆိုတာ ကြားဖူးသလား”

“လရှူးရှနော်…ဟုတ်လား”

ဘရန်ဒီးသည် အနည်းငယ် ငြိမ်သက်သွားသည်။

ထင်းခြောက်တစ်ချောင်းကို ဆွဲယူပြီး မီးဖိုထဲထိုးဆိုက်နေ၏။ …ဘရန်ဒီး၏လုပ်ကိုင်ပုံမှာ တွေးနေသူတစ်ဦးအသွင်ဆောင်သည်။

“မကြားဖူးဘူးဗျ…အစ်ကိုက အဲဒီရွာကို သွားချင်လို့လား”

သူ ပြုံးမိသည်။ မသေချာသောကိစ္စတစ်ခုကိုလည်း အသေအချာ …သိလိုက်ရပြီ ဖြစ်၏။

လရှူးရှနော်သည် စာရေးသူ၏အာဘော်သက်သက် ဖြစ်လိမ့်မည် …ဆိုတာ သေချာသွားပါသည်။

“မဟုတ်ပါဘူးကွာ…မေးကြည့်ရုံသက်သက်ပါ”

“အစ်ကို သိချင်တယ်ဆိုရင် ဘကြီးကို မေးလိုက်ပါလား။ …ဘကြီးကတော့ တော်တော်လေး ဗဟုသုတ ပြည့်စုံပါတယ်”

“ဘကြီးက အံ့သြတော့ အံ့သြစရာပဲနော်။ သူ နည်းနည်းမှ …ဆုံရဘူး”

“အလေ့အကျင့်ရနေလို့နေမှာပါ…ဘကြီးကို အစ်ကို သတိထား …မိလား။ ဘကြီးက ဖိနပ်မစီးဘူးလေ”

“ဟုတ်လို့လား…ဒီမှာတွေက ဒီလောက် ထိရှန်းဆူးတွေ …ပေါ်နေတာ ဖိနပ်မစီးရင် ခြေထောက်ပေါက်သွားမှာပေါ့”

“ကျွန်တော်ပြောတာမယုံရင် အစ်ကို… ဘကြီးကို သတိထား



www.burmeseclassic.com

www.burmeseclassic.com



ကြည့်လိုက်...ဟော...ဟိုမှာ လာနေပြီ”

ဟု ဘရန်ဒီးက ပြောသဖြင့် သူက လှည့်ကြည့်လိုက်ရာ ငှက်သေတစ်ကောင်ကို ခြေထောက်မှ စုကိုင်လာသော ဘကြီးကို တွေ့လိုက်ရလေ၏။

သူ အံ့သြသွားသည်။

ဘကြီးထွက်သွားတာ နာရီဝက်ပင်မပြည့်လိုက်ပါဘဲ ငှက်တစ်ကောင်ကို ဘယ်လိုလုပ် ဖမ်းလာနိုင်တာလဲ။

ဘကြီးသည် သူတို့ထံသို့ ဣန္ဒြေရရ လျှောက်လာလေသည်။ ဘရန်ဒီးပြောမှ ဘကြီး၏ခြေထောက်ကို သူ သတိထားကြည့်မိသည်။ မှန်ပါ၏။ ဘကြီး ခြေထောက်တွင် ဖိနပ်မရှိပါ။

သူ အံ့သြမိသည်။ ခြေထောက်မနာဘူးလား။

အဘိုးအိုဦးလဂျားအား တအံ့တသြ ကြည့်နေသော သူ့မျက်လုံးများကို ဘရန်ဒီးက သဘောပေါက်၍လားမသိ ပြုံးစိစိလုပ်နေသည်။

သို့သော် ဦးလဂျားမှာမူ လောကတွင် တစ်ယောက်တည်းရှိနေသည့်အလား ငှက်တစ်ကောင်ကို အမွေးစနုတ်လေသည်။

တစ်သက်နှင့်တစ်ကိုယ် ငှက်အမွေးနုတ်ခြင်းကို ပထမဆုံး မြင်ဖူးသည်မို့ လက်စွဲတော်ကင်မရာလေးဖြင့် တဖျပ်ဖျပ် မှတ်တမ်းတင်မိသည်။

အလင်းအမှောင်ကို ညှိကာ ရှုထောင့်အမျိုးမျိုးမှ ရိုက်ယူလိုက်သောအခါ စိတ်ကြိုက်ဓာတ်ပုံများကို ရရှိလေ၏။

ဓာတ်ပုံရိုက်နေရင်းပင် မြူတွေက ပို၍ထူထဲလာသောအခါ





သူသည် ပတ်ဝန်းကျင်ကို ပို၍ အာရုံစိုက်မိလာသည်။

“ဘာလို့လဲ...နေ့ခင်းဘက်ရောက်မှ မြူက ဘာလို့ ဒီလောက် ထူထဲလာရတာလဲ”

“တောင်ပေါ်မှာ နေ့ခင်းဘက်ကြီး မြူထူလာတာ မဆန်းပါဘူး အစ်ကိုရယ်...မြူထူနေတုန်း မိုးရွာတာလည်း မဆန်းဘူး။ ဖြစ်ရိုးဖြစ်စဉ်ပဲလေ”

သူ့စိတ်ကို ဘရန်ဒီးက သိနေ၍ ဖြစ်သည်။ မေးခွန်းပင်မထုတ်လိုက်ရဘဲ အဖြေတန်းပေး၏။

“ဘကြီးက နက္ခတ်ပညာတတ်ပုံရတယ်နော်”

“ဒါတွေ ငါ မတတ်ပါဘူး။ မျက်စိမှိတ်ပြီး လေရှူကြည့်လိုက်တာပါ။ တိုက်လေက တောင်ပေါ်ရောက်လေ အေးလာလေပဲလေ။ ပြီးတော့ ခါကျဉ်ကောင်တွေ မြေကျင်းထဲက ထွက်မလာတာကို ကြည့်ပါလား။ ဒါကြောင့် မြူထူတော့မယ်လို့ ငါ ခန့်မှန်းမိတာပါ”

ရာသီဥတုအပြောင်းအလဲ လူထက် တိရစ္ဆာန်တွေက ပိုသတိပြုမိသည်ဆိုတာ သူ မေ့သွားမိခဲ့သည်။

“ဒါနဲ့ ဒါက ဘာငှက်လဲ ဘကြီး”

“ငှက်မဟုတ်ဘူးဟေ့...ရေကြက်လို့ခေါ်တယ်။ ဆောင်းတွင်းဆို ဒီလိုရေကြက်က ဖမ်းရမခက်ပါဘူး”

ဦးလဂျားသည် အမွေးနုတ်လိုက်၊ အမွေးနုများကို မီးမြှိုက်လိုက်ဖြင့် မကြာခင်မှာပင် ရေကြက်အမွေးများသည် မြက်ဖုတ်ပေါ် အပုံလိုက် ဖြစ်သွားတော့၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ ဦးလဂျားက ထိုရေကြက်ကို မိုက်ခွဲသန့်စင်ကာ ခေါင်းမှဖင်အထိ တံစို့နှင့် တိုးလျှိုပေါက်ထိုး ကင်လိုက်သည်။

သွေးသံရဲရဲနှင့်မို့ ပြုလုပ်ချိန်က ရွံစရာကောင်းခဲ့သော်လည်း အသားကျက်၍ ရနံ့သင်းလာသောအခါ စားချင်စရာကောင်းလှသည်မှာ အမှန်ပါ။

ထိုငှက်သားကျက်သောအခါ ဦးလဂျားက ငှက်ပေါင်ခြမ်းသားကို အရွက်ကလေးနှင့်ထုပ်ကာ သစ်ငုတ်တိုပေါ်တင်ပြီး တစ်စုံတစ်ခု ပြောဆိုလေသည်။

"ဘရုန်ဒီး...ဘကြီးက ဘာလုပ်နေတာလဲ"

"တောစောင့်နတ်တွေကို ပူဇော်နေတာပါ။ ဒီနေရာတွေက တောကြမ်းတယ်လေ...မပူဇော်ဘဲစားရင် နတ်ကိုက်တတ်တယ်"

ထိုစကားလုံးက သူ့စိတ်ထဲ တစ်မျိုးဖြစ်စေတာတော့ အမှန်ပါ။ သို့သော် ရိုးရာမို့ ဘာမှထပ်မပြောလိုတော့၍ ငြိမ်နေလိုက်သည်။ သူကတော့ လူငယ်တစ်ဦးမို့ နတ်တွေဘာတွေ အယုံအကြည်မရှိတာ အမှန်ပါ။

ဦးလဂျားက နတ်များကို ပူဇော်ပြီးသည့်အချိန်တွင် သူတို့ထံသို့ လျှောက်လာပြီး ကင်ထားသော ရေကြက်သားကို သုံးပိုင်းပိုင်းပြီး သူ့ထံတစ်ပိုင်း၊ ဘရုန်ဒီးထံတစ်ပိုင်း ပေးသည်။

"ဆာတဲ့အချိန် စားပေါ့..ကဲ..ငါတို့ ခရီးဆက်ရအောင်"

ဟုဆိုပြီး မြေကြီးပေါ်စိုက်ထားသော ဓားကို ဆွဲနုတ်ကာ ထွက်သွားပြန်သည်။





ဘယ်လိုလူလဲ...။ ဘာကြောင့် အဲဒီလို တုံးတိတိနိုင်ရတာလဲ။ ရင်စားလို့ပြောပြီး စားချိန်မပေးဘဲ ခရီးဆက်သွားတာက ဘာသဘောလဲ။ လမ်းသွားရင်းစားဆိုတဲ့အဓိပ္ပာယ်လား။

လမ်းလျှောက်ရင်း အစားမစားတတ်တာ အမှန်ပါ။ အသက်ဆယ်ကျော်ကာလတစ်လျှောက် ဘယ်တုန်းကမှ လမ်းလျှောက်င်း အစားမစားခဲ့ဖူးပါ။

"မြန်မြန်လျှောက်ပါ...ခဏနေရင် နှင်းတွေ မိုးရွာသလိုကျလာမယ်...နားစရာနေရာ ရှာမှဖြစ်မယ်"

တိုင်းရင်းသားသံဝဲလွန်း၍ ထိုစကားကို သူက မြန်မာလိုစဉ်းစားမှ နားလည်လိုက်သည်။ ဗမာစကားကို ကြိုးစားပြီးပြောနေသာကြောင့် သူသိအောင်ပြောမှန်း သူ ရိပ်မိသည်။

"နေထွက်ရမယ့်အချိန်တောင် ကျော်နေပြီနော်"

"ဒါက တောင်တန်းတွေကြားလေ...မြေပြန့်မှမဟုတ်တာ"

ကားဆရာလေးဘရုန်ဒီး စကားအဖြစ်ရုံသာပြောပြီး အတိုးအိုက်မှ မပြေးရုံတမယ် လိုက်နေသဖြင့် သူပါ ကမူးရှူးတိုး လိုက်သည်။ အတိုးအိုနောက် ပြေးလိုက်နေရင်းပင် သူ့ခြေလှမ်းတွေလေးပင်လာသည်ဟု ထင်ရသည်။

နှင်းရည်တို့ဖြင့် စိုထိုင်းနေသော မြေကြီးသည် ပို၍အေးလာ ခံစားမိ၏။

နှင်းထုသည်လည်း ပို၍ သိပ်သည်းလာသည်ဟု ထင်သည်။ ဆယ်ပေခန့်မှ မြင်ကွင်းပင် မသဲကွဲချင်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ရာသီဥတုက အပြောင်းအလဲမြန်လိုက်တာနော်"

"ရေခဲတောင်ပေါ်မှာဆို ပိုဆိုးတာပေါ့ အစ်ကိုရယ်"

"ဒီနေရာက ရေခဲတောင်နဲ့နီးလို့လား"

"မနီးပါဘူး…ဒါပေမယ့် တောင်ပေါ်ရဲ့ရာသီဥတုက ဒီအတိုင်းပဲလေ။ ဒီလိုတောင်တန်းတွေကြားမှာ ခုလို ဆောင်းတွင်းဆို နေမြင်ရတဲ့နေ့က ခပ်ရှားရှားပါ။ နှင်းတွေနဲ့အတူ နှင်းမိုးမရွာပါစေနဲ့လို့ပဲ ဆုတောင်းနေရတာယ်။ ဒါပေမယ့် ဒီနေ့တော့ ဆုတောင်းပြည့်တော့မယ် မထင်ပါဘူး"

သူ လန့်သွားသည်။ ရိုးရိုးကျတဲ့ နှင်းရည်လေးက မြက်ပင်တွင် တွယ်ညှိပြီး ထိုမြက်ကို နင်းမိချိန်တိုင်း နှင်းရည်နှင့် ထိမိသည့် ခြေသလုံးမှာ အေးအေးသွားသည့်ဒဏ်ကို သူ ကြိတ်မှိတ်သည်းခံနေသည်ဖြစ်၏။ နှင်းမိုးဆိုပါလား။

ထီးမပါ…မိုးကာအင်္ကျီ ဝတ်မလာတဲ့အဖြစ်နဲ့ဆို တစ်ကိုယ်လုံး ရေရွှဲမှာ သေချာသည်။ ရေစိုအဝတ်နှင့် ဤဆောင်းလေကို သူ ဘယ်လိုအံ့တုရင်ဆိုင်ရမလဲ။

"ဟင်…ဘကြီး…ဘကြီး…ဘယ်ပျောက်သွားပြီလဲ"

သွားနေရင်းပင် မြူများသည် ဝေဆိုင်းလာလေသည်။ ထို့ကြောင့် ရှေ့မှဦးဆောင်နေသော အဘိုးအိုသည် သူတို့မြင်ကွင်းမှ ပျောက်ခြင်းမလှ ပျောက်သွားလေ၏။

"ဘကြီး…ဘကြီး"

ဘရန်ဒီး၏အသံသည် တစ်တောင်လုံး ညံသွားသောကြောင့် ပဲ့တင်သံပင် ဟိန်းပြီးထွက်လာလေသည်။

"ဟေ့…ဘရန်ဒီး…ငါ ဒီမှာကွ…မင်းတို့ရှေ့မှာပဲ ရှိတယ်။ လာ…သတိလည်းထားဦး…ဒီတောင်ကတုံးက နှင်းစိုလို့ ချွဲနေပြီ… လျှော်လဲကုန်မယ်"

အဘိုးအို၏အသံကို ကြားရတော့မှ သက်ပြင်းချမိသည်။

ဤလမ်းပြအဘိုးအိုသာမရှိလျှင် ဆိုင်းနေသောမြူနှင့် သူတို့ရဲ့ဘဝက ပါသွားနိုင်သည်။ တစ်သက်လုံး တောထဲတောင်ထဲ လမ်းပျောက်နေတော့မှာပဲဆိုသည့်အသိကြောင့် စိုးရိမ်ပူပန်မှုက ငယ်ထိပ်ထိ ဆောင့်တက်ခဲ့ရသည်မှာ အမှန်ပါ။

"သတိထားပြီးလာကြဟေ့…မလှမ်းတောင်နဲ့ သိပ်ကိုနီးနေပြီ။ အောက်မှာ ချောက်ကြီးရှိတယ်။ ကျသွားရင်တော့ မလွယ်ဘူးဘဲ"

အဘိုးအိုပြော၍သာ ချောက်ရှိမှန်းသိရသော်လည်း ထိုချောက်ဆိုတာကို မမြင်ရပေ။ သူ့အဖြစ်က မျက်ကန်းတစ်ယောက်နှင့်တူသည်။ တောထဲရောက်နေမှန်းသိသော်လည်း သစ်ပင်ကို မမြင်ရပေ။ မြူတွေသာ ကြီးစိုးနေ၏။ မြင်မြင်သမျှ ဖြူဖြူသဏ္ဌာန်ချည်းမို့ ကြောက်စိတ်တ ရင်ထဲတွင် ပျံ့နှံ့၍နေလေသည်။ ထိုစဉ်…

"ဝေါ…"

တိုက်ခတ်လာသောလေထုကြောင့် ဖစ်ပွင့်နေသော ရင်ဘတ်ကို ချွံမိလိုက်သည်။ လမ်းလျှောက်ရင်း ဖစ်ကိုတပ်လိုက်သောကြောင့် ဆိပ်သည်းဆများသော မြေလွှာကျောက်သားပေါ်မှ ရေညှိအရိုးချွံ ချားသည်…







www.burmeseclassic.com

www.burmeseclassic.com



"အ…အား…အား"

ဟန်ချက်ပျက်သွားသော ကိုယ်ဟန်ကို မထိန်းနိုင်တော့ပေ။ အေးခဲနေသောကြောင့် ခြေလက်များမှာ ထုံကျင်၍နေပြီ ဖြစ်၏။

"အား…"

ဒယီမ်းဒယိုင်ဖြစ်နေသော ကိုယ်ကို ထောင်မတ်ရန် တစ်ဖက်မှ သစ်ကိုင်းကို ဆွဲမိဆွဲရာ ဖမ်းဆွဲလိုက်၏။

"ကလစ်…"

သူ့အော်သံသည် တောင်နံရံတစ်လျှောက် ပဲ့တင်ထပ်သွားလေ၏။ နောက်ဆုံး သူ သိလိုက်သည်က သူ…တောင်ပေါ်မှ ပြုတ်ကျသွားသည်ဆိုတာပဲ ဖြစ်၏။



# အခန်း (၃)

အဘွားသည် သူ့ကို ဆူပူနေသည် ဖြစ်သည်။ ခရီးမသွားရန် အတန်တန် တားမြစ်နေလေ၏။

"မသွားပါနဲ့ မြေးရယ်…အဖွဲ့အစည်းနဲ့ သွားတာလည်းမဟုတ်ဘဲနဲ့ တစ်ကိုယ်တည်း မဗိုက်ချင်ပါနဲ့…မြေး သွားမယ့်နယ်မြေကလည်း ငြိမ်သက်တာ မဟုတ်ဘူးလေ"

"ဟာ…အဘွားကလည်း သူတို့ဟာသူတို့ မငြိမ်သက်တာ ကျွန်တော်နဲ့ ဘာဆိုင်လို့လဲ"

"မသွားပါနဲ့ မြေးရယ်…ဒီက ဘွားအေ မသေခင်လေးမှာ မြေးမြစ်ကလေးနဲ့ ပျော်ပျော်ရွှင်ရွှင် နေသွားချင်တယ်…မသွားပါနဲ့နော်"

"ဘွားကလည်း ဘွားပြောပုံကြီးအရ ကျွန်တော်ဟာပဲ ဘွားထက် အရင်သေတော့မလိုဘဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖွတ်ဟဲ့…ဘွာတေး…မပြောကောင်းမဆိုကောင်း ဒီကလေး ဟာလေ"

"အဘွားရယ်…တားမနေပါနဲ့၊ အဘွားမြေးအကြောင်း အဘွားလည်း သိသားနဲ့။ သွားချင်သမဆို သွားပစေ…တားလို့ရမှာမဟုတ်ဘူး"

မေမေက သူနှင့်ဘွားအကြား ဝင်ပြောလာသည်။

"အေး…ဒါဆိုလည်း သွားလေ…ဒါပေမယ့် မသွားခင် မြစ်ချွေးမလေးကိုတော့ တွေ့သွားဦး"

သူ့ အကြောက်ဆုံးကိစ္စ ဖြစ်သည်။ အိမ်ထောင်မပြုချင်သေးပါဘူးလို့ ပြောနေလျက်သားနဲ့ ကို…စီစဉ်သောမိသားစုကို အရွဲ့တိုက်ချင်သောကြောင့် ခရီးရှည်ကြီး ထွက်ပစ်မည်ဟု ကြိတ်ကြံထားတဲ့စိတ်သည် ပိုရှုံနိုင်မာသွားသည်။

နောက်ငါးရက်ခန့်မှ ထွက်ခွာမည်ဟု ရည်ရွယ်ထားသော်လည်း 'တွေ့သွားဦး' ဆိုသည့်စကားကြောင့် သူ့ခရီးစဉ်သည် ပို၍ ရှေ့တိုးသွားလေပြီ ဖြစ်သည်။

"ကျွန်တော် သွားတော့မယ်"

သူက ကောက်ကာငင်ကာ ပြောလိုက်လျှင် ရေခဲရေသောက်နေသော ဘွားအေသည် ထိုရေဖြင့် သူ့မျက်နှာကို လှမ်းပက်လိုက်၏။

သူ့မျက်နှာတစ်ခုလုံး အေးခနဲ ဖြစ်သွားလေသည်။

မျက်နှာက အေးလာသောအခါ တစ်ကိုယ်လုံးပင် တုန်ယင်လာသလို ခံစားရသည်။



"ချမ်းတယ်"

လက်ကလေးပိုက်ကာ တမ်းတမိသောအခါ သူ့လက်ကလေးတို့ တစ်စုံတစ်ယောက်က ဆုပ်ကိုင်လာသည်။

နှလုံးသားတစ်ခုလုံး နွေးခနဲ ခံစားလိုက်ရသည်။

သူ့လက်ကို ဘယ်သူ ဆုပ်ကိုင်နေတာလဲ။ ဘယ်သူက သူ့ကို နွေးထွေးစေတာလဲ။ ဘယ်သူလဲ…ဘယ်သူလဲ…။

သူ့မျက်လုံးကို အားယူကာ ဖွင့်သည်။ မရပေ။ ကြိုးစားပြီး ဖွင့်သည်။ မရပေ။

သူ့ခန္ဓာတစ်ခုလုံးမှာ လေထဲတွင် တက်လိုက်ကျလိုက် ဖြစ်နေသည်။ သူ တောင်ထိပ်ပေါ်တွင် ရောက်နေသည်။

သူ့လက်များသည် သစ်ကိုင်းကို ဖမ်းဆုပ်ကိုင်လိုက်သည်။

သို့သော် တစ်စုံတစ်ယောက်က သူ့ခြေထောက်ကို ဆွဲချသည်။ သူသည် လေဟာနယ်ထဲ ရောက်ရှိ၍သွားသည်။ သူ မောနေသည်။ သူ ကြောက်နေသည်။

"ဟော့…ဟော့…မင်း သတိရပြီလား။ မင်း သတိရပြီလား"

အသံတစ်သံကို သူ ကြားနေရသည်။ သို့သော် မျက်လုံးတော့ ဖွင့်၍ရပေ။

"ဟော့…ဟော့"

သူ့လက်ကို ဆုပ်ကိုင်နေပြီ ဖြစ်၏။

"ဟော့…ဟော့"

အသံသည် သူနှင့် ပို၍နီးကပ်လာပြီဟု ခံစားရသည်။



www.burmeseclassic.com

www.burmeseclassic.com



လှည့်ထွက်ဖို့ကြံနေသော သူ့လက်ကောက်ဝတ်ကို တင်းကျပ်စွာ ဆွဲခေါ်နေသည်။

"ဟော့…ဟော့"

သူ့မျက်နှာပေါ် နှင်းစက်တွေ ကျဆင်းလာသည်။

"ဟော့"

သူ့မျက်လုံးတွေ ဆတ်ခနဲ ပွင့်လာပြီဖြစ်၏။

သူ ပထမဆုံး မြင်လိုက်ရသည်က သူ ဘယ်တုန်းကမှ မသိဖူးသော မျက်နှာတစ်ခု။

"ဘယ်သူလဲ"

သူသည် အိပ်နေရာမှ အလန့်တကြား ထထိုင်လိုက်သည်။ သူ မောနေ၏။ ကြောက်လည်းကြောက်နေသည်။

"ဖြည်းဖြည်းထပါ…မင်းရဲ့ခေါင်း ထိမိထားတယ်"

ထိုသို့ ပြောလိုက်တော့မှ ခေါင်းတစ်ခုလုံး နာကျင်လာသည်ကို ခံစားရသည်။

"မင်း…မေ့နေတာ နှစ်ရက်ရှိသွားပြီ"

"ဗျာ"

သူ အံ့အားသင့်သွားလေသည်။ ဘာဖြစ်ရတာလဲ…ဘာဖြစ်ခဲ့တာလဲ။

စောစောကမှ ဘွားအေနှင့် ဆုံခဲ့သည်။ မေမေနှင့်လည်း တွေ့ခဲ့သည်။ ပြီးနောက် ရေခဲရေနဲ့ အပက်ခံလိုက်ရသလို နွေးထွေးတဲ့လက်တစ်ခုကိုလည်း ဖမ်းဆုပ်ခွင့်ရခဲ့သည်။ သူ အိပ်မက်မက်ခဲ့တာလား





အသေအချာ ပြန်စဉ်းစားသည်။

မှန်ပါသည်။ အိပ်မက်ပါ။

ဒါဆို တကယ်ပဲ သူ မေ့နေတာ နှစ်ရက်ရှိသွားတာလား။

ဘကြီးနဲ့ ဘရန်ဒီကရော…

"ရော့…ဆေးသောက်လိုက်ဦး"

အနက်ရောင်ပိတ်စဖြင့် ခေါင်းပေါင်းထားသော အဒေါ်ကြီးက သူ့အား လက်ဖက်ရည်တစ်ပန်းကန်ကို ပေးသည်။

သူ လှမ်းယူရခက်နေသည်။

ထိုလက်ဖက်ရည်ပန်းကန်ထဲသို့ ငုံ့ကြည့်လိုက်သောအခါ မည်းညစ်ညစ်အရည်တွေကို တွေ့ရသည်။ ထိုအရည်က ဆေးဆိုပါလား။ ဟုတ်ရောဟုတ်ရဲ့လား…သန့်ရောသန့်ရဲ့လား။

"မင်း…ဆေးသောက်မှဖြစ်မယ်။ ဆေးမသောက်ရင် မင်း ထနိုင်မှာမဟုတ်ဘူး"

ဗမာစကားပြောနေသော်လည်း တိုင်းရင်းသားသံဝဲနေသည်မှာ အမှန်ပါ။ သို့သော် ထိုအမျိုးသမီး၏စကားဝဲပုံမျိုးသည် ဦးလဂျားနှင့် ဘရန်ဒီတို့စကားဝဲပုံမျိုးနှင့် မတူချေ။ ထိုအမျိုးသမီးက ဘာလူမျိုးလဲ။

"ရော့လေ…ဆေးခွက်ကို ယူလိုက်"

လှမ်းပေးသောကြောင့် အားနာ၍ ယူလိုက်ရသည်။

ဆေးရည်ဟု အထူးပြောင်းဖွယ်မရှိပေ။ ပြင်းရှရှအနံ့တစ်ခုကို ရှူရှိုက်မိသည်။

"နည်းနည်းတော့ ခါးမယ်။ သောက်ပြီးရင် မင်း အချမ်း



www.burmeseclassic.com

www.burmeseclassic.com



သက်သာသွားမှာပါ''

သောက်သင့်မသင့်ကို သူ ဆုံးဖြတ်နေဆဲ ဖြစ်၏။

ခေါင်းကလည်း တစ်ဆစ်ဆစ် ကိုက်နေသည်။ ကိုယ်ခန္ဓာမှာလည်း ရိုက်ချေထားသလို နာကျင်နေတာ အမှန်ပါ။

ဆေးရည်ကိုသောက်ဖို့ သိပ်မသတီချင်သော်လည်း ရိုးသားသော မျက်လုံးအကြည့်များကို ယုံကြည်၍ တစ်ကျိုက်တည်း မော့ချလိုက်သည်။

စေတနာနှင့်ကျွေးပါက သေဆေးပင်စားရတယ်ဟု အတွေးက ငယ်စဉ်ကတည်းက သူ့အား ဆုံးမခဲ့သည်။

ဤဆေးသည် သေဆေးမဖြစ်နိုင်ပါ။ အကယ်၍ သေဆေးဆိုပါက ယခုနေချိန် သူ ဤနေရာ၌ ရှိလိမ့်မည်မဟုတ်ပေ။

ဘယ်လိုဖြစ်လို့ သူ ဤနေရာရောက်နေတာလဲ။

သူ မှတ်မိသလောက်တော့ သစ်ကိုင်းကျိုးပြီး အရှိန်မထိန်းနိုင်၍ တောင်အောက်သို့ လိမ့်ကျခဲ့သည်။

''ဘယ်လိုလဲ…နေလို့ထိုင်လို့ကောင်းရဲ့လား''

သူ ခေါင်းညိတ်ပြလိုက်သည်။

အမှန်ပါပဲ။ ဆေးခါးခါးသည် ဝမ်းထဲရောက်သွားသည်နှင့် တစ်ပြိုင်နက် ပူခနဲ ခံစားရသည်။ ပြီးနောက် ထုံထိုင်းအုံ့မှိုင်းနေသော စိတ်တို့သည် ပြန်လည်တက်ကြွလာသလို လန်းဆန်းလာ၏။ ဆေးထည့်ခဲ့သော လက်ဖက်ရည်ပန်းကန်ကို သူ သက်မကောင်း ကြည့်သည်။





ဘာဆေးလဲ…ဘာလို့ ဒီလောက်စွမ်းရတာလဲ။

''အဲဒီဆေးက ရေညှိညှိနဲ့ ရိုန်းခိုနဲ့ရောပြီး အခြားဆေးတွေနဲ့ ဆတူ ဖော်စပ်ထားတာ။ ရှားပါးတယ်။ မင်းရဲ့ဒဏ်ရာကများတော့ ဒီဆေး ငါးခွက် သုံးလိုက်ရတယ်။ အခု မင်း သောက်လိုက်တာက နောက်ဆုံး ပဲ။ ရေညှိညှိကို မတွေ့မချင်း အဲဒီဆေးမျိုး နောက်ထပ် မှုနိုင်တော့မယ် မထင်ဘူး''

''အခေါ်…ဒါ…ကျွန်တော် ဘယ်ရောက်နေတာလဲ''

''မင်း အခုနေနေတာတော့ ငါ့အိမ်ပဲ။ မင်းကို အဆစ်က မလွန်တောင်ခြေမှာတွေ့လို့ ခေါ်လာခဲ့တာ''

''ဗျာ…မလွန်တောင်ခြေ…ဟုတ်လား''

''အေး…ဟုတ်တယ်''

''ဒါ…ဒါဆို…ဒီနေရာက''

''လရှုးရှုနော်ရွာလို့ ခေါ်တယ်''

''ဗျာ''

သူ အံ့အားသင့်သွားသည်။ သူ ဖတ်ခဲ့ဖူးသော ပုံပြင်စာအုပ်ထဲမှ ရွာ ဖြစ်နေသည်။ သူက ဘယ်လိုလုပ် ဒီကိုရောက်နေတာလဲ။ ဘကြီးနဲ့ အခြေဒီးရော…။

''ကျွန်တော်နဲ့အတူလာတဲ့လူတွေရော''

''ငါ မသိဘူး။ အဆစ်ပြောတာတော့ မင်းတစ်ယောက်တည်း ဘဲ တွေ့တယ်ပြောတာပဲ''

သူ အံ့အားသင့်သွားသည်။ ထိုအခေါ်ကြီးပြောပုံအရဆိုလျှင်



www.burmeseclassic.com

www.burmeseclassic.com



သူ မေ့နေသည်မှာ နှစ်ရက်ရှိပြီ ဖြစ်၏။ ဒါဆို ဘရန့်ဒီးနှင့်ဘကြီးက သူ့ကို မရှာကြဘူးလား။ ဘာလို့ သူ့ကို လာရောက်မစုံစမ်းကြတာလဲ။ ဘကြီးနှင့်ဘရန့်ဒီးသည် အဲဒီလောက် မေတ္တာတရားခေါင်းပါးပုံတော့ မရချေ။ သူ့လူအကဲခတ်မှားသွားပြီလား။

"ဒီနေ့ ဘာနေ့လဲ အဒေါ်"

"နတ်တော်လဆုတ် ခုနစ်ရက်…နောက်အပတ်ဆို လကွယ်ပြီ"

မှန်တာပြောရလျှင် သူသည် မြန်မာပြက္ခဒိန်ကို မသိချေ။ သူ သိလိုသည်က အင်္ဂလိပ်ရက်စွဲ ဖြစ်၏။

"စိတ်တော့မရှိပါနဲ့ဗျာ…ကျွန်တော့်ကို အင်္ဂလိပ်လိုရက်စွဲလေး ပြောပြစေချင်ပါတယ်"

"မင်းပြောတဲ့ အင်္ဂလိပ်ရက်စွဲကို ငါ မသိဘူး"

"ဗျာ"

သူ အံ့ဩသွားသည်။ ဒီခေတ်ကြီးထဲမှာ အင်္ဂလိပ်ရက်စွဲကိုမသိတဲ့လူ ရှိသေးတာတဲ့လား။ ဒါဆို သူ ဖတ်ခဲ့သောပုံပြင်က စိတ်ကူးယဉ်ပြီး ဖန်တီးထားတာမဟုတ်ဘူးပေါ့။

"ကဲ…မင်း နားလိုက်ဦး"

"အဒေါ်နာမည်လေး တစ်စိမ့်လောက်သိပါရစေခင်ဗျာ ဟိုလေ…ကျွန်တော့်ကို ကယ်တင်ထားသူမို့ သိသင့်တယ်ထင်လို့ပါ"

"နာမည်သိချင်တာများ အဲဒီလောက်ထိ ရှင်းပြဖို့မလိုပါဘူး ငါ့နာမည်က သဲအိမ်…ဒေါ်သဲအိမ်ပဲ…အဆစ်ရဲ့အမေ"





အဆစ်ဆိုပါလား…ထိုအမျိုးသမီးသည် အဆစ်ဆိုသော နာမည်ကို မကြာခဏ ပြောလေသည်။ အဆစ်က ဘယ်သူလဲ။

အဆစ်က ဘယ်သူမှန်းမသိပေမယ့် အဆစ်ဆိုသူသည် ထိုအမျိုးသမီးအတွက် အရေးပါသောလူ ဖြစ်လိမ့်မည်ဟုတော့ ခန့်မှန်းမိလေသည်။

"ကျွန်တော်က ဘာလက်ဟိုးပါ…ရန်ကုန်က လာတာပါ"

"မင်းက ဗမာလူမျိုးထင်တယ်"

"ဟုတ်ပါတယ်ခင်ဗျ…ဗမာလူမျိုးပါ"

"မင်း နားလိုက်ဦး…မကြာခင် အဆစ်က မင်းကို စားစရာ ပို့လိမ့်မယ်။ ဒီကြားထဲ မင်း အပြင်လုံးဝမထွက်နဲ့နော်။ ဘယ်သူပဲ လာခေါက်ခေါက် လုံးဝ ဖွင့်မပေးနဲ့။ ဝင်လာရမလားလို့ မေးရင်လည်း ဝင်လာပါလို့ မပြောနဲ့။ အဆစ်ဆိုရင်တော့ မင်းကို ဘာမှမေးနေမှာမဟုတ်ဘူး။ ကဲ… ငါ သွားပြီ"

အဆက်အစပ်မရှိပြောပြီး ထွက်သွားသော အမျိုးသမီးကို သူ ကြောင်ပြီး ကြည့်နေမိသည်။ ဘာတွေပြောသွားတာလဲ။ ဘာလို့ သူ အပြင်မထွက်ရတာလဲ။

သူသည် သူရှိရာအခန်းတစ်လျှောက် ဟိုဟိုဒီဒီ ကြည့်ပြီး စပ်စုသည်။ ထိုအခါမှ သတိပြုမိလိုက်၏။ သူရှိနေသည်က အခန်း မဟုတ်ပေ။ အိမ်တစ်လုံးထဲမှာ ဖြစ်၏။

မှန်တာပြောရလျှင် ရွှံ့စေးနှင့်ပြုလုပ်ထားသော အုံကုပ်ထဲမှာ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထူးဆန်းလွန်း၍ အိမ်နံရံကို လက်ဖြင့် ပွတ်ကြည့်သည်။

မှန်ပါသည်။ ရွှံ့စေးနံရံများ ဖြစ်၏။

ဒါ…ဒါဆို…ပုံပြင်စာအုပ်ထဲကလို ရွှံ့အိမ်ထဲ သူရောက်နေ တာပေါ့။

သူ့စိတ်များသည် ပုံပြင်စာအုပ်ဆီရောက်လိုက်…ဦးလဂျားထံ ရောက်လိုက်…ဘရန်ဒီးထံရောက်လိုက်…မလွန်တောင်တက်လမ်း ဆီရောက်လိုက်ဖြင့် ယောက်ယက်ခတ်ကုန်သည်။

သူသာ အမှန်တကယ် လမ်းရှုနော်ကို ရောက်နေပြီဆိုပါက စုန်းကဝေများနှင့် ရင်ဆိုင်ရတော့မည် ဖြစ်သည်။

စုန်းကဝေဆိုတာ တကယ်ရှိရဲ့လား…

လမ်းရှုနော်ဆိုတာ တကယ်ရှိနိုင်ပေမယ့် ဇာတ်လမ်းကိုတော့ စာရေးသူ ဖန်တီးထားခြင်း ဖြစ်နိုင်သည်။

"ဒေါက်…ဒေါက်"

တံခါးကို လူတစ်ယောက် ထုရိုက်သံဖြစ်သည်။

တံခါးမှာ ဖျဉ်ချပ်ကြီးနှင့် ကာရံထား၏။

"ဒေါက်…ဒေါက်"

တံခါးခေါက်သံသည် အုံကုပ်လေးထဲ ဟိန်း၍ထွက်လာသည်။ မီးလင်းဖိုမှအလင်းရောင်သည် ရွှံ့အိမ်လေးထဲ လွှင့်ပျံ့နေလေ၏။ ထို့ကြောင့် လင်းထိန်ခြင်းမရှိသော မြင်ကွင်းသည် တံခါးခေါက်သံ ရောလိုက်သောအခါ ချောက်ချားဖွယ်အတိ ဖြစ်နေလေတော့သည်။

"ဒေါက်…ဒေါက်"





"ဘယ်သူလဲ"

အသံပြုကာ နားစွင့်မိသည်။

"ဒေါက်…ဒေါက်"

"တံခါးပိတ်မထားပါဘူးခင်ဗျာ"

"ဝင်လာလို့ရမလား"

ထပ်၍ကြားရသောအသံကြောင့် သူ ကြက်သီးမွေးညှင်းထသွား လေသည်။ ထိုအသံသည် လူတစ်ဦး၏အသံမှ ဟုတ်ရဲ့လား။ ဘာကြောင့် ပလုံးပထွေးနှင့် သြရှရှ ဖြစ်နေရတာလဲ။

"ဝင်လာလို့ရမလားလို့မေးရင် ဝင်မလာပါနဲ့လို့ပြော"

ဟုဆိုသော ဒေါ်သဲအိမ်၏အသံကို ထပ်၍ ကြားယောင်မိသည်။

"ဝင်မလာပါနဲ့"

ပြောသာပြောလိုက်ရသည်။ အားတော့နာမိသားပင်…။

သူနေသည့်နေရာသည် ဒေါ်သဲအိမ်၏အိမ် ဖြစ်သည်။ ထို့ကြောင့် ဒေါ်သဲအိမ် မှာကြားသည့်အတိုင်း ဆောင်ရွက်ရမည်မှာ သူ့တာဝန် ဖြစ်၏။ အိမ်ရှင် စိတ်ကွက်အောင် မလုပ်ချင်သည်မှာ အမှန်ပါ။

သူက ဝင်မလာပါနဲ့လို့ဆိုလိုက်သောအခါ အပြင်ဘက်မှ လူသံ သည် တိတ်ဆိတ်သွားသည်။ သူ ဘာလုပ်သင့်သလဲ။

ထိုလေတိုးသံမှလွဲ၍ ပတ်ဝန်းကျင်သည် တိတ်ဆိတ်နေလေ သည်။ အခန်းတွင်းသို့ အလင်းရောင် လုံးဝရောက်မလာပုံအရ အပြင် မှာ မှောင်မည်းနေမည်မှန်း သူ ရိပ်မိသည်။

သူကသာ ဒေါ်သဲအိမ်အလိုကျ မလာပါနဲ့လို့ ပြောလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်… အကယ်၍ သူ့ကို ဒုက္ခသည်တစ်ဦးဆိုပါက သူသည် ကိုယ်ချင်းမစာရာ ရောက်လိမ့်မည်။

ဒီလောက်ထိ အေးချမ်းသော ဆောင်းတွင် ထိုပုဂ္ဂိုလ်က ခြေဦးတည့်ရာသွားပါက အအေးမိပြီး သေရလိမ့်မည်။

လူ့အသက်တစ်ချောင်းသည် ကယ်ကောင်းသည်ဟု သူ ထင်သည်။ ထို့ကြောင့် သူသည် ထပ်ပြီး ရှည်ရှည်ဝေးဝေး မတွေးတော့ဘဲ စေ့ထားသော ပျဉ်တံခါးကိုသာ ဖွင့်လိုက်၏။

တံခါးပွင့်ပွင့်ချင်းပင် တရစပ်ဝှန်း တိုးဝင်လာသော လေထုကြောင့် တောင့်ခဲသွားသလို ခံစားရသည်။ တစ်ဆက်တည်းမှာပင် ဝင်ခွင့်တောင်းသူကို အားနာသွားမိသည်။ သူ့ခင်မျာ ဘယ်လောက်ထိ ချမ်းနေရှာမလဲ။

"ဟေ့လူ…ဟေ့လူ…ဘယ်ရောက်သွားပြီလဲ"

လဆုတ်ရက်မို့ ပတ်ဝန်းကျင်သည် မှောင်မည်းနေသောကြောင့် သူ့အသံပြုလိုက်သည်။ ပတ်ဝန်းကျင်ကို သူ မမြင်ရသော်လည်း အလင်းရောင်ထဲမှာရှိနေသော သူ့ကိုတော့ အမှောင်မှလူက အလွယ်တကူ တွေ့မြင်နိုင်မည်ဟုထင်သည်။

"ဟေ့လူ"

သူ့ခေါ်နေစဉ်မှာပင် တစ်စုံတစ်ဦးသည် သူ့ကို တွန်းဝင်ပြီး တံခါးကို ဝုန်းခနဲ ဆွဲပိတ်သည်။

တွန်းလိုက်သောအရှိန်ကြောင့် အားမရှိသောသူသည် လဲကျသွားလေသည်။





သူ ဒေါသ ဖြစ်၏။

သူက ကူညီသူဖြစ်သည်။ ဘာကြောင့် အဲ့ဒီလောက် ရိုင်းရတာလဲ။

"ရှင်…ဘာတွေလျှောက်လုပ်နေတာလဲ…မစူးမစမ်းနဲ့ လုပ်တဲ့ရှင့်လုပ်ရပ်ကြောင့် ကျွန်မတို့ပါ ဒုက္ခရောက်သွားမယ်ဆိုတာ နားလည်ရဲ့လား"

အသံသည် ကြည်လင်စူးရှလှသည်။ ထိုအသံရှင်သည် ဝင်ခွင့်တောင်းသော အသံပိုင်ရှင်မဟုတ်မှန်း သူ ချက်ချင်းသိလိုက်သည်။

သူ လဲကျနေရာမှ ထရပ်ပြီး အသံရှင်ကို ဒေါသတကြီး ကြည့်သည်။ ထိုတဒင်္ဂအတွင်း သူ ဒေါသအစိုင်အခဲများသည် အပူနှင့်ထိတွေ့ခံစားသော ရေခဲတုံးအလား တစ်စက်ချင်း အရည်ပျော်ကျကုန်သည်။

လှလိုက်တာ…လှနိုင်လွန်းတဲ့ မိန်းကလေး ဖြစ်သည်။

ကျယ်ပြန့်သော နဖူးပြင်သည် စိတ်သဘောထားနူးညံ့သိမ်မွေ့မှုကို ဖော်ဆောင်လေသည်။ ပြီးနောက် ကြည်လင်သော မျက်လုံး… ထိုမျက်လုံးသည် တစ်ပါးသူကို ကူညီတတ်သည်ဟု နှုတ်မှ ပြောစရာမလိုလောက်အောင် သိမ်မွေ့လှသည်။

မေးရိုးပေါ်ပြေကျနေသော ပါးရိုးများသည် ပြည့်ပြည့်ဖောင်းဖောင်းလေး ဖြစ်နေ၏။ မထူမပါး မျက်ခုံးနှစ်သွယ်သည် ဖြောင့်စင်းသောနှာတံကို ထိန်းချုပ်ထားလေသည်။

နှင်းဆီဖူးနုတ်ခမ်းလေးသည် သူ့အပေါ် အပြစ်တစ်ခုခုဆိုတော့



www.burmeseclassic.com

www.burmeseclassic.com



မယောင် ဖူးကြွလာပြီးမှ သက်ပြင်းလေးရှိုက်ကာ ပြန်လည်ပြေလျော့သွားလေသည်။

"ရှင့်ကို အမေက အပြင်မထွက်နဲ့ မှာမသွားဘူးလား"

အမေဆိုပါလား...ဒါဆို...ထိုမိန်းကလေးက အဆစ်လား။

"မင်းက အဆစ်လား"

"ဟုတ်တယ်...ကျွန်မက အဆစ်ပဲ"

"ဒါဆို ကျွန်တော့်ကို ကယ်လာတာ မင်းပေါ့"

ထိုမိန်းကလေး ခေါင်းညိတ်ပြသည်။ သူ့စိတ်ထဲ တစ်မျိုးကြီးဖြစ်သွားသည်။ ခုလို ချောမောလှပပြီး သေးသွယ်တဲ့ မိန်းကလေးက သူလိုယောကျ်ားရင့်မာကြီးကို ကယ်ဆယ်လာတယ်ဆိုတာကို သူ သိပ်တော့ လက်မခံချင်ပေ။

"ကဲ...ရော့...ရှင် ဆန်ပြုတ်သောက်လိုက်ဦး...အမှန်က ညကြီးမိုးချုပ် အစားအစာစားဖို့ မသင့်တော်ပေမယ့် ရှင်က အစာမစားထားတာ နှစ်ရက်ကျော်ပြီဆိုတော့ စားမှဖြစ်မယ်။ နို့မဟုတ်ရင် ရှင် လမ်းလျှောက်နိုင်မှာမဟုတ်ဘူး"

ထိုမိန်းကလေးသည် ပြောပြောဆိုဆိုပင် ဝါးကျည်တောက်ထဲမှ ဆန်ပြုတ်ကို ပန်းကန်ထဲလောင်းထည့်သည်။

သူသည် ဆန်ပြုတ်ကို အင်မတန်မုန်းသူ ဖြစ်၏။ သို့သော် ယခုမူကား အငွေ့ထောင်းထောင်းထနေသော ဆန်ပြုတ်ကိုကြည့်ရင်း ဗိုက်ထဲမှ ကလီစာများသည် တကျွိကျွိဖြင့် တောင့်တလာလေသည်။

"မြန်မြန်စားလိုက်ပါ...ရှမ်းသံချက်သံတော့ မထွက်စေနဲ့ပေါ့"





ဘာတွေလဲ...ဆန်ပြုတ်လေးတစ်ခွက်သောက်ဖို့ ဘာလို့ ဒီလောက်တောင် စည်းကမ်းချက်များရတာလဲ...။

"မိန်းကလေး...စောစောကလူတစ်ယောက်"

"ရှင်...အဲဒီအကြောင်းကို မေ့လိုက်ပါ၊ ဒါနဲ့ ကျွန်မကို မိန်းကလေးဆိုတာ မှန်ပါတယ်။ ကျွန်မနာမည် အဆစ်ပါ...ကျွန်မကို အဆစ်လို့ပဲ ခေါ်ပါ။ ရှင့်နာမည်က ဘလက်ဟိုးနော်"

သူ့နာမည်ကို ဒေါ်သဲအိမ် ပြောပြလိုက်ပြီဖြစ်မှန်း သူ သိလိုက်သည်။

"ရော့...ဒါက ရှင့်အိတ်၊ ရွှံ့တွေပေနေလို့ ကျွန်မ လျှော်ထားပေးတယ်။ ရှင့်ပစ္စည်းတွေအားလုံး သေသေချာချာ ပြန်ထည့်ထားပေးတယ်"

"ကျေးဇူးပဲ"

"တကယ်ကျေးဇူးတင်တယ်ဆိုရင် ရှင့်ဒဏ်ရာတွေ မြန်မြန်သက်သာအောင် ဆန်ပြုတ်သောက်ပါ။ သက်သာရင် ရှင့်ကို ပြန်ပို့ဖို့ကြိုးစားရဦးမယ်။ ဒါနဲ့...ရှင် အချမ်းသက်သာရဲ့လား။ မြေပေါ်မှာထားတော့ ဒီအိမ်က မြေငွေ့နဲ့ပါ နွေးမယ်လို့တော့ ထင်ပါတယ်"

ဘယ်လိုမိန်းကလေးလဲ...ရုပ်ကလေးက သဘောမနောကောင်းသည့်ပုံလေးနဲ့ ဘာလို့ စကားပြောမချိုသာရတာလဲ။ အဲဒီလောက်ထိမှ သူ့ကို မလိုလားရင် ဘာလို့ ကယ်ဆယ်ထားသေးလဲ။

"မင်းတို့က တိုင်းရင်းသားတွေလား အဆစ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်…ကျွန်မတို့က ရှမ်းနီတွေပါ"

"ဪ…"

ထိုအခါမှ စကားဝဲပုံချင်းမတူတဲ့ကိစ္စကို သူ နားလည်သွား၏။ သို့သော် သူ ပို၍လန့်သွားသည်။

သူ ဖတ်ဖူးသော လရှုးရှနော်သည်လည်း ရှမ်းပန်းကနူးတို့ နေထိုင်ရာရွာငယ်လေး ဖြစ်၏။

"ရှင့်ကိုကြည့်ရတာ တစ်ခုခုဖြစ်နေသလိုပဲ။ ရှင့်ဒဏ်ရာက မကြာခင် ပျောက်သွားမှာပါ။ သိပ်မစိုးရိမ်ပါနဲ့"

သူ စိုးရိမ်နေသည်က ခေါင်းကဒဏ်ရာမဟုတ်မှန်း အဆော် ဆိုသောမိန်းကလေး သိပုံမရချေ။

"ရှင်…တော်တော်မြင့်တဲ့နေရာက ခရီးဝေးဝေးထိ လိမ့်ကျ ပုံရတယ်။ ရှင့်အင်္ကျီတွေတောင် စုတ်ပြဲသွားတယ်"

ထိုအခါမှ သူ့ကိုယ်ပေါ်ရှိ အဝတ်အစားကို သူ သတိပြုမိလိုက် သည်။ မှန်ပါသည်။ သူဝတ်နေကျအင်္ကျီမျိုး မဟုတ်ပါ။ ဖျင်ကြမ်းအင်္ကျီ များ ဖြစ်လေ၏။ ဘယ်လိုလုပ် ဒီအင်္ကျီတွေ ဖြစ်နေရတာလဲ…။

သူ့အင်္ကျီတွေ ဘယ်ရောက်သွားသလဲ။ ဇကန္တ သူ့အင်္ကျီတွေ ဒေါ်သဲအိမ်နှင့် အဆော်က ချွတ်လိုက်တာလား။

အတွေးကြောင့် သူ့မျက်နှာကြီးတစ်ခုလုံး နီရဲသွားလေသည်။ အပေါ်ပိုင်းအင်္ကျီတင် ဖျင်ကြမ်းအစားထိုးနေရုံမကပါ။ အောက်ပိုင်း ပါ ဖျင်ကြမ်းက အစားထိုးနေပြီ ဖြစ်၏။ ရှက်လိုက်တာ…။

"ရှင်…ဘာတွေ တွေးနေတာလဲ။ ရှင့်အင်္ကျီကို ကျွန်မ





သားအမိ ချွတ်လဲခဲ့တာမဟုတ်ဘူး။ ဖိုက်က လာလဲသွားပေးတာ"

လာပြန်ပြီ နောက်နာမည်တစ်လုံး…ဖိုက်ဆိုပါလား။ ဖိုက် ဆိုတာက ယောကျာ်းတစ်ယောက်ရဲ့နာမည်လား။

"ကဲ…ရှင်…ဆန်ပြုတ်သောက်ပြီး အိပ်တော့။ ကျွန်မ ပြန်တော့မယ်"

အမှန်က ထိုမိန်းကလေးကို သူ မပြန်စေချင်သေးပါ။

ညက မှောင်မည်းပြီး တိတ်ဆိတ်နေသောကြောင့် စိတ်ထဲတစ်မျိုး ကြီး ခံစားရ၏။ တစ်ခုခုဖြစ်တော့မှာလိုလို…အန္တရာယ်ကြီးတစ်ခုခု ရောက်လာတော့မှာလို…ရင်ထဲ မရိုးမရွ ဖြစ်မိသည်။

"ဘာမှမစိုးရိမ်ပါနဲ့…ရှင်သာ ဝင်ခွင့်မပြုရင် သူတို့ ဝင်လို့မရ ပါဘူး။ စိတ်ချလက်ချ အိပ်ပါ…အကယ်၍ ရှင်သာ ဝင်ခွင့်ပြုရင်တော့ သူတို့က ဝင်လာပြီး ရှင့်အူတွေကို ဖောက်စားလိမ့်မယ်"

ဘာတွေလဲ…အဆော်က ဘာတွေပြောနေတာလဲ။

"မင်း ဘာတွေပြောနေတာလဲ…မိန်းက…အဲ…အဆော်"

"စိုးရိမ်နေတဲ့ ရှင့်စိတ်တွေ ငြိမ်းချမ်းအောင် ပြောတာပါ။ ညှို့သည်ဖြစ်တဲ့ ရှင့်ကို အိမ်မကြီးပေါ် ခေါ်သိပ်ချင်ပါတယ်။ ဒါပေမယ့် မသင့်တော်တဲ့အတွက် အားနာပါတယ်"

အဆော်သည် ပြောပြောဆိုဆိုပင် ဆန်ပြုတ်ထည့်လာသော ဒါးကျည်တောက်ကို အသံမမြည်အောင် ငြင်သာစွာ သိမ်းဆည်းသည်။

"အိမ်ထဲမှာချည်းနေရလို့ အညောင်းမိနေရင်လည်း တအောင့် လောက် သည်းခံပါ။ မနက်ကျတော့မှ ခြေလက်ဆန့်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



အဆစ်သည် ကဲ…ကျွန်မ သွားတော့မယ်ဟုပင် နှုတ်ဆက်မသွားတော့ပါဘဲ လစ်ခနဲ ထွက်သွားလေ၏။

ထိုတော့မှ သူက ထရပ်ကာ တံခါးဆွဲပိတ်သည်။

အဆစ်က ဘယ်ကိုထွက်သွားတာလဲဟုလည်း သိချင်မို၍ လှမ်းကြည့်သည်။

သို့သော် အမှောင်ထုကြီးစိုးနေသောကြောင့် အရိပ်အယောင်ပင် မတွေ့ရတော့ပေ။

"မြန်လိုက်တာ"

ဟုလည်း ပါးစပ်မှ ပွစိပွစိလေးပြောကာ ဟိုဟိုဒီဒီ ကြည့်မိသည်။

လရူးရှနော်သည် အင်မတန် တိတ်ဆိတ်လှ၏။ ကျိုကြားကျိုကြား လင်းနေသောမီးကို မတွေ့ရပေ။ ရှပါးမှာတုန်းကတော့ တစ်အိမ်စနှစ်အိမ်စ မီးအလင်းရောင်ကို တွေ့ရသေး၏။

ကောင်းကင်ကတော့ ရန်ကုန်နှင့်ကွာခြားမှု မရှိချေ။ ကြယ်အတိနှင့် ကော်ဇောပေါ် နှမ်းဖြူးချထားသလို ပွံ့ပွံ့ကျဲတောက်ပနေသည်။ ဆောင်းလေအေးသည် တိုးဝှေ့တိုက်ခတ်လာသောအခါ ဖျင်ထည်သည် လေအေးကို အံမတုနိုင်တော့၍ သူကပဲ တံခါးချပ်ကို ဆွဲပိတ်လိုက်ရသည်။ ကလန့်ထိုးရန် တစ်ခုခုကိုရှာသော်လည်း မတွေ့ပေ။

သို့သော် ထောက်တိုင်တစ်ခုကို တွေ့ရ၍ အပြင်မှ ကလန့်ပြီး မဖွင့်သာအောင် တံခါးကို ထောက်ကာ ကလန့်ထားလိုက်၏။

ဗိုက်ထဲ ဆန်ပြုတ်တစ်ခွက်ဝင်သွားပြီမို့ အားပြည့်လာသလို ခံစား





ရသည်။

မျက်စိက မအိပ်ချင်သေးသော်လည်း အိပ်ရာပေါ်ပြန်လှဲချလိုက်သည်။ အိစက်စက်အထိအတွေ့ကို ခံစားရ၏။ ထို့ကြောင့် စိတ်ဝင်စား၍ အိပ်ရာအောက်ကို ငုံ့ကြည့်လိုက်ရာ ကောက်ရိုးအစားသွပ် ဂုန်နီအိတ်ကြီးကို တွေ့ရလေသည်။

ရွှံ့အိမ်အပြင်ဘက်မှာသာ စိမ့်ခဲအောင် ချမ်းတုန်ပေမယ့် ယခုလို ရွှံ့အိမ်အထဲမှာတော့ ခပ်နွေးနွေးလေးဖြစ်နေသောကြောင့် နေထိုင်လို့တော့ အကောင်းသားပင်။

မအိပ်ချင်ဘူးဟု ထင်ထားသော်လည်း ယခုလို လှဲချလိုက်ပြန်သောအခါ မျက်လုံးများ မှေးစင်းလာသည်။

ဆေးအရှိန်ကြောင့်လား…ဆန်ပြုတ်ကြောင့်လားတော့ ရေရေရာရာ မသိပေမယ့် သူ၏အိပ်စက်ခြင်းသည် နက်ရှိုင်းစွာ…။



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၄)

"ဒုတ်…ဒုတ်…ဒုတ်…ဒုတ်"

တဒုတ်ဒုတ်နှင့် အသံတစ်ခုသည် သူ့နားထဲ နီးကပ်စွာ ကြားနေရသည်။ ဘာအသံလဲ…။

"ဒုတ်…ဒုတ်…ဒုတ်"

စည်းချက်မှန်သောအသံတစ်ခု ဖြစ်သည်။ အရာဝတ္ထုနှစ်ခုတို့ ပြင်းပြင်းထန်ထန် ထုရိုက်မိသောအသံ ဖြစ်သည်။

သူ အိပ်ရာပေါ်မှ ထရပ်လိုက်၏။

မြေကြီးပေါ် သူ့ခြေထောက်ကျသည်နှင့်တစ်ပြိုင်နက် မြေကြီး၏ တုန်ခါမှုကို သူ သတိပြုမိလိုက်သည်။

"ဒုတ်…ဒုတ်…ဒုတ်"

ဘာလဲ…ဘာအသံလဲ…တောကောင်ကြီးတစ်ကောင်များ ပြေးလာနေတာလား။





စိုးရိမ်စိတ်ကြောင့် လက်မှနာရီကို ငုံ့ကြည့်လိုက်သည်။ မနက် ငါးနာရီပင် မထိုးသေးပေ။

ဒါဆိုရင်တော့ မိုးလင်းဦးမည်မထင်ပါ။ ရှဝါး၌ ရရှိခဲ့သော အတွေ့အကြုံအရ မနက်ခုနစ်နာရီပင် မှောင်ရိပ်မပြယ်သေးသော အခြေအနေကို သူ ကောင်းစွာ သိနေ၏။

"ဒုတ်…ဒုတ်…ဒုတ်"

တုန်ခါမှုသည် ရပ်တန့်သွားခြင်းမရှိပေ။ နီးလာပြီဟုလည်း ခံစားရသလို ဝေးသွားပြီဟုလည်း တွက်ဆလို့ မရနိုင်ပေ။

ဘာအသံလဲ…ဘာကို ထုရိုက်နေတာလဲ။

သိချင်စိတ်ကို မချုပ်တည်းနိုင်တော့ပေ။

ထို့ကြောင့် ငြိမ်းစပြုနေသော မီးပုံကို မီးတောက်ဖြစ်လာစေရန် ဖူးဖူး မှုတ်သည်။ ပြီးနောက် ထိုမီးရောင်ဖြင့် ဖယောင်းတိုင်ကို ရှာသည်။ သို့သော် မတွေ့ရချေ။

ထို့ကြောင့် သူ့ကျောပိုးအိတ်ထဲမှ သူ့ဟန်းဖုန်းကို ရှာသည်။ ဖုန်းလိုင်းမမိသော်လည်း ဖုန်းဘတ္တရီ ရှိနေသေးသည်ကို ကျေးဇူးတင်ရလိမ့်မည်။

ဖျင်ဝတ်စုံကို ချွတ်ကာ ကျောပိုးအိတ်ထဲမှ ဝတ်စုံနှင့် လဲလှယ် ဝတ်ဆင်ပြီး ဖုန်းမီးကို အားပြု၍ ရွှံ့အိမ်ထဲမှ ထွက်လာခဲ့သည်။

ပျဉ်ချပ်တံခါးကို ဆွဲလှန်လိုက်သည်နှင့် လေထုအေးက ကြောက်ခမန်းလိလိ ကြိုဆိုနေလေ၏။

သို့သော် မိုးကာသားဂျာကင်က သူ့သွေးသားများကို ကောင်းစွာ



www.burmeseclassic.com

www.burmeseclassic.com



ကာကွယ်ပေးထားသည်။

"ဒုတ်…ဒုတ်…ဒုတ်"

အိမ်အပြင်ရောက်သောအခါ စောစောကအသံကို ပို၍ ကျယ်ကျယ်ကြားရသည်။

သူသည် အသံကို နားစွင့်ကာ အသံလာရာဆီသို့ ဦးတည်ပြီး လျှောက်လာခဲ့သည်။

"ဟင်"

တစ်နေရာသို့အရောက်တွင် သူ့ခြေလှမ်းများ တုံ့ဆိုင်းသွားလေသည်။

မြင်ကွင်းသည် သူ့စိတ်ကို ညှို့ငင်နေသည့်အလား…မှင်တက်စွာ ရပ်ကြည့်နေမိသည်။

"မင်း…အစောကြီး နိုးနေပါလား"

"ဟုတ်…ဟုတ်ကဲ့"

မှန်ပါသည်။ အဆစ်တို့သားအမိ ဖြစ်၏။

အဆစ်က ခြေကို ခပ်ရွရွ လှုပ်ရှားနေလေသည်။ အဆစ်၏ ခြေထောက် မလိုက်တိုင်း တဒုတ်ဒုတ်အသံက စည်းချက်မှန်မှန် ထွက်ပေါ်လာမြဲ ဖြစ်၏။

ဒါ…မောင်းလား။ မောင်းထောင်းတယ်ဆိုတာ ဒါလား။ သူ ဖတ်ခဲ့သော လရှူးရှုနော်သည် စပါးကို ထိုမောင်းဆုံတွင် ဆန်ရသည်ထိ ထောင်းသည်ဟု မှတ်သားမိသည်။

သူဖတ်ခဲ့သည့်အတိုင်းပင် မောင်းဆုံထဲ၌ စပါးများကို



ဒေါ်သဲအိမ်က လက်ကြီးနှင့် မွှေနေသည်။

မောင်းတံ၏တစ်ဖက်တစ်ချက်တွင် ကညင်ဆီမီးတိုင်များကို ထွန်းထားသည်။ လျှပ်စစ်မီးမဟာ မလင်းသော်ငြား မြင်ကွင်းကိုတော့ သင်ထင်ရှားရှား မြင်နိုင်သည်ဖြစ်၏။

"ဒါ…ဘာလုပ်နေတာလဲ အဒေါ်"

"ဆန်ဖွတ်နေတာလေ…မတွေ့ဘူးလား"

သူ့မေးခွန်းကို ဝတ်ကျေတန်းကျေဖြေကာ ဆက်၍ထောင်းနေလေသည်။

"အဆစ်…မောင်းသံမြည်နေပြီ၊ မောင်းခါးကို ရေလောင်းလိုက်ဦး"

ဟု ဒေါ်သဲအိမ်ကဆိုသဖြင့် အဆစ်သည် စဉ့်ရေအိုးထဲမှ ရေကို အုန်းမှုတ်ခွက်ဖြင့် ခတ်ယူပြီး မောင်းခါးတစ်ဖက်ကို ရေတစ်ခွက်နှုန်း လောင်းလိုက်သည်။

"ဘာလို့ အဲဒီလိုကြီး ထောင်းနေတာလဲ။ စက်နဲ့မကြိတ်ဘူးလား"

အမှန်က သူသည် ဆန်စက်ဆိုတာကိုလည်း အပြင်မှာ မမြင်ဖူး။ စာအုပ်ထဲမှ ဖတ်ဖူးမှတ်ဖူးသည်များကို ရမ်းသမ်း၍ ရောရောင်ပြောခြင်း ဖြစ်သည်။

"သူ…ဘာတွေပြောနေတာလဲ အဆစ်"

"ရှင်…အမေ့နားမှာ သွားမပြောပါနဲ့၊ ဆန်ဖွတ်နေတာ… သတ်ကို မောင်းထောင်းမိသွားလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com



အဆစ် ပြောရင်လည်း ပြောစရာပင်။ ဆုံထဲကို လက်နှိုက်ပြီး ညက်သောစပါးနှင့် မညက်သောစပါးကို မွှေနှောက်နေသော ဒေါ်သဲအိမ်၏လက်မှာ ကျည်ပွေ့ကျအလာကိုလည်း ရှောင်ရှားနေရသောကြောင့် အန္တရာယ်များလှသည်။

မှာသောစပါးစေ့ပင်ကွဲသော မောင်းချက်အောက် လူ့လက်တစ်ချောင်း ရောက်သွားပါက စေ့စေ့ညက်ညက် ကြေသွားနိုင်မည့် အနေအထားမှာ ရှိသည်။

"သူ သိတာနဲ့ ကျွန်မတို့လုပ်နေတာ ကွာခြားနေလို့ ပြောနေတာပါ"

အဆစ်သည် နားလည်ရခက်သောစကားလုံးကို ရှင်းရှင်းဖွာ ပြန်ပြောသည်။

"ရှင်...ချမ်းရင် မီးလှုံပါလား။ ကျွန်မ မီးဖိုပေးမယ်"

"ရပါတယ်...မလှုံတော့ပါဘူး"

မီးပုံအနီးနေရသည်မှာ အချမ်းသက်သာလှသော်လည်း အသားအရေခြောက်သွေ့၍ ယားယံသလို ခံစားရသည်။ လက်ဖမိုးများသည် မီးကင်ထား၍ နီကျင်ကျင်ပင် ဖြစ်နေပေ၏။ တစ်ညလုံး မီးဖိုအေးအိပ်စက်ခဲ့ရ၍ ယခုလို သဘာဝလေရှုလိုက်သောအခါ လန်းဆန်းလာသလို ခံစားရသည်။

"ဒါပေမယ့် ကျွန်တော့်ကို ဓာတ်ပုံရိုက်ခွင့်တော့ပြုပါ"

သူပြောလိုက်သောစကားကို ဒေါ်သဲအိမ်က နားလည်ပုံမရပေ။ သို့သော် အဆစ်ကတော့ နားလည်ပုံပေါ်သည်။





အဆစ်သည် ဘာမှမပြောဘဲ မောင်းချက်ကိုသာ စည်းချက်မှန်မှန် ပြန်နင်းလေသည်။

ထို့ကြောင့် အဆစ်က သူ့ကို ခွင့်ပြုလိုက်ပြီဟု သဘောပေါက်လိုက်၏။ သူသည် ကျောပိုးအိတ်ကြီးထဲမှ ကင်မရာဘူးကို ထုတ်သည်။

ထိုသို့ထုတ်နေစဉ်မှာပင် စိုးရိမ်လာ၏။ အင်္ကျီတွေတောင် ပြဲကုန်မှတော့ ကင်မရာရော ကွဲမသွားဘူးလား။

စိုးရိမ်စိတ်ကြောင့် လက်များပင် တုန်ယင်လာလေသည်။ တန်ဖိုးငွေကို နှမြော၍မဟုတ်ပါ။ ဤနေရာမျိုး၌ ကင်မရာတစ်ခုကို အလွယ်တကူ ဝယ်ယူ၍မရနိုင်သောကြောင့် ဖြစ်သည်။

ကံတရားသည် သူ့အပေါ် လစ်လျူရှုမနေပေ။

ကင်မရာဘူးကို လက်တုန်တုန်ယင်ယင် ဖွင့်လိုက်သော်လည်း ကင်မရာသည် ဘူးထဲမှ သူ့ကို ပြုံး၍ ကြည့်နေလေ၏။

သူသည် ဟင်ခနဲနေအောင် သက်ပြင်းရှိုက်လိုက်မိသည်။ တော်ပါသေးရဲ့...။

ကင်မရာကို ဆွဲထုတ်ပြီး ရှပ်တာကို ဖွင့်ကာ လိုင်တင်ကောင်းကောင်းဖြင့် ဓာတ်ပုံများကို စိတ်ကြိုက်ရိုက်ကူးတော့၏။

ကင်မရာမီးရောင် တဖျပ်ဖျပ် လက်သွားတိုင်း ဒေါ်သဲအိမ်သည် သူ့ထံသို့ ဖျတ်ခနဲ ကြည့်လာသည်။

သူလိုချင်သည်က သဘာဝပုံဖြစ်သည်။ ထို့ကြောင့် အရှိန်ကို ဆောင့်ရိုက်ရသည်။ ဆယ်ပုံခန့်ရိုက်ပြီးသောအခါ သူ့နှစ်သက်သည့်



www.burmeseclassic.com

www.burmeseclassic.com



ရှုထောင့်မှ နှစ်ပုံခန့်ရသည်။

"တုန်း…တုန်း…တုန်း"

ခေတ်ပုံများကို ပြန်လည်စိစစ်နေချိန်၌ အသံတစ်ခုကို ကြားရ
သည်။ သူ အံ့သြသွား၏။

မြန်မာဗီဒီယိုဇာတ်လမ်းတွေထဲတွင်ပါသော အုန်းမောင်းခေါက်သံ
ဖြစ်သည်။

ဒါဆို ဤရွာ၌ ဘုန်းကြီးကျောင်းရှိသည်ပေါ့။

"အောက်အီးအီးအွတ်"

တစ်ဆက်တည်းမှာပင် ကြက်တွန်သံတစ်သံ ကြားရလေသည်။
သူ ပြုံးမိ၏။

သူသည် အမှန်တကယ်ပင် ကျေးလက်တောရွာတစ်ခုသို့
ရောက်နေပြီဖြစ်သည်။ သူ ကျေနပ်သွားသည်။ သူ့စိတ်ကူးယဉ်
တမ်းတခဲ့ဖူးသော ရွာကလေးသည် ဤလရှူးရှုနော်ရွာလေး ဖြစ်၏။

ခရီးထွက်ခြင်းကို ဝါသနာပါသော သူသည် မြန်မာပြည်ထဲ
နေရာအတော်များများကို ရောက်ခဲ့ဖူး၏။ ခေတ်နှင့်အညီ ပြောင်းလဲ
ကြသော အနေအထားကြောင့် ကျေးလက်အစစ်ကို သူ ယခုချိန်
ရှာမတွေ့ခဲ့တာ အမှန်ပါ။ တွေ့မှတွေ့တော့လည်း အနှာတရဖြစ်ပြီးမှ

ဤသို့ ယခုလို လရှူးရှုနော်ဆို အမှန်တကယ် ရောက်လာမ
မှန်းသာသိပါက ထိုပုံပြင်စာအုပ်ကို သူ အပြန်ပြန်အလှန်လှန် နော
အောင် ဖတ်မိခဲ့မည်မှာ အမှန်ပါ။ ယခုတော့ ထိုပုံပြင်စာအုပ်ကို ဖတ်
ပါလျက်နဲ့ သာမန်ကာလျှံကာရယ်ပါ။





"အောက်အီးအီးအွတ်…"

"အမေရေ…ကြက်ဖတွန်ပြီ မိုးလင်းတော့မယ်…ကျွန်မ
ဘုန်းကြီးကျောင်း ဆွမ်းသွားပို့လိုက်ဦးမယ်"

အဆစ်က ခပ်ပြတ်ပြတ်ပြောပြီး မီးဖိုခန်းထင်ရသော အခေါက်
ဆိုးထဲဝင်သွားသည်။

ကြက်ဖတွန်ပြီဆိုပါလား…ဒါဆို စောစောက တွန်လိုက်တဲ့
ကြက်တွန်သံက ကြက်ဖ မဟုတ်ဘူးဆိုတဲ့သဘောပေါ့။

"ဟဲ့…အဆစ်…ပေါင်းအိုးထဲမှာ ဓုန့်ဖက်ထုပ်ငါးထုပ် ရှိတယ်။
ထည့်သွားဦး"

"အေး…အေး…ထည့်သွားမယ်"

ဘယ်လိုကြီးလဲ…မိခင်ကို စကားပြောသည်မှာ အနည်းငယ်ရိုင်း
သည်ဟုထင်ပါသည်။

"ကျွန်တော်လည်း အဆစ်နောက်ကို လိုက်လို့မရဘူးလား။
ခွင့်ပြုပါခင်ဗျာ"

မီးဖိုခန်းထဲမှ ဒန်ချိုင့်လေးနှင့်ထွက်လာသော အဆစ်ထံ
တောင်းသည်။

အဆစ်သည် သူ့ကိုကျော်ကာ မိခင်ကို ကြည့်၏။

အဆစ်နှင့်ခေါ်သဲအိမ်တို့က အတန်ကြာကြာပင် မျက်လုံးချင်း
ပြောနေကြသည်။

အဆစ်က ခေါ်သွားရမလားဟုမေးပုံနှင့် ကြည့်၏။ ခေါ်သဲအိမ်
ခေါင်းစားနေပုံ ငြိမ်သက်ပြီးမှ တစ်ဖက်သို့ လှည့်ကာ ထောင်းထား



www.burmeseclassic.com

www.burmeseclassic.com



သော စပါးကို ပွဲနှင့်ဆန် ခွဲရလေအောင် ဆန်ကာဖြင့် တိုက်ချနေသည်။

"လိုက်ချင်ရင် လိုက်ခဲ့လေ"

ဒေါ်သဲအိမ်၏စကားလုံးမဲ့ဘာသာစကားကို သူ မသိလိုက်သေ မယ့် အဆစ်တော့ နားလည်လိုက်ပုံပေါ်သည်။

သူသည် အဆစ်နောက်မှ ကုပ်ချောင်းချောင်းလေး လိုက်ပါလာ၏။

မြူသည် ထင်ထားသလောက် မဆိုင်းပေ။

ထို့ကြောင့် အဆစ်နောက်မှလိုက်ရင်း ဟိုဟိုဒီဒီ ကြည့်ရှုလေ့လာမိသည်။

ဝေလီဝေလင်းအချိန်မို့ မြင်ကွင်းသည် ပြတ်သားမှုမရှိပေ။

အဆစ်က ကညင်ဆီမီးတိုင်ကို ကိုင်ထားသဖြင့် ထိုအလင်းရောင်ကိုသာ အားပြုကြည့်ရလေသောကြောင့် မည်သည့်အရာကိုမျှ ပြတ်ပြတ်သားသား မမြင်ရချေ။

"အဆစ်...ငါ့ကိုလည်း စောင့်ဦး"

မိန်းမအသံတစ်ခု ထွက်ပေါ်လာ၏။ အသံလာရာဆီသို့ သူ လှမ်းကြည့်သည်။

အမျိုးသမီးတစ်ဦးသည် မြူခိုးများကြားမှ တန်ခိုးရှင်တစ်ဦးနှယ် ထွက်ပေါ်လာ၏။

"ဟင်...သူက ဘယ်သူလဲ အဆစ်"

"ငါ တောထဲက ကယ်ခဲ့တဲ့လူလေ"

"သြော်..."





ထိုအမျိုးသမီးမှာ သူ့ကို ကြိုသိနေပုံမျိုးဖြင့် ငြိမ်သက်သွားသည်။

"ငါက မင်းကို သွားနှင့်ပြီထင်နေတာ။ ဒါနဲ့ မင်း... မင်းအဘ ခြေထောက်နာနေတာ သက်သာသွားပြီလား"

"ဗိုက်ပေးတဲ့ဆေးနဲ့ တည့်တယ်။ မနေ့ ဗိုက်ကိုယ်တိုင် ငါ့အဘကို လာနှိပ်ပေးသွားတယ်။ အဘကတော့ သက်သာသွားပြီပြောတာပဲ"

သူသည် ထိုမိန်းကလေးနှစ်ယောက်နောက်မှ ထပ်ကြပ်မကွာ လိုက်နေမိသည်။

ဆွမ်းချိုင့်လေးကိုယ်စီဖြင့် ပဝါလေး ပခုံးပေါ်တင်ကာ သွားနေကြသော နောက်ကျောလေးများသည် ကညင်ဆီမီးတိုင်အောက် ကဗျာဆန်နေတာ အမှန်ပင်။

သူ့ဆန္ဒအတိုင်းသာဆိုလျှင် ကင်မရာကိုထုတ်ပြီး ဓာတ်ပုံဖမ်းရိုက်လိုက်ချင်သော်လည်း ဆန္ဒကို မြိုချထားလိုက်ရသည်။ နှာဗူးဟု အထင်မခံနိုင်၍ဖြစ်သည်။

"ဝုန်း...ဝုန်း...ဝုတ်...ဝုတ်"

ဘုန်းကြီးကျောင်းဝသို့အရောက်တွင် ခွေးသုံးကောင်သည် သူနှင့် အဆစ်တို့ကို ကြိုဆိုနေ၏။

အဆစ်သည် သူ့ထံ ဖျတ်ခနဲ လှမ်းကြည့်ပြီး သူ့လက်ထဲသို့ ဆွမ်းချိုင့်ကို ထိုးထည့်သည်။

ထိုအခါ တဝုတ်ဝုတ်နှင့်ပြေးလာသော ခွေးများသည် အငြိမ်းစေခံတာ တအူအူဖြင့် ငြိမ်ကျသွားလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခါမှ အခဆစ်က သူ့ထံ ဘာလို့ ဆွမ်းချိုင့်ပေးမှန်း သဘော ပေါက်သွားသည်။ သူ ပြုံးမိ၏။ သူ့အပေါ်ထားသော အဆစ်၏ စေတနာနှင့်ဂရုစိုက်မှုကို သိရှိသွား၍ဖြစ်သည်။

လိမ္မာသော ဘုန်းကြီးကျောင်းခွေးများ၏ခေါင်းကို ဖွဖွပုတ်မိ သည်။

လရှူးရှနော်ပုံပြင်စာအုပ်ထဲတွင် ဘုန်းကြီးကျောင်းခွေးများ အကြောင်းကို သူ ဖတ်ခဲ့ရသည်။ ဆွမ်းကျန်ကွမ်းကျန်များကို စားသော ခွေးများသည် တာဝန်ကျေအောင် ကျောင်းကို စောင့်ရှောက်ကြသည် ဟု ဆိုထားသည်။

အမျိုးသမီးဆိုပါက ကျောင်းထဲသို့ ဆံပင်စုတ်ဖွား၊ လုံချည်တိုတို ဝတ်လာ၍မရပေ။ ပခုံးတင်ပဝါ ပါမလာ၍မရပေ။ ကျောင်းဝင်းထဲ ဝင်လိုက်သည်နှင့်တစ်ပြိုင်နက် ခွေးက တဝုတ်ဝုတ် ဟောင်ပြီး ရှေ့ရှေ့ မရအောင် လိုက်ဆွဲသည်ဟု ဆိုသည်။

လူစိမ်းဆိုပါက ဆွမ်းချိုင့်ပါမလာလျှင် ခွေးတွေက လူဆိုးဟု သတ်မှတ်ကာ မိရာအသားကို ဆွဲကိုက်သည်ဟု ဆိုထားသည်။

ဖတ်ရှုခဲ့စဉ်က ထိုစာကြောင်းကို သူ ပြုံးမိခဲ့သော်လည်း ယခု လို လက်တွေ့ကြုံရသောအခါ သူ့ရင်ထဲ အေးချမ်းသွားသလို ခံစားရ သည်။ ခွေးများကိုလည်း လေးစားမိသည်။

နိုင်ငံခြားမျိုးစပ်ခွေးတွေလို အမြင်မလှပေမယ့် စိတ်ရင်းလှသော ကြောင့် သွင်ပြင်လက္ခဏာပျောက်ပြီး ချစ်စိတ်ဖြစ်ပေါ်မိသည်။

"ရှင်…ဒီခွေးတွေကိုပဲ ကြည့်နေတော့မှာလား။ မကြာခင်





အရုဏ်တက်တော့မယ်",

စကားသံမှာ မာဆတ်ဆတ် ဖြစ်သည်။ သိမ်မွေ့ခြင်းအလျဉ်းမရှိ သော်လည်း အသံတွင် ရိုးသားခြင်းတို့နှောယှက်နေသောကြောင့် အောင့်သက်သက်ကြီး မခံစားရပါ။

ဘုန်းကြီးကျောင်းဆောင်ဆိုသော်ငြား အုတ်၊ အင်္ဂတေတို့ဖြင့် လှလှပပ ခမ်းခမ်းနားနား မဟုတ်ချေ။ ကျွန်းတိုင်လုံးကြီးများဖြင့်သာ ကျယ်ကျယ်ပြန့်ပြန့် ဆောက်လုပ်ထား၏။

သူနှင့်အဆစ်တို့ ကျောင်းပေါ်ရောက်လာသောအခါ ပဆစ်ဒူး တုတ်ထိုင်နေကြသော အမျိုးသမီးသုံးဦးနှင့် အမျိုးသားနှစ်ဦးကို တွေ့ရသည်။

သူက လူစိမ်းမို့ သူ့ကို အားလုံးက အကဲခတ်နေကြသည်။ အမျိုးသမီးသုံးယောက်၏မျက်လုံးသည် ရိုးရိုးစပ်စုခြင်းသာဆိုသော် ငြား အမျိုးသားနှစ်ယောက်မှာတော့ သူ့ကို မနှစ်သက်သော မျက်လုံး များ ရှိနေသည်။

နဂိုအနေအေးသောသူသည် ထိုအကြည့်များကြောင့် အနေကျုံ့ သွားလေသည်။

"ဘုန်းကြီး ကြွလာပြီ"

ဟု ယောကျ်ားပျိုတစ်ဦးက ဆိုလိုက်သောအခါ အားလုံး လက်အုပ်ချီပြီး ခေါင်းငုံ့သွားကြသည်။

သူသည် ဗုဒ္ဓဘာသာပီပီ အများနည်းတူ လက်အုပ်ချီသည်။

အသက်ခြောက်ဆယ်ခန့် ဘုန်းကြီးသည် သိက္ခာတော်နှင့်အညီ



www.burmeseclassic.com

www.burmeseclassic.com



ဣန္ဒြေကြီးစွာ လျှောက်လာပြီး သူတို့ထိုင်နေရာကြမ်းခင်းထက် တစ်ပေမျှ ပိုမြင့်သောနေရာတွင် ရပ်သည်။ ပြီးနောက် သူ့ကို တစ်ချက်ကြည့်ကာ ဝင်ထိုင်သည်။

ပြီးနောက် တိုင်းရင်းသားဘာသာစကားဖြင့် တရားပေးသည်။ သူက ဘာတစ်ခုမှ နားမလည်သောကြောင့် လက်အုပ်ကလေးချီပြီးမှသာ ငြိမ်နေလိုက်သည်။ သူများဦးခိုက်လျှင် သူပါ ရောယောင်ပြီး ဦးခိုက်၏။

တရားပေးပြီး ဆွမ်းစားကာ ရေစက်ချအမျှဝေသည်။ ပြီးနောက် ဘုန်းကြီးက သူ့ကိုကြည့်ပြီး အမျိုးသားတစ်ဦးထံသို့ ပြန်လှည့်ကာ တိုင်းရင်းသားဘာသာစကားကို ဆိုလေသည်။

ဘာတွေပြောနေမှန်းမသိသော်လည်း သူနှင့်ပတ်သက်သည့် အကြောင်းကိစ္စများကိုသာ ဆိုနေမှန်းသိ၏။

ထို့ကြောင့် သူသည် ပြုံးပြီးနေရမလား…သူ့ကိုယ်သူ မိတ်ဆက်ရမလား မသိနိုင်လောက်အောင် ဝေခွဲရခက်လှ၏။

သို့သော် မသိနားမလည်သော အခြေအနေအချိန်အခါမို့ ဆိတ်ဆိတ်နေခြင်းသည် အကောင်းဆုံးနည်းလမ်းဟု သဘောပိုက်ကာ သူ့ထံရောက်ရှိလာမည့် မေးခွန်းများကိုသာ ငံ့လင့်နေမိသည်။ သို့သော် ဘုန်းကြီးသည် သူ့အား မည်သည့်မေးခွန်းမျှမဆိုဘဲ ပြန်ကြွသွားလေ၏။

ဘုန်းကြီး ပြန်ကြွသွားတော့မှ အမျိုးသားနှစ်ဦးက သူ့ထံ လှည့်လာသည်။ မျက်လုံးအကြည့်များသည် ခက်ထန်လွန်း၍ သူ့စိတ်





ဆဲ ရှိန်းတိန်းမိန်းတိန်း ခံစားလိုက်ရသည်။ ဘာကြောင့်လဲ။

"သူက ဇိုက်တဲ့…ရှင့်ကို ဒီရွာထဲရောက်အောင် ထမ်းသယ်ဆေးခဲ့တဲ့လူပဲ"

ဇိုက်ဆိုသောနာမည်သည် သူနှင့်မစိမ်းပါချေ။ သို့သော် သူနှင့်နှယ်တူယောကျ်ားတစ်ယောက်ဖြစ်မှန်းတော့ သိခွင့်ရလိုက်၏။

သူ့ကို ကယ်တင်ခဲ့သူမို့ ဝမ်းသာအားရ နှုတ်ဆက်ကာ ကျေးဇူးတင်စကားကို ဆယ်ကြိမ်မျှ ပြောလိုက်ချင်သော်လည်း တစ်ဖက်မှ အနေအထားကိုကြည့်၍ ရေငုံနှုတ်ပိတ်နေလိုက်ရသည်။

သူသည် လူပိန်းတစ်ယောက်မဟုတ်ချေ။ ထို့ကြောင့် သူ့အပေါ် သိလားပုံမရတဲ့ ပုရိသနှင့် အောက်ကျို့ပြီး အရှုံးကွက်မနင်းလိုပေ။

"သူကတော့ ဒီတဲ့…ရှင်နဲ့ သိသင့်တယ်ထင်လို့ မိတ်ဆက်ဆေးတာပါ"

အဆေစ်သည် အပြောအဆို ထောင့်မကျိုးသော်လည်း ယဉ်ကျေးရှိတော့ နားလည်ပုံရသည်။

"နောက်နေ့တွေကို ဒီနဲ့ဇိုက်က ရှင့်ကို အဖော်ပြုပေးလိမ့်မယ်"

ပြတ်သားသော အဆေစ်ရဲ့စကားကြောင့် သူ လန့်သွားသည်။ ဘာသဘောလဲ…။ ဇိုက်နဲ့ဒီက သူ့ကို ဘာလို့ အဖော်ပြုပေးရမှာလဲ။ နောက်နေ့ဆိုတဲ့ အသုံးအနှုန်းအရ သူက ဒီနေ့ ဒီရွာထဲမှ ထွက်မသွားဘူးဆိုတဲ့သဘောလား။

ရင်ထဲတစ်ဝက် စိတ်သက်သာပေမယ့် အပြည့်အဝတော့ စိတ်ချမ်းသာပေ။



www.burmeseclassic.com

www.burmeseclassic.com



ဤရွာကို စိတ်ဝင်စားမိသော သူ့အတွက် တစ်နာရီပိုနေရလျှင် နေရတဲ့အခိုက်အတန့်အတွက် လေ့လာစရာ၊ ကြည့်ရှုစရာတွေ တိုးပွားလာနိုင်သည်။ သို့သော် ရွာသူရွာသားများ၏ဆက်ဆံရေးနှင့် မျက်လုံးများသည် သူ့ကို လိုလားပုံမရသည့်အပြင် မနှစ်သက်သည့်ပုံ အတိုင်းသား ပေါ်လွင်နေသည်။ ပြီးနောက် သူ့စိတ်ထဲလည်း မသိုးမသန့် ခံစားရသည်။

ပြဿနာကြီးတစ်ခုနှင့် ထိပ်တိုက်တိုးတော့မယောင်မင် နောက်ကျောမလုံသလို ခံစားရသည်။ ပုံပြင်စာအုပ်ကြောင့်လား… ဖြစ်ပေါ်နေသော မသိုးမသန့်စိတ်ကို ဝေဖန်ပိုင်းခြားနေမိသည်။

“ရှင်က ကျွန်မတို့အိမ်က ဧည့်သည်ဖြစ်တဲ့အတွက် ကျွန်မအိမ်ကိုပဲ လိုက်လာခဲ့ပါ”

ဟုဆိုကာ အဆစ်က ထထွက်သွားသဖြင့် သူက ယောင်နနဝင် အိတ်ကလေးကောက်ကိုင်ကာ အဆစ်နောက် အပြေးတစ်ပိုင်း လိုက်ခဲ့ ပြန်သည်။

ဘုန်းကြီးက ဘာမိန့်သွားလို့ အဆစ်က အဲ့ဒီလိုပြောရတာလဲ တည့်တိုးကြီး မေးပစ်ချင်သော်လည်း မသင့်တော်သောကြောင့် မိန်းကလေးနောက်မှသာ အခြေအနေကြည့်၍ ခပ်ကုပ်ကုပ်လိုက်လာ သည်။

အရုဏ်တက်ပြီးပြီမို့ အမှောင်ပြယ်သွားသော်ငြား အလင်းရောင် သည် ပြတ်ပြတ်ထင်ထင် ရောက်မလာသေးချေ။ နှင်းရိပ်တို့ အုံ့ဆိုင်း သောကြောင့် မြင်ကွင်းသည် သိပ်မသဲကွဲလှပေ။ သို့သော် လမ်းဘေး





ဝဲယာမှ အိမ်အချို့ကို သူ မြင်တွေ့ရပေသည်။ သူ အံ့အားသင့်မိသည်။

အိမ်များသည် ကြက်ဥတစ်ပိုင်း မြေကြီးထဲနစ်ဝင်နေသည့်အလား လုံးခုံးခုံးလေးများ ဖြစ်၏။ အိမ်နံရံများကို ရွှံ့များဖြင့်သာ အချောကိုင်ထားလေသည်။

အချို့အိမ်များသည် သုံးပေခန့်ရှိသော တိုင်လုံးများဖြင့် တည်ဆောက်ထားသည်။

မည်သည့်အိမ်မဆို ရွှံ့စေးဖြင့်သာ ကာရံထားသည်ကိုတော့ သူ တအံ့တဩ တွေ့မြင်ရသည်။

“တကယ်…ဟိုစာအုပ်ထဲကအတိုင်းပဲနော်”

“ဘယ်စာအုပ်လဲ”

“ကျွန်တော် ဒီကိုမလာခင် လရှုးရှနော်အကြောင်းရေးထားတဲ့ စာအုပ်တစ်အုပ်ကို ဖတ်ခဲ့ရတယ်”

သူက တည်ကြည်စွာဆိုသော်ငြား သူ့မျက်လုံးကို ကြည့်ပြီး သူ့စကားကို နားထောင်နေသော အဆစ်သည် ယုံကြည်ပုံအလျှင်းမရှိပေ။

“ကျွန်တော် တကယ်ဖတ်ခဲ့ရတာပါ”

သူ ထပ်၍ဆိုသောအခါ အဆစ်၏မျက်လုံးအကြည့်များသည် အနည်းငယ် ပြောင်းလဲလာ၏။ သို့သော် ယုံကြည်သေးပုံတော့ မပေါ်ချေ။

“ရေးသူက ဦးသောင်းကြည်…စာအုပ်နာမည်က လရှုးရှနော်ပဲ။ သူရေးထားတဲ့အတိုင်းပဲ အားလုံးတော့ မဆိုလိုပေမယ့် အိမ်တွေ



www.burmeseclassic.com

www.burmeseclassic.com



တည်ဆောက်မှုနဲ့ နာမည်ခပ်ဆန်းဆန်းတွေက အတော်လေးတူတယ်"

"ဘယ်လိုရေးထားလို့လဲ"

"စုံနေတာပါပဲ…အစွမ်းထက်မြက်တဲ့ ဆေးပင်တွေ…ရွံ့အိမ်တွေ…မှောင်းထောင်းဆန်ဖွတ်တဲ့အကြောင်းတွေ…ဆီကြိတ်တဲ့ကိရိယာတွေ…မင်္ဂလာဆောင်တဲ့ဓလေ့…ရှင်ပြုပွဲတော်…သချိုင်းနဲ့ ဂမ္ဘီရအတတ်တွေ အများကြီးပဲ။ ပြီးတော့…ဖုတ်သရဲနဲ့ ဝက်ပါတောတောင်အများကြီးပဲ"

"ဂမ္ဘီရအတတ်…ဟုတ်လား"

"ယုံကြည်လို့မဖြစ်နိုင်တဲ့ ပီယဆေးတွေနဲ့ စုန်းကဝေတွေအကြောင်းပေါ့"

သူက ပေါ့ပေါ့ပါးပါး ပြောလိုက်သော်ငြား အဆစ်၏မျက်လုံးများသည် ထိတ်လန့်သွားလေသည်။ တစ်ခုခုကို စိုးရိမ်နေပုံဖြင့် ဟိုဟိုဒီဒီ ကြည့်နေသော အဆစ်ကြောင့် သူပင်လျှင် ဟိုဟိုဒီဒီ ကြည့်မိသည်။ ထိုအခါ ဘုန်းကြီးကျောင်းထဲမှ ထွက်လာသောလူတစ်စုကို တွေ့ရသည်။

လာတုန်းကအတူဆိုပေမယ့် ကျောင်းပေါ်တွင် ကျန်ရစ်ခဲ့သော မင်းဆိုသော မိန်းကလေးနှင့် ဖိုက်…ဒီတို့ ဖြစ်သည်။ ကျန်တဲ့အမျိုးသမီးများကိုတော့ မတွေ့ရချေ။

"ဘာဖြစ်လို့လဲ…အဆစ်"

"ရှင်…မြန်မြန်လျှောက်ပါ၊ ကျွန်မတို့ အိမ်အမြန်ရောက်မှဖြစ်လိမ့်မယ်"





အဆစ်သည် လုံချည်ကို လမ်းသွားကောင်းရုံလေး ဆွဲမကာ ရှေ့မှ ခပ်သုတ်သုတ် ထွက်သွားလေသည်။

အဆစ်၏ပုံက ရေးကြီးသုတ်ပျာနိုင်လှ၍ တစ်ခုခု ထူးခြားပြီဆိုတာ သူ ရိပ်မိသည်။ သို့သော် ထိုထူးခြားမှုကို သူ မခန့်မှန်းတတ်ပေ။

ဘာလဲ…သူ့စကားက ဘာမှားသွားလို့လဲ။

"စောလှချည်လား…အဆစ်…ဟင်…သူက ဖိုက်တို့နဲ့ မနေခဲ့ဘူးလား"

အိမ်ထဲဝင်ဝင်ချင်းပင် ဒေါ်သဲအိမ်က ဆီးမေးသော်လည်း အဆစ်သည် ပြန်မဖြေပါဘဲ သုံးထစ်မျှရှိသော လှေကားပေါ် ခပ်ကြမ်းကြမ်း နင်းတက်ပြီး သူ့ထံ လှည့်ကြည့်သည်။

အဆစ်၏မျက်လုံးများက လာခဲ့ဟုခေါ်နေပုံရသည်။ သူသည် နားလည်မှုရှိစွာပင် တက်သွားသည်။

ဒေါ်သဲအိမ်သည်လည်း သူ့နောက်တွင် ကပ်ပါလာသည်။

"ရှင်…ဘာတွေ ထပ်သိထားသေးလဲ"

ဘာကိုမေးနေမှန်းမသိ၍ ဘာပြန်ပြောရမှန်းမသိပေ။

"ရှင်…အဲဒီစကားမျိုးကို နေမွန်းလွဲသွားရင် လုံးဝ မပြောမိပါစေနဲ့"

အဆစ် ပြောသောစကားများကို သူ နားမလည်ပေ။ သူက ဘာစကားကို နေမွန်းလွဲတဲ့အချိန် မပြောရမှာလဲ။

"အဆစ်…သူက အဲဒီအကြောင်းကို သိနေတာလား"



www.burmeseclassic.com

www.burmeseclassic.com



သူနှင့်အဆစ်တို့၏စကားကို တစ်ပိုင်းတစ်စ နားထောင်ခဲ့သော ဒေါ်သဲအိမ်သည် အဆစ်ရဲ့စကား အထအနကို သဘောပေါက်ပြီး လမ်းတစ်လျှောက် စကားပြောလာခဲ့သော သူက သဘောမပေါက်သည်မှာ တစ်ခုခုလွဲနေပြီဟုတော့ ထင်မိသည်။

"ဟုတ်တယ် အမေ…သူ လရှုးရှနော်အကြောင်း ကောင်းကောင်း သိနေတယ်"

"ဗျာ"

သူ အံ့သြသွားလေသည်။

အမှန်က စာအုပ်ထဲတွင်ပါသောအကြောင်းအရာများကို အမှတ်တမဲ့ ပြောပြမိခြင်းသာ ဖြစ်၏။ သို့သော် သူ၏ အမှတ်တမဲ့အကြောင်းအရာက အမှန်တရားကို ပုတ်နိုးနေသလို ဖြစ်သွားသည်။

"မကွယ်မဝှက် ပြောပါ…ရှင် ဒီရွာကို ဘယ်လိုနည်းနဲ့ ရောက်လာတာလဲ"

"ဗျာ"

ထပ်၍ အံ့သြရပြန်သည်။ သူ ဘယ်လိုရောက်လာသလဲဆိုတာ သူ့ကိုယ်သူ မသိပေ။ ပြောပြပုံအရ သူ့ကို ဇိုက်နှင့်အဆစ်က ခေါ်လာသည်ဟု ခန့်မှန်းရသည်။

"ခင်ဗျားတို့ပဲ ကျွန်တော့်ကို ခေါ်လာတာလေဗျာ"

သူ့အဖြေက ရိုးရိုးရှင်းရှင်းဆိုသော်ငြား အဆစ်၏ လှပသော မျက်နှာမှာ ညှိုမှောင်သွားလေသည်။

သူ့အဖြေကို အဆစ်က လက်ခံချင်ပုံမပေါ်ပေ။





"ရှင်…ဘာနည်းလမ်းတွေ သုံးခဲ့သလဲ"

သူ့အပေါ် မသင်္ကာဖြစ်နေသော အဆစ်ရဲ့ပုံကို သူ မကြိုက်ချင်ဆော့တာ အမှန်ပါ။ လူလေးလှသလောက် သံသယများလွန်းတဲ့ အဆစ်ကို ရင်ထဲအချဉ်ပေါက်သွားမိသည်။

"ခင်ဗျားတို့ရွာက ဘာတွေတန်ဖိုးရှိပြီး ဘာတွေ လျှို့ဝှက်ချက်များနေသလဲဆိုတာ ကျွန်တော် မသိဘူး။ ကျွန်တော်ကတော့ ရိုးရိုးရှင်းရှင်းပဲ။ ရန်ကုန်မြို့ကနေ မြစ်ကြီးနားကို လာတယ်။ မြစ်ကြီးနားမှာ သီးရုက်နေတယ်။ နယ်မြေဒေသနဲ့ ခရီးလမ်းကြောင်းတွေကို အသေးစိတ်လေ့လာပြီး ခရီးစဉ်ကို ပလန်ချတယ်။ ပြီးတော့ ကိုတရုန်ဒီးရဲ့ကား ကို ရွေပြတ်ငှားပြီး ခရီးထွက်လာတယ်။ ရှုပါးအရောက်မှာ တံတားကျိုးလို့ တစ်ည အိပ်ရတယ်။ ဦးလဂျားအိမ်မှာ တည်းခိုရင်း လရှုးရှနော် အချုပ်တွေလို့ ကောက်ဖတ်တယ်။ မလွန်တောင်အကြောင်း ပြောလို့ ဦးလဂျားက ကျွန်တော့်ကို လိုက်ပို့တယ်။ လမ်းမှာ မြူမှိုင်းနဲ့တွေ့ပြီး ခြင်ထွင်းတွေ ရှုပ်ထွေးကုန်တယ်။ ကျွန်တော် တောင်ပေါ်က လိမ့်ကျသယ်။ ကျန်တဲ့ကိစ္စတော့ ခင်ဗျားတို့က ကျွန်တော့်ထက် ပိုသိလိမ့်မယ်။ ကျွန်တော် ညာမပြောတတ်ဘူး။ ကျွန်တော့်ရဲ့အကြောင်းက တော့ ဒါအကုန်ပဲ။ ခင်ဗျား ယုံတာမယုံတာတော့ ကျွန်တော် မသိဘူး။ ယုံကြည်တတ်တဲ့ ခင်ဗျားကို ယုံကြည်လောက်အောင်လည်း ကျွန်တော် မုသားသုံးမှာ မဟုတ်ဘူး"

စိတ်မရှည်တော့၍ ဘုဘောက်သာ ပြောပစ်လိုက်သည်။

သူ့တဝတွင် သူ့အပေါ် မယုံမကြည်နှင့် သင်္ကာမကင်းဖြစ်ခြင်းကို



www.burmeseclassic.com

www.burmeseclassic.com



လရှူးရှုနော်ရောက်မှ စတင်ခံစားရခြင်း ဖြစ်၏။ ထို့ကြောင့် ရင်ထဲ မသက်မသာ ဖြစ်ရသည်။

သူက ချေ့သည် ဖြစ်သည်။ သူစိမ်းတစ်ယောက်ကို မယုံကြည်ခြင်းမှာ ဖြစ်သင့်သည့်ကိစ္စ ဖြစ်သည်။ သို့သော် ထိုမယုံကြည်မှုကို ဟန်ကိုယ့်ဖို့ပြီး ထိန်းသိမ်းမထားနိုင်ခြင်းသည် သိပ်ကို ရုပ်ပျက်ဆင်ပျက်နိုင်သည်ဟု ထင်သည်။

"ရှင်...စုန်းကဝေအကြောင်း ဘယ်လောက်ထိသိထားလဲ"

"ဗျာ"

သူ အံ့အားသင့်မိသည်။ ရှုထွက်စပြုနေသော ဒေါသဖင် ဘယ်ထွက်ပြေးသွားမှန်း မသိနိုင်တော့ပေ။

"ရှင်...အဲဒီအကြောင်းကို တခြားလူရှေ့မှာ မပြောမိပါစေနဲ့"

သိချင်စိတ်ကို မထိန်းချုပ်နိုင်တော့ပေ။

"ခင်ဗျား...ဘာလို့ အဲဒီလိုပြောရတာလဲ"

"ရှင်...သေသွားမှာစိုးလို့ပေါ့"

"ဗျာ"

တည့်ဆန့်သောစကားလုံးကြောင့် ကြက်သီးမွေးညှင်းဖင် ထောင်တက်ကုန်သည်။

"အမေ...သူ့ကို လိပ်ပြာကြိုးချည်ပေးလိုက်ပါ။ ဘုန်းကြီးက လည်း သူ့ကို နေမစောင်းခင် ကျောင်းခေါ်လာဖို့ မှာတယ်"

သူသည် ပရလောကကို အယုံအကြည်မရှိသူ ဖြစ်သည်။ သို့သော် အဆစ်တို့သားအမိ၏ မျက်နှာထားနှင့်အပြောအဆိုများအ





ကြောက်စိတ်တို့သည် ဘယ်ဆီမှ တိုးဝင်လာကုန်မှန်း မသိနိုင်တော့ပေ။

"ဒီညကစလို့ မပြန်မချင်း ဖိုက်တို့နဲ့အတူ ကျောင်းမှာ အိပ်ပါတဲ့"

ဒီစကားတိုတော့ သူ သိပ်မအံ့သြချေ။

သူက ချေ့သည် ဖြစ်သည်။ ထို့ကြောင့် မသိသော မိန်းမသား များ၏အိမ်မှာ တည်းခိုမှာထက်စာလျှင် ဘုန်းကြီးကျောင်း၌ ယောကျ်ား သားများ အတူနေထိုင်ရပါက အနည်းငယ် စိတ်သက်သာလိမ့်မည် ဟု ထင်သည်။

"ကဲ...ရှင်...ဗိုက်ဆာပြီမဟုတ်လား။ ကျွန်မတို့ ထမင်းစား ကြရအောင်"

"ထမင်း...ဟုတ်လား"

"ဘာဖြစ်လို့လဲ"

တဒင်္ဂတော့ အံ့သြမိပေမယ့် အချိန်မီ ပြန်ထိန်းလိုက်နိုင်သည်။ အအုပ်ထဲမှ အချက်အလက် တော်တော်များများ ထပ်တူကျနေမှတော့ ဤသို့ အသေးအဖွဲကိစ္စကို သူ အံ့သြနေ၍ မဖြစ်တော့ပါ။ ထူးဆန်းလှ ပါသည်။ သူ့ဘဝတစ်သက်တာလုံးတွင် ခုလိုအချိန်၌ အယ်သောအခါ မှ ထမင်းမစားခဲ့ဖူးချေ။ စားရလိမ့်မည်ဟုလည်း မတွေးဖူးပါ။ ဗုဒ္ဓဘာသာ ဝင်သားစုမို့ ကလေးဘဝက သက်နိုးစည်းခဲ့ဖူးပေမယ့် သက်သက်ညာ ဘာသာသောမျိုးနှင့်မို့ အရှေ့ကို အရှေ့ဟု မသတ်မှတ်ဘဲ အလွတ် နေခဲ့ဖူးသည်။

"ဘာမှမဖြစ်ပါဘူး"



www.burmeseclassic.com

www.burmeseclassic.com



သူက ချေ့သည်ဆိုတာကို သူ့စိတ်ထဲ သွင်းထားမှ ဖြစ်သည်။

ချေ့သည်ဆိုသည့်အမျိုးက အိမ်ရှင်ကျွေးသည့်အချိန် စားရမည် ဖြစ်သည်။ ဗိုက်မဆာ၍ မစားဘဲနေခဲ့လျှင် ဗိုက်ဆာခဲ့သည်ရှိသော် ကျွန်တော့်ကို ထမင်းနည်းနည်းလောက် ကျွေးပါဟု တောင်းစား၍ ကောင်းသည်မဟုတ်။

ဆိုင်တွင် ကြုံသလို ဝယ်ခြမ်းစားသောက်ရအောင်လည်း ဤရွာတွင် ဈေးဆိုင်ရှိပုံမပေါ်ချေ။ စာအုပ်ထဲ၌လည်း ဈေးဆိုင်ရှိသည်ဟု ရေးမထားခဲ့ပါ။

ရှဂါးလို…အဝေးပြေးလမ်းမပေါ်ရှိရွာမှာပင် ဈေးဆိုင်မရှိမှတော့ ယခုလို တောင်တန်းတွေကြားမှ အသွားအလာခက်ခဲသောနေရာမှ ဈေးဆိုင်က ဘယ်လိုမှ မရှိနိုင်ချေ။

ဆိုင်မပြောနှင့်၊ ကွတ်ကွတ်အိတ်ပင် ရှိပုံမရချေ။

"ကဲ…ရှင် ဘာတွေငေးမှိုင်နေတာလဲ…လာ…ဆင်းခဲ့လေ၊ ထမင်းစားမယ်"

ဟုဆိုသဖြင့် နိမ့်လျှောလေးပြေကျနေသော ဆင့်အောက်သို့ ဆင်းသည်။

အိမ်နှင့်တွဲလျက်ဆောက်ထားသည့် မီးဖိုချောင် ဖြစ်သည်။ ဒါဆို အဆစ်က ချိုင့်ယူပြီးထွက်လာတာက မီးဖိုချောင်ထဲက မဟုတ်ဘူးပေါ့။ ဒါဆို အဲဒါက ဘာလုပ်တဲ့နေရာလဲ။

"ထိုင်လေ…ကျွန်မ ထမင်းခူးလိုက်မယ်"

အဆစ်သည် ပြောပြောဆိုဆိုပင် မည်းတူးနေသော အိုးကိုဖွင့်ပြီး





ဖြူဖွေးနေသော ထမင်းကို ပန်းကန်ပြားထဲ ယောက်မဖြင့် ခူးထည့်သည်။ အဆစ်လုပ်သမျှကို မျက်တောင်မခတ်စတမ်း ကြည့်နေသော သူ့ကို ဒေါ်သဲအိမ်က အလွတ်မပေးစတမ်း အကဲခတ်နေသဖြင့် အနေရ အထိုင်ရတော့ အခက်သားပင်။

ငါ့သမီးကို အားမနာလျှာမကျိုး ကြည့်နေရကောင်းလားဆိုသည့် ဒေါ်သက နဂါးမျက်စောင်းနှင့် နင်လား ငါလား။

"ရော့"

ထမင်းပန်းကန်ကို လှမ်းပေးသဖြင့် လှမ်းယူသည်။

"လက်ရေဆေးပါ"

ဟုဆိုသော်လည်း လက်ဆေးဇလုံ ချမပေးသဖြင့် သူက ကြောင်စီစီကြီး ဖြစ်နေ၏။ ရေသွန်ချောင်မှာ ထဆေးလိုက်ဟုဆိုကာ တောဆောင်ကို ရည်ညွှန်းပြီးပြောသဖြင့် သူက ထရပ်ကာ စဉ့်အိုးကြီး ထဲမှ ရေကို အုန်းမှုတ်ခွက်ဖြင့် ခတ်ကာ ဆပ်ပြာမပါဘဲ ဆေးသည်။ ချေ့သည်ကို ချေ့သည်လို အရိပ်တကြည့်ကြည့်ဖြင့် လိုအပ်တာ မဖြည့်ဆည်းပေးသောကြောင့် အောင့်သက်သက် ခံစားရသော်လည်း တစ်ဖက်ကကြည့်လျှင်တော့ အသက်ရှူဝပါသည်။ ဘုန်းကြီးတစ်ပါး အိမ်ကိုကြွလာသလို ပြုစုနေလျှင် သူ ဒီ့ထက် အနေကျပ်မိမည်မှာ အမှန်ပါ။

"ဒါက ဘာဟင်းလဲ"

"ကျောက်ပွင့်ကော"

မေးတစ်ခွန်း ဖြေတစ်ခွန်းသာဆိုပြီး သူ့ပန်းကန်ပြားထဲ ဟင်း



www.burmeseclassic.com

www.burmeseclassic.com



အမည်စုံစွာ ဦးချပြီး အားပါးတရ စားနေသော အဆစ်ကို သူ မသိမသာ အကဲခတ်မိပြန်သည်။

"တစ်မျိုးမထင်ပါနဲ့…ရှင်က ယောက်ျားသားမို့ပါ။ ပြီးတော့ ကျွန်မထက်လည်း အသက်ကြီးမယ်ထင်လို့ ဟင်းဦးချတာပါ"

"ကျွန်တော်က နှစ်ဆယ့်လေးနှစ်ပါ"

မမေးသော်လည်း ဖြေလိုက်မိသည်။

သူ ပြန်မျှော်လင့်ထားသည်က အဆစ်ရဲ့အသက်အရွယ်ကို ပြန်ပြောလိမ့်မယ်ဟု ဖြစ်သည်။ သို့သော် အဆစ်မှာမူ ထမင်းစားမပျက်ပေ။

ထို့ကြောင့် သူကလည်း ကျောက်ပွင့်ကောဟုဆိုသော အစိမ်းရောင်အရိအရွဲများကို ဇွန်းဖြင့် ခတ်သောက်သည်။ လည်ချောင်းထဲသို့ အေးခနဲ စီးမျောသွား၏။

ချဉ်သောစပ်သောအရသာ ရှိသည်။ သူ စားဖူးနေကျအရသာမျိုးမဟုတ်၍ လျှာထဲအဆင်မပြေဖြစ်ရသည်မှာ အမှန်ပါ။ သို့သော် ဤဒေသ၌ ဤအစားအစာစားရခြင်းသည် သူ့ဘဝထဲ မှတ်တမ်းတစ်ခု ဖြစ်လာနိုင်သည်မို့ ကြိတ်မှိတ်ကာ ဆက်စားလိုက်သည်။

"ဒါကရော ဘာလဲ"

"ဒီနေ့ ကျွန်မတို့အိမ်က သတ်သက်လွတ်စားတယ်။ အဲဒါက မှိုဆော်လားထောင်းပဲ။ ဒါကတော့ ခရမ်းသီးကြော်"

မှိုဆော်လားဆိုပါလား…။

မှိုဆိုသောအသံကို ကြားရသောအခါ မဆီမဆိုင် ဘွားအေကို





သတိရမိပြန်သည်။ မှိုဆိုသောအစားအစာကို အလားဂျစ်ဖြစ်တတ်သောအဘွား နေမှကောင်းရဲ့လား…။

"ထမင်းစားရင် စကားမပြောရဘူးဆိုပေမယ့် ပြောရဦးမယ်"

ဒေါ်သဲအိမ်က ဆိုလေသည်။ သူ အံ့သြပြန်သည်။ ထမင်းစားရင် စကားမပြောရဘူးဆိုပါလား။ သူ မမှတ်သားဖူးတဲ့အကြောင်းအရာဖြစ်သည်။ သူ နေထိုင်ကြီးပြင်းခဲ့သော ပတ်ဝန်းကျင်မှလူများသည် စားသောက်နေရင်းပင် စီးပွားရေး၊ ကျန်းမာရေး၊ လူမှုရေးတို့ကို ပြောဆိုကြသည် ဖြစ်၏။

"ငါတို့ဆီကို ဘယ်လိုရောက်လာသလဲဆိုတာ မင်း သိပုံမရဘူး။ အဲဒီတော့ ပြန်လမ်းကိုလည်း မင်း သိမှာမဟုတ်ဘူး"

"ကျွန်တော့်ကို ဒီရွာမှာ ခဏလေး နေခွင့်ပြုပါ။ နှစ်ရက်သုံးရက်လောက်နေပြီးရင် ကျွန်တော် ပြန်မှာပါ"

"ဘယ်လိုပြန်မှာလဲ"

"ဒီတောထဲတောင်ထဲမှာ ဘယ်နေရာ ဘယ်အရာဆိုတာ ကျွန်တော် သဲသဲကွဲကွဲ မသိပေမယ့် ရူဝါးရွာရောက်ရင်တော့ ကျွန်တော် အားလုံး စီစဉ်နိုင်ပါပြီ။ ရူဝါးကို ပြန်ရောက်တဲ့ထိ ပို့ပေးတာပဲဖြစ်ဖြစ်၊ လမ်းညွှန်ပေးတာပဲဖြစ်ဖြစ် အဲဒီလောက်ဆို ရပါပြီ"

"မင်းကို အဲဒီလို လုပ်ပေးနိုင်တဲ့လူ ဒီရွာမှာ တစ်ယောက်မှ ရှိမှာမဟုတ်ဘူး"

သဘောကတော့ မဖိတ်ခေါ်ဘဲရောက်လာတဲ့ ဧည့်သည်အတွက် ဘာကိုမှ တာဝန်မယူနိုင်ဘူးပေါ့။



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်…နေခွင့်ပြုတယ်ဆိုပဲ ကျေးဇူးတင်နေပါပြီ။ ကျွန်တော့်ကို ကိုဘရန့်ဒီးနဲ့ ဦးလကျားတို့ တောနင်းရှာကြပါလိမ့်မယ်"

သူ့စကားသည် နောက်ပြောင်ခြင်းအလျှဉ်းမရှိသော်လည်း ဒေါ်သဲအိမ်က ပြုံးလေသည်။

ဘာလို့လဲ…ဘာကြောင့် ပြုံးတာလဲ။

"ကျွန်မ သည်နေ့ ဒီနဲ့အတူ တောထဲ ခဏဝင်မယ် အမေ"

"ဘာသွားလုပ်မှာလဲ"

"ရေညှိသွားဆွဲမလို့…ပြီးတော့ လမ်းကြုံခေးမြစ်တွေ့ရင်လည်း တူးလာမယ်"

"မောင်းထောင်းနေတုန်းလေ"

"ထောင်းပြီးမှပါ…သွားမှာပါ"

"ဒါဆို နေမြင့်နေမှာပေါ့"

"ဝေးဝေးမသွားပါဘူး"

"ဒီက ခြေထောက်နာနေတာဆို…ကောင်းသွားပြီလား"

"ဟင်"

သားအမိနှစ်ယောက် အပြန်အလှန်ပြောနေကြသည်ကို နားထောင်ပြီး သူ့စိတ်ထဲ လင်းခနဲ အကြံရသွားသည်။

ရောက်တုန်းရောက်ခိုက်တွင် ဗဟုသုတတွေ့ သိမှီးလိုက်ချင်သည်။

"ကျွန်တော့်ကိုလည်း လိုက်ခွင့်ပြုပါ"

"မဖြစ်ဘူး…ရှင့်မှာ ဒဏ်ရာကြီးနဲ့ပါ။ ခေါင်းမှာ ဒဏ်ရာရထား





ရင် လမ်းများများလျှောက်လို့ မကောင်းဘူး။ သွေးဆောင့်ပြီး ခေါင်းမူးလိမ့်မယ်"

"ရပါတယ်…ကျွန်တော် လျှောက်နိုင်ပါတယ်။ ဒီဒဏ်ရာက ကောင်းနေပါပြီ"

သူက အားကိုးမာန်တက်ပြောသော်ငြား အဆစ်သည် ပြန်မဖြေဘဲ ထမင်းကိုသာ စားနေလေ၏။

သူ ပြုံးမိသည်။ အဆစ်ရဲ့ပုံက သူ့ကို လိုက်ခွင့်ပြုလိုက်ပြီဟု ခန့်မှန်းရ၍ ဖြစ်သည်။

အဆစ်၏စားသောက်ပုံမှာ အားပါးတရနှင့် အတော်အထာကျသော်လည်း သူ့မှာတော့ လက်ဖြင့် စားဖူးစားစ မရှိသူမို့ ထမင်းလုတ်ကို ဖမ်းရခက်လှသည်။

ဒါကို သတိပြုမိသော အဆစ်က သူ့ပန်းကန်ပြားထဲ ကြေးဇွန်းတစ်ချောင်း စိုက်လာသည်။

သူ ကျေနပ်သွား၏။

အဆစ်ရဲ့ဂရုစိုက်မှုကြောင့်လား…ကြေးဇွန်းကြောင့်လား။

●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

တစ်နေကုန် တောထဲလျှောက်လည်ထားသောကြောင့် တစ်ကိုယ်လုံးလည်း ညောင်းညာကိုက်ခဲ၍နေသည်။

""မင်း အိပ်မပျော်ဘူးလား…ဘာလက်ဟိုး။ ငါ ဘာလုပ်ပေးရမလဲ""

တိုက်ဆိုင်သောလူထက် ဒီဆိုသောလူက ပိုပြီးသဘောကောင်းပုံရသည်။

""ရပါတယ်…ဒီ…ကျွန်တော် လှုးလိမ့်နေတာနဲ့ပဲ ခင်ဗျားလည်း အိပ်ရေးပျက်သွားပြီ ထင်တယ်""

""မင်းရဲ့ခေါင်းကဒဏ်ရာ သက်သာရဲ့လား""

""ခေါင်းမူးတာတို့ဘာတို့တော့ မဖြစ်ပါဘူး။ ဒါပေမယ့် ကိုယ်တွေလက်တွေတော့ ရိုက်ချေထားသလားလို့ ထင်ရတယ်""





သူ့စကားအဆုံးတွင် အိပ်နေသော ဒီက ဆတ်ခနဲ ထထိုင်လိုက်သည်။

ပတ်ဝန်းကျင်သည် မှောင်မိုက်နေသောကြောင့် ဒီက သစ်သားမီးခြစ်ဖြင့် မီးခွက်ကို ထွန်းညှိသည်။

ပြီးနောက် ခေါင်းရင်းရှိ ထုပ်တန်းပေါ် စမ်းသည်။

""သောက်ရတော့ ခက်တယ်။ ဒါပေမယ့် ဒါကို မင်း ကြိုးစားပြီးသောက်ရင်တော့ ထုံတာကျင်တာတွေ သက်သာသွားမှာပါ""

ဒီကပုလင်းထဲမှ အရာတစ်ခုကို ငှဲ့လေသည်။

အနံ့ စူးခနဲ ရလိုက်၏။ ပရုတ်လေငန်းရနံ့လိုလို…အရက်နံ့လိုလို…။

""အနံ့ပြင်းတယ်ဗျ…ကျွန်တော် သောက်နိုင်မယ်မထင်ဘူး""

""မင်းက မိန်းမလား""

""ဗျာ""

""အဆစ်တို့…မီးတို့ထက် အားနွဲ့မယ်လို့ ထင်ရတယ်""

သူ ခံပြင်းသွားမိသည်။ ထို့ကြောင့် ဒီလှမ်းပေးသော ခွက်ကို ဆတ်ခနဲယူကာ တစ်ကျိုက်တည်း မော့ချပစ်လိုက်သည်။ လည်ချောင်းထဲ ပူခနဲ စီးဆင်းသွား၏။

အနေရခက်လွန်း၍ သေချင်စိတ်ပေါက်မိသော်လည်း နောက်တစ်ကြိမ် မိန်းမနှင့် အနှိုင်းမခံနိုင်သောကြောင့် လက်သီးကို ဆုပ်ကာ အံကြိတ်ထားမိသည်။

""မင်းမျက်နှာက မဥတတ်တဲ့ ကြက်မကြီးပါပဲ…ရောက်တတ်



www.burmeseclassic.com

www.burmeseclassic.com



ရာရာဖြစ်ပြီး နီးရဲနေတယ်''

ဒီက သူ့ကို လှောင်ပြောင်နေသယောင် ရယ်မောနေ၍ ဒေါသထွက်မိသည်။ ရန်ကုန်မှာသာဆိုပါက ဒီ့ကို သူ ဆွဲထိုးပစ်လိမ့်မည်။ သို့သော် ယခုတော့ ဒီ့တစ်မျက်နှာသာ အားကိုးရမည့်အခြေအနေမို့ ဒေါသကို မြိုချလိုက်ရသည်။

''ရရဲ့လား…ရေသောက်ဦးမလား''

''ခင်ဗျားတို့တောင် သောက်နိုင်တဲ့ ဒီဆေးရည်ကို ကျွန်တော်က ဘာလို့မသောက်နိုင်ရမှာလဲ''

''မှားနေပြီ…အဲ့ဒီဆေးရည်ကို ငါတို့ ရေမရောဘဲ မသောက်ဝံ့ဘူး''

''ဘာ''

''ငန်စပ်ပြီး ခါးတယ်…ဗိုက်ထဲရောက်သွားရင် ပူတယ်။ အဲ့ဒီဆေးသောက်ပြီးရင် ရေသောက်ရင်တောင် ငတ်မပြေဘူး။ ထမင်းဖြစ်ဖြစ် နှစ်လုတ်လောက် ကောက်စားလိုက်မှ နေသာထိုင်သာဖြစ်သွားတာ''

''ဘာ''

ဒေါသပင် ဘယ်လိုထွက်ရမှန်း မသိနိုင်တော့ပါ။

သူ့ကို ပြုံးစိစိကြည့်နေသော ဒီ့ကို သူ ပြန်ပြောစရာစကားမရှိတော့ချေ။

ဆေး၏အရသာသည် စိတ်ကို တင်းထားစဉ်က တောင့်ခံနိုင်သော်လည်း ယခုလို အများလည်း မသောက်နိုင်ပါလားဟု သိရသော





အခါ သူ့ရဲကောင်း မလုပ်နိုင်တော့ပါ။

ကျစ်ကျစ်ပါအောင် ဆုပ်ထားသော လက်သီးဆုပ်မှာ ပြေလျှော့သွားလေသည်။ နဂိုပူနေသော လည်ချောင်းမှာ မီးတောက်လာသလားဟု ထင်ရသည်။

''ရေ…ရေ…ရှူး…ရှဲ…ရေ…ရေ…''

သူက ရေးကြီးသုတ်ပျာဖြင့် ရေတောင်းလျှင် ဒီက စဉ့်အိုးထဲမှ ရေကို အုန်းမှုတ်ခွက်ဖြင့် ခတ်ကာ သူ့ထံ ပေး၏။

သူ အငမ်းမရ သောက်လိုက်သည်။

ရေအေးရသီဥတုမို့ ရေအေးကိုသောက်ရန် မဝံ့ရဲခဲ့ပေမယ့် ယခုတော့ ရေအေးသည် နွေးနေသလားဟု ထင်မိသည်။

သူက ရေကို တဂွတ်ဂွတ်နေအောင် သောက်ပြီးသော့အခါ အောက်ကမဖြစ်နေသော သူ့အား လက်ညှိုးကြီးထိုးကာ ဝါးလုံးကွဲ ယ်နေသော ဒီ့ကို တွေ့ရသည်။

သာမန်အားဖြင့် ဒေါသဖြစ်မိသော်လည်း ယခုတော့ ဒီနှင့် နီးသွားသလို ခံစားရ၍ နာကျင်မိသော တစ်ခဏကို ကျေနပ်မိသည်။ တွေ့တွေ့ချင်းက မျက်နှာမှုန်ကုပ်ကုပ်နှင့် ဒီ့ကို ပေါင်းသင်း ဆက်ခဲလိမ့်မယ်ဟု ထင်ခဲ့သည်။

သို့သော် ဒီနှင့်အခေစ်တို့နောက် တစ်နေကုန် တကောက်ကောက် တက်ခဲ့သောအခါ ဒီသည် စိတ်ရင်းကောင်းသူတစ်ဦး ဖြစ်လိမ့်မယ် ဟု မှန်းမိခဲ့ပြန်သည်။

ဒါ့ထက် ယခုလို သူ့အား နောက်ပြောင်လေသောအခါ



www.burmeseclassic.com

www.burmeseclassic.com



တိုင်းရင်းသားဖြစ်သော ဒီသည်လည်း လူငယ်တစ်ဦးဟု ခံစားလိုက်ရ ပြန်သည်။

"ဘယ်လိုလဲ…နေသာထိုင်သာရှိသွားပြီလား"

"ခင်ဗျား တော်တော်နောက်တဲ့လူပဲ"

"ကဲ…အခုတော့ မင်းရဲ့ ထုံနာကျင်နာတွေ ယူပစ်သလို ပျောက်သွားပြီမဟုတ်လား"

ဒီက ခပ်ပိုင်ပိုင် ပြောချလိုက်သည်။

ထိုအခါမှ သူ့ကိုယ်သူ သတိပြုမိလိုက်၏။

ဟုတ်သားပဲ…သူ့တစ်ကိုယ်လုံး နာကျင်မှုမရှိတော့ပါလား။ သူသည် လက်မောင်းကို လှုပ်ကြည့်သည်။ ပြီးနောက် ခေါင်းကို ဘယ်ညာယိမ်းကြည့်သည်။ မနာတော့ပေ။

"ဘာဆေးလဲ…အတော်စွမ်းတာပဲ"

သူသည် စိတ်ဝင်စားလွန်း၍ ဆေးထွက်ပေါ်လာသော နေရာကို လှမ်းကြည့်သည်။

ပုလင်းထဲမှ ဝါးညှက်ညှက်အရည်အချို့ကို တွေ့ရသည်။

"အင်္ဂလိပ်ဆေးတောင် အဲဒီလောက် မစွမ်းဘူး။ ခင်ဗျားတို့ဆေးက အတော်ဆန်းတယ်"

"မဆန်းပါဘူး…တောကရတဲ့ ဆေးမြစ်တွေကို အမျိုးမျိုး ဖော်စပ်ကြည့်ရင် ရတာပဲမဟုတ်လား။ ဒါမျိုးဆို ဗိုက်က ဆရာတစ်ဆူ ပဲ…ဒီလိုဆေးဖော်တဲ့နေရာမှာ ဗိုက်ကို ဘယ်သူမှမမီဘူး"

"ဒါနဲ့ အဲဒီပုဂ္ဂိုလ် ဘယ်သွားသလဲ…ဒီမှာ မအိပ်ဘူးလား"





"ဗိုက်က ညတိုင်း ကင်းလှည့်ရတယ်။ မအိပ်ဘူး"

"ကင်းလှည့်ရတယ်…ဟုတ်လား"

သူ ပို၍ အံ့ဩမိလေသည်။ လရှူးရှနော်ဆိုသောစာအုပ်ထဲတွင် ရှိ ယောက်ျားပျိုများ အလှည့်ကျကင်းစောင့်ရသည်ဟု ရေးထားခဲ့ သည်။

"ခင်ဗျားတို့ရွာက အတော်ဆန်းတာပဲနော်"

"ဘာဆန်းလို့လဲ…ငါ့အမြင်တော့ မင်းကပဲ ဆန်းနေတယ်လို့ ထင်တယ်။ ဒီဘောင်းဘီတွေ…ဒီအိတ်တွေ…ပြီးတော့ မင်းကိုင်တဲ့ ပစ္စည်းတွေ…ဘာတွေမှန်း ငါ မသိဘူး။ ပြီးတော့ မင်းက ယောက်ျား ဖြစ်မယ်မှန်း ခန့်မှန်းလို့ရပေမယ့် သိပ်မယုံချင်ဘူး။ အသားဖြူဖြူ… ချောင်းနာချောချောနဲ့ မိန်းမနဲ့တူတယ်"

"ဟာဗျာ…ပေါက်ကရတွေ…ခင်ဗျားက လူနောက်ပဲ။ အသွေးအရောင်ကွဲပေမယ့် ယောက်ျားပါ"

"မင်းက ဗမာလူမျိုးနော်"

"ခင်ဗျားတို့က ရှမ်းနီတွေမှန်း ကျွန်တော် သိနှင့်နေပါတယ်"

"အဲဒစ်တို့တော့ ဟုတ်တာပေါ့။ ငါနဲ့ဗိုက်က ရှမ်းကဒူးတွေ"

"ရှမ်းကဒူး…ဟုတ်လား"

"ကဲ…မအိပ်သေးဘူးလား။ အိပ်စို့…တော်ကြာ ငှက်စုန်းထိုး ခင် မင်း အိပ်မရဘဲဖြစ်နေမယ်"

"ငှက်စုန်း"

သူ ထပ်မံအံ့ဩမိပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုစာအုပ်ထဲ၌ ညသန်းခေါင်ယံ ငှက်စုန်းထိုးပြီဆို အန္တရာယ်နဲ့ ကြုံရတော့မည် ဖြစ်သည်။

"ငှက်စုန်းဆိုတာကရော တကယ်ရှိနေတာလား"

သူ၏မေးခွန်းကို ဒီက မဖြေပေ။ ဒီက သူ့ကိုသာ ကြောင်အမ်းပြီး ကြည့်နေလေ၏။

သူ ဘာမှားသွားလို့လဲ…ဘာက မှားနေတာလဲ။

"မင်း…ဘယ်ကလာတာလဲ…ဘာလက်ဟိုး"

"ရန်ကုန်ကလေ"

"ရန်ကုန်ဆိုတာကို ငါ မသိပေမယ့် ငှက်စုန်းကို မင်း မသိတာ ငါ အံ့သြတယ်"

ရန်ကုန်ကို မသိသော ဒီ့ကိုလည်း သူ အံ့သြသည်။

မြန်မာနိုင်ငံသားဖြစ်ပြီး မြန်မာနိုင်ငံ၏မြို့တော်ကို မသိတဲ့အတွက် ရှုတ်ချချင်သည်။ ဘယ်လိုလူတွေလဲ…။

"တစ်ခုခုတော့ လွဲနေပြီ…ဒီ"

"လွဲတာမှ တကယ်ကို လွဲတာပါ။ ငါ့တစ်သက် ရွာထဲခြေ့ဝင်တာ မင်းကို ပထမဆုံး တွေ့ဖူးတာပဲ"

"ခြေ့မလာရင် ခင်ဗျားတို့က ခြေ့သွားလုပ်ပေါ့ဗျ။ မြစ်ကြီးနားနဲ့ခင်ဗျားတို့ရွာ ငါးနာရီလောက် ကားစီးရင် ရောက်နေပြီပဲ"

"ဘာ…ကား…ကားစီးရမယ်…ဟုတ်လား။ ကားက ဘယ်လိုအကောင်လဲ။ ပျံတက်သလား…နွားလိုပဲလား…မြင်းလိုလား"





အံ့သြလွန်း၍ ဘာပြောရမှန်းမသိအောင် ဆွံ့အသွားမိသည်။

သူ့ကို နောက်ပြောင်နေတာလား… လှောင်နေတာလား… ဟာသလုပ်နေတာလား။

ဒီက သိပ်ယုံရသူတော့ မဟုတ်ချေ။ စောစောကလေးတင်မှ ဆေးရည်နှင့် သူ့ကို တရော်ခဲ့သူ ဖြစ်၏။

"ခင်ဗျားကလည်းဗျာ…ဟဲဟဲ…အဲ့…ကားဆိုတာ…ကားဆိုတာ…အဲ…ပိုးကောင်…ပိုးကောင်အကြီးစားပေါ့ဗျာ"

"ဘာပိုးကောင်လဲ"

သူက နောက်ပြောင်လိုက်ခြင်းဆိုသော်ငြား အတည်ကြီးမေးခွန်းထုတ်လာသော ဒီကြောင့် နောက်ပြောင်ဖို့ပင် မဝံ့ရဲတော့ပါ။

"ပိုးကောင်ဆိုတော့…နွားလောက် ဘယ်မြန်ပါ့မလဲ။ ထားပါတော့ကွာ…ငါကတော့ မြင်းစီးရတာကိုပဲ ကြိုက်ပါတယ်။ အဲ့…အကယ်၍ ကားနဲ့တူတဲ့ ပိုးကောင်ကိုမြင်တော့လည်း ငါ့ကို ပြပေါ့ကွာ"

သူ အံ့သြသွားသည်။

ဒီပုံက သူ့ကို အရွှန်းလုပ်နေပုံမျိုးမဟုတ်ပါ။

ကားဆိုတာကို ဒီက အမှန်တကယ်ပဲ မသိတာလား…

ဖြစ်နိုင်လို့လား…။

"မင်း…ဒီရွာကို ဘယ်ကဘယ်လို ရောက်လာတာလဲ။ ဗမာလူမျိုးနဲ့ ကချင်လူမျိုးတွေ ရှိတယ်လို့တော့ ကြားဖူးပေမယ့် လူစိမ်းဆိုလို့ ငါ သိတာက မင်းတစ်ယောက်တည်း ရှိတယ်။ ဒီရွာထဲကနေ ခြေဦး



www.burmeseclassic.com

တည့်ရာ သွားဖူးပေမယ့် ဒီနေရာပဲ ပြန်ပြန်ရောက်လာတယ်။ ဒါကြောင့် ငါ လမ်းမသိဘူး"

လရှုးရှုနော်သည် သူ့ကို ထူးဆန်းမှုတွေချည်း ပေး၏။

စာရေးဆရာ၏ ဇာတ်ကောင်လေးသည် လရှုးရှုနော်မှ လွတ်မြောက်ဖို့အရေး အကြိမ်ကြိမ် ကြိုးစားခဲ့ဖူးသည်ဟု ဆိုခဲ့သည်။

သို့သော် ဒီသည် အကျဉ်းကျနေသော ဧည့်သည်တစ်ဦးမဟုတ်ပေ။

"အကယ်၍ အပြင်ကို ထွက်လို့ရတဲ့ လမ်းရှိရင် ငါ သိချင်တယ်"

သူ ပြုံးသည်။ ဒီ၏စကားကို မယုံကြည်သော်လည်း ယုံချင်စရာကောင်းနေသည့်အနေအထားမှာ ရှိနေသည်။

ထို့ကြောင့် သူ့ကျောပိုးအိတ်ကြီးကို ဖွင့်ကာ လမ်းညွှန်မြေပုံကို ထုတ်ကာဖြန့်သည်။

"ဒါက ဘာလဲ"

"မြန်မာပြည်မြေပုံလေ"

"မြန်မာပြည်မြေပုံက ဘာလုပ်လို့ရတဲ့ဟာလဲ"

"ခင်ဗျား ကျောင်းမနေဖူးဘူးလား"

"ငါတို့ အခုကျောင်းပေါ်မှာ နေနေတာပဲလေ။ ငါ အခုထိ ကျောင်းမှာအိပ်လာတာ ဆယ်နှစ်လောက်ရှိနေပြီ…ဇိုက်ကောင်ရော ပဲ"

"ခင်ဗျားနဲ့ဇိုက်က ဘာတော်သလဲ။ ညီအစ်ကိုလား"





"ဒီရုပ်နဲ့ဒီရုပ် ညီအစ်ကိုတော်စရာလားဗျာ…မတော်ပါဘူး။ သူ့အမေနဲ့ ငါ့အမေ ဘာမှမဆိုင်ဘူး"

ဘုန်းကြီးကျောင်းသားတွေဖြစ်မည်ဟု သူ မှတ်ယူမိလိုက်သည်။

"ထားပါတော့လေ…ကဲ…ကျွန်တော် မေးမယ်။ ခင်ဗျား စာရေးတတ်သလား"

"ဘုန်းကြီး သင်ပေးထားပါတယ်။ ပရိတ်တော်နဲ့ဂါထာတော်များများ အလွတ်ရတယ်။ ရေးလည်းရေးနိုင်တယ်"

"ဒါနဲ့များ မြန်မာပြည်မြေပုံကို မသိတာ ကျွန်တော် အံ့သြပါတယ်။ ကဲ…ထားပါတော့လေ။ ဘုန်းကြီးက ပထဝီမသင်လို့နေမှာပေါ့။ ရွာမှာ ဘုန်းကြီးကျောင်းသားက ခင်ဗျားနဲ့ဇိုက် နှစ်ယောက်တည်းရှိတာလား"

"ငါတို့ ဘုန်းကြီးကျောင်းသား မဟုတ်ဘူး။ ငါတို့ကို ဘုန်းကြီးက ကျောင်းမှာနေခိုင်းထားတာ။ ငါနဲ့ဇိုက်က တစ်ချိန်ကျရင် ဘုန်းကြီးဝတ်ပြီး ဒီကျောင်းမှာ ကျောင်းထိုင်ဘုန်းကြီး လုပ်ရမှာ"

"ဘာလို့လဲ"

"တစ်ရွာလုံးမှာ ယောကျ်ားသားဆိုလို့ ငါတို့နှစ်ယောက်တည်း သန့်စင်တဲ့လူ ရှိတယ်"

"ဗျာ…ဘယ်လို…သန့်စင်တဲ့လူ…ဟုတ်လား"

ယခု ဒီပြောသောအကြောင်းအရာကို သူ မသိရိုးအမှန်ပါ။

"ဟုတ်တယ်…ဇိုက်နဲ့ငါနှစ်ယောက်တည်း သူများရဲ့အသက်

www.burmeseclassic.com



တို မသတ်ဖူးတာ…ပြီးတော့ ငါတို့နှစ်ယောက် လွဲကျန်တဲ့ယောက်ျ
တွေက စုန်းလည်းဖြစ်ချင်ဖြစ်နေမှာပေါ့"

"ဘာ…ဘယ်လို…စုန်း"

"ရွာထဲမှာ ပယောဂတတ်တဲ့ယောက်ျားနဲ့ စုန်းတွေနဲ့ ခြေချင်
လိမ်နေတယ်။ ဒါကြောင့် ငါနဲ့ဖိုက်က ဒီမှာနေရတာ"

သူ့ဦးခေါင်းကြီးမှာ နှစ်ဆသုံးဆ ကြီးလာသလားဟု ထင်ရ
သည်။ သူ ကြားလိုက်တာ ဘာတွေလဲ။

"ဒါကြောင့် မင်းကိုလည်း ဘုန်းကြီးက ဒီမှာခေါ်ထားတာ"

ထိုသို့ ထပ်ကြားရသောအခါ အဆစ်တို့သားအမိကို မြင်ယော
မိသွားသည်။

"ဒါဆို အဆစ်တို့ရော"

မယုံဘူးဟု တင်းခံနေသော်လည်း အငိုက်မိပြီး မေးခွန်းထုတ်
သည်။ သူ့ရဲ့မသိစိတ်က စုန်းကဝေဆိုတာကို ယုံနေပြီလား။

"အဆစ်တို့က ဘုရားတရားသမားတွေပါ…အဆစ်တို့သား
က မင်းကြောင့် အတော်ဒုက္ခများရတာ။ မင်း တစ်ခုခုဖြစ်မှာစိုး
အဲ့ဒီရွှံ့အိမ်ထဲ သားအမိနှစ်ယောက် အလှည့်ကျစောင့်ရတယ်။ ပတ်
ကျင်က ကဲ့ရဲ့စရာတောင် ဖြစ်နေပါပြီ"

သူ အားနာသွားသည်။ မိန်းမသားနှစ်ဦးကို ဒုက္ခပေးသ
ဖြစ်သွားၿပီ။

"မင်းက နေမကောင်းတော့ ကျောင်းကိုလည်း ခေါ်လာလို့
လို့သာ ဖိုက်က မင်းကို အဆစ်တို့အိမ်မှာထားရတာ။ ဒါပေ





စိတ်မချလို့ ဖိုက်က ကင်းလှည့်ရင်း မင်းဆီ မကြာခဏ ဝင်ကြည့်တယ်
ပြောတာပဲ"

ထိုညက သူ ကြားခဲ့ရသောအသံကို ပြန်အမှတ်ရလိုက်သည်။
ဝင်လာလို့ရမလားဟု မေးလိုက်သောအသံ…ဒါဆို အဲဒီအသံက
ဖိုက်ပေါ့။

"ရွာက သူခိုးများလို့လား…ဖိုက်နဲ့ခင်ဗျားက အဲ့ဒီလို
ကင်းလှည့်ရတာက…"

"ငါတို့ရွာမှာ သူခိုးမရှိဘူး။ ငါတို့က ကင်းလှည့်နေတော့ ဒုက္ခ
ဖြစ်ရင် ကယ်တင်လို့ရတာပေါ့"

"ဒုက္ခဖြစ်ရင် ဟုတ်လား…ဘာဒုက္ခလဲ"

"လပြည့်…လကွယ်ဆို ပြဿနာအတော်များတယ်လေ"

"ဘာပြဿနာလဲဗျ"

"စုန်း…ကဝေတွေ အစာရှာတဲ့ကိစ္စပေါ့ဗျာ…သူတို့က
အသွင်ပြောင်းရက်ထက်ပိုပြီး အငတ်မခံနိုင်ကြဘူး"

"ဗျာ…"

"သန်းခေါင်ယံအချိန်ဆို သူတို့ အစာရှာထွက်လေ့ ရှိတယ်"

မှင်တက်သွားမိသည်။

ခေါင်းထဲအတွေးများစွာတို့က ယောက်ယက်ခတ်ကုန်သည်။
ဒါတွေက ကလေးတွေအတွက် ယုံတမ်းပုံပြင်တွေ မဟုတ်ဘူးလား။

"အချို့ကတော့ လပြည့်…လကွယ်မရွေးဘဲ ညတိုင်း
ထွက်တာမျိုးလည်း ရှိတယ်"



www.burmeseclassic.com

www.burmeseclassic.com



အသိဉာဏ်က မယုံချင်ပါ။

သို့သော် ရိုးသားသော မျက်လုံးတွေက ခိုင်ခိုင်မာမာဆိုနေသဖြင့် သူ့စိတ်ထဲ ဇဝေဇဝါတွေ ဖြစ်ကုန်သည်။

"သူတို့က ထွက်ပြီး ဘာလုပ်ကြတာလဲ"

"ပျော်မြူးကြတဲ့ စုန်းတွေလည်းရှိသလို အစာရှာတဲ့စုန်းတွေလည်း ရှိတယ်။ ခင်ဗျား ကြောက်ရမှာက အစာရှာတဲ့စုန်းတွေပဲ"

"ကျွန်တော် အဲ့ဒီမှော်အတတ်ပညာတွေကို မယုံဘူးဗျ။ မှော်အတတ်ဆိုတာ မျက်လှည့်သဘောပဲ။ မျက်လှည့်ဆိုတာ တကယ်လုပ်ဆောင်ခြင်းမဟုတ်ဘဲ လူတွေရဲ့အာရုံကို လှည့်စားရုံသက်သက်ပဲ"

"မင်းက ဘာလုပ်တဲ့လူလဲ…ဘာကြောင့် ပြောရခက်နေတာလဲ"

"ကျွန်တော့်အလုပ်က ကြီးကြီးကျယ်ကျယ်မျိုး ပြောစရာမရှိဘူး။ အပျော်တမ်းဓာတ်ပုံ ရိုက်တယ်၊ သဘာဝကို စူးစမ်းလေ့လာတယ်။ ပြောရခက်တာတော့ မယုံလွယ်တဲ့စိတ်ကြောင့်ပဲ။ မယုံတော့ အညာမခံရဘူးပေါ့ဗျာ"

"ဘာလဲ…ငါက မင်းကို လိမ်ပြောနေတယ်လို့ ထင်နေတာလား"

"ခင်ဗျားကို အားနာပါတယ်…ဒီ…ဒါပေမယ့် ကျွန်တော်…"

"ထ…"

"ဗျာ"



"ထပါ"

ဒီသည် သူ့ကို ရုတ်တရက် ဆွဲထလိုက်သောကြောင့် သူ လန့်သွားသည်။

ဒုက္ခပဲ…မယုံဘူးပြောလို့ ဒေါသထွက်သွားပြီလား။

တစ်နေကုန်လည်း ပင်ပန်းထားခဲ့ပြီဖြစ်၏။ ဘုန်းကြီးကျောင်းမှာ လေးပင်ကောင်းမွန်စွာ အိပ်မက်ခွင့်မရလျှင် အပြင်၌ သူ ဒီည ငါးမြစ်သွားလိမ့်မည်။

"ဒီ…ခဏဗျာ…အပြင်မှာ ချမ်းတယ်ဗျ။ အင်္ကျီထပ်ဝတ်လိုက်ဦးမယ်"

သန်မာသော ဒီ့လက်များသည် သူ့လက်ကို အားနှင့်ဖိဆွဲထား၍ ယောက်ျားချင်းပင် ရှန်းရခက်နေလေသည်။

"ချမ်းလို့မသေပါဘူး…လာပါ"

ဒီ၏ဆွဲခေါ်ရာနောက်သို့ သူ ကသောကမျော ပါလာလေသည်။ သူနှင့်ဒီတို့ ဘုန်းကြီးကျောင်းထဲမှ ထွက်လာ၏။

ကညင်ဆီမီးတိုင်ကို ကိုင်မလာခဲ့မိသောကြောင့် ပတ်ဝန်းကျင်ရှိ မြင်ကွင်းများသည် သဲသဲကွဲကွဲ မရှိလှပေ။

အုတ်နံရံ၊ ပျဉ်နံရံတွေအစား ရွှံ့စေးကိုသာ သုံးထားသောကြောင့် အိမ်များအားလုံးသည် ခုံးခုံးလေးများဖြစ်နေပြီး ပုံစံတူတွေ တစ်ညီတည်း တန်းစီထားသလို ခံစားရသည်။

အိမ်ခြေငါးဆယ်ခန့်ရွာလေးသည် သုသာန်တစ်စပြင်အလား အပ်ကျသံပင် မကြားရအောင် ဆိတ်ငြိမ်နေသည်။



www.burmeseclassic.com

www.burmeseclassic.com



ရှုပါးရွာပမာ တစ်အိမ်စ နှစ်အိမ်စ မီးလင်းနေသည်ကို မတွေ့ရချေ။

"လူတွေရှိမှရှိကြရဲ့လား"

"အိပ်ပြီပေါ့…သူတို့ မနက်စောစောထပြီး မောင်းဝေတင်းရဦးမယ်လေ"

ဟု ဒီကဆိုသောအခါ ဆန့်ဖွတ်နေကြသော အဆေစ်တို့သားအမိကို မြင်ယောင်မိပြန်သည်။

အဆေစ်တို့ရော အိပ်နေကြပြီလား…။

"လာ…မင်း ဒီမှာပုန်းနေ"

ဟု ဒီကဆိုကာ အမျိုးအစားမသိသော သစ်ပင်ကြီးနောက် ဝင်နေမိပြန်သည်။

ဘာအပင်လဲဟု စဉ်းစားရင်း နေ့လယ်က မြင်ခဲ့သောအပင်များကို ပုံဖော်မိပြန်သည်။

သို့သော် ရွာထဲ၌ အပင်တွေများလွန်းသောကြောင့် ယခု သူရှိနေသောအပင်မှာ ဘာပင်မှန်းတော့ မသိတော့ပေ။

လမိုက်ညမို့ မှောင်နေသဖြင့် အကိုင်းကိုလည်း မမြင်ရသလို အရွက်ကိုလည်း မမြင်ရပေ။

သို့သော် အပင်ကြီးက ကြီးမှန်းတော့ သူ ရိပ်စားမိ၏။

"မင်း…ဘာကိုပဲမြင်မြင် မအံ့သြနဲ့။ ဘယ်လောက်ပဲ ကြောက်စရာကောင်းကောင်း လန့်မအော်နဲ့။ ဘယ်လောက်ပဲ စိတ်ဝင်စားစိတ်ဝင်စား မသာယာနဲ့…ဟုတ်ပြီနော်"





သူ ပြုံးသည်။ သူ့ကို ဒီဆိုသော တောသားက ဆရာလုပ်နေသဖြင့် ရင်ထဲ ကလိကလိ ခံစားရသည်။ ရပါတယ်…မင်းထက်ပါ အသိအမြင် ပိုရှိပါတယ်ဆိုသောသဘောမျိုးနှင့်သာ ပြုံးမိခြင်းဖြစ်သည်။

"ခဏစောင့်…သူတို့ ထွက်လာကြတော့မယ်"

ဟုဆိုကာ ဒီက သစ်ပင်ခြေရင်းကိုမှီပြီး ကောင်းကင်ကို ကြည့်နေသည်။

"မင်း သိချင်စိတ်တွေ ပြည့်နေရင်လည်း ငါ့ကို စကားမပြောနဲ့…မေးချင်ရင် မနက်ကျမှမေး…မဟုတ်လို့ကတော့ မင်းရောငါရော သေကုန်လိမ့်မယ်"

ဒီက လက်ကလေးပိုက်ကာ ကောင်းကင်မှ ကြယ်များကို ကြည့်လေသည်။ ဒီက ဘာကိုကြည့်နေတာလဲ။ နက္ခတ်ကိုလား… ဒါ နက္ခတ်ကို ကြည့်တတ်လို့လား…။

"အခုကနေစပြီး မင်းစိတ်ထဲ တစ်ကနေ တစ်ဆယ်ထိ မှန်မှန်ရေတွက်…တစ်ဆယ်ပြည့်တာနဲ့ မင်း မြင်ရလိမ့်မယ်"

ဟုဆိုသဖြင့် သူက ဒီ့စကားအတိုင်းပင် ရေတွက်မိသည်။ ရေတွက်နေရင်းပင် ရယ်ချင်စိတ်ဖြစ်မိသည်။

သူ ရူးသွားပြီလား…ဤတောသားက သူ့ကို အရူးလုပ်သမျှ ခံလို ကမ္ဘာပတ်လာတဲ့ကောင်က ယုံနေတာ ဘာတဲ့လဲ…

စိတ်ထဲတွေးချင်ရာတွေးပြီး ရေတွက်နေသောကြောင့် တိုင်ပင်ကာ သိပ်မမှန်ချင်ပါ။ ထို့ကြောင့် သူ့ရေတွက်မှုမပြီးခင်မှာပင် အံ့အားသင့်မှု

www.burmeseclassic.com



ဖြစ်သွားရတော့သည်။

မှန်ပါသည်။ သူမြင်ကွင်းထဲသို့ မီးလုံးလေးများ ရောက်ရှိလာသည်။ ဘာမီးလုံးတွေလဲ…။

သူ အာရုံစိုက်ကာ ကြည့်သည်။

အချို့အိမ်ထဲမှ မီးလုံးနှစ်လုံး ထွက်သည်။ အချို့အိမ်များဆို သုံးလုံး…။ သို့သော် မီးလုံးထွက်မလာသော အိမ်များလည်း ရှိသည်။

ဘာတွေလဲ…ဘာမီးလုံးတွေလဲ…။

မေးခွန်းတွေ ပြည့်သွားသော်လည်း ဒီက သိချင်ရင်လည်း မရက်မှမေးဟုဆိုထားသဖြင့် နှုတ်ဆိတ်နေလိုက်ရသည်။

သူ ကြည့်နေဆဲမှာပင် အိမ်ပေါ်မှ ဆင်းလာကြသော မီးလုံးများသည် ရွာလယ်လမ်းတစ်လျှောက် တရွေ့ရွေ့ သွားလာကြတော့၏။ ကညင်ဆီမီးတိုင်လား…။

မဖြစ်နိုင်ပါ။ ကညင်ဆီမီးရောင်သည် ငြိမ်သက်ခြင်းအလျှဉ်းမရှိပေ။ ယခု သူ တွေ့မြင်နေရသည်က သီတင်းကျွတ်တွင် ထွန်းလေ့ရှိသော ရောင်စုံမီးပုံးလေးများနှင့်တူ၏။

ဘာတွေလဲ…။ သူ အိပ်မက်များမက်နေတာလား။ အဲဒီမီးလုံးက ဘာတွေလဲ…ဘာလဲ။

မေးခွန်းတွေများစွာကို သူ့ရင်ထဲ ကြိတ်မှိတ်မြိုသိပ်ထား၍ မှန်းကျပ်၍နေလေသည်။

ဒီကို ကြည့်လိုက်တော့လည်း ဒီက ကောင်းကင်ကို မော့ကြည့်ပြီး ပြုံးလို့…။





ထိုစဉ် သူတို့ရှိနေသော မြေကြီးသည် တုန်ခါသွားသည်။

ဘာကြောင့်လဲ…စောစောက မြင်ရတဲ့မီးလုံးတွေကြောင့်လား။ ဒါမှမဟုတ် သာမန်မြေငလျင်တစ်ခုလား…။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၆)

"ငါတို့ရွာမှာ မကြာခင် ချစ်သူစုံတွဲတစ်တွဲ ပေါ်လိမ့်မယ်"

ဒီက ဆိုင်းမဆင့်ဗုံမဆင့် ပြောသောအခါ မျက်နှာသုတ်နေသော တဘက်ကြားမှ ဒီကို သူ လှမ်းကြည့်သည်။

"ဘယ်လိုလုပ်သိတာလဲ"

"ညက နက္ခတ်တွေကို ငါ ကြည့်နေတာလေ"

"ဟာ...ဒါဆို ခင်ဗျားက နက္ခတ်တွေ ကြည့်တတ်တယ်ပေါ့"

"အင်း...ဆေးပညာကတော့ ဖိုက်က ငါ့ထက် ပိုတော်ပေမယ့် နက္ခတ်တော့ ငါက ဖိုက်ထက် ပိုပြီးပါရမီ ရှိတယ်"

သူ ပြုံးပြန်သည်။ သူ ဘယ်နေရာရောက်နေတာလဲ။ ရုပ်ရှင်တွေထဲကလို အတိတ်ကမ္ဘာကိုများ ရောက်နေရှာသလား...။





နက္ခတ်ပညာတွေ၊ ဆေးပညာတွေတဲ့လား...။ ခေတ်မဆန်သော ရှေးကျသည့် အသုံးအနှုန်းများ ဖြစ်သည်။

"ဖိုက်က အပင်တစ်ပင်ကို မြင်ရင် အဲဒီအပင် ဘယ်လိုသုံးရမလဲဆိုတာ သူ သိတယ်"

မဖြစ်နိုင်ဘူးဟု သံသယမရှိချင်တော့ပါ။ ထိုဆေးစွမ်းများကို သူကိုယ်၌က သုံးစွဲခဲ့ပြီးသား ဖြစ်၏။

ထို့ကြောင့် ယုံကြည်ပြီးလေ့လာမည်ဟု ဆုံးဖြတ်မိသည်။ ထဲထဲဝင်ဝင် သိပြီးတော့မှ အများအမှန် ဝေဖန်ပိုင်းခြားသုံးသပ်မည်။ မျက်လှည့်လား...တကယ်ပင် ဆန်းကြယ်မှုလားဆိုတာ သုံးသပ်ဖို့ သူ့ထံ အချိန်ရှိနေသေးသည်။

"ညကမြင်ရတာတွေက ဘာလဲ...ဒီ..."

"စုန်းမီးလုံးတွေလေ"

"ဗျာ...စုန်းမီးလုံး"

"သူတို့က သိပ်နားပါးတယ်။ နှစ်မိုင်ပတ်လည်ကအသံကို ကောင်းကောင်းကြားရတယ်။ ဒါကြောင့် မင်းကို ငါ စကားမပြောခိုင်းတာ"

"အကယ်၍ ကျွန်တော့်အသံကို ကြားရင် သူတို့ လှည့်လာနိုင်လို့လား"

"လှည့်လာရုံဘယ်ကမလဲ...မင်းဗိုက်ထဲက ကလီစာတွေ ဖောက်စားလိမ့်မယ်"

"ကျွန်တော် ကလေးမဟုတ်ဘူးဗျ...ကျွန်တော့်ကို မခြောက်

ရွှေအသောကပေ

www.burmeseclassic.com

www.burmeseclassic.com



ပါနဲ့။ ဒေဝေါ်ဆိုတာကို ကြောက်နေတဲ့အရွယ်မျိုး မဟုတ်ဘူး။ ဘာလို့လဲဆိုတော့ ဒေဝေါ်ဆိုတာ မိုးမုန်း ကျွန်တော် သိနေပြီ"

"မင်းကို ငါက ဘာကိစ္စမြောက်ရမှာလဲ။ ဘာကြောင့် ခြောက်နေရမှာလဲ"

"မွေးတော့ နားကားကားလေး…ဒါကြောင့် ချစ်စနိုးနဲ့ နားကား လေးလို့ခေါ်ရင် နောက်ပြောင်တတ်တဲ့လူက နဂါးလေးလို့ ခေါ်ရကာနေ မုန်းတဲ့လူပါးစပ်ထဲရောက်တော့ နဂါးကြီးမွေးတယ် ဖြစ်ရာက နဂါးမွေးသတဲ့ဆိုပြီး နာမည်ကြီးသွားတာမျိုး ရှိပါတယ်။ စကားဆိုတာ ကားတတ်တဲ့သဘာဝရှိတယ်။ မီးလုံးတွေကို ကျွန်တော့် မျက်စိက အမှန်တကယ် မြင်ခဲ့ရပေမယ့် အဲဒီလောက်မီးလုံးလေးတွေက ဘယ်လိုလုပ် အူဖောက်စားနိုင်ပါမလဲ"

"မင်းဟာ အတော်ထူးဆန်းတဲ့လူပဲ ဘာလက်ဟိုး…ဒါတွေကို ယုံတယ်မယုံဘူး ပြောနေရတာ ငါ့စိတ်ထဲတစ်မျိုးပဲ…မင်းကို အခု ပြောနေရတာကိုက ငါ့မှာ အန္တရာယ်များတယ်။ စုန်းတွေအကြောင်း အတင်းပြောတော့မယ်ဆို အချိန်ကို သတိပြုရတယ်။ နေမွန်းလွဲသွားရင် သူတို့က နားစွင့်လို့ရပြီ။ ငါတို့ပြောတာ သူတို့ အကုန်ကြားရတယ်"

"ကြားရတော့ ဘာဖြစ်လဲ… နာမည်တပ်ပြောတာမှ မဟုတ်တာ။ မကောင်းပြောတာလည်း မဟုတ်ဘူး"

"ဒါပေမယ့် ပညတ်က စုန်းပဲလေ…အခုတောင် ငါတို့ ဒီကျောင်းပရဝုဏ်ထဲမှာမို့ ချမ်းသာခွင့်ရနေတာ။ အပြင်ရောက်သွားရင်





စုန်းဆိုတာ စကားစပ်ပြီးမှတောင် မပြောပါနဲ့။ ဒါနဲ့ဒီအကြောင်း အဆေစ်တို့ မှာမထားဘူးလား"

ဒီက ထိုသို့ပြောမှ အဆေစ်ပြောတဲ့အကြောင်းအရာများကို သတိရသည်။ ဒါကြောင့် အဆေစ်က သူ့ကို စုန်းအကြောင်း မပြောဖို့တားခဲ့တာကိုးဟု နားလည်မိသည်။

"အစားအသောက်စားရင်လည်း သတိထားပါ… အပင်းမိတတ်တယ်။ စုန်းဆိုတာမျိုးက ချစ်ရင်လည်း ဖမ်းစားသလို မုန်းရင်လည်း ဒုက္ခပေးတယ်။ မင်းကို ဘုန်းကြီးက စိုးရိမ်လို့ အခုလို ကျောင်းမှာ ခေါ်ထားတာပဲ။ ဘုန်းကြီး စိုးရိမ်နေတဲ့ကိစ္စတွေ ဖြစ်မလာအောင် အနေအထိုင် ဆင်ခြင်ပါ။ ဒါပဲ ပြောမယ်"

ဒီသည် ပြောပြောဆိုဆိုပင် ထင်းခုတ်ဓားတစ်ချောင်းကို ခါးကြားညှပ်လိုက်သည်။

"ဘယ်သွားမှာလဲ"

"ထင်းသွားခုတ်ရမယ်…ဘုန်းကြီးကျောင်းဆိုလည်း ရေနွေးတော့ ဘယ်အိမ်ကမှ ဆွမ်းမပို့ဘူး။ ပြီးတော့ အေးရင် မီးဖိုရအောင် ထင်းလိုတယ်…တောထဲဝင်ရမယ်"

"ကျွန်တော်လည်း လိုက်ခဲ့မယ်လေ"

"မလိုက်ပါနဲ့ဗျာ…မင်းပါရင် ခရီးဖင့်လွန်းလို့…လျှောက်နိုင်တာလည်း မဟုတ်ဘူး"

"ရပါတယ်…ကျွန်တော် လိုက်နိုင်အောင် ကြိုးစားပါ့မယ်။ ကိုယ်လက်နာကျင်လည်း ဖိုက်ရဲ့ဆေးတွေ ရှိတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဓိုက်ရဲ့ဆေးက မင်းကို ဘယ်အထိ ကုသနိုင်မှာမို့လဲ… မလိုက်ပါနဲ့…ဘုန်းကြီးက ပြောတယ်…လမပြည့်မချင်း မင်းကို သေသေခါချာ စောင့်ရှောက်ပါတဲ့။ ကျောင်းမှာသာ အေးအေးလူလူ နေပါဗျာ…နော်…ကဲ…သွားပြီဟေ့"

ဒီသည် ပြောပြောဆိုဆိုပင် ဖျင်ဘောင်းဘီပွကြီးကို နိုင်မြဲ အောင်ဝတ်ပြီး ဖျင်တဘက်တစ်ထည်ကို ခေါင်းပေါင်းကာ ခပ်သွက် သွက် ထွက်သွားလေသည်။

မလိုက်ပါနဲ့ဟုဆိုတာ မခေါ်ချင်ပါဘူးဆိုသည့် အဓိပ္ပာယ်မျိုး ပြောဆိုသွားသဖြင့် ကလေးလို တွယ်ကပ်ရအောင်လည်း အားနာ ကောင်းသည်။ အရှက်နည်းသည့်သဘောလည်း ဆောင်ပြီမို့ တွယ်ကပ် မနေတော့ဘဲ မိုးတိုးမတ်တတ် ကျန်နေရစ်သည်။

တစ်ယောက်တည်းမို့ ကြောင်စီစီနိုင်လှသည်။ တစ်ယောက် တည်းမို့ ဘာလုပ်၍ ဘာကိုင်ရမှန်းလည်း မသိပါ။

ကျယ်ဝန်းသော ဘုန်းကြီးကျောင်းသည် သစ်ပင်များ အုံ့ဆိုင်းနေ သောကြောင့် စိတ်ထဲချောက်ချားမိတာ အမှန်ပါ။

နွေခင်းဘက်မို့ ရွာထဲအသံပလံများ ဆူညံနေသည်။

နေ့ခင်းဆိုသော်ငြား နေကိုတော့ မမြင်ရချေ။ ထို့ကြောင့် အနွေး ထည်ကို မချွတ်တမ်း ဝတ်ဆင်ထားရသည်။

ရာသီဥတုက အေးတယ်ဆိုသော်ငြား ရေတော့ချိုးချင်မိသည်။ သို့သော် ဘုန်းကြီးကျောင်းထဲ ရေတွင်းရေကန်ကို မတွေ့ရချေ။ မေး အောင်လည်း လူသူအရိပ်ကို မတွေ့ရပါ။



ဒီကတော့ တောထဲဝင်ပြီဆိုသော်ငြား ဓိုက်တစ်ယောက်တော့ ကျောင်းထဲရှိရမည် ဖြစ်သည်။

ဓိုက်မရှိတော့လည်း အရေးလား…ဘုန်းကြီးတော့ ရှိမည်ဖြစ်၏။

သို့သော် ထူးဆန်းသည်က ဘုန်းကြီးကို အရိပ်အယောင်မျှ မတွေ့ရသောကိစ္စ ဖြစ်သည်။

ဘယ်သွားနေတာလဲ…။

သူသည် ဘုန်းကြီးကျောင်းမှာ နေပါလျက်ကယ်နဲ့ ဘုန်းကြီးနှင့် စကားမပြောဖူးချေ။ ဆွမ်းစားချိန်မှလွဲ၍ ဘုန်းကြီးကို မဖူးတွေ့ရခြင်းမှာ လည်း သိပ်တော့သဘာဝမကျလှပေ။

ထို့ကြောင့် ကျောင်းဝင်းအတွင်း မယောင်မလည် ပတ်ကြည့်မိ သည်။

ထိုအခါ ခရေပင်ခြေရင်း၌ တရားထိုင်နေသော ဘုန်းကြီးကို တွေ့ရလေသည်။

ချက်ချင်းဆိုသလို လက်အုပ်ချီလိုက်မိသည်။

ဘုန်းကြီးအနီးသို့ ခြေသံလုံလုံ လျှောက်လာပြီး ဦးချကန်တော့ သည်။

ထိုအခါ ဘုန်းကြီးက မျက်လုံးဖွင့်ကာ သူ့ကို ကြည့်လေသည်။

သူ့ကြောင့် အနှောင့်အယှက်ဖြစ်သွားပြီထင်ပါရဲ့။

"ဒကာလေး…ဘာအလိုရှိလို့လဲ"

သူ ဝမ်းသာသွားသည်။ နေလာသောကာလတစ်လျှောက် ဘုန်းကြီးက ဗမာစကားပြောသည်ကို ဒါပထမဆုံး ကြားဖူးခြင်း

www.burmeseclassic.com



ဖြစ်၏။

"တင်ပါ့ဘုရား…ဘာမှတော့ မလိုပါဘူး။ ဒီလိုပဲ ကျောင်းတစ်ချောက် ဟိုဟိုဒီဒီ ကြည့်နေတာပါဘုရား"

"ရေလေးမိုးလေး ချိုးချင်ရင်တော့ ရွာနဲ့ တစ်မိုင်ကျော်အကွာမှာ ရေပူစမ်းရှိတယ်။ အဲဒီမှာ သွားချိုးလိုက်…ဒကာလေးကို ရှာသား တစ်ယောက်ယောက် လိုက်ပို့ပါလိမ့်မယ်"

"တင်ပါ့ဘုရား"

ဘုန်းကြီးသည် သူလိုအပ်နေသည်ကို မပြောရပါဘဲ သိနေသည်။ ထို့ကြောင့် ဘုန်းကြီးနှင့် စကားပြောရင်း ရွာ၏ထူးဆန်းမှုကို ဆွေးနွေးလိုသော်လည်း ဘုန်းကြီးသည် သင့်သလောက်ပြောပြီး မျက်လုံး ပြန်မှိတ်သွားလေသည်။

ထို့ကြောင့် သူကလည်း ဆက်ပြီး မနှောင့်ယှက်လို၍ ဦးချပြီး ထွက်လာလေ၏။

ရွာနှင့်တစ်မိုင်ကျော်ဟုဆိုသဖြင့် သူ မှန်းဆပြီး သွားလို့ရနေပြီမို့ ကျောပိုးအိတ်ကိုလွယ်ကာ ကျောင်းထဲမှ ထွက်လာလေသည်။ ကျောင်းဝင်းအပြင်ဘက်သို့ ရောက်သောအခါ ညတုန်းက ဝင်ပုန်းခဲ့သောအပင်ကို စူးစမ်းမိသည်။

မန်ကျည်းပင်တစ်ပင် ဖြစ်နေသည်ကို တွေ့ရ၏။ ထိုမန်ကျည်းပင်၏ လုံးပတ်ကိုကြည့်ခြင်းဖြင့် အသက်ကို ခန့်မှန်းရလျှင် နှစ်ငါးဆယ် အထက်မှာ ရှိရမည်ဖြစ်သည်။

"ညှဲသည်ပါလား…ဘယ်သွားမလို့လဲ"





သူ့ကို ရှင်းရှင်းနီးနီး နှုတ်ဆက်လာသောကြောင့် သူ လှမ်းကြည့် မိသောအခါ အသားနီစပ်စပ်နှင့် အမျိုးသမီးတစ်ဦးကို တွေ့ရသည်။

"အိမ်ကို အလည်လာပါဦးလား…အိမ်မှာ မုန့်စိမ်းပေါင်းလေး လုပ်ထားတာ…စားသွားလေ"

သူ ကျေနပ်မိသည်။ တစ်ရွာလုံးမှာ ဤအမျိုးသမီးတစ်ဦးသာလျှင် လူမှုဆက်ဆံရေးကောင်းသည်ဟု ထင်လိုက်သည်။ သို့သော် ယခုမှတွေ့သောလူ၏ အကျွေးအမွေးကို လက်ခံဖို့ဆိုသည်က အနည်းငယ် အရှက်မဲ့ရာကျမည်ဟု တွေးမိသည်။

"ကဲပါ…ညှဲသည်ရယ်…စဉ်းစားမနေပါနဲ့…လိုက်ခဲ့ပါ။ ဟိုဟာက ငါတို့အိမ်လေ"

သူ့ထက် အနည်းငယ်ကြီးပုံရသော အမျိုးသမီးကို သူက အားတုံ့အားနာ ကြည့်မိသည်။

"ရပါတယ်ခင်ဗျ…အားနာပါတယ်။ ကျွန်တော် ရေသွားချိုးမလို့ပါ…ဘုန်းကြီးက ရေပူစမ်းလေးရှိတယ် ပြောလို့ပါ"

"စောပါသေးတယ်…နေမွန်းတည့်မှချိုးတော့ နေရောင်လာချင် လာမှာပေါ့။ ဦးထုပ်တောင်ခြေအထိ သွားရမှာဆိုတော့ ဝေးတယ်လေ။ အိမ်ထဲဝင်နားပါဦးလား…လာပါ"

သူ့ကို မဆွဲခေါ်ရုံတမယ် ပြောနေသောကြောင့် သူ အားနာသွားသည်။ ဆက်ပြီးငြင်းဖို့လည်း စကားမရှိတော့ချေ။ ထို့ကြောင့်ပင် ဒီကို ရောက်လာတဲ့လူထံ စူးစမ်းမေးမြန်းခြင်းထက် ယခုလို ဖော်ရွေသောလူထံ



www.burmeseclassic.com

www.burmeseclassic.com



ရှုးစမ်းမေးမြန်းခြင်းက ပိုထိရောက်နိုင်သည်ဟု အဆင်ပြေသလို ဖြည့်တွေးလိုက်သည်။

ထိုအခါမှ စိတ်က သက်သောင့်သက်သာ ဖြစ်သွားသလို ခံစားရသည်။

"မုန့်စိမ်းပေါင်းတော့ စားဖူးပါတယ်။ ဒါပေမယ့် မြို့နဲ့တော့ အရသာကွာမယ်ထင်ပါရဲ့"

"မုန့်စိမ်းပေါင်းတင်မကပါဘူး…ထမင်းပါ ကျွေးဦးမှာ"

ဖော်ရွေသော အမျိုးသမီးကို တစ်ခဏလေးနှင့် သူ ရင်းနှီးသွားမိသည်။

"လမ်းမကြီးမှာ မိုးတိုးမတ်တတ်နဲ့…လာ…အိမ်ထဲဝင်ခဲ့အောင်"

ဟုဆိုသဖြင့် သူက အမျိုးသမီးနောက် ထပ်ကြပ်မကွာ ပါလာရာ အမျိုးသမီး၏အိမ်ရှေ့သို့အရောက်တွင် သူ့ခြေလှမ်းများက တွန့်ဆုတ်သွားလေသည်။

"လာလေ…ညှိုသည်…ဘာဖြစ်လို့လဲ"

သူ့ကို ခင်မင်၍ ဝမ်းသာသော်လည်း မသိုးမသန့် ဖြစ်သွားသေသည်။

ရွံ့စေးအိမ်လေးကို မဝံ့မရဲ မှန်းကြည့်မိသည်။

အိမ်ထဲတွင် အမျိုးသမီးသုံးဦးကို တွေ့ရသည်။ ထိုအမျိုးသမီးများသည် မောင်းထောင်းရင်းပင် သူ့ထံ လှမ်းကြည့်နေ၏။

"လာပါ…ဝင်ပါ…ငါတို့က မင်းကို ကိုက်မစားပါဘူး"





သူ ထိတ်လန့်သွားသည်။

အဘယ်ကြောင့်ဆိုသော် ထိုအမျိုးသမီး ဦးဆောင်ဝင်သွားသော အိမ်မှာ ညက မီးလုံးသုံးလုံး ထွက်လာသောအိမ်ဖြစ်နေသောကြောင့် ပင်ဖြည်း။

ပြုံးပြုံးရွှင်ရွှင်ပင် နှစ်လိုဆန္ဒဖြင့် လိုက်ခဲ့ပြီးကာမှ အိမ်ရှေ့မှ ညှိုပြန်လို့လည်း မဖြစ်တော့ချေ။ အကယ်၍ မရှိရှိဘာကို အကြောင်းပြပြီး ဉာဏ်နီဉာဏ်နက် သုံးပြန်လျှင်လည်း တစ်ဖက်မှ ရိပ်မိသွားမှာပေသည်။

သူ့အမြင်က ထိုင်နေတော့ အကောင်းသား…ထသွားမှ ကျိုးမှန်းသိဆိုသောအနေအထားမှာ ရှိနေသည်။

ဤအချိန်တွင် သူ သိပ်တမ်းတမိသည်က ဒီ ဖြစ်သည်။

ဒီသာ ယခုချိန်ရောက်လာပါက သူ့ကို အခက်အခဲမှ ဆွဲထုတ်ပေးလိမ့်မည်ဟု မျှော်လင့်သည်။ သို့သော် ယခုနေချိန် ဒီက သစ်ပင်ပေါ်ကောင်းနေမည်ထင်ပါရဲ့။

ပေါက်တဲ့နဖူး မထူးတော့ပြီမို့ လျှော်လဲရာထိုင် အကွက်နင်းသွားမည် ဖြစ်သည်။

"ထိုင်လေ…ညှိုသည်"

ဟုဆိုသဖြင့် မောင်းဆုံအနီးရှိ ကွပ်ပျစ်တွင် သူက ထိုင်သည်။

"ငါက မူဝါး…သူက အဝါ…သူက ခါသာ။ သူက ပြောတဲ့။ ငါတို့အားလုံးက အပျိုတွေပဲ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



တောသူတောင်သားများသည် ရိုးသားပြီး အရှက်အကြောက်ကြီးလိမ့်မည်ဟု သူ ယူဆထားမိခဲ့သည်။ သို့သော် အတွေးနှင့်အမြင် တစ်ထပ်တည်းမကျသောအခါ ကျွံဝင်မိသော ခြေလှမ်းများကို နောင်တရမိသည်။

“ရော့…မုန့်စိမ်းပေါင်းပူပူနွေးနွေးလေး စားလိုက်ဦး။ ခင်လျှာလည်သွားစေရမယ်…နောက်များ မူဝါးတို့အိမ်မှ မူဝါးတို့အိမ် ဖြစ်သွားမယ်…ခစ်…ခစ်”

ကန့်ကလျ ရယ်မောနေသော မူဝါး၏အသံသည် သူ့စိတ်ကို ချောက်ချားစေတာ အမှန်ပါ။

“ကောင်မတွေ ညွှန့်သည်ကိုပဲ ငမ်းမနေကြနဲ့…ခေါင်းလည်း ထောင်းကြဦး…မနက်ဖြန်မနက် ချက်ဖို့ ဆန်မရှိသေးဘူး”

မူဝါးက ခပ်စွာစွာပင် ကျန်သုံးယောက်ကို အမိန့်နှင့်ဆိုပြန်သည်။

“ဒါနဲ့…ညွှန့်သည်က အဆစ်နဲ့အတူ ပါလာတာနော်”

“ဟုတ်ကဲ့”

သူသည် ရောက်တတ်ရာရာပင် ဘာလုပ်၍ ဘာကိုင်ရမှန်းမသိ ဖြစ်ရသည်။ ထို့ကြောင့် မုန့်စိမ်းပေါင်းတစ်လုတ်ကို နှိုက်စားမိပြန်သည်။ သူ့လျှာဖျားပေါ်ရောက်လာသော မုန့်အရသာသည် ထူးကဲလှပါသည်။ ထိုအရသာမျိုး တစ်ခါတစ်ရံမျှ သူ မမြည်းစမ်းဖူးချေ။ တွေးအိုင်နှုးညံ့နေ၏။

“ညွှန့်သည်က ဘယ်နေရာက လာတာလဲ”

“ရန်ကုန်ကပါ”





“ဘယ်လမ်းက ရောက်လာတာလဲ”

“အဆစ်ကတော့ ကျွန်တော့်ကို မလွန်တောင်ခြေက ခေါ်လာ ဘယ်လို့ ပြောတာပဲ”

“မလွန်တောင်ခြေ…ဟုတ်လား”

“ဟုတ်ကဲ့”

ဖြေသာဖြေနေရသည်။ မေးခွန်းအပေါ် အာရုံမရှိချေ။ သူ့အာရုံက မုန့်စိမ်းပေါင်း၌ ရောက်ရှိနေသည်။ ဒီလောက် အရသာကောင်းတာ ဘာနဲ့လုပ်ထားတာလဲ။

“ရှင်…မုန့်စိမ်းပေါင်း သိပ်ကြိုက်တယ်ထင်တယ်။ အားမနာပါနဲ့…စားပါ”

ဟုဆိုကာ မူဝါးက သူ့ထံ မုန့်စိမ်းပေါင်းပန်းကန်ကို ထိုးပေးခြင်း သူက အားတုံ့အားနာ လှမ်းယူပြီး အားပါးတရ စားပစ်လိုက်သည်။

“ဒီလိုမုန့်မျိုးသာ ရန်ကုန်မှာ လုပ်ရောင်းလို့တော့ ခဏလေးနဲ့ ရွှေဖြစ်မှာ သေချာတယ်”

“ရှင်သာ ကူညီနိုင်မယ်ဆိုရင် ငါက ဒီလိုမုန့်ထက် ကောင်းတာ အောင် လုပ်ပေးနိုင်ပါတယ်”

“ကျွန်တော်က ဘာကူညီရမှာလဲ”

“ရှင်လာတဲ့လမ်းကိုပါ…ငါ့ကို ဒီရွာကနေ ခေါ်သွားပေးနိုင်လား”

“ဗျာ”

www.burmeseclassic.com



သူ အံ့သြသွားပြန်သည်။ ဘာသဘောလဲ…ဘာအဓိပ္ပာယ်လဲ။ ဘာကြောင့် သူ့ကို အဲ့ဒီလို ပြောရတာလဲ။

ဒီကလည်း သူ့ကို ထိုစကားနှင့်အလားတူ ပြောဖူးသည်။ ဘာလို့ ရွာသားတွေက ရွာမှ မြို့ကိုသွားတဲ့လမ်းကို မသိရတာလဲ။ ဒါမှမဟုတ် မှူဝါးဆိုတဲ့ မိန်းကလေးက သူ့ကို လက်ထပ်ချင်ကြောင်းကို သွယ်ဝိုက်ပြီး ပြောနေတာလား။

မဖြစ်နိုင်ပါ။ မှူဝါးရဲ့ပုံက သဏှာရာဂကျူးနေပုံမျိုး အလျဉ်း မရှိပေ။ ဒါမှမဟုတ် သူကပဲ လူအကဲခတ်ညံ့တာလား။

"ငါ…ဒီရွာကနေ ထွက်သွားချင်တယ်"

"ဟာ…မဟုတ်တာ…ဒီရွာက ဒီလောက်အေးချမ်းတာကို ကျွန်တော်ကတော့ ဒီရွာလေးမှာ ခုလိုနေရတာ ကြိုက်တယ်။ အပူအပင်လည်း ကင်းတယ်။ ဝမ်းစာတစ်ခုအတွက်ပဲ ရုန်းကန်ကြရတာက ကျေနပ်ဖို့ကောင်းတယ်"

"မင်းက ဧည့်သည်ပဲ…တစ်နေ့ မင်းပြန်ရင် ငါ့ကို ခေါ်မယ်လို့သာ ကတိပေးပါ"

တည်ငြိမ်သောမျက်လုံးများနှင့် တည်ကြည်စွာဆိုလေသောအခါ သူ ထိတ်လန့်သွားသည်။ သူ့ဘဝတွင် အကြောက်ဆုံးကိစ္စသည် အိမ်ထောင်ပြုရမည့်အရေး ဖြစ်သည်။

ယခု မှူဝါး ပြောနေပုံက သူ့ကို အပိုင်သိမ်းတော့မည့်သဘောမျိုး ဖြစ်သည်။ ယောကျ်ားပျိုနဲ့ မိန်းမပျို…ဘယ်လိုမှ မအပ်စပ်ပေ။

"ကျွန်တော် ခေါ်လို့မဖြစ်ဘူး…မှူဝါး…အားနာပါတယ်"





စားထားသော မုန့်စိမ်းပေါင်းအရသာပင် ဘယ်နံကြားညပ်သွားမှန်း မသိတော့ပေ။

"ဘာလို့ ခေါ်လို့မဖြစ်တာလဲ"

သူ ဘယ်လိုဆက်ဖြေရမှန်းမသိတော့ချေ။

"ဧည့်သည်ရယ်…အဆင်ပြေမယ်ဆိုရင် ငါတို့ကိုလည်း ခေါ်သွားပါ။ ငါတို့လည်း မှူဝါးနဲ့အတူ အခြားရွာကို သွားဖူးချင်တယ်"

အဝါဆိုသော အမျိုးသမီး၏စကားကြောင့် တင်းကျပ်မှုတွေ ပြေလျော့သွားသလို ခံစားရသည်။

တစ်ဖက်က ရိုးရိုးသားသားခေါ်သွားရန်ဆိုခြင်းကို သူ့ဘက်က မရိုးမသားတွေးမိတဲ့အတွက် အားနာမိသည်။ ရှက်လည်းရှက်မိသည်။

"ရ…ရပါတယ်…ဒီလို အပွဲ့လိုက်လိုက်မှာဆိုတော့ ပြဿနာ မရှိပါဘူး။ ကျွန်တော်က ထမ်းခေါ်ရတာမှမဟုတ်တာ။ လိုက်ပေါ့… ဒါပေမယ့် တစ်ခုတော့ရှိတယ်။ ဒီရွာကနေ သွားလာတဲ့လမ်း ကျွန်တော် မသိဘူး"

"ငါတို့လည်း မသိလို့ မင်းဆီ အကူအညီတောင်းရတာပါ"

"ဒါဆို ဒီလိုလုပ်ဗျာ…ခင်ဗျားတို့ မလွန်တောင်ထိတော့ သွားတတ်တယ်မဟုတ်လား"

"မလွန်တောင်ဆိုတာ ငါတို့အတွက် နတ်ဘုံနတ်နန်းပဲ။ အဝေးကနေပဲ ငါတို့ ငေးကြည့်ရတဲ့နေရာ…မြင်နေရပေမယ့် ငါတို့ ဘယ်လိုသွားသွား မရောက်နိုင်ဘူး"



www.burmeseclassic.com

www.burmeseclassic.com



ဘာလဲ...။ ဘာတွေလဲ...တိမ်မယောင်နဲ့နက် လွယ်မယောင်နဲ့ခက်ဆိုတာလို ဖြစ်နေသည်။

သူနှင့် ဤရွာသားတွေကြား ဓာပဝါဖြူတစ်ချပ် ခြားထားသလို ခံစားရသည်။ မြင်နေရပါလျက်နဲ့ သွားလို့မရတဲ့နေရာ လောကမှာ မရှိဘူးဟု သူ သိထားသည်။

"ခင်ဗျားတို့ကလည်းဗျာ...မဟုတ်တာ...မြင်နေရင် သွားလို့ ရရမှာပေါ့"

"မင်း ဘယ်တော့ပြန်မလဲ...ဧည့်သည်"

"ကျွန်တော့်နာမည် ဘလက်ဟိုးပါ...ဘလက်လို့ ရင်းရင်းနှီးနှီးခေါ်လို့ ရပါတယ်"

"မင်း အခု ဒီတို့၊ ဖိုက်တို့နဲ့ ဘုန်းကြီးကျောင်းမှာနေတာနော်"

"ဟုတ်ပါတယ်"

"သူတို့က ငါတို့အကြောင်း မင်းကို ဘာများပြောထားသေးလဲ"

"အမှန်ပြောရရင် သည်ရွာအကြောင်း ကျွန်တော် မသိတာတွေ တော်တော်များတယ်။ ညက ကျွန်တော်..."

စကားကို လက်လွတ်စပယ်ပြောရန် ကြံပြီးကာမှ အဆစ်နှင့် ဒီ၏စကားကို ကြားယောင်မိကာ အချိန်မီထိန်းချုပ်လိုက်ရသည်။

အကယ်၍ စုန်းပညာသာ တကယ်ရှိရိုးမှန်လျှင် စုန်းမတစ်ဦးရေ့ ထိုသို့ပြောမိပါက သူ အနေချောင်လိမ့်မည်မဟုတ်ပါ။ ထိုရွာ၊ စုန်းကဝေ၊ ရွာသူရွာသားများနှင့် နေသားမကျသေးသော်လည်း သူနှင့်





ဘူးရှနော်ကို ပေါင်းကူးပေးခဲ့သောစာအုပ်ကြောင့် တစ်သားတည်းဖြစ်အောင် ကြိုးစားကြည့်လို့ရတဲ့ ဗဟုသုတက သူ့မှာ ရှိနှင့်နေပြီးသား။

ထို့ကြောင့် မည်သည့်အရာကိုမှ မယုံကြည်ချင်သော်လည်း ယုံရတော်ခက်ပင် ယုံကြည်ဖို့ ဆုံးဖြတ်မိလေသည်။

"ညက ဘာဖြစ်သလဲ"

အမှန်က စုန်းမီးလုံးတွေအကြောင်း ပြောပြီး စကားနိုက်ဖို့ ညှိရှယ်ခြင်း ဖြစ်သည်။ သို့သော် ကျားရှေ့မှောက်လျက်လဲဖြစ်သွားအစိုး၍ မုန့်စိမ်းပေါင်းကိုသာ ဆက်စားမိသည်။

"ဘာမှမဖြစ်ပါဘူး...ရာသီဥတုက အေးတော့ ညကတည်းက အိပ်လိုက်တာ မနက်မှ တစ်ရေးနိုးတယ်လို့ ပြောမလို့ပါ"

"ဪ..."

သူ့စကားကြောင့် အမျိုးသမီးလေးဦးမှာ သက်ပြင်းကိုယ်စီချလိုက်ကြ၍ သူ့စိတ်ထဲ မသိုးမသန့် ဖြစ်သွားသည်။

"ခင်ဗျားတို့နာမည်က ထူးဆန်းတယ်နော်။ တစ်မျိုးလေးတွေ...ခင်ဗျားတို့က ညီအစ်မတွေလား"

"မဟုတ်ပါဘူး...မိပြာနဲ့အဝါပဲ ညီအစ်မပါ။ သူတို့နှစ်ယောက်က ငါ့ကို မောင်းလာထောင်းကူတာ။ ဒါက ငါ့ အိမ်လေ...အဝါနဲ့ ခါသာတို့အိမ်က ဟိုရှေ့နားလေးမှာ"

"ဪ..."

"ရေနွေးသောက်ပါဦး"

ခါသာဆိုသောအမျိုးသမီးသည် ပြောပြောဆိုဆိုပင် သူ့ပန်းကန်



www.burmeseclassic.com

www.burmeseclassic.com



ထဲ ရေနွေးကရားထဲမှ ရေကို ငှဲ့ပေးသည်။

ထိုအထဲတွင် လက်ဖက်ခြောက်များပါနေ၏။

ရေနွေးရန့်သည် သင်းထုံနေသောကြောင့် သူသည် ရေနွေးခွက်ကို လှမ်းယူသည်။

သောက်ဖို့ကြံနေဆဲမှာပင် ရေနွေးခွက်ကို ငုံ့ကြည့်မိ၏။

"ဟင်…"

လက်ဖက်ခြောက်များသည် လက်ဖက်ရည်ပန်းကန်ထဲ၌ စိစိရိုး ထောင်နေလေသည်။

"ဘယ်လိုဖြစ်တာလဲ"

သူက တအံ့တဩဆိုသောအခါ ခါသာက မျက်စိမျက်နှာပျက် သွား၍ သူ့စိတ်ထဲ ထိတ်ခနဲ ဖြစ်သွားပြန်သည်။ တစ်ခုခုတော့ တစ်ခုခု ပဲဟု တွေးမိသော်လည်း မသိချင်ယောင်ဆောင်ကာ ရေနွေးကို ငုံသောက်လိုက်လေသည်။

"ရွာက တိတ်ဆိတ်နေတာပဲ…လူတွေ နည်းတယ်ထင်တယ်"

"မနည်းပါဘူး…တောထဲသွားကြတဲ့လူနဲ့ လယ်ထဲဆင်းကြတဲ့ လူနဲ့ဆိုတော့ လူတွေ ပြန့်နေလို့ပါ"

"စုစုပေါင်းလူဦးရေ ဘယ်လောက်ရှိမလဲ"

"ဖိုက်ကို မေးပါ။ ဖိုက်တော့ သိမှာပေါ့"

"သြော်…အဲ…ဒါနဲ့ မမှုဝါးက တစ်ယောက်တည်းလား"

"မှုဝါးရဲ့အဖေက မုဆိုးလေ…ရွာထဲ တစ်လနေမှတစ်ခါ လောက် ပြန်တာ…ဘာလဲ…ညီ့သည်…အဲ…ဘလက်ဟိုး။





မှုဝါးကို ကြိုက်လို့လား။ သူက အပျိုကြီးနော်…အသက်နှစ်ဆယ့်သုံး နှစ်ရှိသွားပြီ"

"ဗျာ…နှစ်ဆယ့်သုံးနှစ်"

သူ အံ့အားသင့်သွားသည်။ မှုဝါးသည် ရှက်ကြမ်းရေကို အမျိုး အစားထဲပါသည်။ ပါးလျသောဆံပင်ကို ဆီလိမ်းပြီး ထုံးဖွဲ့ထားသဖြင့် နှစ်ဆယ့်သုံးနှစ်ဆိုတာ ဘုရားစူးကျိန်ပြောလျှင်ပင် ယုံဖို့ ခပ်ခက်ခက်။

"ဘလက်ဟိုးရော အသက်ဘယ်လောက်ရှိပြီလဲ"

"ကျွန်တော်က နှစ်ဆယ့်လေးနှစ်ပါ"

"အိုး…ဒါဆို မိန်းမ ရပြီးပြီပေါ့"

"ဟာ…မဟုတ်ပါဘူး…မရသေးပါဘူး"

သူက တူးတူးခါးခါးငြင်းလျှင် မျက်လုံးများစွာက အရောင် ပြောင်းသွားလေသည်။ ယောကျ်ားတို့ရဲ့ မရိုးမသားစိတ်ကို မိန်းမတို့က အလွယ်တကူ ခံစားသိမြင်နိုင်သလို မိန်းမတို့ရဲ့ မရိုးမသားစိတ်ကို လည်း ယောကျ်ားတို့က ခံစားသိမြင်နိုင်၏။

ထို့ကြောင့် သူသည် ဤနေရာ၌ ကြာကြာမနေသင့်တော့ဘူး ဆိုတာ သဘောပေါက်လာသည်။

"ကဲ…မုန့်လည်းစားလို့ကောင်းတယ်။ ရေနွေးကြမ်းလည်း သောက်လို့ကောင်းတယ်။ အချင်းချင်းလည်း ရင်းနှီးသွားပြီဆိုတော့ ဒီနေ့တော့ ကျွန်တော့်ကို ပြန်ခွင့်ပြုပါဦး"

"နေပါဦး"

သူသည် ပြောပြောဆိုဆိုပင် ထပြန်ပြုသော်လည်း ထမရနိုင်



www.burmeseclassic.com

www.burmeseclassic.com



အောင် ဖြစ်နေသည်။ နေပါဦးဆိုသောစကားကြောင့် နေနေခြင်းမဟုတ် သော်ငြား ကြမ်းခင်းနဲ့ကပ်နေသော တင်ပါးကို ခွာမရနိုင်အောင် ဖြစ်လေသည်။

"မင်းကို ငါတို့က သွားလို့ မပြောမချင်း မင်း ဒီကနေ ထလို့မရဘူး ဘလက်ဟိုး"

မှုဝါးဟုအသံသည် အနည်းငယ် မာရည်ကျောရည်နိုင်လာသည်။ အမိန့်ဆန်သော ထိုအသံကို သူ မကြိုက်ပါ။ ထို့ကြောင့် အားရှိအားကုန် ရုန်းထမိသည်။ သို့သော် ကြမ်းပြင်ပေါ်မှ တင်ပါးသည် ကွာ၍မရနိုင်ပေ။

ဘာဖြစ်တာလဲ...။ သူ ဘာဖြစ်နေတာလဲ။

ရုန်းလေ အားကုန်လေဖြစ်ရပြီး ချွေးစေးများပင် ထွက်စပြုလာသည်။ လန့်လည်းလန့်မိသည်။

လရှူးရှနော်စာအုပ်ထဲ၌ ဖတ်လိုက်သည် မိန်းကလေးအိမ်သို့ သွားလည်ရာ မိန်းကလေးက မပြန်စေချင်သေးဘဲ ပြန့်ဖို့ထလိုက်သော အခါ တင်ပါးကွာမရဘဲဖြစ်နေသည်ဟု ရေးထားသည်။

ဘုရား...ဘုရား...မှုဝါးက တာကယ်ပဲ စုန်းမလား...။

တကယ်ပဲ စုန်းအတတ်တွေ တတ်နေတာလား...။

ငါ ဘယ်လိုလုပ်ရမလဲ...ဘယ်လိုလုပ်ရမလဲ...။

"ဘလက်ဟိုး...ရှင် ဒီမှာ ဘာလုပ်နေတာလဲ"

စူးရှသောအသံတစ်ခု ဖြစ်သည်။ လှည့်ကြည့်စရာပင်မလိုပါ။ အဆစ်မှန်း သူ တန်းပြီးသိလိုက်သည်။





"အဆစ်..."

"ရှင်...ဒီမှာ ဘာလုပ်နေတာလဲ"

အဆစ်သည် ပြောပြောဆိုဆိုပင် အိမ်ထဲသို့ တစ်လှမ်းချင်း လှမ်းဝင်လာသည်။

အဆစ်သည် သူ့ကိုသာ မေးခွန်းထုတ်နေသော်လည်း အကြည့်သည် မှုဝါးတို့လေးဦးထံမှ မခွာပေ။

မှုဝါးတို့နှင့်အဆစ်သည် အကြည့်ချင်းအားပြိုင်၍နေသည်။ သူ့လက်ဖျံတွင် ကြက်သီးမွေးညှင်းပင် ထောင်ထကုန်သည်တိ အသည်းထဲအေးစိမ့်သွားလေသည်။

"လာလေ...ထ...သွားမယ်"

အဆစ်သည် ပြောပြောဆိုဆိုပင် သူ့ပခုံးကို ပုတ်နိူးလိုက်သည်။ သူ့တစ်ကိုယ်လုံး ပေါ့ပါးလန်းဆန်းသွားသလို ခံစားလိုက်ရ၏။ အဆစ် ဘာလုပ်လိုက်တာလဲ...သူ့ကို အဆစ်က ဘာလုပ်လိုက်တာလဲ။

အဆစ်သည် သူ့ကို ရင်းရင်းနှီးနှီးပင် ဆွဲထူလေသည်။

ထိုအခါ လေးပင်နေသော သူ့တင်ပါးသည် ပေါ့ပါးစွာပင် ကြမ်းပေါ်မှ ကွာလာသည်။

"ဘလက်ဟိုး...နောက်လည်း ငါတို့အိမ်လာလည်နော်... မင်း သိချင်တဲ့အကြောင်းအရာတွေ ငါတို့ မင်းကို ပြောပြနိုင်တယ်"

မှုဝါး၏အသံက ခနဲ့သဲ့သဲ့ ဖြစ်လေသည်။ ထိုစကားမှာ သူ့ကို ပြောဆိုနေသည်ဟု မခံစားရဘဲ သူ့နာမည်တပ်ကာ အဆစ်ကို နှိုးခေါ်နေသည်ဟု ထင်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ရွာတည်းသားချင်းတွေဖြစ်ပါလျက်နဲ့ အဆစ်နှင့်မူဝါးတို့၏ ဆက်ဆံရေးမှာ စိမ်းနေသည်ဟုထင်သည်။ ရွယ်တူအပျိုသင်းများသည် ယခုလို နွေးထွေးမှုမရှိခြင်းက ရွာလေ့အရ သိပ်တော့ သဘာဝမကျလှပါ။

"ရှင့်ကို ဒီက ဘုန်းကြီးကျောင်းထဲကနေ မထွက်ဖို့ မှာမသွားဘူးလား"

"ငါ ရေချိုးမလို့ ထွက်လာတာပါ။ အဖော်ခေါ်ရအောင် ဒီလည်း ထင်းသွားခုတ်တယ်။ ဖိုက်ကိုလည်း ရှာမတွေ့ဘူး"

"တစ်ညလုံး ကင်းလှည့်ထားရတော့ ဖိုက်က ခုချိန်အိပ်နေမှာပေါ့…ကဲ…ထားပါ…အခု ရှင် ရေချိုးမလို့မဟုတ်လား"

"ဘုန်းကြီးက ရေပူစမ်းရှိတယ်လို့ ပြောတယ်"

"လာ…ရှင့်ကို ကျွန်မ လိုက်ပို့ပေးမယ်"

မိန်းမလှလေးတစ်ယောက်နှင့်အတူ သွားရမှာမို့ ရှက်နေသလို ခံစားရသည်။

"ရပါတယ်…မသွားတော့ပါဘူး…ဒီ…လာမှပဲ"

"ရှင်…နောက်ဆို အဲဒီအိမ်ထဲ ဘယ်တော့မှမဝင်ပါနဲ့"

အဆစ်သည် သူ့စကားကို ဆုံးအောင်နားမထောင်ဘဲ ပြောချင်သောစကားကိုသာ ဖြတ်ပြောလေသည်။

"အဆစ်"

"ပြောပါ"

"ကျွန်တော် နားမလည်တာ အများကြီးကို မင်း ကျွန်တော့်ကို





ရှင်းပြပေးလို့ရမလား"

"ရှင်းမပြဘဲထားရင် ပိုရှုပ်ကုန်မယ်ဆိုတာ ကျွန်မ နားလည်လိုက်တယ်။ ဒါကြောင့် ရှင့်ကို တချို့တစ်ဝက် ပြောပြဖို့ ကျွန်မ စိတ်ကူးရပြီး လာခဲ့တာပဲ"

"ညကလေ…ကျွန်တော်"

"ဒီရဲ့စရိုက်ကို ကျွန်မ သိတယ်။ ရှင့်ကို ဒီနဲ့အတူထားရင် မမြင်သင့်တာတွေ မြင်ရတော့မယ်ဆိုတာ ကျွန်မ သိတယ်။ ရှင် ဘာမြင်ခဲ့သလဲဆိုတာ ကျွန်မ မသိပေမယ့် ရှင် မြင်ခဲ့တာတွေကို ရှင့်စိတ်က လက်ခံဖို့ ကျွန်မ ဆုတောင်းတယ်။ အကယ်၍ မယုံကြည်စိတ်ကြောင့် မကြောက်မရွံ့ စူးစမ်းမယ်ဆိုရင် ရှင်ပဲ ဒုက္ခရောက်လိမ့်မယ်"

"စုန်းကဝေဆိုတာ တကယ်ရှိတယ်ပေါ့"

"ရှင့်အနေနဲ့ ယုံရခက်လိမ့်မယ်ဆိုတာ ကျွန်မ နားလည်တယ်။ ဒါပေမယ့် ရှင် ယုံလိုက်ပါ။ ဘာလို့ ယုံဖို့ပြောသလဲဆိုရင်တော့ ရှင့်ကို ချိမ်လို့ပါ"

"ကျွန်တော့်ကို စိုးရိမ်တယ်"

"ဟုတ်တယ်…တစ်သက်တာမှာ တစ်နေ့ တစ်မနက်ဆုံရခြင်းကလည်း ရေစက်ပဲ…ရေစက်ပါလို့ ရှင်က လရှူးရှနော်ကို ရောက်လာခဲ့ပြီပဲ။ ကျွန်မတို့က စောင့်ရှောက်ရမှာပေါ့"

"ဒါ…ဘယ်နေရာလဲ အဆစ်"

"မလွန်တောင်အနောက်ဘက်ခြမ်းပဲ"

"ရွာက ဘာလို့ ခုလိုတွေ ဖြစ်နေရတာလဲ"

www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဖတ်ဖူးတဲ့စာအုပ်မှာ ရေးထားတာတွေအားလုံးက အ တွေပဲ ဘာလက်ဟိုး"

"ဟင်"

"ကျွန်မရဲ့အဘက ပုံပြင်တစ်ပုဒ် အမြဲပြောပြလေ့ ရှိတာ ဦးသောင်းကြည်အကြောင်းပေါ့"

"ဦးသောင်းကြည်…ဟုတ်လား"

"တစ်နေ့မှာ အဲဒီပုဂ္ဂိုလ်ရယ်…ဦးလဂျားဆိုတဲ့ ကချင် တစ်ယောက်ရယ် ကျွန်မတို့ရွာကို မျက်စိလည်ပြီး ရောက်လာ တယ်"

"ဦးလဂျား…ဟုတ်လား…ဦးလဂျားကို မင်း သိနေတာ

သူ မှင်တက်သွားသည်။ ယုံချင်စရာကောင်းတဲ့ကိစ္စမဟုတ် လည်း ယုံမိသွားသည်။ အဆစ်ရဲ့မျက်လုံးတွေက လိမ်ညာမည့် ၍ ဖြစ်သည်။

"ငါ…ဦးလဂျားနဲ့…"

"ကျွန်မ သိပါတယ်။ ဒဏ်ရာကြောင့် ရှင် အိပ်ပျော်နေ ဦးလဂျားကို ခဏခဏ အော်ခေါ်နေတယ်"

အခြယ်အသကင်းသော အဆစ်သည် စကားကို ခပ်ဖြတ် ပြောတတ်သောကြောင့် မျက်နှာသည် အနည်းငယ် တင်းထန်မာ သယောင် ရှိ၏။

"စာအုပ်ထဲမှာလည်း အဲဒီလိုပဲ ရေးခဲ့တယ်မဟုတ်လား"

မှန်ပါသည်။ သူ ဖတ်ခဲ့သောပုံပြင်သည် လူနှစ်ဦး လရှာ





ရှာကိုရောက်သည်နှင့် စဖွင့်၏။ ပြီးနောက် စုန်းအမျိုးမျိုးအကြောင်းကို တစ်ခန်းရပ် ရေးသားခဲ့သည်။

"ဒါဆို…မင်း အဲဒီစာအုပ်ကို ဖတ်ဖူးတယ်ပေါ့"

"ဦးလဂျားအိမ်ကို ရှင့်ထက် ကျွန်မ ခုနစ်ရက်စောပြီး ရောက်ခဲ့ တယ်"

"ဟင်…ဒါဆို…မင်းက…မင်းက"

"ဟုတ်တယ်…ကျွန်မ အဲဒီဝက်ပါပတ်လမ်းတွေကို ကျွန်မ သွားနိုင်တယ်။ ရှင် ရောက်မလာခင်အထိပေါ့"

"ဟင်"

ဒါဆို တကယ်ပဲပေါ့…။

ရွာထဲ၌ စုန်းအတတ်ပညာ တစ်ဖက်ကမ်းခတ် တတ်မြောက်ကြ သူများ၍ ရှေးလူကြီးများက လရှူးရှနော်ကို ထွက်ပေါက်မရှိတဲ့မြို့အဖြစ် ဖန်တီးခဲ့သည်ဟု ဆိုလေသည်။ စာရေးသူသည် ထိုထွက်ပေါက်မရှိ၊ လမ်းမရှိသော လရှူးရှနော်ကို ဝက်ပါရွာဟု တင်စားခဲ့လေသည်။

"ကျွန်တော် ရောက်မလာခင်အထိ ဟုတ်လား"

"အင်း…ဟုတ်တယ်၊ ရှင် ရောက်မလာခင်အထိ ဒါတွေ ထားပါ။ ဒါက ရှင် တဖြည်းဖြည်းချင်း နားလည်လာမှာပါ"

"ကျွန်တော် အခုပဲ သိချင်တယ် အဆစ်…နေပါဦး… ကျွန်တော် သိသလောက်တော့ လရှူးရှနော်ရွာသားမှန်ရင် ဒီရွာထဲက နေ အပြင်ကို ထွက်လို့မရဘူးလို့ ပြောထားတယ်။ မင်းက လရှူးရှနော် ရွာသား မဟုတ်လို့လား"

www.burmeseclassic.com



"လပြည့်နေ့ဆို ထွက်လမ်းဖွင့်တယ်ဆိုတဲ့ လျှို့ဝှက်ချက်ကို ကျွန်မအဘိုး ရှာတွေ့ခဲ့တယ်"

"ဟင်…ဒါဆို မင်းရဲ့အဘိုးက စာအုပ်ထဲက ဦးလောင်အိုက်ကြီးပေါ့"

"ဟုတ်တယ်…ကျွန်မအဘိုးကြောင့် ဦးလဂျားနဲ့ဦးသောင်းကြည်တို့ ဌာနေပြန်သွားခဲ့ရတာပဲ။ ဒါပေမယ့် အဲဒီအတွက် ကျွန်မအဘိုး သေပေးခဲ့ရတယ်။ ကျွန်မအဘက အဲဒီလမ်းကို သိထားပေမယ့် ကြောက်စိတ်ကြောင့် အသုံးမပြုခဲ့ဘူး။ အသုံးပြုခဲ့လို့ တစ်စုံတစ်ယောက် မြင်သွားရင် ရွာရဲ့စည်းတွေ ကျိုးကုန်မှာလည်း စိုးရိမ်ခဲ့တယ်"

"ဒါဆို…မင်းက အဲဒီလမ်းကို သုံးပြီး အပြင်သွားနေတာပေါ့ ဟုတ်လား"

"ကျွန်မမှာ မလွဲသာတဲ့ကိစ္စလေးတွေ ရှိနေလို့ပါ။ ပြီးတော့ အဲဒီလမ်းကို ကျွန်မ မတော်တဆ တွေ့ခဲ့တာ။ ပြီးတော့ အဲဒီကို လပြည့်ညမှ သွားလို့ရတယ်"

အဆစ်က ထိုသို့ပြောသောအခါ လပြည့်မှ သူ ပြန်လို့ရမယ်ဆိုသောစကားကို ကြားယောင်မိလာသည်။

"ဒါဆို မင်း အပြင်သွားနေတာကို ဘုန်းကြီးလည်း သိနေတာလား"

"ရှူး…တိုးတိုးပြောပါ၊ မကြာခင် နေမွန်းလွဲတော့မယ်။ အဲဒီအချိန်ဆို ဒီကိစ္စနဲ့ပတ်သက်ပြီး ဘာမှမပြောမိပါစေနဲ့။ ရှင်…ခုနက မူဝါးတို့ကျွေးတာ ဘာစားခဲ့သေးလဲ"





"မုန့်စိမ်းပေါင်းနဲ့ ရေနွေးကြမ်း"

"ဘာမုန့်စိမ်းပေါင်း…ဟုတ်လား"

"အင်းလေ…ဘာဖြစ်လို့လဲ"

သူက ထိုသို့ဆိုသောအခါ အဆစ်သည် သူ့လက်ကို ဆတ်ခနဲ ဆုပ်တိုင်လိုက်သည်။ ပြီးနောက် နောက်ကြောင်းပြန်လှည့်ကာ ဘုန်းကြီးကျောင်းသို့ ဆွဲခေါ်လာသည်။

"ဖိုက်…ဖိုက်"

အဆစ်အသံက ကျယ်သွား၍ တရားထိုင်နေသော ဘုန်းကြီး အတွက် အနှောင့်အယှက် ဖြစ်သွားမည်ကို သူ စိုးရိမ်မိသည်။

"ဖိုက်"

အဆစ် နောက်တစ်ကြိမ် ခေါ်လိုက်သောအခါ ဖိုက်သည် သူ့နောက်နားမှ ပေါ်လာသည်။

"ဘာလဲ…အဆစ်"

"သူ့ကို သွေးစမ်းလိုက်ဦး…ဖိုက်…သူ…သူ…မူဝါးရဲ့ မုန့်စိမ်းပေါင်းတွေ စားလာခဲ့တယ်။ ပြီးတော့ လက်ဖက်ရည်"

"ဟင်"

ဖိုက်သည် ထိတ်ထိတ်လန့်လန့်ပင် သူ့ကို မြေပြင်ပေါ်၌ ဆွဲထိုင် ကာ သူ့လက်ကောက်ဝတ်ကို စမ်းလေ၏။

ဘာတွေလဲ…ဒီအကြောင်းအရာသည် စာအုပ်ထဲမှာ မပါသဖြင့် ဘာလုပ်နေမှန်း သူ မသိပေ။

"သူ မိထားပြီ အဆစ်…နေဦး…မင်းကို ရေနွေးကြမ်းက



www.burmeseclassic.com

www.burmeseclassic.com



ဘယ်သူ ၄င့်တိုက်တာလဲ"

"ခါသာပါ"

"ခါသာ...ဟုတ်လား"

"ခါသာ ရေနွေးကြမ်းက ထူးဆန်းတယ်။ လက်ဖက်ခြောက်ရိုး တွေအားလုံး စီစီရီရီ ထောင်လျက်ကလေးတွေ"

"သူ့ကို ငါတို့ စည်းချမှဖြစ်မယ် အဆစ်"

သူ့စကားအဆုံးတွင် အဆစ်ရောဇိုက်ပါ ပျာပျာသလဲဖြစ်သွား၍ သူ ထိတ်လန့်သွားသည်။ သူ အန္တရာယ်တစ်ခုခုနှင့် ကြုံရတော့မည် ထင်ပါရဲ့။

"နေပါဦး...နေပါဦး...ကျွန်တော် နားလည်အောင်လည်း ရှင်းပြကြပါဦး"

သူထိုင်နေသောနေရာကို စည်းဝိုင်းကြီးတားနေသော ဇိုက်ကို သူက ပြောလိုက်ခြင်းဖြစ်သည်။

"အဆစ်...မင်း သူ့ကို စောင့်ကြည့်ထားလိုက်။ ငါ ဆေးအိတ် သွားယူဦးမယ်"

ဟုဆိုကာ ထွက်သွားသော ဇိုက်ကြောင့် သူက ထိုင်နေရာမှ ထရပ်လိုက်သောအခါ အဆစ်သည် သူ့ဂုတ်ပိုးကို ဖိနှိပ်ထားလိုက်သည်။

"မထနဲ့...ရှင်...ဒီစည်းဝိုင်းထဲကထွက်ရင် ကျွန်မတို့ ရှင့်ကို ကယ်နိုင်မှာမဟုတ်တော့ဘူး"

"မဟုတ်သေးပါဘူးကွာ...မဟုတ်သေးဘူး...ကျွန်တော့်ကို





...ည်း ရှင်းပြပါဦး။ ကျွန်တော်က ဘာဖြစ်နေတာလဲ"

"ရှင် အပင်းမိထားပြီ...ဘလက်ဟိုး"

"ဟင်...အပင်း...ဟုတ်လား"

စည်းကို ဘာကြောင့်ချနေမှန်းမသိပေမယ့် အပင်းကိုတော့ သူ ...သည်။ ပြုစားထားသောအစာကို သူ စားမိပြီ ဖြစ်၏။ ဒါဆို ...တာ စုန်းမပေါ့။

"ခါသာက စုန်းတတ်လိမ့်မယ်လို့ လုံးဝ မထင်ခဲ့တာ ...ာပဲ"

"ဘာ...ခါသာက စုန်းတတ်တယ်...ဟုတ်လား"

"လက်ဖက်ခြောက်လေးတွေ ထောင်နေတယ်ဆိုတာ ရှင့်ကို ...ပြုစားနေတာ"

"ဟင်"

"နောက်ဆို ရှင် မှတ်ထားပါ။ ဒီရွာထဲက လူတစ်ယောက် ...က်နဲ့ ရှင် စကားပြောတော့မယ်ဆိုရင် သူတို့မျက်လုံးကို ရှင် ...သေချာချာ ကြည့်ပါ။ သူတို့ရဲ့မျက်ဆန်ထဲမှာ ရှင့်ပုံရိပ်က ...က်ထိုးပေါ်နေမယ်ဆိုရင် ဝေးဝေးရှောင်ပါ။ သူတို့က စုန်းအတတ် ...တတ်ထားပြီ။ ရှင့်ကို သူတို့ ပြုစားလိမ့်မယ်"

"ဟင်..."

သူ ကြောက်သွားသည်။ ထိုကြောက်စိတ်ကြောင့်ပင် အပင်းဝင် ...ည်ဟုဆိုသော သူ့ဗိုက်ထဲတွင် နာကျင်လာသလို ခံစားရ၏။

"ရှင် တင်ပျဉ်ထိုင်လိုက်ပါ"



www.burmeseclassic.com

www.burmeseclassic.com



အဆစ်အသံသည် ရေးကြီးသုတ်ပျာနိုင်လှပါသည်။ ထို့ကြောင့် သူ မိထားသောအပင်းသည် စိုးရိမ်ရမည်ဟု ခန့်မှန်းမိလေ၏။ မကြာ ခင်မှာပင် ဖိုက်သည် လွယ်အိတ်တစ်လုံးနှင့် ပြန်ရောက်လာ၏။

ဖိုက်သည် သူ့မျက်လုံးကို စိုက်ကြည့်လေသည်။

သူသည် လူတစ်ယောက်နှင့် မျက်လုံးချင်းဆုံတိုင်း ဘယ်သော အခါမှ သူက အရင်မျက်လွှာမချတတ်သော်လည်း ဖိုက်အကြည့်များ ကိုတော့ ရှောင်လွှဲချင်သည်။

"ငါ့မျက်လုံးကိုပဲ စိုက်ကြည့်နေပါ ဘလက်ဟိုး"

ဟုဆိုသဖြင့် သူက ဖိုက်ကိုသာ အားယူပြီး စိုက်ကြည့်မိသည်။ ဖိုက်ကို ကြည့်နေရင်းပင် ကိုယ်ခန္ဓာထဲ အင်အားတွေ ကုန်ဆုံးလာသလို ခံစားရသည်။ ပြီးနောက် ဖိုက်၏မျက်ဝန်းအိမ်ထဲ၌ သူ့ပုံရိပ်ကို သူ ရှာမတွေ့ပေ။

ခါးကိုဖက်ကာ ထိုင်နေမိသော်လည်း သူ့ကိုယ်ခန္ဓာအပေါ်ပိုင်း သည် ထမ်းမနိုင်လောက်အောင် လေးပင်လာသည်။ သူ ဘာဖြစ်နေ တာလဲ...ဘာဖြစ်သွားတာလဲဟု သူ့ကိုယ်သူ သတိပေးနေသည့်ကြား မှ အသိစိတ်တွေက ကိုယ်ထဲမှ ဆုတ်ချည်နှာချည် ကျိုစယ်လေတော့၏။

သူ့ဝိညာဉ်သည် တဖျောက်ဖျောက် ကြွေကျနေသော မန်ကျည်း ရွက်ကြွေများနှင့်အတူ...။



## အခန်း (၇)

သူ မယုံပေ။ အဲဒါ သူ အန်ချလိုက်တဲ့ သူ့ရဲ့ဗိုက်ထဲက အစား အစာတွေတဲ့လား။ ကြည့်ရင်းပင် အော်ဂလီဆန်ချင်လာသည်။

မြင်နေရတာတွေက သွေးသံရဲရဲနှင့် ကြောင်အသေကောင် ဖြစ်သည်။ သွေးတွေက ဘာကြောင့်လဲ...ဘယ်လိုလုပ် အဲ့ဒီလောက် ထိ များနေရတာလဲ...။

ယုံကြည်ဖို့ ခက်ခဲလွန်းလှသည်။

"အဲဒါ...မင်း...မူဝါးနဲ့မို့ပဲ။ သူ့အဘနဲ့တွေ့လို့တော့ ဖိုက်လည်း မင်းကို ကယ်နိုင်မှာမဟုတ်ဘူး"

ဒီ၏စကားသည် သူ့စိတ်ကို ယောက်ယက်ခတ်စေသည့်မှာ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"အဘ…ဟုတ်လား။ အဘဆိုတာက မုဆိုးလိုက်နေတဲ့ သူ့အဖေကို ဆိုလိုချင်တာလား"

"မူဝါးက ဝမ်းတွင်းစုန်း…သူတို့က တစ်မျိုးလုံး တစ်ခွေလုံး စုန်းတွေချည်းပဲ။ သူ့အမေက သူ့ကို မွေးပြီး ငါးနှစ်အကြာမှာ ဆေးဆရာရိုက်လို့ သေသွားတယ်။ အဲဒါကြောင့် သူက ဆေးဆရာတွေကိုဆို အမုန်းဆုံးပဲ။ သူ့အဘကဆို အများပြောကြတာ တိမ်ညွှန့်တောင်စားပြီလို့ဆိုတာပဲ"

"တိမ်ညွှန့်စားတယ်…ဟုတ်လား"

"ငါတို့ စိုးရိမ်နေတာတွေ မှန်နေပြီ…အများပြောသလိုပဲ မူဝါးက ကဝေမ ဖြစ်နေပြီထင်တယ်"

"ကဝေမ…ဟုတ်လား"

"ဒီက ကြောင်တစ်ကောင်လုံးကို မင်း ပါးစပ်ထဲထည့်နိုင်မှတော့ ငါတို့အားလုံး မူဝါးကို သတိထားရတော့မယ်"

ဒီကသာ သူ့အား တစ်ချိန်လုံး ရှင်းပြနေခဲ့ပေမယ့် အဆေစ်နှင့်ဖိုက်မှာမူ တုတ်တုတ်မျှမလှုပ်ပေ။

"မင်းကို မူဝါးက ဘာပြောလိုက်သေးသလဲ"

ဖိုက်သည် သူနှင့် ရင်းနှီးမှုမရှိသော်လည်း အချင်းချင်း မိတ်ဆက်ဖို့ပင်မလိုတော့ပါ။ ဖိုက်ရဲ့မျက်လုံးတွေက ခက်ထန်နေသော်ငြား စိတ်ရင်းကောင်းပုံတော့ရသည်။

"သူ…ကျွန်တော်ပြန်ရင် ကျွန်တော်နဲ့ လိုက်ချင်တယ်လို့ ပြောတယ်"





"အဲတော့ မင်း ဘာပြောလိုက်သလဲ"

"ပထမတော့ သူတစ်ယောက်တည်း လိုက်မယ်ထင်လို့ မသင့်တော်တဲ့အတွက် ငြင်းချင်ခဲ့ပေမယ့် ခါသာတို့ပါ တစ်တွေတစ်မကြီး လိုက်မယ်ဆိုတော့ ကျွန်တော် မငြင်းသာတော့ဘူး"

"ဒါဆို မင်း ခွင့်ပြုလိုက်ပြီပေါ့"

သူ ခေါင်းညိတ်ပြသည်။

ထိုအခါ စိတ်ပျက်လက်ပျက်ဖြစ်သွားသော မျက်နှာသုံးခုကို သတိပြုလိုက်မိသည်။ ဘာလို့လဲ…ဘာက အဲ့ဒီလောက်ထိ စိတ်ပျက်စရာကောင်းသွားတာလဲ။

"မင်း..ဒီကနေ တိတ်တဆိတ်ပြန်သွားလို့ရခဲ့ရင်တောင် သူတို့ မင်းကို ခြေရာခံလို့ရသွားပြီ"

"ဟင်"

"မူဝါး…သူက တကယ်ပဲ ကဝေဖြစ်သွားပြီ"

ဖိုက်၏အသံသည် တီးတိုးညင်သာစွာ ထွက်ပေါ်လာသည်။

"အကယ်၍ မင်းသာ ခွင့်ပြုမိန့်မပေးခဲ့ရင် ငါတို့ တားဆီးနိုင်ဦးမှာပဲ…ရပါတယ်…သူတို့ မင်းကို လုပ်ချင်တိုင်းလုပ်လို့မရအောင် ငါ စီမံလိုက်မယ်"

"အဲဒီလောက်လည်း မစိုးရိမ်ကြပါနဲ့။ မြို့ဆိုတာ ဒီတောလို ယယ်ယယ်မကျဉ်းပါဘူး။ ပြီးတော့ ခေတ်မီတိုးတက်နေပါတယ်။ ဒီလို ကြွအတတ်ဆိုတာ…"

သူ စကားပင်ဆုံးအောင်ပြောမထွက်တော့တဲ့ အဆေစ်၏အကြည့်



www.burmeseclassic.com

www.burmeseclassic.com



စူးစူးအောက်မှာ ငြိမ်ကျသွားလေသည်။ အဆစ်သည် သူ့အား စိတ်ဆိုး စကားမဆိုသော်ငြား မျက်လုံးမှတစ်ဆင့် ပြစ်တင်ပြောဆိုနေပေပြီ ဖြစ်၏။

"ကျွန်မတို့ရွာကို ရှေးလူကြီးတွေက ဘာလို့ ဝက်ပါပတ်လမ်း စီစဉ်ခဲ့သလဲ သိလား…ရှင်တို့လိုလူတွေ ဒုက္ခမရောက်အောင်လို့ စီမံခဲ့တာပဲ…နားလည်လား"

သူ နားမလည်ပါ။ စုန်းကတော့ ထားပါတော့။ သူ ကြုံခဲ့ရပြီမို့ ရှိတယ်ဆိုဦးတော့ ဒီမီးလုံးလေးတွေက ဘာလုပ်လို့ရမှာလဲ။

"ကဝေမတစ်သိုက်သာ ရှင့်နောက်ပါသွားခဲ့ရင် ရှင့်မိသားစု ဘာဖြစ်သွားမယ်ထင်သလဲ"

စုန်းမဆိုတာ ကြောက်စရာကောင်းမှန်း သိသည်။ သို့သော် သူသည် ဗုဒ္ဓဘာသာ မြန်မာလူမျိုးမို့ ကံ-ကံ၏အကျိုးကို ယုံသည်။ ဘုရားရဲ့တရားတော်နဲ့အညီ နေထိုင်လို့တော့ စုန်းမ မဆိုထားနှင့်၊ သဘာဝဘေးဒဏ်အန္တရာယ်ပင် မှုစရာမလိုပေ။

"ကျွန်တော်ကသာ မှန်အောင်နေရင် သူတို့ ကျွန်တော်တို့ကို ဘာမှမလုပ်နိုင်ပါဘူး"

"အေး…ဟုတ်တယ်…မင်း မှန်အောင်နေတာပဲ။ ဒါပေမယ့် သူတို့က ကြောင်သေတစ်ကောင်ကို မှန့်စိမ်းပေါင်းဆိုပြီး မင်းကို ကျွေးတော့ မင်း စားခဲ့ရတယ်မဟုတ်လား။ ဘယ်ကရလာမှန်းမသိတဲ့ သွေးတွေကို ရေနွေးကြမ်းဆိုပြီး တိုက်တော့ မင်း သောက်ခဲ့ရတယ် မဟုတ်လား။ ဒီကြားထဲ သူတို့ ခွင့်မပြုတော့ မင်း ပြန်လို့မရဘဲ





ဒီအတိုင်း ငုတ်တုတ်ထိုင်နေရတယ်မဟုတ်လား…ဟမ်…"

"ဟင်"

ကြောင်သေနှင့်ရေနွေးကြမ်းကို သူ မသိသော်လည်း ထိုအချိန်က သူ့တင်ပါး ကြမ်းမှခွာမရခဲ့သည်ကိုတော့ သူ ကောင်းကောင်း ကြုံတွေ့လိုက်ရပြီ ဖြစ်သည်။

"သူတို့သာ စိတ်ဆိုးဖြတ်ပြီးရင် သူတို့ရဲ့အကြည့်နဲ့တင် မင်းတို့ မိသားစုဘဝ ဖောက်ထိုးမိုးမျှော် ဖြစ်သွားအောင် လုပ်ပစ်နိုင်တယ်။ မင်းနေထိုင်ရာ တစ်ရပ်ကွက်လုံးကိုလည်း မီးလောင်တိုက်သွင်းပစ်နိုင် တယ်။ မင်းကို မကျေနပ်ရင် မင်းအပါအဝင် မင်းနဲ့သက်ဆိုင်သူ အားလုံးကိုလည်း ရှာဖွေ…အမည်တပ်လို့မရတဲ့ရောဂါတွေ ပေးပစ် နိုင်တယ်။ အဲဒါ…စုန်းကဝေတွေရဲ့အစွမ်းပဲ…သိရဲ့လား"

ဒီသည် ဒေါသတကြီးနှင့် စက်သေနတ်ပစ်သလို ဆိုလေသည်။ သူသည် ကြောက်ရွံ့သွားမိသည်။ ဒီရဲ့စကားအတိုင်းသာ မှန်ခဲ့လျှင် သူ အမှားကြီးတစ်ခုကို ကျူးလွန်မိခဲ့ပြီဖြစ်၏။

"အဆစ်…သူ့ကို ဒီလပြည့်ညဆို ပြန်ပို့မှာလား"

"အဲ့ဒီလိုပဲ စဉ်းစားထားတယ်"

"မဖြစ်တော့ဘူးထင်တယ်…သူ ပြန်သွားခဲ့ရင်"

ဖိုက်နှင့်အဆစ်တို့က အပြန်အလှန်ပြောနေကြသည်ကို သူရော ဒီပါ တအံ့တသြ ကြည့်မိကြသည်။

"ဆစ်က ထွက်လမ်းသိနေခြင်းကို ဖိုက်က သိနေသည်ပေါ့"

"အဆစ်…ဖိုက်…မင်းတို့ ဘာတွေပြောနေကြတာလဲ။ ဘာလဲ



www.burmeseclassic.com

www.burmeseclassic.com



အဆစ်က ဝက်ပါထွက်လမ်းကို သိနေတာပေါ့…ဟုတ်လား''

ဒီသည် တအံ့တသြ ဆိုသည်။ ဒီအသံထဲတွင် ဝမ်းနည်းခြင်း…
ပြည့်နှက်နေမှန်း သူ ရိပ်မိသည်။

''သည်အကြောင်းကို ငါတို့ လျှို့ဝှက်မိတဲ့အတွက် စိ…
မကောင်းပါဘူး…ဒီ''

''ဘာလဲ…မင်းတို့က ငါ့ကို မယုံလို့လား။ ငါက စုန်းတ…
နေတယ်ထင်လို့လား''

''မဟုတ်ဘူး…ငါနဲ့ဖိုက်က မင်းကို မယုံလို့မဟုတ်ဘူး''

''ဒါဆို ဘာလို့လဲ… မယုံတာမဟုတ်ရင် အခြားဘာရှိသေး…
လဲ''

ဒီ…ဖိုက်နှင့်အဆစ်တို့သည် မျက်လုံးများဖြင့်သာ စကားပြေ…
နေကုန်ကြသည်။

ထိုတဒင်္ဂအတွင်း၌ ထိုသုံးယောက်၏သံယောဇဉ်ကို သူ နားလ…
သွားသည်။ ထိုသုံးယောက်သည် သိပ်ကိုရင်းနှီးခင်မင်ကြသော သူ…
ချင်းများဟု သူ နားလည်လိုက်သည်။

''ငါ့ကြောင့်ပါ ဒီ…အဆစ်ကို ငါ မပြောခိုင်းတာ…အကယ်…
မင်းက ထွက်လမ်းကိုသိရင် မင်း ဒီရွာက ထွက်သွားမှာစိုးလို့ပါ။ မင်း…
ရုတ်တရက် ရွာက ပျောက်သွားရင် စုန်းတွေအားလုံး မင်းအကြော…
သိချင်လာကြလိမ့်မယ်။ အဲဒီအချိန်ဆို ငါနဲ့အဆစ်ကို အာရုံပါစိုက်လ…
ကြမယ်။ ငါက အရေးမကြီးပေမယ့် ငါ အဆစ်ကို စိုးရိမ်တယ်။ ဒီ…
*ငါ စိုးရိမ်သလိုပဲ မင်းလည်း စိုးရိမ်မယ်လို့ထင်တယ်''*





''ငါက ဘာကိစ္စနဲ့ ရွာက ထွက်သွားရမှာလဲ ဖိုက်…မင်း
မဆိုင်တဲ့ဆင်ခြေတွေ လာမပြောနဲ့''

''မင်းနဲ့ငါ ဒီကျောင်းမှာ အတူနေလာတာ နှစ်နှစ်ခွဲကျော်ပြီ
ဒီ…မင်းအကြောင်းကို ငါ မသိဘဲနေမလား''

''အထင်တွေနဲ့ပဲ ငါ့စိတ်ကို မင်းတို့ ဆုံးဖြတ်တာ မင်းတို့
လွှန်တယ်''

သူ့အထင်တော့ ဖိုက်နှင့်အဆစ်တို့ မလွန်ဘူးဟုထင်သည်။ ဒီက
ဤရွာမှ ထွက်သွားဖို့ စိတ်ကူးရှိမှန်း သူ သိ၏။ ဖိုက်နှင့်အဆစ်က
လည်း ဒီ့စိတ်ကို ကောင်းစွာသိနေ၍ ထိုသို့ ဆုံးဖြတ်သည်ဟု ခန့်မှန်း
မိသည်။

လူ့စိတ်ဆိုတာက အစိုးရလှသည်မရှိပါ။ ရွာမှသွားဖို့ စိတ်ကူး
သော ဒီသည် ထွက်လမ်းကို သိပါက ထွက်ဖို့ မကြိုးစားဘဲနေလိမ့်
မည် မဟုတ်ပါ။

''ထွက်လမ်းကို ဘုန်းကြီးရော သိတယ်မဟုတ်လား''

ဖိုက်နှင့်အဆစ်က မဖြေပေ။ ဖြေချင်ပုံလည်း မရပေ။

သို့သော် တည်တင်းသော မျက်နှာထားက အဖြေကို ပေးလိုက်
ပြီဖြစ်၏။

ဒီ့မျက်ဝန်းထဲ မျက်ရည်ကြည်တွေ ဝေ့ဝဲလာလေသည်။

အင်မတန် ကြံ့ခိုင်သော ကိုယ်လုံးကိုယ်ထည်ကြီးရှိပါလျက်နှင့်
ထိုမျက်ရည်တွေက ဘယ်ချောင်က ပေါ်လာရပြန်တာလဲ။

''ငါ…စိတ်မကောင်းဘူး။ ငါ့ကို မယုံကြည်ကြတဲ့အတွက်



www.burmeseclassic.com

www.burmeseclassic.com



ဝမ်းနည်းတယ်။ လောကမှာရှိတဲ့လူတွေက ငါ့ကို ဘယ်လိုပဲမြင်ပါစေ ကိစ္စမရှိဘူး…ဒါပေမယ့်…မင်းတို့နှစ်ယောက်က ငါ့အပေါ် ဒီလိုတွေးတော့ ငါ စိတ်မကောင်းဘူး"

ဒီသည် ပြောပြောဆိုဆိုပင် နောက်ဆုတ်နောက်ဆုတ်ဖြင့် ထွက်ခွာသွားသည်။

ဒီ ပြောနေသောစကားလုံးက စာကြောင်းတိုသော်ငြား သူ့ရင်ထဲ ထိခိုက်သည်။ ထိုစကားလုံးများကြောင့် ဒီ့ရင်ထဲတွင်ရှိသော ဇိုက်နှင့် အဆစ်တို့နေရာကို သူ သိလိုက်ရသည်။

"မဟုတ်ဘူး…ဒီ…အခု မင်း တွေးနေသလို ငါတို့ မင်းကို တွေးခဲ့တာမဟုတ်ဘူး…မဟုတ်ဘူး…မှားနေပြီ"

သူ အားကျမိသည်။ မင်း တွေးနေသလိုဆိုပါလား။ ဒီ ဘာတွေ တွေးနေသလဲဆိုတာ သူတော့ မသိပေမယ့် ဒီ့အတွေးကို ဇိုက်က သိတယ်ဆိုပါလား။

"ဒီ…နေဦးလေ…ဘယ်သွားမလို့လဲ။ အပြင်မှာ မှောင်နေပြီ… မသွားနဲ့တော့လေ"

အဆစ်က တားနေသည့်ကြားမှ ဒီသည် ပြေးထွက်သွားလေသည်။

ဒီ ထွက်သွားရာနောက်သို့ ဇိုက်သည် ဒုံးစိုင်းလိုက်သွားလေသည်။

အဖြစ်အပျက်က မြန်လွန်း၍ သူပင် မျက်စိလည်သွားလေသည်။

"သူတို့နှစ်ယောက် ကျောင်းအပြင်ဘက်မှာ ဝက်ပါလမ်း





အကြောင်း မပြောဖြစ်ပါစေနဲ့လို့ပဲ ဆုတောင်းရမှာပဲ"

အဆစ်သည် မသိမသာလေး သက်ပြင်းချနေလေသည်။

"ဒီ့ရဲ့စိတ်က သိပ်ကိုနူးညံ့တယ်…ခံစားလွယ်တယ်။ အဲဒါကြောင့် သူ့ကို အဲဒီလမ်းအကြောင်း မပြောခဲ့တာပဲ။ ရွာထဲက အမျိုးတွေက သူ့နားကပ်ပြီး ချွဲမေးရင် သူ စိတ်ပျော့ပြီး ပြောမိလိမ့်မယ်။ စုန်းဆိုတာမျိုးက ခေါင်းမှာ ချိုပေါက်နေတာမှမဟုတ်တာ။ သူ ဘယ်လို ရှောင်လွှဲမလဲ။

"သူ့ကို စိုးရိမ်လို့ မပြောခဲ့တာကို သူက အထင်လွဲသွားပြီ"

"မင်းတို့သုံးယောက်က သိပ်ကို သံယောဇဉ်ကြီးတယ်ထင်တယ်နော်"

"ဒီလိုပါပဲ…ကြီးတယ်သေးတယ်တော့ မရှိပါဘူး"

"ဇိုက်နဲ့ဒီက မိသားစု မရှိဘူးလား"

"မရှိတော့ဘူး…သေကုန်ပြီ"

"ကြာပြီလား"

"ကြာလှပေါ့…ဇိုက်ရဲ့အဘက ဆေးဆရာလေ။ ကာဝေမကို မနိုင်လို့ သေသွားတယ်။ ဆေးဆရာကြီးက ရှုံးတော့ မိသားစုကို ထိတာပေါ့။ ဒါကြောင့် ဇိုက်ကို ဘုန်းကြီးက မွေးစားလိုက်ရတာ။ ဇိုက်ငယ်ငယ်တုန်းက ဇိုက်ဟာ ကာဝေမဝိဇ္ဇာခံယူနေတယ်ဆိုပြီး တစ်ရွာလုံးက ဇိုက်ကို ပယ်ထားကြတာ။ ဒါပေမယ့် ဇိုက်က ဉာဏ်ကောင်းတော့ ဆေးပညာတတ်သွားတယ်။ အဲဒီတော့မှ ရွာသားတွေက ဇိုက်ကို ပြန်အမြင်ကြည်သွားကြတာ"



www.burmeseclassic.com

www.burmeseclassic.com



သူ့ရင်ထဲ ထိရှသွားသည်။ တရားဥပဒေမဲ့လွန်းသည်ကိုလည်း မကျေနပ်ပါ။ မကျေနပ်သည့်တိုင် သူက ဘာလုပ်လို့ရမှာလဲ။ ဒီလိုကိစ္စမျိုးဆိုတာက သက်သေရှာပြီး အကျဉ်းချလို့ရသည့်ကိစ္စ မဟုတ်။

"ဒီကရော"

"ဒီအဘက ဗေဒင်ဆရာ…သူဟောတာတွေက မှန်လွန်းတော့ စုန်းမက ပြုစားလိုက်တာ အပင်းမိပြီး သေတယ်။ မသေခင် ဖုတ်ဝင်နေလို့ တော်တော် ဒုက္ခခံလိုက်ရတယ်။ လူက အသက်ရှင်ပြီး စားသောက်နေပါလျက်ကယ်နဲ့ တစ်ရွာလုံး လူ့ပုပ်နံ့တွေ မခံနိုင်ဖြစ်ခဲ့ရတယ်။ ဘုန်းကြီးတရားပေးတော့မှ မြေမြှုပ်လိုက်ရတော့တယ်။ စုန်းတွေကို လက်စားချေနေမှာစိုးလို့ ဘုန်းကြီးကပဲ ဒီ့ကို ခေါ်မွေးထားတာ။ ဘုန်းကြီးက ဒီ့ကို ဒီကျောင်းကြီး အမွေပေးမယ်ထင်တာပဲ"

အမွေပေးမယ်ဆိုတော့ ဒီက ဘုန်းကြီးဝတ်တော့မယ်ဆိုတဲ့ သဘောပေါ့။ ဒီပြောတော့ ဒီနှင့်စိုက် တစ်ယောက်ယောက်ဟု သိရသည်။ သို့သော် အခုစ်စကားအရ ဒီဖြစ်ဖို့က ရာခိုင်နှုန်းများနေ၏။

"ဘုန်းကြီးလည်း ဒါပဲစိတ်ပူနေတာ။ သင်္ကန်းမခြုံခင် ဒီ တစ်ခုခုဖြစ်မှာစိုးတယ်။ ဒီ့စိတ်ကို ခန့်မှန်းပုံအရ အငြိုးအာဃာတတွေ မထားတတ်ပေမယ့် ပြုစားခံရမှာကို ကြောက်နေတယ်"

"သည်တစ်ရွာလုံးက စုန်းချည်းပဲလား"

"ဒါတော့ ကျွန်မ အတတ်မပြောနိုင်ဘူး။ ဒါပေမယ့် အစွမ်းထက်တဲ့စုန်းတွေ အများကြီးရှိတယ်ဆိုတာတော့ ပြောနိုင်တယ်"

"ငါ…အဲဒီ့စုန်းတွေ ပျော်မြူးတဲ့အချိန်ကို တွေ့ချင်တယ်





အခုစ်"

"မတွေ့ချင်လည်း တွေ့ရမှာပါ။ မကြာခင် လကွယ်တော့မှာ ပဲ…လကွယ်ညမှာ သူတို့တွေ မြူးလိမ့်မယ်။ ဒါပေမယ့် ရှင် အမကြည့်ပါနဲ့လို့တော့ တားချင်တယ်"

"မင်းရဲ့စေတနာကို နားလည်ပါတယ်။ ဒါပေမယ့် မိုင်ရာချီဝေးတဲ့နေရာကနေ အခုနေရာကို စွန့်စွန့်စားစား ရောက်လာခဲ့ပြီးမှတော့ အခွင့်အရေးကို ငါ လက်မလွှတ်ချင်ဘူး အခုစ်"

"အဲဒီ့အချိန်မှာ သူတို့ မျက်စိမမြင်ကြဘူး။ အကယ်၍ ရှင် ချောင်းကြည့်ခဲ့မယ်ဆို အသံမထွက်မိစေနဲ့"

"ကျေးဇူးပဲ…အခုစ်"

"ကဲ…မကြာခင် မှောင်တော့မယ်။ မမှောင်ခင် ရှင် အနံ့ထားတာတွေကို ဖျက်ဆီးပစ်မှဖြစ်မယ်"

အခုစ်သည် ပြောပြောဆိုဆိုပင် ကျင်းတစ်ခုတူးသည်။ ပြီးနောက် ကြောင်သေကို ကျင်းထဲထည့်ပြီး သစ်သားအချို့ဖြင့် မီးရှို့လေသည်။

"တကယ်ထူးဆန်းတယ်နော်…ကျွန်တော် စားလိုက်တာက နှစ်မိန်းပေါင်းပါ…ဘယ်လိုလုပ်…"

"ရှင့်အမြင်နဲ့ အာရုံခံစားမှုကို သူတို့က လှည့်စားထားတာပဲ။ အမှန်က ရှင့်ကို ကျီစယ်တာပါ"

"အကယ်၍ မင်းတို့ ဒီကြောင်ကို ငါ့ဗိုက်ထဲက ထုတ်မပေးခဲ့ရင် ငါ ဘာဖြစ်မလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ရှင် ဘယ်မှာရောက်နေနေ သူတို့က ရှင်ရှိတဲ့နေရာကို ခြေရာခံနိုင်တယ်။ ပြီးတော့ ရှင့်ကို လိုသလိုခိုင်းစေလို့ရမယ်"

အဆစ်က ထိုသို့ပြောလာသောအခါ သူ ကြည့်ဖူးသော ရုပ်ရှင်ဇာတ်ဝင်ခန်းများကို မြင်ယောင်မိလာသည်။

အရုပ်ကလေးတစ်ရုပ်ကို သက်ဆိုင်သူရဲ့အမည်၊ သက်ဆိုင်သူရဲ့လက်သည်း၊ ဆံပင်တို့နှင့် အလှဆင်ပြီး ထိုအရုပ်နှင့် သက်ဆိုင်သူကို ညှဉ်းစဲနှိပ်စက်တတ်ကြသည်။

"သိပ်လည်း မစိုးရိမ်ပါနဲ့။ ရှင့်ကို ဗိုက်က ဆေးတိုက်ထားပါတယ်။ ဒါပေမယ့် ဒီကိစ္စမျိုး နောက်တစ်ကြိမ်ဖြစ်ရင်တော့ ဗိုက်ရေးကျွန်မရော ရှင့်ကို ကူညီနိုင်တော့မှာ မဟုတ်ဘူး"

"သိပ္ပံနည်းကျ စဉ်းစားကြည့်ရင်လည်း မင်းတို့ ငါ့ကို မကူညီနိုင်တော့တာက ဖြစ်နိုင်ပါတယ်။ ဒီကြောင်တစ်ကောင်က ငါ့ဗိုက်ထဲဘယ်လောက်ထိ ပြဿနာများမလဲဆိုတာ ငါ မတွေးတတ်တော့ဘူး။ အခုချိန်ထိ အဲ့ဒီကြောင် ငါ့ဗိုက်ထဲက ထွက်လာတယ်ဆိုတာ ငါ မယုံနိုင်သေးဘူး"

သူ့စကားကြောင့် အဆစ် ပြုံးသည်။ အဆစ်၏နှုတ်ခမ်းလေးများသည် နီရဲတွေးအိနေသည်။ အဆစ်သည် တောသူပါဟု ဘုရားစူးကျိန်ပြောရမည့်ရုပ်ရည်မျိုး ဖြစ်၏။ အဆစ်နှင့်မူဝါးတို့၏ရုပ်သွင်သည် နှုတ်သီးဆီနှင့် အီးသမျှ ကွာခြားလွန်းလှပေသည်။

"အဆစ်…အဆစ်…အဆစ်"

ကျင်းထဲမှ မီးငြိမ်းသွားသောကြောင့် သူက အဆစ်ကို ကူ





ငြိမ်းပြန်ဖို့ပေးနေချိန်တွင် ရေးကြီးသုတ်ပျာဖြင့် မငီး ရောက်လာသည်။

"ဘာလဲ…မငီး"

"ဒီနေ့ ဦးလွန်းမောင်တို့အိမ်က စုန်းစာချမယ်လို့ ပြောနေတယ်"

"စုန်းတွေကို အစာမကျွေးနဲ့လို့ ငါ အတန်တန်ပြောထားသားပဲနေ သူတို့ကလည်း"

"ကူညီလိုက်ပါ အဆစ်ရယ်…ထမီးက ကိုယ်တွေ ခြစ်ခြစ်တောက်ပူတယ်။ မျက်ဖြူလှန်နေပြီ…လုပ်လိုက်ပါ အဆစ်ရယ်…အပါလိုမလိုက်တာတော့ မလိုက်တာပေါ့။ ဒါပေမယ့် အသက်ဘယ်ဖို့က လောလောဆယ် အရေးကြီးတယ်လေ…နော်"

အဆစ်သည် ငြိမ်သက်ကာ တစ်ခုခုကို အပြင်းအထန် စဉ်းစားနေလေသည်။ ပြီးနောက် သက်ပြင်းရှိုက်ကာ…

"သူတို့အားလုံး ပြင်ဆင်ပြီးပြီလား"

"ဟုတ်တယ်…ပြင်ဆင်ပြီးပြီ။ သူတို့ဟာသူတို့ လုပ်မယ်ပြောနေလို့ ငါ မင်းကို လာခေါ်တာ။ တော်ကြာ အလုပ်မတော်လို့ စည်းကျိုးသွားရင် အားလုံး ပြဿနာတက်ကုန်မှာစိုးတယ်"

"ကဲ…လာ…ငါတို့ သွားရအောင်"

ဟုဆိုကာ အဆစ်နှင့်မငီးတို့က သွားဟန်ပြင်လျှင် သူသည် အဆစ်ရှေ့မှ ပိတ်ရပ်လေသည်။

"ကျွန်တော်လည်း လိုက်မယ်လေ…ကျွန်တော် လိုက်ကြည့်ချင်တယ်…ခွင့်ပြုပါ"

"ကောင်းပြီ…လိုက်လေ။ ဒါပေမယ့် ဇာတ်ပုံတော့ မရိုက်နဲ့။

www.burmeseclassic.com



ဒီအတိုင်းပဲ ကြည့်ရှုကြည့်ပါ”

သူ ခေါင်းညိတ်သည်။ ဆရာမရဲ့အမိန့်ကို မြေဝယ်မကျ နားထောင်သော တပည့်အလိမ္မာလေးနှင့် တူလှသည်။

သူသည် မင်းနှင့်အဆစ်နောက်မှ လိုက်ပါလာသည်။

သူ့ခြေလှမ်းတွေက ခပ်ယိုင်ယိုင် ဖြစ်သည်။ သူ အားမရှိချေ။

“ရှင် လျှောက်နိုင်ရဲ့လား”

“ရပါတယ်”

မိန်းကလေးက သူ့ကို ဂရုတစိုက် မေးလာ၍ ရှက်တော့ရှက်မိသားပင်။

“ဗျို့…ဦးလွန်းမောင်…ဦးလွန်းမောင်”

ငါးနာရီပင် မထိုးသေးသော်လည်း သစ်ပင်များ အုံ့ဆိုင်းနေတာကတစ်ကြောင်း…တောင်တန်းတွေကြား ပုန်းလျှိုနေတာကတစ်ကြောင်း နေ့တာတိုတာကတစ်ကြောင်း ပေါင်းလိုက်သောအခါ ပတ်ဝန်းကျင်သည် မှောင်မည်း၍နေလေတော့၏။

“အေး…မင်းလား”

“ဟုတ်တယ်…ဒီမှာ အဆစ်လည်း ပါလာတယ်”

မင်း၏အသံအဆုံးတွင် ရှေ့စေးအိမ်တံခါးချပ်လေးသည် ကဗျာကသီ ပွင့်သွားပြီး အိမ်ထဲမှ လူတစ်ယောက် ထွက်လာသည်။

“လာကြလေ…လာကြ”

အိမ်ရှင်က ပျူပျူငှါငှါ ထွက်ကြိုသောအခါမှ သူအပါအဝင် မင်း၊ အဆစ်တို့ အိမ်ထဲဝင်လာကြသည်။





အိမ်ထဲဝင်ဝင်ချင်းပင် ကညင်ဆီမီးတိုင်ကို သတိပြုမိလိုက်သည်။

ပြတင်းပေါက်တွေ အလုံပိတ်ထားသောကြောင့် အိမ်ကြီးမှာ လေဝင်ပေါက်မရှိ၍ မွန်းကျပ်နေတာ အမှန်ပါ။ ဒီကြားထဲ ကညင်ဆီမီးတိုင်က အောက်ဆီဂျင်ကို စားသုံးနေ၍ အသက်ပင် ဘယ်လိုရှူရမှန်းမသိပေ။

“ပြတင်းပေါက်တွေ ဖွင့်လိုက်ပါ…ဦးလွန်းမောင်”

ဟု အဆစ်ကပြောလျှင် ဦးလွန်းမောင်က ပြတင်းတစ်ပေါက်ကို ထောက်တိုင်လေးဖြင့် ထိုးလိုက်သည်။

“ဘယ်လိုဖြစ်တာလဲ…ကြာပြီလား”

“မကြာသေးဘူး…မနေ့ကမှ ဖြစ်တာပဲ။ ငါ့အထင်တော့ အပိုရုန်းကိုက်လိုက်ပြီထင်တယ်”

“ဘယ်သူ့ကို ဘာအမှားလုပ်မိထားသလဲ”

“တစ်နေ့ကတော့ ရေပူစမ်းမှာ ခါသာနဲ့ဆုံတယ်ပြောတာပဲ။ ရေချိုးစရာ ဆပ်ပြာပါမသွားလို့ ခါသာရဲ့ဆပ်ပြာကို ခွင့်မတောင်းဘဲ တိုက်လိုက်မိတယ် ပြောတယ်။ အိမ်မှာလည်း ဆပ်ပြာက ကုန်နေတယ်လေ။ ဒီတစ်ခါ တောထဲဝင်မှ ဆပ်ပြာသီးကောက်ခဲ့ပြီး အရည်ကျိုရဦးမယ်”

ဆပ်ပြာသီးဆိုပါလား…ဒါဆို ဒီရွာက ဆပ်ပြာတွေကိုလည်း ကိုယ်တိုင်လုပ်ပြီး သဘာဝနည်းအတိုင်း သုံးနေကြတာပေါ့။

“ကြက်ဖမ်းပြီးပြီလား”



www.burmeseclassic.com

www.burmeseclassic.com



"ဖမ်းထားတယ်"

ဦးလွန်းမောင်သည် ခြင်းခြားမျက်ခွက်ထဲမှ ကြိုးချည်ထားသော ကြက်တစ်ကောင်ကို ညွှန်ပြလေသည်။

ထူးဆန်းလွန်းနေ၍ သူသည် အဆစ်လုပ်သမျှကို မျက်တောင်မခတ်စတမ်း ကြည့်နေမိသည်။

အဆစ်သည် ထမီးဆိုသူလေးဆောတွင် ထိုင်ကာ နဖူးစမ်းလိုက်၊ လက်စမ်းလိုက်လုပ်နေသည်။

"ဟုတ်တယ်...သူ...စုန်းလုပ်ခံထားရတယ်။ တစ်နေ့ရာက ဗိုက်မှာ...တစ်နေ့ရာက လက်မှာ...လက်မှာ လုပ်ထားတာက ကြာပြီ။ လက်မှာ အရိုးတစ်ချောင်း စိုက်ဝင်နေတယ်။ ကဲ...ပြင်ဆင်လိုက်ပါ။ ဗိုက်ထဲကဟာက လည်ပင်းပေါ် ဆို့တက်မလာခင် အမြန်နှိမ်ထားမြစ်ရတယ်။ မဒီး...မင်းက ဘုန်းကြီးကျောင်းမှ ဓိုက်ကို သွားစောင့်ပါ။ ဓိုက် ရောက်လာရင် ဒီကို ချက်ချင်းလိုက်လာဖို့ ပြောလိုက်"

"အေး...အေး...ငါ ဓိုက်ကို သေချာပေါက် စောင့်ခေါ်ခဲ့မယ်"

"သွားတော့...တအားမှောင်သွားလို့ ဓိုက် ပေါ်မလာရင် မင်းလည်း မလာနဲ့တော့။ ဘုန်းကြီးကျောင်းမှာပဲ အိပ်လိုက်တော့...ဟုတ်ပြီနော်"

"အင်း"

မဒီးသည် သွက်လက်ဖျတ်လတ်စွာပင် ထိုင်နေရာမှ ထထွက်





သွားသည်။

မဒီး ထွက်သွားခြင်းမှာပင် အဆစ်သည် ခြင်းထဲမှ ကြက်ကို ကြောက်မလန့် ဆွဲယူသည်။

ကြက်သည် တကွတ်ကွတ်နှင့်အော်ကာ တောင်ပံခတ်နေသဖြင့် သူက ခပ်ဝေးဝေးမှာ ရှောင်နေလိုက်ရသည်။

ကြက်ဆိုသောအရာကို ဗီဒီယိုထဲမှာနှင့် တိရစ္ဆာန်ရုံမှာသာ အရှင်လိုက်တွေ့ဖူးတဲ့ သူ့အတွက် အဆစ်သည် သူ့ရဲကောင်းဖြစ်နေလေတော့သည်။

"ကဲ...တံခါး ခဏပိတ်...မီးတွေအားလုံး ငြိမ်းလိုက်ပါ"

အဆစ်ရဲ့စကားအဆုံးတွင် ဦးလွန်းမောင်သည် မီးငြိမ်းကာ တံခါးတွေပိတ်သည်။

အဆစ်လုပ်သမျှကို သူ မျက်တောင်မခတ်စတမ်း ကြည့်နေလေ၏။ ပတ်ဝန်းကျင်သည် အမှောင်တိကျသွားသောကြောင့် အဆစ်ကို သဲသဲကွဲကွဲ မမြင်ရသော်လည်း ရိပ်ဖမ်းသံဖမ်းတော့ တွေ့နေရသည်။

အဆစ်သည် တကွတ်ကွတ် အော်နေသောကြက်ကို ပွေ့ကာ နာနေသော ထမီး၏ကိုယ်ပေါ်၌ ခေါင်းမှခြေအထိ ဆွဲကာ ဂါထာတွေ ရွတ်နေသည်။

ဂါထာသည် တိုင်းရင်းသားဘာသာစကားဖြစ်နေသောကြောင့် အဆစ် ဘာပြောနေမှန်း သူ နားမလည်လိုက်ပေ။

ခဏအကြာ၌ အဆစ်သည် ကြက်ကို ဦးလွန်းမောင်ထံ လှမ်းပေးသည်။

www.burmeseclassic.com



ထိုအခါမှ ဦးလွန်းမောင်က သစ်သားမီးခြစ်ဖြင့် ကညင်ဆီး
တိုင်ကို ပြန်လည်ထွန်းညှိလိုက်သည်။

"သွားလုပ်ချေတော့"

ထိုအခါ ဦးလွန်းမောင်သည် အိမ်အနောက်ဘက် မီးဖိုချောင်း
သို့ ဝင်သွားသည်။

"ကျွန်တော် သွားကြည့်လို့ရမလား အဆစ်"

"စကားတော့ သွားမပြောနဲ့နော်"

အဆစ် စကားကို စိတ်ထဲစွဲနေအောင် မှတ်သည်။

ပြီးနောက် ဦးလွန်းမောင် ဝင်သွားရာသို့ သူ လိုက်ဝင်လိုက်
ဦးလွန်းမောင်က ကြက်၏လည်ပင်းကို လိမ်ချိုးနေသည်ကို တွေ့လိုက်
ရ၏။ ကြက်ကလေးသည် နာကျင်လွန်း၍ ဦးလွန်းမောင်၏လက်ထဲ
ဖျတ်ဖျတ်လူးနေလေသည်။

သူ ထိတ်လန့်သွားသည်။ ဆက်မကြည့်ဝံ့တော့ပေ။

ကြက်ကလေးသည် တအွတ်အွတ်နှင့်မြည်ပြီး တောင်ပံလေး
က ပုတ်ခတ်ကာ မသေနိုင်မရှင်နိုင် လူးလိမ့်နေရှာ၏။

တစ်ဆက်တည်းမှာပင် ဦးလွန်းမောင်ကို ရက်စက်လိုက်တာ
လည်း မြင်မိသွားသည်။ ဘယ်လိုလုပ် သတ္တဝါတစ်ကောင်ကို
လို လွယ်လွယ်သတ်ဖြတ်နိုင်ရတာလဲ။

ထိုသို့ တွေးမိသောအခါ သူ စားခဲ့သော အသားဟင်း
သတိရလိုက်သည်။

သူသည် ကြက်ကြော် အင်မတန် ကြိုက်သူဖြစ်၏။ ထို့





ခမေက ခိုင်သို့ရောက်တိုင်း သူ့အတွက် ကြက်ကြော်ကို ပါဆယ်ဆွဲ
လာတတ်သည်။

သူစားခဲ့သော ကြက်ကြော်များသည်လည်း ကြက်တစ်ကောင်
သေသွားမှ ဖြစ်လာမည့်အသားခဲများ ဖြစ်သည်။ သေဆုံးချိန်ကို သူ
မမြင်ဖူးခဲ့ပါချေ။ စဉ်းလည်းမစဉ်းစားဖူးပါ။

ထိုသို့တွေးနေရင်းပင် ဝမ်းနည်းလာသလို ခံစားရ၏။ ထို့ကြောင့်
ကြမ်းပြင်ပေါ် လူးလိမ့်နေရှာသော ကြက်ကို သူ ငေးကြည့်နေမိသည်။

ဦးလွန်းမောင်သည် အသက်ငင်နေရှာသော ကြက်ကို ဆွဲယူကာ
လိမ်ထားသော လည်ပင်းကို ဖြေလိုက်၏။

ထိုအခါ ခပ်လူ့ပ်လူ့ပ်ဖြစ်နေသော ကြက်သည် ငြိမ်သက်သွား
လေသည်။

ထိုအခါ ဦးလွန်းမောင်သည် ထိုကြက်ကို ပွက်ပွက်ဆူနေသော
ရေနွေးအိုးထဲ စိမ်နစ်ပြီး အမွေးနုတ်လေသည်။

မြင်နေရသောမြင်ကွင်းသည် မသက်မသာရှိလှပေသည်။
ထို့ကြောင့် သူသည် ထပ်၍ မကြည့်ဝံ့တော့ဘဲ မျက်လုံးကို ပိတ်ချ
လိုက်သည်။ သေဆုံးသွားရှာသော ကြက်ကလေးအတွက်လည်း စိတ်
ကောင်းဖြစ်ရသည်။

သူ မျက်လုံးပြန်ဖွင့်လာသောအခါ အမွေးပြောင်ချောနေသော
ကြက်ကိုသာ တွေ့ရ၏။

ဦးလွန်းမောင်သည် ထိုကြက်ကို ခေါင်း၊ ကိုယ်လုံး၊ ခြေထောက်
ခွဲကာ ခုတ်ထစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သွေးသံရဲရဲနှင့် ကြက်သည် စဉ္စနှိုင်းအတွင်းမှာပင် ဘဝပျက်သွားလေတော့၏။

ထိုသွေးတွေကို မြင်ရသော ပျို့ချင်ချင်ဖြစ်လာသောစိတ်ကို ထိန်းချုပ်ထားရသည်။ ဦးလွန်းမောင်ကို အားနာ၍ကြောင့်က တစ်ကြောင်း၊ စကားမပြောနဲ့ဟု မှာထားသော အဆစ်ကြောင့် တစ်ကြောင်း ပေါင်းစုကာ အသံပင် မထွက်ဝံ့တော့ပေ။

ဦးလွန်းမောင်သည် ထိုကြက်ကို နုတ်သီး၊ ခြေသည်းမဖြတ်ပါဘဲ အူနုတ်ရုံ၊ ချေးထုတ်ရုံလေးလုပ်ပြီး ရေဆေးကာ ချက်မြုတ်လေသည်။ ချက်တယ်ဆိုသော်ငြား သွေးတိတ်ရုံပင် အိုးထဲထည့်တည်ကာ ဝန်းကန်ကြီးထဲ ပြောင်းထည့်သည်။

ဘာလို့ကျက်အောင် မချက်တာလဲဟု စိတ်ထဲတွေးမိသော်လည်း မမေးဖြစ်ပါ။

ဦးလွန်းမောင်သည် ထိုကြက်သားပန်းကန်ကို ဆန်ကောထဲ ထည့်သည်။ ပြီးနောက် ယောက်မတစ်ချောင်း ထိုးဆိုက်ပြီး ထွက်လာကာ အဆစ်ထံ ပေး၏။

အဆစ်သည် ဦးလွန်းမောင်ထံမှ လက်လွှဲယူကာ လှေကားသုံးထစ်ကို လှမ်းခနဲ ကားဆင်း၏။

သူသည် အဆစ်နောက်မှ ထပ်ကြပ်မကွာပါလာသည်။

အဆစ်သည် တိုင်းရင်းသားဘာသာစကားဖြင့် ပြောဆိုကာ ထိုဆန်ကောကို ထားပစ်ခဲ့သည်။ ပြီးနောက် သူ့ကို စကားတစ်ခွန်းမျှ မဆိုပါဘဲ သူ့လက်ကိုဆွဲပြီး ခေါ်လာခဲ့သည်။





"ဘာလုပ်တာလဲ အဆစ်"

"သူတို့ အစာလာစားတော့မယ်"

"ဟင်"

သူ ထိတ်လန့်သွားသည်။

"လာ…အိမ်ပေါ်တက်ရအောင်"

အဆစ် ခေါ်တက်၍သာ အိမ်ပေါ်တက်လာရပေမယ့် သူ့စိတ်က ထိုကြက်သားထံမှ မခွာနိုင်ပါ။

"ကျွန်မ အားလုံးလုပ်ခဲ့ပြီ"

"ဒီည ဒီမှာပဲ အိပ်သွားပါလား အဆစ်"

"ဗိုက် ရောက်မလာမချင်းတော့ စောင့်အိပ်ရမှာပဲ"

အဆစ်သည် ပြောပြောဆိုဆို ထမီးရဲ့ပါးကို စမ်းပြန်သည်။

"အင်း…အဖျားတော့ နည်းနည်းကျသွားပြီ"

အဆစ်ကို သူ နားမလည်နိုင်ချေ။ အဆစ်က ဘာလဲ။ ဘာကြောင့် အဲဒီလို ဂမ္ဘီရဆန်ဆန်တွေ လုပ်နေရတာလဲ။

"ကဲ…ဦးလွန်းမောင်လည်း အိပ်ချင်ရင် အိပ်ပါ။ သိပ်လည်း စိတ်မပူပါနဲ့…ကောင်းသွားမှာပါ"

"ကဲ‥ဒါဆိုရင်တော့ ငါ ဝင်အိပ်တော့မယ်။ တစ်နေကုန် လယ်ထဲဆင်းထားရတော့ မောနေပြီ"

"ကျွန်မ ရှိနေမှာမို့ စိတ်ချလက်ချ အိပ်ပါ"

ဦးလွန်းမောင်သည် စောင်တစ်ထည်ကို ဆွဲယူကာ တင်းနေအောင်ခြုံသည်။



www.burmeseclassic.com

www.burmeseclassic.com



"ရှင်လည်း အိပ်လေ…ဟိုမှာ စောင်ဆွဲခြုံပြီး အိပ်တော့"

"မေးချင်နေတဲ့ မေးခွန်းတွေ ငါ့ရင်ထဲ ပြည့်သိပ်နေပြီ"

"မမေးနဲ့…နောက်မနက် အရုဏ်တက်မှ မေးချင်တာတွေ မေးပါ။ ကဲ…ရှင် အန့်ထားတော့ အားနည်းနေမှာပဲ…အိပ်လိုက်တော့"

အဆစ်သည် သက်သောင့်သက်သာဆိုသဖြင့် သူသည် ဆက်ပြောနေလည်း အားနာဖို့ကောင်းမှန်း ရိပ်မိလာသည်။

သို့သော် သူ့အာရုံများကို ဆန်ကောထဲမှ ကြက်သားက ဖမ်းစားနေ၏။ တကယ်ပဲ စုန်းမက လာစားမှာလား။ တကယ့်ကို ထမီးကို လုပ်ထားသော စုန်းမအတွက် ရည်စူးပြီး ကျွေးလိုက်တာလား။ အဲဒီလိုကျွေးလိုက်ရုံနဲ့ အိပ်ရာပေါ်လဲနေတဲ့ ထမီးက ထထိုင်လာမှာလား။ စားပြီးသွားရုံနဲ့ ခတ်ထားတဲ့အဆိပ်က ပြယ်သွားမှာလား။

ဇိုက်ကရော ခုချိန်ထိ ဘာလို့ရောက်မလာသေးတာလဲ။

ဒီနဲ့ဇိုက် တစ်ခုခု ဖြစ်နေကြတာလား။ မငီးကရော ဇိုက်ပြန်မလာလို့ ဘုန်းကြီးကျောင်းမှာ အိပ်လိုက်ပြီလား။

ဘာလို့ မှောင်နေရင် အပြင်မထွက်စေတော့တာလဲ။ ဘာလို့ ဇိုက်နဲ့ဒီက ကင်းလှည့်နေရတာလဲ။ အဆစ်ကရော ဘာလဲ။

သူ့အတွေးတွေက နိမ့်လိုက်မြင့်လိုက်ဖြင့် သို့လော…သို့လော ယောက်ယက်ခတ်နေသည်။

"ခူး…ခေါ…"

သိပ်မကြာခင်မှာပင် သမီးအတွက် စိတ်ပူနေသော ဦးလွန်းမောင်





ထံမှ ဟောက်သံထွက်ပေါ်လာ၏။

ထမီးဘေး၌ ငုတ်တုတ်ထိုင်နေသော အဆစ်သည်လည်း အသက်ရှူသံပြင်းလာပြီ ဖြစ်သည်။

"ဒုတ်"

ထိုစဉ် အိမ်အောက်မှ အသံတစ်ခု ကြားရသည်။

သူ ထိတ်လန့်သွား၏။ ထိုအသံကို နားစွင့်မိသည်။

"ကလုတ်…ကလုတ်"

ကြက်ရိုးကိုက်သံ ဖြစ်သည်။

သူ စိတ်ဝင်စားလာ၏။ စုန်းမဆိုတာ ဘယ်အရောမျိုးလဲဟု စူးစမ်းချင်သည်။

"ကလုတ်"

ကိုက်ဆိတ်နေသောကြောင့် ထိုအသံကို သူ အတိုင်းသားကြားနေရသည်။ ပြီးနောက် ဆန်ကောကို ဆွဲလိုက်သံဖြစ်သည်။ ပြီးနောက် အစားအသောက်စားနေသံ…။ လူဖြစ်၏။ သူကြားနေရသောအသံက သူမှလွဲ၍ အခြားမဖြစ်နိုင်ပါ။

လူ…လူချင်းမို့ ကြောက်စရာမရှိဘူးဟု တွေးမိသည်။ စုန်းမဆိုသောသတ္တဝါကို သူ့မျက်လုံးနှင့် အတည်ပြုချင်သည်။ အကယ်၍ ဤအခွင့်အရေးကို လက်လွှတ်လိုက်ပါလျှင် နောက်တစ်ကြိမ် စုန်းမကို မြင်ဖို့ မဖြစ်နိုင်တော့ပါ။

စာအုပ်ထဲမှ စာများအရ စုန်းသည် လူဖြစ်သည်။ လူစိတ်ပျောက်သောည၌ စုန်းတို့အစာရှာထွက်လေ့ရှိသည်ဟု ဆိုလေသည်။ သို့သော်



www.burmeseclassic.com

www.burmeseclassic.com



စာရေးဆရာသည် စုန်းမ၏မျက်နှာနှင့် ပုံပန်းသဏ္ဍာန်ကို အတိအကျ မဖော်ညွှန်းခဲ့ပေ။

ထို့ကြောင့် သူသည် ကညင်ဆီမီးတိုင်ကို အဆစ် မသိအောင် ဆွဲယူသည်။ ပြီးနောက် ငိုက်မြည်းနေသူ အဆစ်မသိအောင် ကြမ်းခင်းကို ခပ်ဖွဖွ နင်းသည်။

တံခါးချပ်ကို အသာအယာဖွင့်ပြီး ညင်သာစွာ လျှောက်လှမ်းပြီး အိမ်အောက်သို့ ဆင်းလာခဲ့သည်။

သူ ပထမဆုံး မျက်စိရောက်သွားသည်မှာ ကြက်သားချထား သော ဆန်ကော ဖြစ်၏။

"ဟင်"

မီးရောင်ကြောင့် မြင်ကွင်းကို သူ ပီပီသသ မြင်လိုက်ရသည်။

သူ မှင်တက်သွား၏။

ဆန်ကောဘေး၌ အကျအနထိုင်ကာ ကြက်သားကို အားပါးတရ စားနေသောသတ္တဝါတစ်ကောင်...။

ထိုသတ္တဝါသည် စားသောက်နေရင်းပင် သူ့ကို မျက်နက်ဝန်း များနှင့် စိုက်ကြည့်နေသည်။

ခွေးလား...ကြောင်လား...ဝံလား...သိပ်ကွဲကွဲပြားပြား မှန်း လို့မရပေ။

"ဂီ..."

သူ ကြည့်နေရင်းမှာပင် ထိုသတ္တဝါသည် သွားချွန်ကြီးများပေါ် သည်ထိ မာန်ဖီလာသည်။





သူ လန့်သွား၏။ တုန်လှုပ်သွားသောကြောင့် မီးတိုင်ကို လွှတ်ချ လိုက်မိသည်။

"ဂီ..."

ထိုသတ္တဝါသည် သူ့ကို တိုက်ခိုက်တော့မည့်အလား သူ့အပေါ်း ချဉ်းကပ်လာသည်။

သူသည် တုန်လှုပ်ချောက်ချားသွားသည်။ သူ့ခြေထောက်သည် မြေကြီးပေါ် ရှိမရှိဆိုတာ သူ မသိတော့ချေ။

"ဂီ..."

ထိုသတ္တဝါသည် မာန်ဖီပြီး မိုက်ရူးရဲဆန်စွာ တိုးကပ်လာသည်။

ထိုမျက်လုံး... အဲဒီမျက်လုံးတွေကို သူ ရင်းရင်းနှီးနှီး သိနေသည်။

"တောက်..."

တက်ခေါက်သံတစ်ချက် ထွက်ပေါ်လာ၏။ ထိုတက်ခေါက်သံ သည် တိရစ္ဆာန်တစ်ကောင်၏အသံမဟုတ်ဘဲ လူတစ်ဦး၏အသံ ဖြစ်သည်။

ဘာတွေလဲ...သူ မြင်နေကြားနေရတာတွေက ဘာတွေလဲ။

"ဂီ..."

ထိုသတ္တဝါသည် မာန်ဖီနေဆဲပင် သူ့အပေါ် လွှားခနဲ ခုန်အုပ် လာသည်။

သူ မျက်ဝန်းကို မှိတ်ချပြီး သူ့မျက်နှာကို လက်ဖျံဖြင့် ကာကွယ် လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝက သွားပြီဟု စိတ်ကို လျှော့ချလိုက်သော်လည်း သူ့ကို တစ်စုံတစ်ယောက်က ဆတ်ခနဲ ဆွဲလိုက်သည်။ ထိုလူသည် မည်သူမှန်း မသိတော့ပေ။

သူ့အသိအာရုံများသည် အမှောင်ထဲလွှမ်းသွားတော့၏။



## အခန်း (၈)

"ကညင်ဆီမီးတစ်တိုင်လောက် ချေးပါလား ကိုညွှန့်သည်… ငါ နောက်နေ့ ပြန်ဆပ်ပါ့မယ်"

သူ့ အိပ်ရာထထချင်းပင် သူနှင့် တစ်ခါသာ ဆုံဖူးသည့် အဝါဆိုသော အမျိုးသမီးက ဆိုလေသည်။

သူ စဉ်းစား၍မရနိုင်အောင် ဖြစ်သွားသည်။ သူလိုညွှန့်သည်ဆီမှာ ကညင်ဆီတစ်တိုင် လာချေးသည်က သိပ်တော့သဘာဝမကျလှပေ။

"ကျွန်တော့်မှာ မရှိဘူးဗျ…ဘုန်းကြီးဆီမှာတော့ လျှူထားတာတွေရှိရင်ရှိမှာပေါ့"

"ငါ…မင်းဆီကပဲ ရချင်တာပါ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို…ခဏနော်…ကျွန်တော် ဘုန်းကြီးဆီက တောင်းပေးပါမယ်"

"ရတယ်…နေပစေတော့…မင်းနဲ့ငါ့အကြား မီးတစ်တိုင်စာ အကွေးရှိသွားတာပေါ့"

ချာခနဲ လှည့်ထွက်သွားသော အဝါကို သူ မျက်စိတစ်ဆုံး ငေးကြည့်နေမိသည်။

"ထမီးကိုလုပ်တာ အဝါဆိုတာ သေချာတယ်"

ထွက်ပေါ်လာသောအသံတစ်ခု။ သူ လှည့်ကြည့်လိုက်သော အခါ မငီး ဖြစ်နေသည်။

"မင်း…ညက ဘာပြဿနာလုပ်ခဲ့သလဲ"

မငီး မေးတော့မှ သူ သေသေချာချာ ပြန်စဉ်းစားမိသည်။ သတ္တဝါတစ်ကောင်က သူ့ကို မာန်ဖီကာ ခုန်အုပ်သည်။ တစ်စုံ တစ်ယောက်က သူ့ကို လှမ်းဆွဲသည်။ ကျန်တာ သူ ဘာမှမမှတ်မိ တော့ပါ။

ထို့ကြောင့် သူ ခေါင်းခါပြသည်။

"မင်း…အစာလာစားတဲ့စုန်းကို မီးတုတ်ပြလိုက်တယ်မဟုတ် လား။ ဒါကြောင့် ဒီမနက်စောစောမှာ မင်းဆီ သူက မီးတုတ် လာတောင်းတာပေါ့"

"ဒါဆို…ကျွန်တော် ညက တွေ့ခဲ့တဲ့သတ္တဝါက အဝါပေါ့"

"မင်းတော့ ပြဿနာတက်တော့မယ်။ တော်သေးတာပေါ့… မင်း သူချေးတာ မပေးလိုက်လို့"





မငီးသည် ပြောပြောဆိုဆိုပင် သူ့ကို စူးစမ်းသလို ကြည့်ပြန် သည်။

"ထူးတော့ ထူးဆန်းနေပြီ"

"ဘာဖြစ်လို့လဲ…မငီး"

"မင်း…ဘာလို့ ဘာမှမဖြစ်တာလဲ"

"ကျွန်တော်က ဘာဖြစ်လို့လဲ"

"သာမန်ဆိုရင် စုန်းစာစားတာကို မြင်ပြီးတဲ့လူက အဲဒီစုန်းမ အစ်ခုခု လာချေးတာ ခံရပြီးရင် ဘုန်းခနဲလဲပြီး သေတော့တာပဲ"

"ဟင်"

"နေပါဦး…ဒါနဲ့ ညက သူ့ကိုမြင်တာ မင်းတစ်ယောက်တည်း လား"

မငီး၏စကားကြောင့် သူ့ကို လာဆွဲသောလူအကြောင်း စဉ်းစား မိသည်။

"ညက ဓိုက်နဲ့ဒီ ပြန်လာသေးလား"

"သူတို့ပြန်လာရင် ခုချိန် ငါ ဒီမှာရှိနေပါ့မလား"

"ဒါဆို…အဆေစ်ပဲဖြစ်ရမယ်"

"အဆေစ်…ဟုတ်လား"

"အင်း…ကျွန်တော်နဲ့အတူရှိနေတဲ့ နောက်တစ်ယောက်က အဆေစ်ထင်တယ်"

"ဘာ…အဆေစ်…ဟုတ်လား"

မငီး၏မျက်လုံးသည် ယောက်ယက်ခတ်ကုန်သည်။



www.burmeseclassic.com

www.burmeseclassic.com



မင်း၏အမူအရာကို ကြည့်ခြင်းဖြင့် အဆစ်မှာ အန္တရာယ်တစ်
ရှိနေပြီဟု သူ ခန့်မှန်းမိလိုက်သည်။

"အဆစ် ဘာဖြစ်လို့လဲ မင်း"

သူ့အမေးကို မင်းက မဖြေဘဲ ပြေးထွက်သွားသည်။

ထို့ကြောင့် သူသည် မျက်နှာပင်မသုတ်နိုင်တော့ဘဲ မင်းနော
မှ တရှဲ့န်း ပြေးလိုက်မိသည်။

မင်းသည် ရွာလယ်လမ်းမအတိုင်း မနားတမ်းပြေးသွားလေ
ထို့ကြောင့် မင်းသည် အဆစ်တို့အိမ်ကို ဦးတည်ပြီး ပြေးနေမှန်း
ရိပ်မိလာသည်။

သူသည် အဆစ်ကို စိုးရိမ်လာမိသည်။ စိုးရိမ်စိတ်ကြောင့်
ခြေလှမ်းတွေက တဖြည်းဖြည်း ပို၍မြန်လာသည်။

လမ်းမကြီးပေါ်၌ ဆော့ကစားနေကြသော ကလေးအချို့
ရေးကြီးသုတ်ပျာနိုင်လှသော သူနှင့်မင်းကို မအီမလည် ကြည့်ကြ
သည်။

သူသည် ထိုကလေးများကြားမှ ဖြတ်ပြေးနေမိသည်။

ပြေးနေမိရင်းမှာပင် လမ်းဘေးဝဲယာမှ သစ်ပင်ကြီးမျာ
ရွက်ကြွေများကို သတိပြုမိသည်။ နွေရာသီလည်း မရောက်သေး
သစ်ရွက်တွေ ဘာလို့ကြွေနေရတာလဲ။

အိမ်ရှေ့တံခါးပေါက်သို့ ရောက်သောအခါ သူက အဆ
နာမည်ကို ခေါ်သည်။ သို့သော် ပြန်ထူးသံမကြားရပေ။ ထို့ကြော
သူသည် မောင်းဆုံကို ကြည့်သည်။ ဒီနေ့ အဆစ်နှင့်ခေါ်သဲအိမ်





မောင်းမထောင်းကြဘူး ထင်ပါရဲ့။ ဆန်ကော၊ ဆန်ကာနှင့် ဖွဲနုများကို
မောင်းဆုံတစ်ဝိုက် မတွေ့ရချေ။

"အဆစ်"

သူ ထပ်၍အသံပြုသောအခါ မင်းက သူ့အနီး ရောက်နေပြီ
ဖြစ်၏။

"အဆစ်"

မင်းသည် လရှူးရှနော်ရွာသားမို့ အဆစ်တို့အိမ်နှင့် ယဉ်ပါးနေ
ပြီး ဖြစ်သည်။ ထို့ကြောင့် မင်းသည် သူ့ရှေ့မှ ခပ်ရဲရဲ ဝင်ချသွား
သည်။

"အဆစ်"

သူ အသံပြုသော်လည်း ပြန်ထူးသံမကြားရပေ။

မင်းသည် လှေကားထစ်များကို လျင်မြန်စွာ ခုန်ကျော်ပြီး
အိမ်ပေါ်တက်သွားသည်။ သူရောလိုက်တက်မယ်ဟု အကြံတွင်
မင်းက အိမ်ပေါ်မှ ပြန်ဆင်းလာလေ၏။

"အဆစ် ရှိလား…မင်း"

"မရှိဘူး…အစီးအိမ်ကိုလည်း မတွေ့ဘူး။ ဘယ်သွားကြသလဲ
မသိဘူး…ငါ အနောက်တက်ပိုင်း နတ်ကွန်းကို သွားကြည့်လိုက်မယ်"

မင်းသည် ပြောပြောဆိုဆိုပင် ပြန်လည်ပြေးထွက်သွားပြန်သည်။

သူ ဘာလုပ်၍ ဘာကိုင်ရမှန်းမသိပေ။

စုန်းဆိုတဲ့ပညာရပ်တစ်ခုကို သူ မယုံ၍မရတော့ပေ။ မျက်မြင်
ကိုယ်တွေ့ ကြုံခဲ့ရပြီမို့ ယုံလည်းယုံကြည်နေပြီ ဖြစ်၏။ ထိုယုံကြည်



www.burmeseclassic.com

www.burmeseclassic.com



စိတ်ကြောင့် အဆစ်ကို ပိုပြီး စိတ်ပူမိသည်။

မင်းသည် အဆစ်အပေါ် ခုလောက်ထိ စိတ်ပူနေပုံထောက်ရင် အဆစ် တစ်ခုခုဖြစ်နေပြီဆိုတာ သူ ခန့်မှန်းမိပြီ ဖြစ်၏။

အဆစ် ဘာဖြစ်နေသလဲ…ဘယ်သွားနေတာလဲ…။

အဆစ် ဘာမှမဖြစ်ပါစေနဲ့…အဆစ် ဘာမှမဖြစ်ပါစေနဲ့…။

သူသည် ရောက်တတ်ရာရာပင် ခြံဝင်းထဲ ဟိုမှဒီသို့ ခေါက်တုန့်ခေါက်ပြန် လျှောက်နေမိသည်။

ထိုစဉ် သူမြင်ကွင်းထဲသို့ သူနေခဲ့သော အုံကုပ်သာသာ ရွံ့အိမ်လေးက ဝင်လာသည်။

ထိုစဉ်က သူ ဒဏ်ရာရနေချိန်၌ ထိုအိမ်၌ သူ အိပ်ခဲ့ရမိသော အခါ သူ့ခြေလှမ်းများသည် ထိုအိမ်လေးအနီးသို့ ချဉ်းကပ်မိပြီးလျက်သား ဖြစ်သွားရသည်။

"အင်း…အင်း"

ထိုအိမ်လေးနှင့်နီးလာလေ ညည်းသံသည် ပိုပိုကျယ်လာလေဖြစ်၏။

"အင်း…"

တံခါးကို မဖွင့်ရဲဖွင့်ရဲ ဆွဲဖွင့်လိုက်သည်။

"ဟင်…အ…အဆစ်"

အဆစ်သည် နှုတ်ခမ်းလေးများပြာပြီး လဲကျနေလေသည်။

"ဘ…ဘ…ဘလက်…ဟိုး"

အဆစ်သည် သူ့နာမည်ကို ပီပီသသ မခေါ်နိုင်တော့ချေ။





"အဆစ်…အဆစ်…မင်း ဘာဖြစ်နေတာလဲ…ဟမ်… မင်း ဘာဖြစ်နေတာလဲ"

မြေပြင်ပေါ်လဲကျနေသော အဆစ်ကို သူ ပွေ့ချီလိုက်သည်။

အဆစ်၏အသားများသည် ပူခြစ်နေလေသည်။

"အဆစ်…မင်း နေမကောင်းဘူးလား။ အဒေါ်…အဒေါ်သဲအိမ်ရောဟင်…ဒေါ်သဲအိမ်ရော"

"အမေ…ရေညှိဆွဲဖို့ တောထဲဝင်သွားတာ နှစ်ရက်ရှိပြီ"

သူသည် အဆစ်ကို ပွေ့ချီကာ ဘာလုပ်၍ဘာကိုင်ရမှန်း မသိအောင် ဖြစ်သွားသည်။ ဘာလုပ်ရမလဲ… ဆေးခန်းပြေးရအောင်လည်း လရူးရှနော်တွင် ခေတ်မီဆေးဝါးက ရှိလိမ့်မည်မဟုတ်ပေ။

"အဆစ်…ဆေးခန်း…ဆေး…ဆေးတွေ ဘယ်နားရနိုင်မလဲ ဟင်"

အဆစ်သည် ခေါင်းခါပြသည်။

"ဖိုက်…ဖိုက်ဆီ ငါတို့သွားရအောင်"

သူက အဆစ်ကို ထပ်မံပွေ့ချီဖို့ကြံလျှင် အဆစ်က သူ့လက်မောင်းကို ဖမ်းဆုပ်ထားလိုက်သည်။

"အကယ်၍ ကျွန်မ သေသွားခဲ့ရင် ရှင် ကျွန်မအမေကို စောင့်ရှောက်ပေးပါ။ လပြည့်ရင် ရေပူစမ်းရဲ့ မြောက်ဘက်စူးစူးအရပ်ကို သွားပြီး လဝါးတောင်ပေါ်တက်ပါ။ ရှင့်အတွက် ထွက်လမ်း…လမ်း"

"တော်ပြီ…အဆစ် မပြောနဲ့တော့…မင်းက ဘာရှိသေးရှာ



www.burmeseclassic.com

www.burmeseclassic.com



လဲ…ဘာလို့သေရမှာလဲ"

"သူတို့ ကျွန်မကို ပြုစားလိုက်ပြီ…ဘလက်ဟိုး"

အခဆစ်သည် လက်ကို မ,မနိုင်သော်လည်း သူ မြင်သာအောင် ပြလေသည်။

"ဟင်…"

အခဆစ်၏လက်၌ လက်သည်းခြစ်ရာကြီးတစ်ခု ရှိနေသည်။ သူ ဝမ်းနည်းသွား၏။ ဒါ သူ့ကြောင့် ဖြစ်သည်။ သူသာ မစပ်စုခဲ့ဘူးဆိုရင် အခဆစ်က သူ့ကို ဝင်ဆွဲစရာအကြောင်း မရှိချေ။

"ကျွန်မ မောနေပြီ"

"အခဆစ်…မဖြစ်ဘူး…မျက်လုံးဖွင့်စမ်းပါ…မင်း အဲဒီလို မျက်လုံးမှိတ်သွားလို့ မဖြစ်ဘူး…အခဆစ်…အခဆစ်"

သူသည် အခဆစ်၏ကိုယ်ခန္ဓာကို လှုပ်ခါလိုက်သည်။

မရပါ။ အခဆစ်ကို သူ သေခွင့်မပြုနိုင်ပါ။

သူ့ကြောင့်သာ အခဆစ် သေသွားမည်ဆိုပါက သူ့ရှင်သန်မှုက ဘာအဓိပ္ပာယ်ရှိတော့မှာလဲ။ မိန်းကလေးတစ်ယောက်ရဲ့အသက်နဲ့ လဲပြီး ရထားတဲ့ ရှင်သန်မှုမျိုး သူ အလိုမရှိပါချေ။

အခဆစ်က သူ့ကို ကယ်ခဲ့သလို သူ အခဆစ်ကို ရအောင်ကယ်ချင်သည်။ ကယ်နိုင်လိမ့်မည်ဟုလည်း ယုံကြည်သည်။

"အခဆစ်…မင်း…သတိထားပါဦးကွာ…အခဆစ်"

အခဆစ်၏နှုတ်ခမ်းလေးများသည် တဖြည်းဖြည်း သွေးရောင်ဖျော့သွားလေသည်။





"အခဆစ်…အခဆစ်…အခဆစ်…အခဆစ်"

အခဆစ်၏ပါးရိုးကို ကိုင်လှုပ်လိုက်သည်။

အခဆစ်၏မျက်လုံးလေးများ ပြန်ဖွင့်လာ၏။ သို့သော် အခဆစ် သူ့ကို မမြင်တော့ဘူးဆိုတာ သူ နားလည်လိုက်သည်။

သူ စဉ်းစားသည်။ အခဆစ် ဘာကြောင့် အဲဒီလိုဖြစ်နေတာလဲ။

အဆိပ်ကြောင့်လား…ဒဏ်ရာကြောင့်လား…ဝေခွဲမရဖြစ်ရသည်။ အဆိပ်ကြောင့်…ဒဏ်ရာကြောင့်မဟုတ်ဘဲ စုန်းပြုစားသည်ဆိုပါက သူ့အာရုံထဲတွင် အဝါဆိုသော အမျိုးသမီး၏မျက်နှာကို မြင်ယောင်မိသည်။

ထိုအခါ သူ လုပ်နိုင်တာ အဝါ ကျေနပ်သွားသည်ထိ တောင်းပန်ဖို့သာ ဖြစ်တော့၏။

သို့သော် တောင်းပန်၍ရလိမ့်မည်မဟုတ်မှန်း သိသည်။

စုန်းပညာဆိုတာ မသိစိတ်က ဆင့်ကဲလာသည့် ပါဝါတစ်ခု။ အဝါက ယခုလို နေ့အချိန်၌ သိစိတ်နဲ့သာ လူ ပီပီသသ ရှင်သန်နေသူဖြစ်သည်။ ပြီးနောက် စုန်းအတတ်ဆိုတာ တောင်းပန်ရုံနဲ့ ကျေအေးရလောက်သည့် လူ့သားဆန်မှုမျိုးမဟုတ်မှန်း သူ သိသည်။

သူ ဘာလုပ်ရင်ကောင်းမလဲ…။

သူ့အတွေးထဲ ထပ်မံဝင်လာသူက ဇိုက် ဖြစ်သည်။

ဇိုက်က တစ်ဦးတည်းသော ကယ်တင်ရှင်ဖြစ်၏။

"အခဆစ်…မင်း…အားတင်းထားနော်…မင်း ဘာမှမဖြစ်စေရဘူး။ ကျွန်တော် မင်းကို ဇိုက်ဆီ ခေါ်သွားမယ်"



www.burmeseclassic.com

www.burmeseclassic.com



သူသည် ပြောပြောဆိုဆိုပင် အဆစ်၏ကိုယ်လေးကို ခွေခံ ပွေ့ချီလိုက်သည်။

"အဆစ်…မင်း…ကျွန်တော့်စကားကို နားထောင်နေပါနော်၊ စိတ်တွေကို ကျွန်တော့်ဆီမှာပဲ ထားပါနော်…နော်…အဆစ်… ကျွန်တော်ပြောတာ ကြားပါတယ်နော်…အဆစ်"

အဆစ်ကို အိမ်ထဲမှ ပွေ့ချီထွက်လာသော သူ့ကို ကလေးများ က မျောက်ပွဲကြည့်သလို ကြည့်နေကြပေမယ့် သူ အာရုံမစိုက်နိုင်ပါ ချေ။

"အဆစ်…အဆစ်…ကျွန်တော့်အသံကို ကြားတယ်မဟုတ် လား…အဆစ်…အဆစ်…သတိထားဦးနော်"

ဘုန်းကြီးကျောင်းထဲဝင်မည်ပြုပြီးမှ ဇိုက်နှင့်ဒီတို့ တောထဲမှ ပြန်ရောက်မလာခြင်းကို သတိရသွားပြီး ဇိုက် နောက်ဆုံးထွက်သွားရာ အရပ်သို့သာ ဦးတည်ပြီး ထွက်လာသည်။

"ဇိုက်…ဇိုက်…ခေါ်နေတာ ကြား…ဇိုက်…ဇိုက်"

တောင်နံရံ ပဲ့တင်ထပ်အောင် အသံပြုလိုက်သည်။

သို့သော် ပြန်ထူးသံကိုမူ မကြားရချေ။

"ဇိုက်…ဇိုက်…"

အဆစ်ကို ပွေ့ချီထားရင်းပင် ဇိုက်၏အမည်ကို မပြတ်တမ်း အော်ဟစ်နေမိသည်။

ကောက်ရိုးတစ်မျှင်ဖြစ်သော်ငြား ထိုကောက်ရိုးတစ်မျှင်ကို နောက်ဆုံးချိန်ထိ မိမိရရ ဆုပ်ကိုင်ထားရမည် ဖြစ်သည်။





"ဇိုက်…ဇိုက်"

သူ့အသံသည် တောင်နံရံတစ်လျှောက် ပျံ့လွင့်သွားသော်လည်း ဇိုက်တော့ ကြားလိမ့်မည်မဟုတ်ပေ။ ကြားခဲ့လျှင်လည်း တုန့်ပြန်သံ သူ ကြားရလိမ့်မည် ဖြစ်သည်။

"ဇိုက်…ဇိုက်"

အေးသောရာသီဥတုဆိုသော်ငြား သူ့နဖူးမှ ချွေးစက်များသည် အကြောင့် တစ်တောက်တောက် စီးကျနေပြီ ဖြစ်၏။

"ဇိုက်"

သူ ခေါ်နေရင်းပင် အဆစ်၏လှုပ်ရှားမှုမှာ ငြိမ်ကျသွားလေ သည်။

သူ ထိတ်လန့်သွား၏။

အဆစ်ကို ငုံ့ကြည့်သည်။

"အဆစ်…အဆစ်"

လှုပ်နှိုး၍မရတော့ချေ။ အသက်ရှူသံကို ကပ်ပြီး နားထောင် ကြည့်သည်။ အသက်ရှူသံ မရပ်သေးပေ။

သူ ဘာလုပ်ရမလဲ…ဘာလုပ်ရမလဲ။

အကယ်၍သာ ခုနေချိန် သူထိုင်ကြည့်နေမည်ဆိုပါက သူ့ဘဝ တစ်သက်တာလုံး နောင်တရမည့်ကိစ္စတွေ ဖြစ်ပွားတော့မည် ဖြစ်သည်။

သူ ဘာလုပ်ရမလဲ…

သူ့ရင်ထဲ အတွေးတို့က ရှုပ်နေသော်လည်း ပတ်ဝန်းကျင်သည်



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်နေပြီ ဖြစ်၏။ ထိုတိတ်ဆိတ်နေခြင်းထဲမှ အသံတစ်သံကို ကြားရသည်။

သူ အာရုံစိုက်ပြီး နားထောင်လိုက်သောအခါ ရေစီးကျသံ ဖြစ်သည်။

နာကျင်လွန်း၍ သတိလစ်သွားပါက ထိုလူ သတိပြန်ရဖို့ နည်းလမ်းသည် ရေတွင် ရှိ၏။

ထို့ကြောင့် သူသည် အဆစ်ကို ပြန်လည်ပွေ့ချီပြီး ရေသံကြားရာသို့ ခေါ်လာပြန်သည်။

ကျောက်နံရံကြားမှ စီးလာသော စိမ့်ရေဖြစ်နေမှန်း သိလိုက်ရသည်။ သူသည် ထိုရေကို လက်ဖဝါးတစ်ခုတ်စာခံကာ အဆစ်၏ နှုတ်ခမ်းများသို့ တော့ပေးသည်။

ရင်ဘတ်ထဲ မှလောင်နေပုံရသော အဆစ်သည် ထိုရေကို လျှာဖျားလေးနှင့် လျက်နေရှာသည်။

သူ အတွေးရသွား၏။

ထို့ကြောင့် ဘောင်းဘီအိတ်ထဲမှ ပဝါတစ်ထည်ကို ထုတ်ကာ ရေဆွတ်ပြီး အဆစ်၏နဖူးတွင် ရေပတ်အုပ်ပေးသည်။

ပြီးနောက် အဆစ်၏ဒဏ်ရာကို ရေဆေးပေးသည်။ မျက်နှာသစ်ပေးသည်။

"အဆစ်…မင်း…ဘာမှမဖြစ်ရဘူး။ ငါ့ကို ယုံပါ…ငါတို့ မကြာခင် ဇိုက်ကို ရှာတွေ့မှာပါ…ငါ့ကို ယုံပါ"

သူပြောနေရင်းပင် သူ့လည်ပင်းမှ လိပ်ပြာကြိုးကို သတိရလိုက်





သည်။ ထိုကြိုးသည် ဘာတွေစွမ်းမှန်း သူမသိသော်လည်း အဆစ်အတွက် ဘယ်အရာမဆို လုပ်ပေးချင်သည်။ မျှော်လင့်ချက်လည်း ထားချင်သည်။

ထို့ကြောင့် လည်ပင်းမှ ကြိုးကိုဖြုတ်ကာ ဒဏ်ရာရနေသော အဆစ်၏လက်ကောက်ဝတ်တွင် ချည်ပေးလိုက်ကာ ဒေါ်သဲအိမ် ရွတ်ဆိုခဲ့သလိုပင် သူသည် အဆစ်၏လိပ်ပြာဝိညာဉ်ကို ခေါ်လိုက်သည်။

ပြီးနောက် ကြာဖူးနားဝဂါထာများကို ရွတ်ဖတ်သည်။

ဤအချိန်တွင် ဘုရားတရားသည်သာ သူ့အတွက် ကိုးကွယ်ရာ ဖြစ်တော့သည်။

သူသည် ဘွားအေနောက်လိုက်ရင်း အလှူအတန်းတွေများစွာ လုပ်ခဲ့ဖူးသည်။ ဘုရားတည်ခဲ့ဖူးသည်။ ကျောင်းဆောက်ခဲ့ဖူးသည်။ မွေးနေ့တိုင်း ဘိုးဘွားရိပ်သာ၌ အလှူလုပ်ခဲ့သည်။ အချိန်ရလျှင်ရသလို လည်း မိဘမဲ့ကလေးများကို စောင့်ရှောက်ခဲ့ဖူးသည်။

သို့သော် သူ တစ်ကြိမ်တစ်ခါမျှ ဆုမတောင်းဖူးချေ။ တောင်းလည်းမတောင်းချင်ခဲ့ပါ။

ဘုရား၊ တရားနှင့် အလှူလုပ်ခြင်းသည် အကျိုးလို၍ ညောင်ရေလောင်းခဲ့ခြင်း မဟုတ်ပါ။

သို့သော် ယခုတော့ သူ ဆုတောင်းနေမိသည်။

အကယ်၍ အဆစ်သာ အသက်ရှင်ခွင့်ရမယ်ဆိုလျှင် သူ ဘာမဆိုလုပ်ဖို့ ဝန်မလေးပေ။



www.burmeseclassic.com

www.burmeseclassic.com



သူ့ဘဝတွင် လုပ်ခဲ့ဖူးသော ကုသိုလ်ကောင်းမှုများ သူ့ထံ အကျိုးတစ်စုံတစ်ရာ ကျန်မထားဘဲ အားလုံးကို တောတောင်စောင့် နတ်မင်းများအား ဝေငှပါသည်။ ထို့ကြောင့် ဇိုက်ကို အမြန်ဆုံး ရောက်လာအောင် ဖန်တီးပေးပါဟု အဖန်ဖန် ဆုတောင်းမိလေသည်။

အဆစ်ရဲ့လက်ကိုကိုင်ပြီး သူ့မျက်နှာအနီးတွင် ကပ်ထားလိုက်၏။ သူ မသိလိုက်ခင် အဆစ်ကို အခြားလူများ ခေါ်သွားမည်ကို စိုးရိမ်သည်။

အဆစ်ရယ်…ထွက်မသွားပါနဲ့…မင်းက ဘယ်လိုလူမျိုးလဲ။ ဘာကြောင့် စုန်းကဝေနဲ့ဆိုင်တဲ့ပညာတွေ သိနေတာလဲဆိုတာ ငါ့ကို ရှင်းပြသွားပါဦး…ပြီးတော့ ဝက်ပါလမ်းကို ပြသွားပါဦး။ အဆစ်ရယ်…ထွက်မသွားပါနဲ့ဦး…။

"ဘလက်ဟိုး…မင်း ဒီမှာ ဘာလုပ်နေတာလဲ"

အသံကြောင့် သူ လှမ်းကြည့်သည်။ သူ ပျော်သွား၏။

"ဟင်…ဇိုက်"

တိတ်ဆိတ်နေသော တောနက်ကြီးထဲ သူ့အနား ဇိုက် ရောက်လာခြင်းကို မသိလိုက်သည့်အဖြစ်မှာ သဘာဝမကျလှပါ။ ဇိုက်ကပဲ ခြေသံလုံလို့လား။ သူကပဲ အာရုံစူးစိုက်မှု အားနည်းတာလား။

ဇိုက်က သူ့ဘာသာသူ ရောက်လာခဲ့သည်ဖြစ်စေ၊ နတ်မင်း အပေါင်းတို့၏အကူအညီဖြင့် ရောက်လာခဲ့သည်ဖြစ်စေ သူ ဝမ်းသာသည်။

အဆစ်ရယ်…မင်း…မင်း ကံကောင်းပြီ။





ဝမ်းသာတယ်ဆိုတာ ဒီလိုအရာမျိုးကို ပြောပါလားဆိုတာ သူ သိသွား၏။

ဇိုက်ကို မြင်လိုက်ရတဲ့ တစ်ခဏသည် သူ့ဘဝကို အမှောင်ထုထဲမှ ဆွဲထုတ်သလို ခံစားလိုက်ရသည်။

ယခုတော့ သူ ဝမ်းသာတတ်နေပါပြီ။

လူတစ်ယောက်ကို တွေ့ရခြင်းအတွက် ပျော်ရွှင်ဝမ်းသာမိသည်မှာ ယခု ပထမဆုံး ဖြစ်သည်။

လရှုးရှနော်သည် သူ့အတွက် ပထမများကိုသာ ပေးစွမ်းလေသလား…။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၉)

"မင်း…ဘယ်လိုစိတ်ကူးနဲ့ ဒဏ်ရာကို ရေနဲ့ဆေးလိုက်တ လဲ"

ညက မှောင်နေပြီမို့ ထင်းခြောက်အချို့ကို ဆွဲကာ ဇိုးက မီးဖိုရင်းဆို၏။

"ဒီလိုပါပဲ…ဖတ်ဖူးမှတ်ဖူးတာနဲ့ ကြားဖူးနားဝတွေ ပေါင်း လုပ်မိလုပ်ရာ လုပ်လိုက်တာပါ"

အဆေ်သည် ကျောက်တုံးကြီးကိုမှီကာ နှစ်မြိုက်စွာ အိပ်ပျော နေလေသည်။

"ခဏနော်…ငါ စည်းချလိုက်ဦးမယ်…အေးလို့…အ အပါးလေး သွားချင်ရင်တောင် ငါ ချထားတဲ့စည်းအပြင်ကို မထွ ပါနဲ့"





သူ ခေါင်းညိတ်ပြလိုက်လေသည်။

သူ့ကြောင့် အဆေ် ခုလို ဒဏ်ရာရသွားခြင်းက သူ့စိတ်က များစွာ နောင်တရပြီး ဖြစ်နေလေ၏။ ထို့ကြောင့် ဇိုးက မလုပ်နဲ့ဟု ပြောသောအရာကို သူ ပေတောပြီး မလုပ်တော့ဘူးဟု ဆုံးဖြတ်မိသည်။

ဇိုးသည် ပြောနေရင်းမှာပင် လွယ်အိတ်ထဲမှ တုတ်တစ်ချောင်း ကို ဆွဲထုတ်ကာ ကြီးမားသောစည်းဝိုင်းကြီးကို ဝိုင်းလေ၏။

"ခင်ဗျား…ဒီနဲ့တွေ့ပြီးပြီလား ဇိုးက်"

"မတွေ့ဘူး…ဘယ်ကိုထွက်သွားမှန်း မသိလိုက်ဘူး။ ရှာတာ သည်း မတွေ့ဘူး။ ရပါတယ်…သူ နှစ်ရက် သုံးရက်ထက် အပြင် ဘာထဲ ကြာကြာမနေနိုင်ပါဘူး။ စိတ်ပြေသွားရင် ပြန်လာမှာပါ"

"ဒါဆို…ခင်ဗျား တစ်ရက်နဲ့တစ်ည ပျောက်သွားတာက ဒီကို ရှာနေတာပေါ့"

"အစောကတော့ ဟုတ်တယ်။ ဒါပေမယ့် ရေညှိညိုတွေ တွေ့လို့ ဆွဲနေလိုက်တာ"

"ရေညှိညို…ဟုတ်လား"

"ရေညှိညိုက အဆေ်ကို ကယ်လိုက်တာပဲ…ညာသန်းခေါင်ယံ မှာ ဆွဲတဲ့ ရေညှိညိုက အစွမ်းထက်တယ်။ အပင်ဆိုတာမျိုးကလည်း သက်ရှိတစ်မျိုးပဲလေ။ လူတောင် ပျော်တဲ့အချိန်၊ ဝမ်းနည်းတဲ့အချိန် ဆိုတာ ရှိသေးတာပဲ။ အပင်တွေလည်း ထိုသဘောပဲပေါ့"

"ခင်ဗျားတို့ကို ကျွန်တော် တကယ်အံ့သြတယ် သိလား… ဘယ်လိုလူတွေလဲဆိုတာ ကျွန်တော် တွေးကြည့်လို့ မရဘူး။ အဆေ်



www.burmeseclassic.com

www.burmeseclassic.com



ကလည်း ဘယ်လိုလူမျိုးမှန်းမသိဘူး။ ပြီးတော့ ရွာထဲကလူတွေ… စက်ပစ္စည်းဆိုတာကို မသိတဲ့လူနဲ့၊ ကားဆိုတာ မသိတဲ့လူနဲ့… ပြီးတော့ ကြေးဖွန်းဆိုတာ…ကျွန်တော်တို့မြို့မှာ ပြတိုက်သွင်းရတော့မယ့်ပစ္စည်း တစ်ခု…ပြီးတော့ စကားပြောပုံ လေယူလေသိမ်း…ပြီးတော့ ဝတ်ပုံ လမ်း…စုန်းတွေ…ဒါထက် ပိုဆိုးတာက မှော်ဆန်ဆန် အတတ်ပညာ တွေ…ကျွန်တော် နားမလည်တာ အတော်များနေပြီ…ရှင်းပြပါဦး"

"မင်း အချို့တစ်ဝက်ကို နားလည်နေပါပြီ ဘလက်ဟိုး… မင်း နားလည်နေတာကို မင်းရဲ့စိတ်က လက်မခံနိုင်သေးတာပါ"

"ကျွန်တော် လက်ခံလာအောင် အကျိုးအကြောင်းညီညီ ခင်ဗျား ရှင်းပြနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်"

"သာမန်အားဖြင့် စုန်းစိတ်ဝင်နေတဲ့အချိန် စုန်းမရဲ့လက်သည်း စာမိရင် အဲဒီလူက နေ့မကူးဘဲ သကြီးပြပ်ရလေ့ ရှိတယ်။ အကယ်၍ အဲဒီလိုမလုပ်ခဲ့ရင် ဖုတ်ဝင်ပြီး တစ်ရွာလုံးကို ပြောင်းဆန်အောင် ဒုက္ခပေး လိမ့်မယ်"

"ဟင်…ဒါဆို အဆစ်က"

"အဆစ်က ဆေးအောင်ထားတဲ့လူတစ်ယောက်ပါ။ သူ့ကို ဘယ်စုန်းကမှ အလွယ်တကူ ဒုက္ခမပေးနိုင်ဘူး"

"ဆေး…ဟုတ်လား"

"မျိုးရိုးထဲမှာ စုန်းမရှိသူတွေက ငယ်ရွယ်တဲ့အချိန်မှာ ဆုတ် ဆေးထိုးကြရတယ်။ အဆစ်က ဆေးအောင်ခဲ့ပေမယ့် ဒီက ဆေး မအောင်ခဲ့ဘူး။ ဒါကြောင့် ငါတို့ ဒီကို စိတ်ပူခဲ့ကြတာပါ"





"ဘာလို့ ဆေးထိုးတာလဲ"

"စုန်းတွေက သူတို့စုန်းဆက်ပြန့်ပွားအောင် ကြံဆောင်ကြလို့ ပေါ့။ သူတို့ စုန်းစိတ်ဝင်နေတဲ့အချိန် သူတို့ရဲ့တံတွေးက မင်းရဲ့ပါးစပ် ထဲ ရောက်သွားခဲ့ရင် မင်းက စုန်းနွယ်ဝင်သွားပြီ။ စုန်းနွယ်မဝင်အောင် ကာကွယ်တဲ့ဆေးပဲ"

"ဪ…"

"ဒါပေမယ့် အဆစ်က ထူးထူးခြားခြားပဲ စုန်းတွေကို အာရုံ ခံတတ်လာတယ်။ ဒါကြောင့် စုန်းတွေက အဆစ်ကို ကြောက်လာကြ တယ်။ အဆစ်ကသာ ဆန္ဒရှိတယ်ဆိုရင် အဲဒီစုန်းတွေကို နှိမ်နင်းပစ် နိုင်တယ်"

"ကောင်းတဲ့အရာတွေမှ မဟုတ်တာ…နှိမ်နင်းပစ်လိုက်ပါ လား"

"လူအားလုံးက သူတန်ဖိုးနဲ့သူ အသီးသီး ရှင်သန်ကြတာပါ။ စုန်းတစ်ယောက်ကို နှိမ်နင်းရင် အကုန်နှိမ်နင်းရတော့မှာ။ စုန်းတိုင်းက မကောင်းတာမှ မဟုတ်တာ။ ကောင်းတဲ့သူလည်း ကောင်းတာပဲလေ။ ဒါကို အဆစ်က သိတယ်။"

"ဟာဗျာ…ဒါတော့ မဟုတ်သေးပါဘူး။ သူတို့တွေ အပြစ်မဲ့တဲ့လူတွေကိုပါ မကျီစားသင့်ဘဲ လျှောက်လုပ်ကုန်တော့"

"စုန်းတွေကို နှိမ်နင်းရစတမ်းဆိုရင် တစ်ရွာလုံးနီးပါး လူတွေကုန်သွားလိမ့်မယ်"

"ဟင်…"



www.burmeseclassic.com

www.burmeseclassic.com



သူ ထိတ်လန့်သွားသည်။ တစ်ရွာလုံးနီးပါးဆိုပါလား…။

ဒါဆို…တစ်ရွာလုံး စုန်းအတတ် တတ်ကြတယ်ဆိုတဲ့သဘော ပေါ့။ နေရင်းထိုင်ရင်းပင် ကြက်သီးထလာသလို ခံစားရသည်။

"အဆစ်ကို စုန်းတွေက ကြောက်တယ်။ အဆစ်ရှိနေရင် သူတို့ရဲ့အစွမ်းတွေ ပြယ်ကုန်တယ်"

ထိုအခါမှ မူဝါးတို့အိမ်၌ ကြုံခဲ့ရသော ပဟေဠိကို သူ နားလည်စပြုလာသည်။

"ဆေးအောင်ထားလို့လား"

"ဆေးအောင်ခဲ့လို့လည်း ဖြစ်နိုင်တယ်…ဒါပေမယ့် နောက်တစ်ခုက အဆစ်က သူ့အဘိုးရဲ့သွေးကို သောက်ခဲ့လို့"

"ဘာ…အဆစ်က သွေးသောက်တယ်"

"အဆစ်ရဲ့အဘိုးက တောထဲမှာ တစ်လကိုးသီတင်း အဓိဋ္ဌာန် ဝင်ပြီး ဆေးကြိတ်လေ့ရှိတယ်။ အဆစ်ကို စိုးရိမ်လို့…သူ မသေခင် သူ့ရဲ့သွေးကို အဆစ်ကို တိုက်ခဲ့တယ်လို့ အရီးအိမ်က ပြောတာပဲ။ အဲဒီအချိန် အဆစ်က လသားအရွယ်ပဲ ရှိသေးတယ်တဲ့။ အဘိုးရဲ့သွေး ထဲမှာ ဆေးဓာတ်တွေများတယ်လေ"

"ပြီးတော့…ဝက်ပါလမ်းဆိုတာကရော"

"လပြည့်ညတိုင်း အဆစ်က အပြင်လောကကို ထွက်တယ်။ ပြီးတော့ နှစ်ရက် သုံးရက်နေမှ ရွာကို ပြန်လာတယ်။ သူ ပြန်လာတိုင်း ထူးဆန်းတဲ့သတင်းတွေ သယ်လာတယ်။ ပြင်ပလောကကအကြောင်း အရာတွေ သိခွင့်ရတယ်"





"ဒါဆို…ခင်ဗျားက ဝက်ပါလမ်းကို မသုံးဖူးဘူးပေါ့"

"ငါတို့ရွာက ဒီလိုဝက်ပါလမ်းထဲ အကျဉ်းချခံထားရတာ နှစ်ပေါင်းတစ်ရာကျော်ပြီလို့ သိရတယ်။ ဒါကြောင့် ပြင်ပလောက အကြောင်း ငါတို့ သိခွင့်မရှိဘူး။ သိလည်းမသိရဘူး။ အဆစ်က အဘိုးရဲ့သွေးကြောင့် အဲဒီဝက်ပါလမ်းကို သုံးလို့ရတာလို့ ငါ ထင်တယ်။ ဒါပေမယ့် ထူးဆန်းတယ်။ မင်းရောက်လာပြီးတဲ့နေ့ကစလို့ အဆစ်က အဲဒီလမ်းကို သွားလို့မရတော့ဘူးတဲ့။ အဆစ် ပြောတာတော့ လမ်းတွေ ပြောင်းလဲသွားလို့ မမှတ်မိတော့ဘူးတဲ့"

ညာပြောသောစကား မဟုတ်သော်လည်း ယုံဖို့ခက်လှသည်မှာ အမှန်ပါ။

"ခင်ဗျားနဲ့…အဲ…အဆစ်တစ်ယောက်တည်း ထားပါ တော့… အဆစ်…အဲဒီလို သွားလာနေတာကို ရွာထဲကလူတွေ မသိ ကြဘူးလား"

"ဒီတောင် မရိပ်မိမှတော့ ကျန်တဲ့လူတွေလည်း ရိပ်မိကြမယ် မထင်ပါဘူး။ ဘာလို့လဲဆို…ငါတို့က တောထဲကိုဝင်ပြီး မကြာခဏ ဆေးပင်ရှာလေ့ရှိတယ်။ တစ်ခါဝင်ရင် နှစ်ရက်သုံးရက်ကြာတာကိုး။ မသိဘူး…ဒါပေမယ့် မင်းရောက်လာတဲ့နေ့ကစပြီး ငါတို့ကို သူတို့ သံသယဝင်နေကြတယ်"

သူ့စိတ်ထဲ အတွေးမျိုးစုံက ရှန်းရင်းဆန်ခတ် ဖြစ်ကုန်သည်။ အကြောင်းအရာတွေက စုပြုံတာများပြားနေသောကြောင့် ဘယ်က ဘယ်လို ဆက်စပ်တွေးရမှန်း မသိတော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



"အင်..."

ထိုစဉ် မလှုပ်မယှက် အိပ်နေသော အဆစ်သည် လှုပ်ရှလှုပ်ရှ ဖြစ်လာလေသည်။

"အဆစ်...အဆစ်"

ဖိုက်သည် ဖျတ်လတ်စွာပင် အဆစ်ကို ပွေ့ထူသည်။

"ဖိုက်...သူရော...သူရော...ဟင်"

"ကျွန်တော်ရှိတယ် အဆစ်...ခင်ဗျား နေသာရဲ့လား"

ဟု သူက အသံပြုလိုက်မှ အဆစ်သည် သူ့ထံ လှမ်းကြည့်လေသည်။

"မင်းကို သူ ကယ်လိုက်တာပဲ...အဆစ်...သူသာ မင်းကို ပွေ့ချီပြီး မပြေးခဲ့ဘူးဆို...မင်း ခုလို ဒီလိုရှိမနေတော့ဘူး။ ရွာထဲက ထွက်လာတာက ကောင်းသွားတာပဲ။ ပြီးတော့ မင်းရဲ့ဒဏ်ရာကို သူ ရေဆေးထားတယ်။ ငါ အချိန်အတန်ကြာ မသိခဲ့တဲ့ လျှို့ဝှက်ချက်ကို သူ အချိန်တိုအတွင်း ငါ့ကို သင်ကြားပေးခဲ့တယ်။ ငါတို့သိတာက ရေဆေးရင် အနာရင်းမယ်လို့ သိခဲ့ကြတာ"

ဒဏ်ရာကို ရေဆေးတယ်ဆိုတာ သူ့အတွက် ကြီးကြီးမားမား စဉ်းစားစရာကိစ္စ မဟုတ်ချေ။ သူငယ်ငယ်တုန်းက စက်ဘီးစီးသင်ချိန် တွင် မှုရှဒဏ်ရာများစွာ ရခဲ့ဖူးသည်။ ထိုအချိန်တိုင်း အသွားက သူ့ကို ခွဲကာ ဒဏ်ရာကို ရေဆေးသန့်စင်ပြီးမှ ဆေးလိမ်းပေးလေ့ ရှိခဲ့သည်။ ထို့ကြောင့် ဒဏ်ရာရလျှင် ရေဆေးရမည်ဆိုသည့်အသိသည် သူ့ခေါင်း ထဲ စွဲမြဲနေခဲ့သည်။





"ငါ...ရေညှိညိုတွေ ရလာပြီ။ အဆစ်...အဲဒီရေညှိညိုက မင်းကို ကယ်လိုက်တာပဲ"

"ဒီရောဟင်"

"သူ တောထဲတစ်နေရာရာမှာ ကြယ်တွေကို ကြည့်နေမှာပေါ့"

အဆစ်သည် လဲလျောင်းနေရာမှ ဖြည်းဖြည်းချင်း ထလာသည်။

"ခေါင်းမူးသေးလား အဆစ်..."

"သိပ်မမူးတော့ပါဘူး"

"မင်းကို ဘယ်သူလုပ်တာလဲ"

"အဝါပါ...သူ အဆင်ပြေရဲ့လားမသိဘူး။ အကယ်၍ ဒီည သာ သူ အစာရှာထွက်ဦးမယ်ဆို မနက်ဖြန် ငါတို့ သူ့အလောင်းကို ကောက်ကြရလိမ့်မယ်...ဖိုက်"

"ငါလည်း အဲဒါကို စိတ်ပူတယ်"

"ခင်ဗျားတို့ ဘာတွေပြောနေကြတာလဲ"

သူက ကြောင်စီစီနှင့် လှမ်းမေးလျှင် ဖိုက်က သူ့ကို စိုက်ကြည့် လာသည်။

"ပြိုင်ပွဲဆိုတာ အနိုင်နဲ့အရှုံး နှစ်ခုပဲ ရှိတယ်။ အဆစ်က နိုင်သွားတဲ့အတွက် အဝါက ရှုံးမှာက ထုံးစံပဲ...ဘာလက်ဟိုး"

"ဟင်..."

သူ ထိတ်လန့်သွားသည်။ ဤသို့ ဥပဒေမဲ့သောရွာကိုလည်း စိတ်ပျက်သွားမိသည်မှာ အမှန်ပါ။

"မဟုတ်သေးပါဘူးဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ကိုယ့်ဒေါသနဲ့ကိုယ် ခံရတာ…ငါတို့က ဘာတတ်နိုင်မှာလဲ။ သူသာ အဆစ်ကို ဒုက္ခမပေးခဲ့ရင် သူ့ကို ခုလို အဖြစ်ဆိုးနဲ့ကြုံရမလား"

"ကျွန်တော့်ကြောင့်ပါ…ကျွန်တော်က…"

"ကဲ…ပြီးတာတွေလည်း ပြီးသွားပြီ…ဘာလက်ဟိုး၊ ကိုယ့်ကြောင့်သူ့ကြောင့်ဆိုပြီး အပြစ်တွေကို လွှဲချနေလို့လည်း ဒါတွေက အပိုတွေဖြစ်မှာပဲ။ ကျွန်မ ပြောချင်တာက နောက်ဆို ကျွန်မတို့တားမြစ်တဲ့ကိစ္စကို ရှင့်သဘောနဲ့ရှင် ဘာမှမလုပ်ပါနဲ့…ဟုတ်ပြီလား"

သူ ခေါင်းမညိတ်ပေ။ သို့သော် သူ့စိတ်ကတော့ လိုက်နာမိပြီး လျှက်သား ဖြစ်နေရလေသည်။

"ငါ ဒီတစ်ခါတော့ သေပြီလို့ထင်ခဲ့တာပဲ။ ကျေးဇူးပါပဲ ဖိုက်ရယ်…တကယ်ပါ"

"ငါ့ကို အဲ့ဒီလို သူစိမ်းစကားမပြောနဲ့ အဆစ်…ငါတို့က အဲ့ဒီလို ပြောရမယ့်လူတွေ မဟုတ်ဘူး"

ဖိုက်၏စကားကို သူ နားစွန်နားဖျား ကြားလိုက်သည်။

ငါတို့က အဲ့ဒီလိုပြောရမယ့်လူတွေ မဟုတ်ဘူးဆိုပါလား…

ဖိုက်နဲ့အဆစ်က ဘာတွေလဲ။

စူးစမ်းလိုစိတ်က ရင်ထဲ ပျံ့နှံ့သွားလေသည်။

မီးရောင်မှုန်ဝါးဝါးအောက်တွင် ဖိုက်နှင့်အဆစ်တို့ကို အကဲခတ်မိသည်။ ဖိုက်နဲ့အဆစ်က ဘယ်လိုပတ်သက်နေကြတာလဲ။ ချစ်သူ ရည်းစားတွေလား…။

ထိုသို့ တွေးမိသောအခါ သူ့ရင်ထဲ မကြည်မလင်ဖြစ်သွားရ





သည်။ ဘာကြောင့်မှန်းမသိ…အဆစ်ကို နှမြောမိသလို ခံစားရသည်။ အဆစ်နှင့်ဖိုက်ကလည်း မလိုက်ဖက်ဘူးဟုထင်သည်။

ထိုသို့ ထင်ရခြင်းမှာ ဖိုက်သည် ရုပ်ဆိုးသောလူတစ်ဦးမဟုတ်၍ ဖြစ်သည်။ ဖိုက်ကို ကြည့်နေရင်းပင် ဒေါသဖြစ်ချင်လာသလိုလိုနှင့် ရင်ထဲ အလိုမပြည့်မှုတွေ များလာသည်။

သူ ဘာဖြစ်နေတာလဲ…ဧကန္တ သူ့စိတ်က အဆစ်အပေါ် ရိုးမှ ရိုးရဲ့လား။ မဖြစ်ကောင်းပါ…အဆစ်သည် သူ့ကို ကယ်တင်ခဲ့သော သူ့ရဲ့အသက်သခင် ဖြစ်သည်။

အသက်သခင်ကို မဖြစ်မှားကောင်းမှန်း သူ ကောင်းစွာ သိနေသည်။ သူ့ကို ကယ်တင်ခဲ့တာမှ တစ်ကြိမ်တည်းမကပါ။ နှစ်ကြိမ်ဖြစ်၏။ တစ်ခါက တောင်ခြေ၌ ဖြစ်သည်။

အကယ်၍ အဆစ်သာ သဘောဆိုးပြီး မကယ်ခဲ့ပါလျှင် သူနှင့် တောထဲ၌ ဘဝကူးသွားလိမ့်မည် ဖြစ်သည်။ ပြီးနောက် ဦးလွန်းခောင်တို့အိမ်၌လည်း သူ့ကို အဆစ်က ထပ်ပြီး ကယ်တင်လိုက်၏။ သူ့ကြောင့် အဆစ်က ခုလို အသက်အန္တရာယ်နှင့် ရင်ဆိုင်ခဲ့ရခြင်း ဖြစ်သည်။

ဒါ့ထက်မကသေး…မူဝါးတို့အိမ်၌လည်း အဆစ်က သူ့ကို ကယ်တင်ခဲ့သေးသည်။

ဒီလောက်များပြားတဲ့ ကျေးဇူးတွေကို သူ ဘယ်လိုဆပ်ရမလဲ ဘယ်နည်းနှင့်ဆပ်ရမလဲ…ပြီးနောက် ဖိုက်…။ ဖိုက်လည်း သူ့အပေါ် ကျေးဇူးရှိသူ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကျေးဇူးရှင်နှစ်ယောက်က မေတ္တာမျှနေကြတယ်ဆိုလျှင် သူ ပီတိဖြစ်ရတော့မည့်အခြေအနေမှာ ရှိသည်။

သို့သော် သူ ဘာလို့ ဝမ်းမသာနိုင်ရသလဲ…

ဘာလို့ အလိုမပြည့်စွာ ခံစားနေရသလဲ…

ဘာကြောင့်လဲ…ဘာကြောင့်လဲ…သူ့စိတ်တွေ ဘာဖြစ်နေတာလဲ…။

သူ့စိတ်ကို သူ မသိပေမယ့် ကြယ်တွေကတော့ သိနိုင်လိမ့်မည်ဟု မျှော်လင့်သည်။ ဒီသာ ကြယ်တွေနဲ့ စကားပြောနေခဲ့ပါလျှင် ဒီက သူ့စိတ်ကို သိသွားမှာလား…အစရှိသဖြင့် အတွေးတွေက ရောက်တတ်ရာရာ ဖြစ်နေပြီး အိပ်မရချေ။

ခဏအကြာ၌ အဆေစ်ရဲ့အသက်ရှူသံပြင်းပြင်းကို ကြားလိုက်ရသည်။ အဆေစ် အိပ်သွားပြီပဲဟု သူ သိလိုက်သည်။

သို့သော် သစ်ကိုင်းများကို မီးစိုက်နေသော ဇိုက်၏အသံကိုလည်း ကြားရ၏။ ဇိုက် မအိပ်သေးဘူးလား။ ဘာလို့ မအိပ်တာလဲ။ အတူနေကြသော ကာလတိုလေးတစ်လျှောက်တွင် ဇိုက် အိပ်နေသည်ကို သူ မမြင်ဖူးချေ။

ဇိုက်အကြောင်း သူ တွေးမိသွားပြန်သည်။

ထိုသို့ တွေးနေမိဆဲမှာပင် မြေကြီးလှုပ်ခတ်သွားပြန်၏။

ငလျင်ကလည်း ဘာလို့ မကြာခဏ လှုပ်ခတ်နေရတာလဲ…။

●



## အခန်း (၁၀)

လမ်းမပေါ်တင်ထားသော ခေါင်းတလားကြောင့် သူ ထိတ်လန့်သွားသည်။ ရေးထွင်းထားသော သေဆုံးသူ၏အမည်က အဝါ ဖြစ်၏။

"ဒါ…ဘယ်လိုဖြစ်တာလဲ"

သူက မေးခွန်းထုတ်နိုင်ပေမယ့် အဆေစ်နှင့်ဇိုက်ကတော့ ငါတို့ကြိုခန့်မှန်းထားတဲ့အတိုင်းပါပဲဆိုသည့်သဘောဖြင့် မျက်လုံးမယှက်ပင် အတူးတည်ငြိမ်နေကြသည်။

"ကဲ…ငါတို့ အကြောင်းစုံသိရအောင် ဘုန်းကြီးကျောင်းသွားကြစို့"

ဇိုက်ကဆိုသဖြင့် သူသည် ဇိုက်၏ဦးဆောင်ရာနောက်သို့ လိုက်လာခဲ့ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



ဇိုက်နောက် လိုက်နေရင်းပင် သူ တစ်ခုခုကို ကြောက်သလို ခံစားလာရသည်။ စိတ်ထဲမှာလည်း မသိုးမသန့် ဖြစ်နေလေသည်။

သူ့နောက်ကျောတွင်ရှိနေသော ခေါင်းတလားသည် သူ့စိတ်ကို ကောင်းကောင်းဒုက္ခပေးနေပြီ ဖြစ်၏။ မကြာခင် ကိစ္စကြီးတစ်ခု ဖြစ်ပွားတော့မှာကို စိတ်ထင့်နေသည်။

"ဘလက်ဟိုး…ရှင် နေလို့ကောင်းရဲ့လား"

"ကျွန်တော့်စိတ်ထဲမှာ တစ်မျိုးပဲ…အဆစ်"

"ကျွန်မတို့ပြောတဲ့အတိုင်း မှန်နေလို့ ရှင့်စိတ်ထဲ အနှောင့်အယှက် ဖြစ်သွားတယ်နဲ့တူတယ်"

"အဲဒါကြောင့်လည်းပါမှာပေါ့…ဒါပေမယ့်…တစ်မျိုးကြီးပဲ"

သူသည် ပြောရင်းပင် ထိုခေါင်းတလားကို နောက်ပြန်ကြည့် လိုက်ပြန်သည်။

စက္ကူရောင်စုံများဖြင့် အလှဆင်ထားသော ခေါင်းတလားသည် ကြောက်မက်ဖွယ်အတိတ်နှင့် ထီးထီးချည်း ဖြစ်နေသည်။

ခေါင်းတလားဘေး၌ ဖြတ်သွားဖြတ်လာလူအချို့ကို တွေ့ရသော်လည်း ချောက်ချားမိတာ အမှန်ပါ။

သူသည် ကြောက်တတ်သူဖြစ်သော်ငြား ရန်ကုန်၌ နာရေးကူညီအသင်း သွားပြီးလှူဒါန်းမှုတွေ လုပ်ခဲ့သောကြောင့် ခေါင်းတလားသည် သူနှင့် မစိမ်းချေ။

သို့သော် ထိုခေါင်းတလားကို သူ ဘာကြောင့် ကြောက်နေတာလဲ။ လူကို ဒုက္ခပေးနိုင်သူက လူသေမဟုတ်ပါ။ အသက်ရှင်သ





နေကြသော လူများသာ ဖြစ်၏။

သို့သော် သူသည် လူရှင်ကို မကြောက်ဘဲ ဘာလို့ လူသေကို ကြောက်နေရတာလဲ။

"ဖိနပ်ချွတ်လေ…ဘုန်းကြီးကျောင်းထဲဝင်တော့မယ်"

အဆစ်သည် ပြောပြောဆိုဆိုပင် စီးထားသော ခုံဖိနပ်ကို ချွတ်ပြီး ခြသေ့ကြီး၏ဗိုက်အောက်တွင် ထားလိုက်သည်။

အဆစ်နည်းတူပင် ဇိုက်သည်လည်း စီးထားသော ခုံဖိနပ်ကို ခြသေ့ကြီးတင်ပါးအောက်တွင် ထားသည်။

ထိုအခါမှ သူက စီးထားသော ဘွတ်ဖိနပ်ကို ချွတ်ဖို့ သတိရသည်။ သူတို့ ဘုန်းကြီးကျောင်းထဲဝင်လာသည်။

ကျောင်းပေါ်တက်ပြီး ဘုန်းကြီးကို ဖူးတွေ့မည်ဟု ထင်ခဲ့သော်လည်း ဇိုက်သည် ကျောင်းပေါ်မတက်ဘဲ ကျောင်းနောက်ဘက် ခရေပင်တန်းသို့ ထွက်သွား၍ သူက ယောင်လည်လည် လိုက်လာမိသည်။

ထိုအခါ ရွက်ကြွေတွေ မြင်မကောင်းအောင် ပျံ့ကျဲနေသော ခရေပင်လမ်းကြီးကို တအံ့တသြ ငေးမောမိပြန်သည်။

ဇိုက်သည် အပင်တန်းကြား တန်းတန်းမတ်မတ် ဝင်သွားပြီး တစ်နေရာအရောက်တွင် ပဆစ်ဒူးတုတ်ထိုင်ကာ ရှိခိုးနေသည်။ ဇိုက် ရှိခိုးရာအပင်ကွယ်သို့ ကြည့်လိုက်သောအခါ တရားထိုင်နေသော ဘုန်းကြီးကို တွေ့ရသည်။

ထိုအခါမှ သူက အဆစ်ဘေး၌ အသာတလျှင် ထိုင်ကာ



www.burmeseclassic.com

www.burmeseclassic.com



ရှိနိုးလိုက်၏။

"ဒီ…ပြန်ရောက်ပြီလားဘုရား"

"မရောက်သေးဘူး"

"ရွာထဲက အသုဘက ဒီနေ့ပို့မယ်ထင်တယ်ဘုရား…အရှင်ဘုရားကို လာပင့်သွားသေးလားဘုရား"

"မပင့်ဘူး…ဒကာမကြီးခေါ်ကြိုင်ရဲ့သမီး အဝါ မဟုတ်လား"

"တင်ပါ့ဘုရား"

"ဒကာကြီးက အနီးကပ်စောင့်ရှောက်လိုက်ပါကွယ်။ ရွာသားတွေ အထိတ်တလန့် မဖြစ်စေနဲ့ပေါ့။ အချိန်တန်တော့ ဘုန်းကြီး ကြွခဲ့ပါ့မယ်"

"တစ်ခုခုအရေးကြီးလို့လားဘုရား"

ဟု ဖိုက်က ပြန်ပြောသောအခါ ဘုန်းကြီးသည် သင်္ကန်းကြားမှ ကြိုးထွေးတစ်ထွေး ထုတ်လာပြီး အဆစ်ထံ လှမ်းပေးသည်။

"သဗ္ဗဝါအားလုံး ဘေးရန်ကင်းကြပါစေ…"

ဘုန်းကြီးသည် သက်ပြင်းချပြီး မျက်စိပြန်မှိတ်သွားလေသည်။

"ငါတို့ တစ်ခုခုလုပ်တော့မှဖြစ်မယ် ဖိုက်"

ဘုန်းကြီးရှေ့မှ ထွက်ခွာလာချင်းပင် အဆစ်က ဆို၍ အခြေအနေသည် အရေးကြီးမှန်း သူ ရိပ်မိလိုက်သည်။

"ဘလက်ဟိုး…ရှင်…ကျွန်မတို့ကို ကူညီပါ"

"ပြောပါ…ကျွန်တော်က ဘာကူညီရမလဲ"

သူ ပြောလိုက်သောအခါ ဘုန်းကြီးပေးသော ကြိုးများကို အဆစ်





က သူ့ထံပေးလာသည်။

"ရှင်နဲ့ကျွန်မ…အိမ်နဲ့လမ်းကို ကြိုးနဲ့စည်းထားရမယ်"

"ကလေးတွေကို အိမ်ထဲမှာပဲနေဖို့ ငါ သွားပြောလိုက်မယ်"

ဖိုက်သည် ပြောပြောဆိုဆိုပင် လစ်ခနဲ ထွက်သွားသည်။

"ဘာဖြစ်လို့လဲ…အဆစ်…ငါ့ကို အခြေအနေလေး ရှင်းပြပါဦး"

"အဝါက ထပ်ပြီး သောင်းကျန်းလိမ့်မယ်လို့ ငါတို့ ယူဆတယ် ဘလက်ဟိုး…ဒါကြောင့် ငါတို့ ကာကွယ်ရမယ်"

"ဒီကြိုးတွေက…"

"ပရိတ်ကြိုးတွေပဲ…လိပ်ပြာခွဲတဲ့ကြိုး၊ သူ…အိမ်ထဲကို မဝင်နိုင်အောင် ငါတို့က အိမ်တွေရဲ့ခြံစည်းရိုးတစ်လျှောက်ကို ကြိုးတွေနဲ့ စည်းခြားပေးရမယ်"

"ကျွန်တော် နားမလည်တော့ဘူး အဆစ်…အဝါက သေပြီးသားလူလေ…ဘာလုပ်နိုင်ဦးမှာလဲ…ဘာဖြစ်လာဦးမှာလဲ…သူက သေသူတစ်ယောက်လေ…သူ့ဝိညာဉ်က လွင့်ချင်သလို လွင့်သွားပြီ"

"သူက စုန်းဆိုတာ ရှင်လည်း တွေးဦးမှာပေါ့။ ဒါတွေ ရှင် မကြုံဖူးလို့ မသိပေမယ့် ကျွန်မတို့တော့ ကြုံဖူးတယ်။ အဝါက အခု သွေးရိုးသားရိုး အသက်ပြည့်လို့ သေတာမဟုတ်ဘူး။ ကျွန်မကို ရှုံးလို့ သေသွားတာ။ ဒါကြောင့် သူ့ဝိညာဉ်က အေးအေးလူလူ လွတ်ရာကျွတ်ရာကို ထွက်သွားနိုင်မယ်လို့ ထင်သလား"

"မဟုတ်သေးဘူး…အဆစ်"



www.burmeseclassic.com

www.burmeseclassic.com



"ကိစ္စရပ်တွေ အများကြီးကို ကိုယ်တွေ့ကြုံဖူးတာတောင် ဒီလောက် ရှင်းပြရခက်နေတဲ့ ရှင့်ကိုကျွန်မ အံ့သြတယ်။ ရတယ်… ရှင် မကူညီနဲ့တော့။ ရှင့်ဘာသာ အေးအေးသက်သာနေပါ။ တစ်ခု တော့ မှာခဲ့ချင်တယ်။ ရှင် နေခဲ့မယ်ဆိုလည်း ဘုန်းကြီးကျောင်းထဲက မထွက်ပါနဲ့"

အဆစ်သည် ပြောပြောဆိုဆို ခြသေ့်ဗိုက်အောက်မှ ခုံဖိနပ်ကို ဆွဲယူကာ ချစီးပြီး တစ်ခွပ်ခွပ်နှင့် ထွက်ခွာသွားလေ၏။

အဆစ်…သူ့ကို စိတ်ဆိုးသွားတာလား။

သူ့ကို သတ္တိနည်းတယ်ဟု ထင်သွားတာလား။

သူ့ရင်ထဲ ရှုပ်ထွေးနေသည်။ တယူသန်လွန်းတဲ့အယူအဆများ ကို ပြောင်းလဲပစ်လိုက်ချင်သည်။

သူ စိတ်ရှုပ်ရှုပ်ဖြင့်ပင် ခြသေ့်ကြီးဝမ်းဗိုက်အောက်၌ ထိုင်ချလိုက် သည်။ ဘုန်းကြီးကျောင်းသည် ရွာလယ်လမ်းမကြီး၏ ထိပ်ပိတ်တွင် ရှိနေသောကြောင့် ရွာလယ်လမ်းမကို သူက အပေါ်စီးမှ ကြည့်နေရ သလို မြင်ရလေသည်။

ထိုအခါ ခေါင်းတလားက သူ့မြင်ကွင်းထဲ ထင်းခနဲ လင်းနေ အောင် မြင်ရလေ၏။ ပြီးနောက် ရွာရှိအိမ်ခြံစည်းရိုးများကို ကြိုးဖြင့် ချည်နေသော အဆစ်ကိုလည်း တွေ့ရသလို ရွာလယ်လမ်းမပေါ်တွင် ဟိုဟိုဒီဒီ ပြေးလွှားနေသောကလေးများကို အိမ်ထဲမောင်းသွင်းနေသော ဗိုက်ကို တွေ့ရ၏။

ဗိုက်နှင့်အဆစ်က ဤမျှ တက်ကြွလှုပ်ရှားနေခြင်းကို ထိုင်ကြည့်





နေသောသူက လူမဟုတ်သလို ခံစားလာရသည်။

ဗိုက် ကလေးများကို ဘာပြောလိုက်သည် မသိပါ။ ကလေးများ သည် အိမ်ထဲသို့ အကြောက်အလန့် ပြေးဝင်သွားကြကုန်သည်။ ပြီး နောက် အဆစ်သည်လည်း မိန်းကလေးတန်မဲ့ပင် ခြံစည်းရိုးများကို ကျော်ခွနေလေ၏။

သူ မနေသာတော့ပေ။ ထို့ကြောင့် ထိုင်နေရာမှ ထပြီး အဆစ်နား သို့သွားကာ အဆစ်လက်ထဲမှ ကြိုးစကို ဆွဲယူပြီး ချည်နှောင်လိုက် သည်။

"အဆစ်… ဘာလို့ ခြံစည်းရိုးတွေကို လိုက်ချည်နေရတာလဲ"

မင်းက နောက်မှပေါ်လာကာဆိုလေသည်။

"အခြေအနေမကောင်းဘူး မင်း…ဘုန်းကြီးက အချိန်တန်ရင် ကြွခဲ့မယ်လို့ မိန့်လိုက်တယ်။ ငါတို့ငယ်တုန်းက ဖြစ်ဖူးတဲ့ကိစ္စလို ဘာမျိုး ဖြစ်တော့မယ်နဲ့တူတယ်"

"ဟင်"

မင်း၏မျက်လုံးများသည် ပြူးကျယ်ဝိုင်းစက်သွားလေသည်။ သူကိုယ်၌ကလည်း အံ့သြသွား၏။

ငါတို့ငယ်တုန်းက ဖြစ်ခဲ့သည့်ကိစ္စဆိုပါလား…ဘာဖြစ်ခဲ့တာ လဲ။ ဘာကြောင့် မင်းက အဲဒီလောက်ထိ တုန်လှုပ်သွားရတာလဲ။

"ဘယ်လိုလုပ်မလဲ…အဆစ်…ကာလသားတွေ ကြေးစည် သယ်ဖို့ နတ်ကွန်းကို ထွက်သွားကြပြီ"

"ဘယ်တတ်နိုင်ပါ့မလဲ…အသုဘပို့မှတော့ ကြေးစည်တော့



www.burmeseclassic.com

www.burmeseclassic.com



ထုရမှာပေါ့”

“မရဘူးလေ…ကြေးစည်ထုရင်…သူ…သူ…”

မငီး၏စကားပင် မဆုံးလိုက်ပါ။ ကြေးစည်ကြီးတစ်ခုကို ဝါးလုံး ဖြင့် ဦးဖက်လျှိုထမ်းလာသော ကာလသားနှစ်ဦးက ကြေးစည်ကို ထုချလိုက်လေသည်။

သူရော…အဆစ်ရော…မငီးပါ ခေါင်းတလားကို ကြည့်လိုက် ကြသည်။ ဘာမှထူးခြားမှု မရှိပေ။ သူ ကျေနပ်သွား၏။

“ရွာသူရွာသားအပေါင်းတို့…ကိစ္စပို့သွားရအောင်ဗျို့”

ရှေ့မှလူက နှိုးဆော်ပြီး နောက်မှလူက ကြေးစည်ကို ထုရိုက်လေ သည်။

“ဝုန်း”

ကြေးစည်သံမားနှစ်ယောက်ထံ သူ အာရုံရောက်သွားခိုက်တွင် ပြုံလှဲသံတစ်ခုကို ကြားလိုက်ရသည်။

အဆစ်မျက်နှာကို ကြည့်လိုက်သောအခါ ထူပူ၍နေလေ၏။ မငီး မျက်နှာကတော့ မှင်တက်ပြီး သွေးစုပ်ဖြူရော်နေလေသည်။

“ရွာသူရွာသားအပေါင်းတို့…ကိစ္စပို့…”

အော်နေသောလူသည် စကားကိုပင် ဆုံးအောင်မဆိုလိုက်နိုင် တော့ပေ။ တစ်နေရာရာကို ကြည့်ပြီး မှင်တက်သွားသည်။ တစ်ခု တော့ ထူးခြားနေပြီဆိုတာ သူ သိလိုက်၏။

ထို့ကြောင့် အားလုံး မှင်တက်သွားကြသော ခေါင်းတလားကို သူ ကြည့်သည်။





“ဟင်…”

သူ့စိတ်တွေ သူ့ကိုယ်ထဲမှ လွင့်လွတ်သွားသလို ခံစားလိုက်ရ သည်။ သူ မြင်နေရသော မြင်ကွင်းက ဘာလဲ။ ဘာကို သူ တွေ့နေ ရတာလဲ။

အားလုံး မှင်တက်စွာ ကြည့်နေကြခိုက်တွင် လဲလျောင်းနေသော ခေါင်းတလားမှာ ရုတ်တရက် ထူမတ်လာသည်။

သူ လက်ဖျံတွင် ကြက်သီးမွေးညင်းများ ပြွတ်ခဲသွားလေသည်။

“ဝုန်း…ဝုန်း…”

သူ ကြည့်နေရင်းပင် ခေါင်းတလားကြီးသည် သူတို့ထံသို့ တရွေ့ရွေ့ တိုးကပ်လာသည်။

သူ အိပ်မက်များမက်နေရော့သလား….။

လူသေကောင်ထည့်ထားသော ခေါင်းတလားက လူ လမ်းလျှောက်သလို သွားနေခြင်းမှာ သူ့ဘဝတွင် ဘယ်တုန်းကမှ မကြုံ နူးသည့် ဖြစ်ရပ်ကြီး ဖြစ်နေသည်။ ရုပ်ရှင်တွေထဲမှာပင် ထိုမြင်ကွင်း မျိုး မကြည့်ဖူးခဲ့ပါ။ တကယ်ရော ဟုတ်ရဲ့လား။ သူ အိပ်မက်များ မက်နေတာလား။

“ပြေးကြဟေ့…ပြေး…”

ကြေးစည်ကို ဦးဖက်လျှိုထမ်းထားသော ကာလသားနှစ်ဦးသည် ထမ်းထားသော ကြေးစည်ကြီးကို ပစ်ချကာ ဖနောင့်နှင့်တင်ပါး တစ်သားတည်းကျသည်ထိ တန်းနေအောင် ပြေးသွားသည်။

အခြားအခြားသော လူများသည်လည်း အိမ်ဝင်းများထဲသို့



www.burmeseclassic.com

www.burmeseclassic.com



အလျှိုလျှို ပြေးဝင်ကာ တံခါးများကို ဆွဲပိတ်လိုက်ကြလေသည်။

ထို့ကြောင့် လမ်းမကြီးပေါ်တွင် သူတို့ထံ လျှောက်လာသော ခေါင်းတလားကြီးနှင့် သူရယ်…အဆစ်ရယ်…မငီးရယ် သုံးယောက်သာ ကျန်ခဲ့သည်။

"ဝုန်း…ဝုန်း"

ခေါင်းတလားကြီးသည် သူတို့ထံ အရှိန်အဟုန်ဖြင့် တိုးကပ်လာပြီ ဖြစ်၏။

သူသည် ဘာလုပ်ရမယ်ဆိုတာ မဆုံးဖြတ်နိုင်အောင် ဖြစ်ရသည်။ မြင်ကွင်းသည် ချောက်ချားစရာကောင်းသောကြောင့် သူ့လက်ချောင်းများသည် တဆတ်ဆတ် တုန်နေပြီ ဖြစ်၏။

သို့သော် အဆစ်မှာမူ လက်သီးကို ခပ်တင်းတင်းဆုပ်ကာ တိုးကပ်လာသော ခေါင်းတလားကို မမှိတ်မသုန် စိုက်ကြည့်နေသည်။

"ဘာလက်ဟိုး…ဘာလုပ်နေတာလဲ…အဆစ်ကိုခေါ်ပြီး ပြေးတော့လေ"

အသံက ဘယ်လိုပေါ်လာမှန်း မသိသော ဖိုက်သည် ခေါင်းတလားကြီးနှင့် သူတို့ကြား၌ မားမားကြီး ရပ်နေပြီဖြစ်၏။

ဖိုက်က ထိုသို့ အမိန့်ပေးတော့မှ အသိစိတ်တွေ လွတ်ထွက်နေသော သူသည် စိတ်က ခန္ဓာထဲ ပြန်ရောက်လာသလို ခံစားလိုက်ရသည်။

သူသည် အဆစ်ရဲ့လက်ကို ဆွဲသည်။

"ရှင်…ပြေးပါ…ဘာလက်ဟိုး…ကျွန်မ ဖိုက်ကိုကူမှဖြစ်မယ်"





ဖိုက်သည် လွယ်အိတ်ထဲမှ ပစ္စည်းအချို့ကို ထုတ်သည်။

"မင်း…သွားတော့ အဆစ်…မင်းရှိနေရင် သူ ဆက်ပြီး သောင်းကျန်းနေဦးမှာပဲ။ သူ လိုချင်တာက မင်း… သူ လက်စားချေချင်နေတာ မင်း…"

"မဖြစ်ဘူး ဖိုက်…ငါ မသွားနိုင်ဘူး"

ဖိုက်နှင့်အဆစ်တို့ အချေအတင်ဖြစ်နေဆဲမှာပင် မငီးသည် ငိုယိုအော်ဟစ်ကာ ထွက်ပြေးသွားပြီ ဖြစ်၏။

မြင်ကွင်းကို ထိတ်လန့်မသွားပါနှင့်ဟု သူ့ကိုယ်သူ သတိပေးနေသည့်ကြားမှ မငီးရဲ့အော်သံကြောင့် ကြောက်စိတ်သည် သူ့တစ်ကိုယ်လုံးကို လွှမ်းခြုံသွားပြီ ဖြစ်၏။

"ဝုန်း"

ခေါင်းတလားသည် သူတို့နှင့် နီးကပ်လာသည်နှင့်အမျှ ရိုက်ကပ်ထားသော ပျဉ်ချပ်များကား ကွာဟလာသည်။

ထိုအခါ ဖိုက်သည် အိတ်ထဲမှ ကြိုးထုံးကို ဖြုတ်ကာ ကြိုးစကို အဆစ်ထံ လှမ်းပစ်၏။

အတိုင်အဖောက်ညီစွာပင် အဆစ်သည် ကြိုးစကို ဆွဲယူပြီး ကန့်လန့်ဖြတ်ကိုင်ကာ ခေါင်းတလားထံ ပြေးကပ်သွားသည်။ သူ စိုးရိမ်သွား၏။

အခေါင်းမပွင့်စေရန် အခေါင်းကို ကြိုးဖြင့် တုတ်ချည်ဖို့ ကြိုးစားကြသော အဆစ်နှင့်ဖိုက်တို့၏သတ္တိကိုလည်း ချီးကျူးမိသွားသည်။

ထိုစိတ်ကြောင့် ပျောက်ဆုံးသွားသော ရဲရင့်မှုများ ပြန်လည်



www.burmeseclassic.com

တိုးဝင်လာသလို ခံစားလိုက်ရသည်။

မိန်းမသားတစ်ဦးကတောင် အန္တရာယ်ရှိမှန်းသိသိချည်းနဲ့ အန္တရာယ်ထဲ တိုးဝင်တဲ့သတ္တိရှိနေမှတော့ သူ မသိသလို…မဆိုင်သလို နေနေရမှာလား။

သူ ရှည်ရှည်ဝေးဝေး စဉ်းစားမနေတော့ချေ။

အလောင်းထံ ကြိုးစကိုင်ပြီး ပြေးသွားသော အဆစ်ထံ သူက ပြေးဝင်ပြီး အဆစ်လက်ထဲမှ ကြိုးစကို ဆွဲလုသည်။

ပြီးနောက် အဆစ်ကို လမ်းဘေးတစ်နေရာသို့ ရောက်သွားအောင် သူ့ကိုယ်ကြီးနှင့် တွန်းဖယ်လိုက်၏။

ဖိုက်နှင့်သူသည် ရင်းနှီးကြသော လူနှစ်ဦးမဟုတ်သော်ငြား အတိုင် အဖောက်ညီညီပင် ထိုခေါင်းတလားကို ကြိုးဖြင့် တုပ်ချည်ကြသည်။

ထူးဆန်းစွာပင် သူ အားတွေရှိနေပြီ ဖြစ်၏။

အခြားလူတစ်ဦးက ဤခေါင်းတလားနှင့် ယခုအခြေအနေကို သူ့အား တစ်ဆင့်ပြောပြပါက သူ ယုံလိမ့်မည်မဟုတ်ပေ။

သေဆုံးသွားသော လူသေကောင်က သူနှင့်ဖိုက်တို့၏ ခွန်အားထက် ပို၍အားသန်နေခြင်းမှာလည်း သဘာဝလွန်နေပြီ ဖြစ်၏။

လူသေကောင်အလောင်းသည် ခွန်အားကြီးစွာပင် သူနှင့်ဖိုက်တို့၏လက်တွင်းမှ ရုန်းကန်ကာ အဆစ်ထံ ဦးတည်နေလေ၏။

အကယ်၍သာ ထိုအားပြိုင်ပွဲတွင် သူနှင့်ဖိုက်တို့ ရှုံးသွားပါက ထိုအလောင်းကောင်သည် အဆစ်ထံ တန်းတန်းမတ်မတ် ရောက်သွား





မည်မှာ အမှန်ဖြစ်သည်။

ထိုအခြေအနေမျိုးဖြစ်လာပါက အဆစ် ဘာဖြစ်သွားမလဲဆိုတာ သူ ဆက်ပြီးမတွေးဝံ့တော့ချေ။

မဖြစ်စေရပါ…။ လူသေကောင်၏ဆန္ဒကို သူတို့ မဖြည့်ဆည်းပေးနိုင်ပါ။

ထိုစိတ်ကြောင့်ပင် ရှိသမျှခွန်အားများကို အကုန်သုံးကာ ကြိုးကို ဆောင့်ဆွဲပစ်သည်။

"ဝုန်း"

ထောင်မတ်နေသော ခေါင်းတလားသည် ထိုတဒင်္ဂအတွင်း မြေကြီးပေါ် လဲကျသွားလေ၏။

သူနှင့်ဖိုက်ကလည်း အခွင့်အရေးကို လက်လွှတ်မခံဘဲ ခေါင်းလဲကျသည်နှင့်တစ်ပြိုင်နက် ကြိုးခွေဖြင့် တင်းနေအောင် ချည်နှောင်ပစ်သည်။

"ဝုန်း…ဝုန်း"

ခေါင်းတလားသည် ကြိုးတုတ်ခံထားရသော ခွေးတစ်ကောင်ပမာ ရုန်းကြွနေလေသည်။

"ဝုန်း"

ထိုခေါင်းပေါ်သို့ ဖိုက်သည် တက်ထိုင်လိုက်သည်။ သတ္တိကောင်းလှသော ဖိုက်ကို သူ တအံ့တဩ ငေးကြည့်မိသွားသည်။

"ရေးလူကြီးတွေက ဘာကြောင့် ရွာထဲက လူတွေကို အပြင်ထွက်လို့မရအောင် စီမံထားသလဲဆိုတာ မင်း သဘောပေါက်ပြီ

www.burmeseclassic.com



မဟုတ်လား ဘလက်ဟိုး”

မောဟိုက်နေသည့်ကြားမှ ထွက်ပေါ်လာသော ဇိုက်၏အသံ ဖြစ်သည်။

သူ ခေါင်းညိတ်ပြလိုက်၏။

မော၍လား…လန့်နေ၍လားမသိ။ သူ့လက်ချောင်းများသည် တဆတ်ဆတ် တုန်ယင်နေ၏။

“ဘုန်းကြီး ကြွလာပြီ”

အဆစ်၏အသံ ဖြစ်သည်။

သူ လှမ်းကြည့်လိုက်သောအခါ ဘုန်းကြီးသည် သူတို့ထံ ဣန္ဒြေ ရရှိစွာ လျှောက်လှမ်းလာသည်ကို တွေ့ရသည်။

မြင်ကွင်းကြောင့် ကြည်ညိုစိတ်ဖြစ်ပေါ်သွားပြီ မြေပြင်ပေါ် ဒူးထောက်ထိုင်ချကာ ဦးခိုက်လိုက်သည်။

“ဝုန်း…ဝုန်း”

ဘုန်းကြီး၏ခြေလှမ်းများသည် နီးကပ်လာသည်နှင့်အမျှ ခေါင်းတလားထဲမှ အလောင်းကောင်သည် ပို၍ကြမ်းလာလေသည်။ သူ့ရင်ထဲ၌ ထိတ်လန့်ကြောက်ရွံ့နေသည်။

ခေါင်းတလားကြီး နောက်တစ်ကြိမ် ထူမတ်လာမှာကို စိုးရိမ်သည်။

သို့သော် ဇိုက်မှာမူ စိုးရိမ်စိတ်ကင်းမဲ့စွာပင် ခေါင်းတလားပေါ်၌ ဣန္ဒြေရရ ထိုင်နေလေသည်။

“ကဲ…တရားနာမယ့် ဒေ့ပရိသတ်တွေကို ဖိတ်ခေါ်လိုက်ပါ





ကွယ်”

ဘုန်းကြီးက သြဘာပြည့်ဝသောအသံနှင့်ဆိုလျှင် အိမ်ထဲတွင် ဝင်ပုန်းနေကြသော လူများသည် လမ်းမပေါ်သို့ အလျှိုလျှို ထွက်လာကြသည်။

“ဒုတ်…ဒုတ်…,”

ခေါင်းတလားထဲမှ အလောင်းကောင်၏ ရုန်းကန်သံသည် ငြိမ်သက်သွားခြင်း မရှိပေ။

ထို့ကြောင့် ဘုန်းကြီးက တရားမပေးလိုက်ရခင် ရုန်းရင်းဆန်ခတ် ဖြစ်ကုန်မှာ စိုးရိမ်မိသည်။

ထိုသို့ ထူးဆန်းစွာပင် ဘုန်းကြီး တရားစပေးသည်နှင့်တစ်ပြိုင်နက် အလောင်းကောင်၏အသံများ တိတ်ဆိတ်သွားရလေသည်။ တိုင်းရင်းသားသံဝဲလွန်း၍ ဘုန်းကြီး၏တရားတော်ကို သူ အပြည့်အဝ နားမလည်လိုက်သော်လည်း စိတ်နှလုံးအေးချမ်းမှုကို ခံစားရ၏။

သူ့ဘဝတွင် တရားတစ်ပုဒ်ကို ဆုံးအောင်နာယူမှတ်သားမိသည်မှာ ယခု…လရှူးရှနော်၌ ပထမဆုံးဟု ဆိုရပေလိမ့်မည်။ လရှူးရှနော်သည် သူ့ကို လက်ရှိကမ္ဘာနှင့် မဆိုင်သော ကမ္ဘာတစ်ခုဆီ ဆွဲခေါ်နိုင်သောရွာ ဖြစ်သည်။

ကြုံခဲ့ရသော အဖြစ်အပျက်သည် ကြောက်မက်ဖွယ်ကောင်းလွန်း၍ အိပ်မက်ဖြစ်ပါစေဟု ဆုတောင်းမိသည်လည်း အကြိမ်ကြိမ်အခါခါ။

●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၁)

တသွင်သွင် စီးဆင်းနေသော စမ်းချောင်းကို သူ မမိုတ်မသုန် စိုက်ကြည့်နေမိသည်။ ချောင်းထဲကရေက အေးပြီး ချောင်းဘေးရှိ သဲပြင်က ဘာလို့ပူနေရတာလဲ။ ရေများသည် စိမ့်စမ်းများမှလာသော ကြောင့် ထင်သည်။ အေးစိမ့်နေလေ၏။ သို့သော် မြေအောက်မှ စိမ့်ထွက်နေသော ရေများမှာမူ ပူလွန်း၍ အငွေ့ပင် ထွက်နေပြီဖြစ်၏။

"မင်း ရေချိုးမယ်ဆို ချိုးလေ...ဘာကြည့်နေတာလဲ"

ဟု ဇိုက်ကဆိုလျှင် သူက ခေါင်းရမ်းပြသည်။

"ဟို...အိုက်ငွေးထဲမှာ သွားချိုးလိုက်...အဲ့ဒီမှာက ရေပူ ရေအေးရောပြီးသားဆိုတော့ အတော်လေးပဲ။ ရေကို စိမ်ကျကျ စိမ်ချိုး လိုက်ပါ။ အညောင်းအညာပြေသွားပါလိမ့်မယ်"

ဇိုက်သည် ပြောပြောဆိုဆိုပင် အမြဲလွယ်ထားလေ့ရှိသော လွယ်အိတ်ကို ချွတ်လိုက်သည်။





ပြီးနောက် အပေါ်ဝတ်အင်္ကျီကို ချွတ်သည်။

ကြွက်သားများနှင့် ဖုးကြွလှပနေသော ဇိုက်၏ခန္ဓာကိုယ်ကို မြင်ရသောအခါ သူသည် အင်္ကျီပင် မချွတ်ဝံ့အောင် သိမ်ငယ်သွား သည်။

"ဒါကတော့ ဆပ်ပြာပဲ...မင်းတို့မြို့ကအရာတွေတော့ မကောင်းပေမယ့် အပူတော့ ပွင့်မှာပါ"

ဇိုက်က ပြောပြောဆိုဆိုပင် သူ့ထံသို့ အညိုရောင်ဆပ်ပြာတစ်ခဲ လှမ်းပေးသည်။

ပုံစံမကျသည့်အပြင် သေသေသပ်သပ်မရှိသော ဆပ်ပြာခဲကို လှမ်းယူပြီး ရှုကြည့်သည်။

ဘာရနံ့မှ မရချေ။

သို့သော် သူ စိတ်ဝင်စား၏။ မြို့နှင့် အဆက်အသွယ်မရှိသော ဤလူရိုင်းရွာသို့ ဒီဆပ်ပြာခဲက ဘယ်လိုလုပ် ရောက်လာတာလဲ။

"ခင်ဗျားတို့ရွာက ထူးဆန်းတယ်နော်...ဇိုက်"

"ဘာမေးချင်လို့လဲ"

"ဒီဆပ်ပြာအကြောင်းပါ...ပြီးတော့ ခင်ဗျား ဖော်ထားတဲ့ဆေး တွေ...ကျွန်တော် အကိုက်အခဲပျောက်ဆေး တော်တော်များများ သောက်ခဲ့ဖူးတယ်။ ဒါပေမယ့် ခင်ဗျား ဖော်ထားတဲ့ ခပ်ဆိုးဆိုး ဆေးရည်တွေလို ဝေဒနာတွေ ယူပစ်သလို မပျောက်ဖူးဘူး။ ခင်ဗျား တို့ နည်းပညာတစ်ခုခု ရှိပုံရတယ်"

"အပင်တွေပေါ့...ဒီတောထဲတောင်ထဲက အပင်တွေက



www.burmeseclassic.com

www.burmeseclassic.com



နည်းပညာတွေပဲ"

သူ အံ့သြသည်။ သဘာဝပစ္စည်းဆိုတာကို မှန်ဘီလူးနှင့် ဖြင့်ရှာလျှင်ပင် မတွေ့နိုင်တဲ့ ခေတ်ကြီးထဲ စက်ဆိုတာ ဘာမှန်းမသိတဲ့ရွာတွင် ထူးခြားတဲ့ဆေးနဲ့ ဆပ်ပြာရှိနေခြင်းက မယုံနိုင်ဖွယ်ပင်ကောင်းနေလေသည်။ ပြီးတော့ အပင်တဲ့လား။ အပင်တွေက နည်းပညာတဲ့လား။

"ငါ ပြောတဲ့စကားကို တအံ့တသြဖြစ်နေတဲ့အတွက် မင်းကိုလည်း ငါ အံ့သြတယ်။ ဒီဆပ်ပြာတစ်ခဲက ဘာအံ့သြစရာရှိလို့လဲ။ ရွာထဲကလူတွေ ဘယ်သူမဆို လုပ်တတ်တယ်။ ဆပ်ပြာသီးနဲ့ မန်ကျည်းမှည့်ကို ဆတူရောကျိုပြီး အဖတ်တွေ ဆယ်ထုတ်ပြီး အခြောက်ခံထား…အေးရင် ခဲပြီ။ ဘာမှမခက်ဘူး…မင်းက ဘာကို အံ့သြနေတာလဲ"

ဇိုက်သည် ပေါ့ပေါ့ပါးပါးပင် ရေထဲသို့ ဆင်းသွားလေသည်။ သူသည် မှင်တက်စွာပင် ဆပ်ပြာတုံးကို ကောက်ယူပြီး ကြည့်သည်။

သူ ပြုံးမိ၏။ ဤသဘာဝနည်းပညာကို သူ နှစ်သက်သွားမိ၍ ဖြစ်သည်။

ဆပ်ပြာတုံးကို ရေဆွတ်ကာ သူ့လက်ဖဝါးတွင် ပွတ်ကြည့်သည်။ အမြှုပ်တွေ ထွက်လာ၏။

သူ နှစ်သက်သည်။ တစ်ဆက်တည်းမှာပင် သဘာဝပစ္စည်းများကို ရှာကြံသုံးစွဲတတ်သော ဘွားအေကိုလည်း သတိရသွားသည်။ သူ ပြန်သွားလျှင် ထိုဆပ်ပြာခဲ သုံးလေးခဲမျှ အဘွားအတွက်





လက်ဆောင်သယ်သွားမည်ဟု စိတ်ကူးမိသည်။

"ဘာလက်ဟိုး…မင်း ရေမချိုးတော့ဘူးလား"

ဇိုက်က ပေါင်လယ်ခန့်ရှိသော ရေအိုင်ထဲစိမ်ရင်း ပြောလာသောအခါ သူသည် အဝတ်အစားများကို ချွတ်၍ ရေထဲသို့ ဆင်းလိုက်သည်။

"ခင်ဗျားတို့ ရွေညိုညိုကို ဘာလို့ အသည်းအသန် လိုက်ရှာနေကြတာလဲ"

"ဆေးစွမ်းထက်လို့ပေါ့…ဆေးရည်ကြိုတ်ပြီးရင် ရွေညိုညိုထဲ ထည့်စိမ်ထားလိုက်ရတယ်။ ပိုအစွမ်းထက်တယ်…ရွေညိုညိုက အဆိပ်တွေကို ထုတ်နိုင်စွမ်းရှိတယ်"

"ဆေးမှာ ဘယ်လိုလုပ် အဆိပ်က ပါရတာလဲ"

"အပင်တိုင်းမှာ အဆိပ်တစ်မျိုးမဟုတ်တစ်မျိုး ရှိတယ်။ ဥပါဒ်ဖြစ်စေတဲ့ အဆိပ်နဲ့ ဥပါဒ်မပေးတဲ့အဆိပ်ပဲ ကွာတယ်။ အဲဒီအဆိပ်ကိုသာ သန့်စင်နိုင်ရင် အပင်က ဆေးဖြစ်တယ်"

"ဒါဆို…ကျွန်တော် သောက်ခဲ့တဲ့ဆေးတွေက ရွေညိုညိုနဲ့ စောင်းဘူးပေါ့"

"အချို့ဆေးလုံးတွေလည်း ရွေညိုညိုနဲ့ လုပ်ထားတာတွေပါတယ်။ မင်းပြောတာက ဘယ်ဆေးကို ပြောတာလဲ"

"ကျွန်တော် ဒီ့ဆီက ဆေးနည်းနည်းသောက်ဖူးတယ်။ ပူပြီးခါးတယ်။ စပ်တယ်…ခံရတော်တော်ဆိုးတဲ့ဆေးပဲ။ ခင်ဗျား ဖော်သွားတာလို့တော့ ဒီ ပြောတယ်"



www.burmeseclassic.com

www.burmeseclassic.com



ဖိုက် ပြုံးလေသည်။ ဖိုက်အပြုံးက ပဟေဠိတစ်ခုကို အဖြေသိလိုက်ပုံနှင့်တူ၏။

"ဒါကြောင့် မင်း…မူဝါးတို့အန္တရာယ်က ကျော်လွှားနိုင်ခဲ့တာပေါ့။ ငါ…အခုမှပဲ သဘောပေါက်တော့တယ်။ ဒီက အဲဒီဆေးမင်းကို ဘယ်လိုပြောတိုက်မှန်းမသိပေမယ့် သောက်ရအင်မတန်ခက်တဲ့ဆေးပဲ။ ဒါကြောင့် ဘယ်သူမှ မသောက်ချင်ကြဘူး။ ဒါပေမဲ့ အဲဒီဆေးက ငါ အမ်ိဳ့ဘွန်တစ်လဝင်ပြီး ဖော်စပ်ခဲ့တာ။ အမှောင့်ပယောဂအန္တရာယ်က ကင်းတဲ့ဆေးပဲ။ ဒီတစ်ခါ ဒီရဲ့ စပ်ဆော့မှုက မင်းအသက်ရှင်လိုက်ရပြီ"

"ခုပြောမှ သတိရတယ်။ ဒီ ပြန်မလာတာ ကြာပြီနော်…ဘယ်တွေသွားနေသလဲ မသိဘူး"

သူက ဒီအကြောင်း ပြောလိုက်သောအခါ ငေးမှိုင်သွားသော ဖိုက်ကြောင့် သာမန်ကိစ္စမဟုတ်မှန်း သူ ရိပ်မိလိုက်သည်။

"သူ ဘယ်သွားနေမှန်း ငါ မသိဘူး။ ငါသိတာက သူ တောထဲသုံးရက်ထက်အပြင် ပိုမနေတတ်ဘူး။ ဒါပေမယ့် အခုတော့ ဒီည လကွယ်ပြီ…သူ ပြန်မလာရင် သူ့အတွက် စိုးရိမ်ရတယ်"

ဖိုက်သည် စိတ်ထိခိုက်ပုံမျိုးဖြင့် ရေထဲသို့ ငုတ်လျှိုးသွားသည်။

သူသည် ပူသောရေထဲသို့ ခြေချလိုက်သည်။

ရေအေးနှင့်ရေနွေး ရောထားသည့်အတွက် မပူလွန်းမအေးလွန်းမို့ နေလို့ထိုင်လို့ကောင်းသည်။

မြန်မာပြည်တွင် ရေပူစမ်းများစွာရှိသည့်အတွက် ရေပူစမ်းဆိုသာ





သူနှင့် သိပ်မစိမ်းလှချေ။

သို့သော် သူ စိမ်ဖူးခဲ့သည့် ရေပူစမ်းများမှာ အုတ်ရေကန်များဖြစ်သည်။ ယခုမူကား သဘာဝချောင်းလေးထဲ၌မို့ အရသာကတစ်မျိုးထူးခြားလှ၏။

"ခင်ဗျား…ဒီကို သွားမရှာဘူးလား"

"သူက ကလေးမှမဟုတ်တာ။ တောထဲတောင်ထဲ နေရာအနှံ့သွားနေမှာပေါ့။ ရှာလည်း တွေ့မှာမဟုတ်ဘူး…မင်းသာ အရူးထလို့ အဆစ်ကို ပွေ့ပြီး ငါ့ကို အရူးလို လိုက်အော်ခေါ်နေတာ"

"ဟမ်…အဲဒီတုန်းက ကျွန်တော့်အသံကို ခင်ဗျား ကြားတယ်ပေါ့"

"တိုက်ဆိုင်သွားလို့ပါ…တောထဲတောင်ထဲမှာ လူတစ်ယောက်ရဲ့နာမည်ကို မခေါ်ရဘူးဆိုတာ မင်း မသိဘူးလား"

"ခေါ်တော့ ဘာဖြစ်မလဲ"

"တောက မာယာများတယ်။ ပြုစားတတ်တယ်"

"ဒါပေမယ့် ခင်ဗျား ကြားသွားပြီး အဆစ်ကို ကယ်တင်လိုက်နိုင်တယ်လေ။ အဲဒါ အမြတ်ပေါ့။ ဒီကိုလည်း အဲ့လိုနည်းလမ်းမျိုးသုံးရင် ရှာလို့ရနိုင်မယ်ထင်တယ်"

"သည်ညတော့ မင်း မအော်ပါနဲ့…လမိုက်ညလေ…မကောင်းဘူး"

ဖိုက်သည် ရေထဲသို့ ငုတ်လျှိုးသွားပြန်သည်။

သူသည် ဖိုက်ကို အားကျလာ၏။ ထို့ကြောင့် သူသည် ရေထဲသို့

www.burmeseclassic.com



ငုတ်လျှိုးလိုက်သည်။ ငုတ်ရုံမကဘဲ ရေအောက်မှ သဲတစ်ဆုပ်ကိုပင် ဆုပ်ကိုင်လိုက်သည်။

ပူခနဲ ခံစားလိုက်ရ၏။ ထိုအပူရှိန်က သာမန်နှင့်မတူပေ။ သူ လန့်သွားသည်။

သူ သွားဖူးသမျှ ရေပူစမ်းများသည် ရေသာပူသည်။ မြေကြီး မပူချေ။ အခုတော့ ဘယ်လိုဖြစ်ရတာလဲ။

သူသည် ချက်ချင်းဆိုသလို ရေအောက်ထဲမှ ထွက်လာကာ သဘာဝပတ်ဝန်းကျင်ကို ကြည့်လိုက်သည်။

သစ်ပင်ချုံနွယ်အချို့ကို တွေ့ရပေမယ့် ကြီးမားသောအပင်ကြီး များကို မတွေ့ရချေ။ ခပ်လှမ်းလှမ်းတွင် တွေ့နေရသော အပင်ကြီး တစ်ပင်သည်လည်း သေဆုံးသွား၍ ခြောက်သွေ့ကာ ပြိုလဲနေပြီ ဖြစ်သည်။ ပြီးနောက် ထပ်မံပေါက်ရောက်လာသော အပင်များကို မတွေ့ရချေ။ ရှိသောအပင်များမှာလည်း မီးရှို့ထားသောတောနှင့် တူနေ သည်။ ဘာလို့ အပင်ကြီးတွေ မပေါက်တာလဲ။

သူသည် အံ့အားသင့်သွားပြီး မြေအောက်စိမ့်ရေထွက်သော အပေါက်သို့ လျှောက်လာသည်။

"ဘာဖြစ်လို့လဲ...ဘလက်ဟိုး"

ဓိုက်က သူနောက်မှလိုက်ပြီး မေးခွန်းထုတ်လာသည်။

"ဒီရေပူစမ်းက နှစ်ဘယ်လောက်ကြာပြီလဲ...ဓိုက်"

"ငါတို့မမွေးခင်တည်းကပဲ"

"ဟိုအပင်သေသွားတာ ဘယ်လောက်ကြာပြီလဲ"





သူက ခပ်လှမ်းလှမ်းမှ အပင်အိုကြီးကို ရည်ညွှန်းပြီးပြောလျှင် ဓိုက်က သူ့ကို စိတ်ဝင်တစား ကြည့်လာသည်။

"မကြာသေးဘူး...သုံးလေးနှစ်ပဲရှိဦးမယ်"

"ဒီနားမှာ သက်တမ်းရင့်အပင်ကြီးတွေ မပေါက်ဘူးလား"

"မပေါက်ဘူး...ငါတို့ ဆေးမြစ်ရှာရင် မလွန်တောင်ဘက်ကို ဝဲ သွားတယ်။ အဲဒီမှာက တောထူတယ်လေ"

"ဘာလို့မပေါက်တာလဲ...သိလား"

"မြေကြီးပူလို့နေမှာပေါ့...ဒီနားက မြေကြီးက နည်းနည်းပူ တယ်။ ရှိတဲ့အပင်လေးတွေတောင် သေကုန်ပြီပဲလေ"

သူ မေးခွန်းတွေထုတ်နေဆဲမှာပင် မြေကြီး တုန်ခါသွားသလို ရိပ်ခနဲ ခံစားလိုက်ရသည်။

"မစိုးရိမ်ပါနဲ့...ဒါက စုန်းပြုစားတာမဟုတ်ပါဘူး။ ငလျင် လှုပ်သွားတာပါ...သိပ်မဆန်းပါဘူး"

ဓိုက်သည် ပြောပြောဆိုဆိုပင် ရေပူထွက်သောအပေါက်မှ သဲတစ်ဆုပ်ကို ယူလိုက်သည်။ ပြီးနောက် ကိုယ်ပေါ်သို့ ထိုသဲဖြင့် ပွတ်တိုက်သည်။

ဤနေရာမှာ ဒီလိုငလျင်လှုပ်တာမျိုးက စုန်းပြုစားတာထက် ကြောက်ဖို့ကောင်းမှန်း ဓိုက် မသိလေရော့သလား။

"သည်လိုပဲ ငလျင် ခဏခဏလှုပ်တတ်သလား"

"ခဏခဏတော့ မဟုတ်ပါဘူး။ မင်း ရောက်မလာခင် သုံးရက်လောက်ကတော့ တစ်ခါ လှုပ်သွားသေးတယ်။ ဒါက



www.burmeseclassic.com

www.burmeseclassic.com



ပြဿနာ မဟုတ်ပါဘူး။ မင်း ငါတို့ရွာကို ရောက်လာမယ်ဆိုတဲ့ အတိတ်နိမိတ်ပဲလေ"

"အတိတ်နိမိတ်တော့ဟုတ်တော့...ဒါပေမယ့်...ဒါ ကျွန်တော့်အတွက် အတိတ်နိမိတ် မဟုတ်ဘူးဗျ။ လရှုးရှနော်အတွက် အတိတ်နိမိတ်ပဲ"

"ငါတို့ရွာအတွက် အတိတ်နိမိတ် ဟုတ်လား...မင်း ဘာတို ပြောချင်တာလဲ"

ဖိုက်၏မျက်နှာသည် သူ့မျက်နှာအနီးသို့ တိုးကပ်လာသည်။ သူ နောက်ဆုတ်လိုက်သည်။

"ခင်ဗျား...မီးတောင်ဆိုတာ ကြားဖူးသလား ဖိုက်"

"မီးတောင်...ဟုတ်လား"

"ကျွန်တော်က ရူက္ခဗေဒပညာရှင်မဟုတ်ပေမယ့် ဖတ်ဖူး မှတ်ဖူးတာနဲ့ ကြားဖူးနားဝတွေ ရှိတယ်။ ကျွန်တော် ခန့်မှန်းတာ မလွဲ ဘူးဆိုရင် အခု ကျွန်တော်တို့ရောက်နေတဲ့နေရာက မီးတောင်ပဲ ဖြစ်ရ မယ်"

"မီးတောင်...ဟုတ်လား"

"ကျွန်တော်တို့နေထိုင်တဲ့ ဒီကမ္ဘာကြီးအောက်မှာ ရေစီးတဲ့ ချောင်းတွေ ရှိတယ်။ အချို့ချောင်းက ပူတယ်။ အချို့ကတော့ အေးတယ်"

"အဲဒါနဲ့ မီးတောင်က ဘာဆိုင်လို့လဲ"

"ဒီက ထွက်လာတဲ့ရေက ရေပူစီးချောင်းကရေ မဖြစ်နိုင်ဘူး





ဖိုက်...သူက သာမန်စိမ့်ရေပဲ။ ဒါပေမယ့် မြေအောက်မှာရှိတဲ့ ချော်ရည်ပူကြောင့် ဒီရေက ပူသွားရတာပဲ"

"ဘာ...ဘယ်လို"

"အန္တရာယ်ရှိတယ်...ဖိုက်...ကျွန်တော်တို့ရွာသားတွေကို အသိပေးမှဖြစ်မယ်။ ပြီးတော့ ကျွန်တော် မြို့ကိုပြန်ဖို့ ကြိုးစားရမယ်။ ဆက်ဆိုင်ရာလူတွေကို သတင်းပေးပြီး သူတို့ဆီက အကူအညီကို သူရမယ်"

"မင်း ဘာတွေပြောနေတာလဲ...ဘာလက်ဟိုး"

"ကျွန်တော်ပြောတာ သေသေချာချာ နားထောင်ပါ...ဖိုက်... ခင်ဗျား ဒီအပင်တွေကြည့်ဦး...ဖိုက် အားလုံးသေကုန်ပြီ။ ကျန်တဲ့ အပင်ကြီးတွေ ခြောက်နေပြီမဟုတ်လား။ အခြားအပင်ပေါ် နယ်တက်တဲ့အပင်ဆိုတာ အပေါ်ယံမြေဆီလွှာကိုပဲ စားသုံးတယ်။ ဒါပေမယ့် ဟိုအပင်လို နစ်ရှည်ပင်ကြီးတွေကျတော့ မိုင်ပေါင်းများစွာ အကွာ အဝေးမှာရှိတဲ့ မြေဆီလွှာတွေကို စုပ်ယူလေ့ရှိတယ်။ အဲဒီအပင် က ပူတဲ့မြေဆီကို မြည်းစမ်းမိလို့ အဲဒီလို ခြောက်သွားတာလေ... မဟုတ်ဘူးလား"

"သက်တန်းကုန်ရင်တော့ ခြောက်ကုန်မှာပဲ ဘာလက်ဟိုး"

"ဒါဆို ရွာထဲကအပင်တွေကတော့ ဘာကြောင့် ရှင်သန်နေ သေးလဲ...ဘုန်းကြီးကျောင်းထဲက မန်ကျည်းပင်၊ ခရေပင်၊ ပိန္နဲပင်တွေ က အဲဒီအပင်ကြီးလောက် သက်တမ်းမရင့်ဘူးလို့ ခင်ဗျား ထင်နေ သလား။ ဒါပေမယ့် အဲဒီအပင်တွေကလည်း မကြာခင် သေကုန်တော့



www.burmeseclassic.com

www.burmeseclassic.com



မှာပဲ။ သည်နေရာက ရှာနဲ့သိပ်မဝေးဘူးလေ''

သူ ခပ်ပြတ်ပြတ်ပြောလျှင် ဇိုက်သည် တဒင်္ဂမျှ ငေးမှိုင်သွားပြန်သည်။

ထိုစဉ်မှာပင် ငှက်တစ်ခုကို ထပ်မံ ခံစားလိုက်ရပြန်သည်။ သူ လန့်သွား၏။

ဇိုက်လည်း သူ့လိုပင် လန့်သွား၍ တောင်နံရံတစ်လျှောက် မျက်ကလဲဆန်ပြာ ကြည့်နေလေ၏။

''မီးတောင်က ဘယ်လောက်စွမ်းလို့လဲ''

ရွာထဲတွင် ဇိုက်နှင့်အခတ်သာ ရင်းပြရလွယ်မည်။ ခေတ်မီမည်ဟုထင်ခဲ့သော်လည်း သူ့အထင်သည် လက်တွေ့၌ သက်သက်စင် အောင်လွဲနေလေသည်။

''ခင်ဗျားတို့တစ်ရွာလုံး တစ်ယောက်မှ အသက်မရှင်အောင် သတ်ပစ်နိုင်တဲ့အရာတစ်ခုပဲ''

''ဘယ်လို…ငါတို့တစ်ရွာလုံး…ဟုတ်လား''

''သည်လိုတောတောင်တွေကြားမှာမို့ ဖြစ်နိုင်ချေ သိပ်နည်းပေမယ့် အခုလို ငလျင်မကြာခဏလှုပ်ပြီး သွင်ပြင်လက္ခဏာ ပြောင်းလဲတာတွေ မြန်လာရင်တော့ ကျွန်တော် ခန့်မှန်းတာ မမှားနိုင် တော့ဘူး။ သစ်ပင်တွေအားလုံး သေကုန်မယ်။ ပြီးတော့ တောင်ထိပ် အပင်မရှိတော့တဲ့ တောင်ကတုံးဖြစ်လာလိမ့်မယ်။ ပြီးတော့ ငလျင်မ ခဏခဏ လှုပ်မယ်။ အဲဒီလက္ခဏာတွေအတိုင်းဖြစ်ပြီးရင် ရေနွေး ပူလာလိမ့်မယ်။ မြေတွေ ပူလာမယ်။ အဲဒီလက္ခဏာတွေအပြင်





မခန့်မှန်းနိုင်တဲ့သွင်ပြင် ပြောင်းလဲမှုတွေ ထပ်ဖြစ်နိုင်သေးတယ်''

''ဒါပဲလား''

''ဒီတောင်ထိပ်ကနေ မီးလိုပူတဲ့ ချော်ရည်တွေ ထွက်လာလိမ့်မယ်။ စုန်းမီးထက် များစွာပူတဲ့ အဲဒီမီးတွေက ခင်ဗျားတို့အားလုံးကို မရှောတခါးဆီ ခေါ်သွားလိမ့်မယ်''

သူ့စကားကြောင့် ဇိုက်၏မျက်လုံးများသည် လှုပ်ရှားသွားသည်။

ဇိုက် လန့်သွားတယ်ဆိုတာ သူ သိလိုက်သည်။ လန့်ခြင်း၏ အနက်ကို လှန်လောရှာဖွေလိုက်လျှင် ကြောက်မက်ဖွယ်ရာကိစ္စတစ်ခု ဟာ အမှန်တကယ် ဖြစ်လာတော့မှာပါလားဆိုတာ လက်ခံသွားခြင်းမျိုး ဖြစ်၏။

''ကျွန်တော့်ခန့်မှန်းချက်တွေ လွဲသွားပါစေလို့ပဲ ဆုတောင်းရမှာ ပဲ''

''ငါတို့ ဘာလုပ်ရမလဲ…ဘလက်ဟိုး''

''ဒီထက်ပိုသေချာအောင် တောင်ပေါ်တက်ကြည့်ရမှာပေါ့''

သူသည် ရေပူစမ်းထဲမှတက်ကာ အင်္ကျီများကို ပြန်လည် ဝတ်ဆင်ပြီး ကျောပိုးအိတ်ကို လွယ်သည်။

''ငါ…မင်းကို လမ်းပြမယ်…ဘလက်ဟိုး''

ဇိုက်သည် အင်္ကျီများကို ကောက်ဝတ်ကာ လွယ်နေကျ လွယ်အိတ်စုတ်ကြီးကို လွယ်လိုက်သည်။

ပြီးနောက် လမ်းဟု ထင်ထင်ရှားရှားမရှိသော ချုံကြားထဲ တိုးဝင် သွားသည်။



www.burmeseclassic.com

www.burmeseclassic.com



"လာလေ…ဒါက ဖြတ်လမ်းပဲ"

ဇိုက်ခေါ်ရာချုံကြားထဲသို့ သူ တိုးဝင်လိုက်သည်။

ဇိုက်သည် ထိုနေရာနှင့် ယဉ်ပါးလွန်းသူမို့ သစ်ပင်များကို အမှီပြုကာ တောင်ပေါ်သို့ အလွယ်တကူ တွယ်တက်နိုင်သော်လည်း သူသည် ဇိုက်နောက်မှ မလိုက်နိုင်ဘဲရှိလေ၏။

သို့သော် လူချင်းအတူတူ ဇိုက်တော့ လုပ်နိုင်ပြီး သူကတော့ မလုပ်နိုင်ကောင်းလားဆိုသော ခံပြင်းမှုက ဝင်ရောက်လာလေသည်။

"မင်း အဆင်ပြေရဲ့လား…ငါ့အိတ်ထဲမှာ ကြိုးပါတယ်လေ"

"ရတယ်…ခင်ဗျားတောင် တက်နိုင်သေးတာပဲ"

သူသည် ခေါင်းမာစွာ ငြင်းဆန်လိုက်သည်။

ဇိုက်ကတော့ မြင့်သောတောင်ကို အလွယ်တကူ တက်သွားသော်ငြား သူ့မှာတော့ ကျားကုတ်ကျားခဲတက်ရ၍ ခြေသလုံးတွေ တဆတ်ဆတ်တုန်နေသည်။ ပြုတ်ကျမသွားရန် သေးတွင်ရှိသမျှသော ကျောက်တုံးနှင့် မြေခဲများကို ကုတ်ခြစ်ထား၍ လက်ထိပ်များပင် နာကျင်၍နေသည်။

"ဘလက်ဟိုး…မင်း တက်နိုင်သေးလား"

"ရတယ်"

"သိပ်မမြင့်ပါဘူးကွာ…နည်းနည်းစောက်လို့ပါ။ ဒါကို ငါတို့က အုပ်ထုပ်တောင်လို့ ခေါ်တယ်ကွ။ ကွင်းပြင်ကြီးမှာ ဒီတောင်တစ်လုံးတည်း ထီးထီးကြီးဖြစ်နေတာလေ။ တောင်ထိပ်ရောက်ရင် မင်း မြင်ပါလိမ့်မယ်"





ဇိုက်က ပြောပြောဆိုဆိုပင် တက်ပြန်သည်။

သူ့မှာတော့ စကားပြောနိုင်ဖို့နေနေသာသာ အသက်ကိုပင် စည်းချက်မှန်မှန် မရှူနိုင်တော့ပေ။

တောင်သည် စောက်နေရာမှ တဖြည်းဖြည်း ပြေသွား၏။ ထိုအခါမှ ကုတ်ခြစ်တွယ်ကပ်ရသော ခြေချောင်းလက်ချောင်းများ ခပ်ရဲရဲ ဆန့်နိုင်တော့သည်။

"ဟင်"

သူ့ရောဇိုက်ပါ အံ့သြသွားသည်။

မှန်ပါ၏။ ဒီ ဖြစ်သည်။ ဒီသည် ကောင်းကင်ကို မော့ကြည့်ပြီး ကျောက်လွှာကြီးပေါ် ငြိမ်သက်စွာ လဲလျောင်းနေ၏။ ဒီ အသက်မှ ရှိသေးရဲ့လား။

"ဒီ…မင်း ဒီမှာ ဘာလုပ်နေတာလဲ"

ဇိုက်က အသံပြုလိုက်သောအခါမှ ဒီသည် ဆတ်ခနဲ ထထိုင်သည်။ ပြီးနောက် သူ့ကိုရောဇိုက်ကိုပါ တစ်လှည့်စီ ကြည့်သည်။

"ငါ စိတ်မကောင်းဘူး ဒီ…သည်ကြားထဲ ငါ မင်းကိုရှာနေသေးတယ်။ ငါတို့ မင်းကို မယုံလို့ မပြောခဲ့တာ မဟုတ်ပါဘူး။ အဆစ်လည်း စိတ်ထိခိုက်နေတယ်။ မင်း စိတ်ထိခိုက်သွားမယ်ဆိုတာလည်း ငါ သိပါတယ်။ ငါတို့ မင်းကို မခင်လို့မဟုတ်ဘူး…ဒီ…မင်း တစ်ခုခုဖြစ်မှာစိုးလို့"

"ဒါပေမယ့် အခုအားလုံး တစ်ခုခုဖြစ်တော့မယ် ဇိုက်"

ဒီအသံသည် စိတ်နှင့်လူ မကပ်သလို ကစဥ့်ကလျား ထွက်ပေါ်



www.burmeseclassic.com

www.burmeseclassic.com



လာသည်။

"မင်း ဘာပြောတာလဲ…ဒီ…ဘာကို ဆိုလိုတာလဲ"

"ငါ…ညပေါင်းများစွာ ကြယ်တွေကို ကြည့်ခဲ့တယ်"

"ဟင်…ဒါဆို…မင်း…ဒီနေရာမှာ…ဒီမှာ…ဒီမှာပဲ နေနေတာပေါ့…ဟုတ်လား။ ဟာကွာ…ငါကတော့ မင်း မလွန်တောင် ဘက်ထွက်သွားပြီထင်လို့ စိုးရိမ်လိုက်ရတာ။ တော်သေးတာပေါ့ကွာ မင်း ဘယ်မှမသွားလို့"

"ဒါပေမယ့် လူတွေအားလုံး သွားရတော့မယ်"

ဒီ့အသံသည် ခြောက်သွေ့နေလေသည်။ ဒီ့စကားတွေက မရေမရာနှင့်မို့ သူ့ရင်ထဲ တစ်မျိုးတမည် ခံစားရသည်။

"ငါ…အမိပ္ပာယ်ကောက်လွဲသွားခဲ့တယ်…ဖိုက်…ငါ မှားသွားပြီ"

"ဒီ…မင်း…ဘာတွေပြောနေတာလဲ"

ဒီသည် ဖိုက်ကို မှင်တက်စွာ ကြည့်နေရာမှ ဒီ့အကြည့်များသည် သူ့ထံ ရောက်လာလေသည်။

"အဲ့ဒီကြယ်နှစ်လုံးက ချစ်သူစုံတွဲကို ရည်ညွှန်းတာမဟုတ်ဘူး ဘာလက်ဟိုး"

ကြယ်ဟု ဒီက ဆိုလိုက်သောအခါ စုန်းမီးလုံးမြင်ခဲ့သော ည တစ်ညကို သူ အမှတ်ရလိုက်သည်။ ထိုအချိန်တုန်းက ဒီသည် ကောင်းကင်မှ ကြယ်တွေကို ကြည့်ပြီး ချစ်သူစုံတွဲ ပေါ်လာလိမ့်မည် ဟု နိမိတ်ဖတ်ခဲ့ဖူးသည်။





ထိုအချိန်က ဒီသည် ရှုတ်နောက်နောက် ပြောလိုက်ခြင်းဖြစ်မည် ဟု သူ ယူဆခဲ့သည်။ ထို့ကြောင့် ထိုကိစ္စသည် သူ့ရင်ထဲ မေ့မေ့ပျောက်ပျောက်ဖြစ်နေသည်။

သို့သော် ဒီက နက္ခတ်တွေကြည့်တတ်မှန်း သိသွားသောအခါ သူသည် ဒီ့ကို အထင်ကြီးမိသည်။ ဤခေတ်ထဲတွင် နက္ခတ်ကြည့်တတ်သူမှာ အင်မတန် ရှားပါးသွားပြီ ဖြစ်၏။ ဒီ့အရည်အချင်းကို သူ အထင်မသေးနိုင်ပါ။

"အဲ့ဒီကြယ်နှစ်လုံးရဲ့နောက်မှာ ကြယ်အစုအဝေးကြီး ပေါ်လာတယ်။ မနေ့ညက အဲ့ဒီကြယ်အစုအဝေးထဲက ကြယ်တွေ ကြွေတယ်။ ကောင်းကင်ပေါ်မှာ ကြယ်ရောင်တွေ တဖျတ်ဖျတ် လက်နေတယ်"

"အဲ့ဒီကြယ်က ဘာကိုရည်ညွှန်းတာလဲ…ဒီ…ငါ့ကို ပြောပြပါ"

"ငါတို့ရဲ့ လရှုးရှနော့်ရွာကြီး ပျက်တော့မယ်…ဖိုက်"

ဒီ့မျက်လုံးထဲမှ မျက်ရည်ကြည်တို့ လိမ့်ဆင်းလာသည်။

"ငါတို့ ဘယ်လိုလုပ်မလဲ…ဖိုက်…ငါတို့ရွာရဲ့အနေအထားက သိပ်ပါပတ်လမ်း…စက်ဝိုင်းပုံ ခရုပတ်လိုပဲ။ ငါတို့ ထွက်ပြေးလို့ ရဘူး။ ထွက်ပြေးဦးတော့ ငါတို့ ဒီနေရာကိုပဲ ပြန်ရောက်လာမှာပဲ။ ငါတို့ ဘယ်လိုလုပ်ကြမလဲ"

"မင်း ဘာတွေမြင်လို့လဲ ဒီ"

"အချိန်အရမ်းကို နီးကပ်နေပြီ…ဖိုက်…ဘယ်လိုအန္တရာယ် ကျရောက်မှာကို ကြုံပြီး ဘာတွေဘယ်လိုဖြစ်ဦးမလဲဆိုတာ ကြိုမသိနိုင်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ရွာ ပျက်စီးတော့မယ်။ အခုတလော လျှောင်လှူပ်တဲ့အကြိမ် အရေအတွက်က စိပ်လာတယ်။ မနေ့ညကလည်း လျှောင်လှူပ်တယ်။ လွန်ခဲ့တဲ့ လကွယ်ညကလည်း သန်းခေါင်ယံတိတိမှာ လျှောင်လှူပ်သွားတယ်။ ခဏတုန်းကလည်း ထပ်လှူပ်ပြန်တယ်။ ငါတို့လရှူးရှနော် ပျက်စီးတော့မယ်ထင်တယ်…ဖိုက်"

ဒီမျက်ဝန်းထဲမှ မျက်ရည်များသည် လည်ပင်းထိ စီးကျသွားလေသည်။

"ငါတို့ ဘယ်လိုကယ်တင်ကြမလဲ…ဖိုက်…ရွာထဲမှ စုန်းတွေများပေမယ့် သာမန်ချိန့်ဆို သူတို့လည်း သာမန်လူပဲ။ စုန်းတိုင်းက ဆိုးနေတာလည်း မဟုတ်ဘဲ…လူအသက်တွေကို ငါတို့ ဘယ်လိုကယ်ကြမလဲ…ဖိုက်"

"တကယ်ပဲ ငါတို့ရွာ ပျက်စီးတော့မှာလား"

"ငါတို့ ဘယ်လိုပြေးကြမလဲ"

ဒီက ကလေးတစ်ယောက်လို ကူကယ်ရာမဲ့စွာဆိုလျှင် ဖိုက်မှာ အကြံအညာဏ်ကုန်သွားသူတစ်ဦးနှယ် ခေါင်းငိုက်စိုက်ကျသွားလေသည်။

"ငါတို့မှာ ပြေးစရာမြေမရှိဘူး…ဒီ"

"ခင်ဗျားတို့ကို ပြေးစရာမြေမရှိဘူးလို့ ဘယ်သူပြောသလဲ"

သူ့အသံသည် အားမာန်ပြည့်ဝလွှမ်းလှသည်။

"ဒီတောင်ဟာ မီးတောင်ဆိုတာ မှန်ခဲ့ရင် ဒါက ပေါက်ကွဲမှာပဲ…ဘယ်လိုမှ တားဆီးလို့မရဘူး။ ဒါပေမယ့် လူတွေကိုတော့





ကယ်တင်လို့ရတယ်"

"ဘယ်လို"

သူသည် တောင်ထိပ်ပေါ်တွင် မားမားကြီးရပ်ပြီး ပတ်ဝန်းကျင်ကို လှေ့လာမိသည်။

မြင်ကွင်းသည် သိပ်ကို ကောင်းလွန်းလှသည်။

ကွင်းပြင်ကြီး၏အလယ်၌ ထီးထီးကြီးဖြစ်တည်နေသော တောင်ပေါ် သူ ရောက်ရှိနေသည်။

တောင်ခြေ၌ စိမ်းလန်းသောလယ်ကွင်းကို တွေ့ရသလို လရှူးရှနော်ကိုလည်း အပေါ်ဆီးမှ တွေ့မြင်နေရသည်။

တောင်နှင့်မြောက် အပြေးပြိုင်နေသော တောင်တန်းကြီးများကိုလည်း တွေ့ရသည်။

ကြီးမားသော တောင်တန်းကြီးတွေ ကာရံခြင်းခံထားရသည့် တောင်တစ်တောင် ဖြစ်သည်။ စိမ်းလန်းသော သစ်ပင်တန်းလေးများ အောက်တွင် ရောက်ရှိနေသော လရှူးရှနော်ရွာလေးမှာ လွမ်းမောဖွယ်ရာပင် ကောင်းနေတော့၏။

ဘာလို့ ဝက်ပါရွာ ဖြစ်ရတာလဲ။ ဘာက ဝက်ပါလမ်းကို ဖြစ်စေတာလဲ။ တူညီတဲ့သစ်ပင်ကြီးများက ပြဿနာလား။ ဒါမှမဟုတ် တူညီတဲ့ တောင်တန်းတွေက ပြဿနာလား။ သူ အပြင်းအထန် စဉ်းစားမိသည်။

တောတောင်တို့သည် မာယာများ၏။ စိမ်းသောသစ်ပင်များကို ပြာစေသည်။ တောင်တန်းဟုထင်ရသော်လည်း ချောက်ကမ်းပါးပေါင်း



www.burmeseclassic.com

www.burmeseclassic.com



များစွာနှင့် ဖွဲ့စည်းလေသည်။

ထို့ကြောင့် ဝက်ပါလမ်းသည် ချောက်ကမ်းပါးနှင့်များ ဆက်စပ်နေမလား။ စဉ်းစားရင်းပင် ခေါင်းတွေ ထူပူလာလေသည်။

"ခင်ဗျားတို့ မသိသေးတာက ပြင်ပလောကမှာ ခေတ်မီတဲ့ စက်ပစ္စည်းကိရိယာတွေ ရှိနေတယ်ဆိုတာပဲ။ ဒီကမ္ဘာကြီးထဲကမှ မြန်မာနိုင်ငံသေးသေးလေး။ အဲဒီထဲကမှ ဒီကချင်ပြည်နယ်သေးသေးလေးထဲမှာရှိတဲ့ ခင်ဗျားတို့ရွာကို ခေတ်မီပစ္စည်းကိရိယာတွေက တွေ့အောင်မရှာနိုင်ဘူးဆိုတာ ဖြစ်နိုင်ပါ့မလား"

"ခေတ်မီပစ္စည်းတွေက ဘယ်လောက်စွမ်းလို့လဲ"

"ကျွန်တော် ကယ်ဆယ်ရေးတွေကို ခေါ်မှဖြစ်မယ်။ ကျွန်တော် ပြန်မှဖြစ်မယ်။ ဒါမှမဟုတ်ရင် အကုန်သေကြလိမ့်မယ်"

"မင်းက ပြန်မှာတော့ဟုတ်တယ်...ဘယ်လိုပြန်မှာလဲ"

"မလွန်တောင်ကိုရောက်ရင် ပြန်နိုင်မှာပါ။ ကျွန်တော်နဲ့ ဦးလဂျားတို့က မလွန်တောင်ကို ဦးတည်ပြီး လာခဲ့ကြတာပဲ။ တစ်ရက် နှစ်ရက်နဲ့ ခရီးမပေါက်ရင် တစ်လ နှစ်လ သွားမယ်"

"တစ်နှစ် နှစ်နှစ်သွားလည်း မင်း ပြန်ရောက်မှာမဟုတ်ဘူး ဘလက်ဟိုး...ငါတို့ မကြိုးစားခဲ့ဘူးလို့ ထင်သလား။ တကယ့်ကို လမ်းမရှိဘူးကွ...နားလည်လား"

"ဒါဆို ကျွန်တော်က ဘယ်လိုလုပ် ဒီရွာရောက်လာသလဲ။ ကျွန်တော်က ဘယ်လိုလုပ် ရောက်လာတာလဲ"

"ဒါတော့ ငါ မသိဘူး။ ငါတို့လည်း အဲဒီ့ကိစ္စကို ပဟေဠိ





ဖြစ်နေတာပဲ"

သူတို့စကားဝိုင်းလေးသည် တိတ်ဆိတ်သွားပြန်သည်။

ရှေးရိုးစွဲနေသော လူငယ်များကို သူ မကျေနပ်ချေ။

ရှေးအယူအဆတွေကြား ပိတ်မိမနေစေချင်ပါ။ လစ္ဆားရှနော့်ရွာတွင် သူ ထူးဆန်းသည့်အဖြစ်များကို ကြုံတွေ့ခဲ့ရသော်လည်း မကြုံတွေ့ရသေးသည့် ထူးဆန်းတဲ့ကိစ္စကိုတော့ ကြားရရုံလေးနှင့် မယုံကြည်ချင်ပါ။

"ဘလက်ဟိုး...မင်း စိတ်စွမ်းအားတစ်ခုခုကိုများ ပိုင်ဆိုင်ထားသလား"

"စိတ်စွမ်းအား...ဘာလဲ...ဘာစိတ်စွမ်းအားလဲ"

ဂမ္ဘီရပညာတွေကို ခါးသီးလာမိ၍ ဒီ့ကို အော်လွှတ်ပစ်လိုက်သည်။

"သေချာပြန်စဉ်းစားကြည့်လိုက်တော့ စုန်းတွေက မင်းကို အန္တရာယ်မပေးနိုင်တာကလည်း ဆန်းတော့ဆန်းနေတယ်"

"ဒီ...မင်း သူ့ကို အဲ့ဒီလိုတွေ လျှောက်မတွေးပါနဲ့။ အခု ငါတို့ကြုံတောင်ရမှာက လွတ်မြောက်ဖို့အရေးပဲ။ ငါတို့မှာ ရွေးချယ်စရာ များများမရှိဘူး...ဒီ...ငါတို့ရဲ့ထွက်ပေါက်က ဘလက်ဟိုးမှာ ရှိတယ်။ ငါတို့ကတော့ ရွာခံတွေမို့ ရှာမတွေ့နိုင်ဘူးထားတော့...ဒါပေမယ့် ဘလက်ဟိုးက ရှာမှမရှာရသေးတာ။ သူ တွေ့ရင်တွေ့နိုင်တာပေါ့"

"တွေ့တယ်ထားဦး...သူပဲ သွားလို့ရမှာပေါ့။ ငါတို့အတွက်က ဘာအကျိုးထူးဦးမှာလဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်သာ ထွက်သွားလို့ရရင် ကျွန်တော် ခင်ဗျားတို့ကို သေချာပေါက် ကယ်တင်နိုင်မှာပါ…ဒီ"

"ဒါပေမယ့် မင်း ကယ်တင်ရင်တောင် ငါတို့ ထွက်သွားလို့ မဖြစ်ဘူး…ဘလက်ဟိုး"

"လရှူးရှနော်တွေသာ ပြင်ပလောကကို ရောက်သွားရင် အားလုံး ရှုပ်ထွေးကုန်လိမ့်မယ်။ ငါတို့…ဟာ…ဒါ…မဖြစ်သေးဘူး…မဟုတ်သေးဘူး"

"ဟုတ်ထယ် ဖိုက်…ဘာလို့ မဟုတ်ရမှာလဲ…ဘာလို့မဖြစ်ရမှာလဲ။ ခင်ဗျားလို ဆေးပညာထူးချွန်သူမျိုး ကျွန်တော့်ဘဝမှာ မတွေ့ဖူးခဲ့ဘူး။ ပြီးတော့ ဒီလိုလူမျိုးလည်း ကျွန်တော် မတွေ့ဖူးဘူး။ ဒါ့အပြင် ရွာထဲမှာ ဘယ်သူတွေက ဘယ်လိုပုံ ထူးချွန်နေကြသလဲဆိုတာ ကျွန်တော် မသိဘူး။ အနည်းငယ်ရှိတဲ့ လူဆိုးတွေကြောင့် ခင်ဗျားတို့လို ပညာရှင်တွေကို ဆုံးရှုံးခံဖို့ မထိုက်တန်ပါဘူး။ ကျွန်တော်တို့ နည်းလမ်းရှာကြရအောင်ပါဗျာ…နော်"

သူသည် အကျိုးသင့်အကြောင်းသင့် ရှင်းပြလေသောအခါ ဖိုက်ရောဒီပါ မျက်ဝန်းအရောင်များ တောက်ပလာသည်။

"ဒါပေမယ့် လပြည့်ညမှ"

"အချိန်မရှိတော့ဘူး ဖိုက်…ကျွန်တော်တို့ အခုပဲ အခဆစ်ဆီသွားရအောင်…အခဆစ်နဲ့တွေ့ရင်တော့ အဖြေတစ်ခုခု ထွက်လာမှာပဲ"

လရှူးရှနော်ရွာကို သူ ကြိုက်သော်လည်း ပြန်ရတော့မည်မို့ ပျော်ရွှင်မိသည်။





ကံကောင်းထောက်မစွာ ထွက်လမ်းကို တွေ့ပါစေဟု အသံတိတ်ဆုတောင်းနေမိသည်။

ထွက်လမ်းကိုတွေ့မှ ဖြစ်မည်…ထွက်လမ်းတွေ့မှ အရာအားလုံး အဆင်ပြေလိမ့်မည်။ ယခုတော့ သူ့မှာ မျှော်လင့်ချက်လေးနှင့်…။



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၂)

"သူ့ကို ကာကွယ်မထားနဲ့ ဖိုက်နဲ့ဒီ...အကယ်၍ သူ့ကို မင်း

ဒီ့ထက် ကာကွယ်နေဦးမယ်ဆိုရင် မင်းတို့ကိုလည်း ငါတို့ မညှာ

နိုင်တော့ဘူး"

မီးတုတ်ကိုယ်စီ ကိုင်ထားကြသော ရွာသူရွာသားများ

သူတို့သုံးဦးကို ရွာထဲဝင်ခွင့်မပေးချေ။

သူ နားမလည်နိုင်တော့ချေ။ ဘာလို့ အဲ့ဒီလိုဖြစ်ကုန်ကြ

"ငါ့သမီး အဝါသေတာလည်း သူ့ကြောင့်ပဲ။ သူ ဖြိုလ်

အသုဘတောင် လှလှပပ ချလိုက်ရတာမဟုတ်ဘူး။ အဲ

သူ့ကြောင့်"





"ဟုတ်တယ်...သူ ရောက်လာပြီးကတည်းက ရွာထဲအေးချမ်းတဲ့နေ့တစ်နေ့မှ မရှိဘူး။ မြေကြီးတွေလည်း ခဏခဏ တုန်ခါတယ်။ ရေတွေလည်း ခါတိုင်းထက် ပိုပူလာတယ်"

"ရွာထဲမှာလည်း မဖြစ်ဖူးတဲ့ ဖုတ်သရဲကိစ္စတွေ ဖြစ်လာတယ်။ အဲဒါ...သူ့ကြောင့်"

"ဟုတ်တယ်...သူက စုန်းတတ်တာပဲဖြစ်ရမယ်။ သူ့ကို ငါတို့ ရွာထဲအဝင်မခံနိုင်ဘူး။ ဒီနဲ့ဖိုက်...သူ့ကို ငါတို့လက်ထဲအပ်ပါ။ မအပ်ရင် ငါတို့ မင်းတို့ကို အားမနာနိုင်တော့ဘူး"

တစ်ယောက်တစ်ပေါက် ပြောဆိုနေကြသောစကားများကြောင့် သူ့နားအုံပွင့်ထွက်တော့မလို ခံစားရသည်။

ဘာတွေပြောနေကြမှန်းလည်း သူ မသိပါ။ သူ့ကို စုန်းဆိုပါလား။ သူ အံ့သြရသည်။ မြေကြီးတုန်ခါတာကရော သူ့ကြောင့်တဲ့လား။ ရူးနေကြသလား။

"ဟုတ်တယ်...သူ့ကို ငါတို့လက်ထဲအပ်ပါ"

"ဟုတ်တယ်...အပ်ပါ"

"နေကြပါဦး...အားလုံး...နေကြပါဦး"

အဆစ်၏အသံ ဖြစ်သည်။ အဆစ်သည် ရုပ်ရည်ပြေပြစ်ပြီး သိမ်မွေ့စွာ ချောမောသော်ငြား သတ္တိကောင်းလှသည်။ ဒေါသကြီးနေသော လူအုပ်ကြီးရှေ့တွင် ခန့်ညားစွာ ရပ်လိုက်သည်။

"မင်းတို့က ဘာလို့ သူ့ကို စုန်းလို့ စွပ်စွဲနေကြတာလဲ။ မင်းတို့မှာ ဘာအထောက်အထားရှိလို့လဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာလို့ အထောက်အထားမရှိရမှာလဲ။ ရှိတယ်…သူ ကြောင်တစ်ကောင် အနံထုတ်လိုက်တာကို အိုက်ပီးကိုယ်တိုင် မြင်တယ်"

"ဟုတ်တယ်…ငါ မြင်တယ်။ သာမန်လူက ကြောင်သေ တစ်ကောင်ကို ဘယ်လိုလုပ် ဝမ်းထဲမြိုချနိုင်မှာလဲ။ အဲ့ဒီကောင်… အဲ့ဒီကောင် တော်ရုံစွမ်းတဲ့ကောင် ဖြစ်နိုင်မလား။ သူ့ကို ဒီပုံအတိုင်း ထားရင် ငါတို့ရွာ အန္တရာယ်ရှိတယ်"

"ဟုတ်တယ်…ဟုတ်တယ်…သူက ဘယ်နေရာက လာမှန်း လည်းမသိဘူး။ သူ့ရဲ့ဝတ်ပုံစားပုံက ထူးဆန်းတယ်။ သူ့အသံကလည်း ထူးဆန်းတယ်။ သူကိုင်တဲ့ပစ္စည်းကလည်း ထူးဆန်းတယ်။ သူ့လက် ထဲမှာ မီးရောင်တဖျတ်ဖျတ် လက်နေတယ်။ ငါတို့ရွာကို ဖျက်ဆီးဖို့ ကြံနေတာ"

ရင်ဘတ်ဖိကာ အံ့ဩရပါသည်။ ဘယ်လိုလူတွေလဲ။ သူ့ရဲ့ ကင်မရာလေးတစ်ခုက လရှုးရှုနော်ကို ဖျက်ဆီးနိုင်စွမ်းရှိလို့လား။ ဘုရား…ဘုရား…။

"ပြီးတော့ မင်းကို သူ ပွေ့ချီပြီး တောထဲပြေးဝင်သွားတာ ငါတို့ ကလေးတွေ အကုန်မြင်တယ်။ ငါတို့ သံသယဝင်တယ်။ မင်းကရော အပျိုစစ်ရဲ့လား…အပျိုစာရင်းဝင်ရဲ့လား"

စွပ်စွဲမှုက ပြင်းထန်လာသည်။ သူ့ဂုဏ်သိက္ခာကိုလည်း ထိခိုက် သလို အဆစ်၏ဂုဏ်သိက္ခာလည်း ရစရာမရှိတော့ပေ။

"ဒီမှာ…ဒီမှာ ရွာသားတွေ ငြိမ်ခံနေလို့…ဟုတ်လှပြီမထင်နဲ့။





ခင်ဗျားတို့ စွပ်စွဲတာ လွန်နေပြီ"

"လွန်တော့ ဘာလုပ်ချင်သလဲ…မင်းကြောင့် ငါတို့အခါ ဒီလို ဖြစ်ရတာ…မင်းကြောင့်"

လူအုပ်ကြီးသည် ညီညွတ်စွာပင် လမ်းပေါ်မှ ခဲလုံးများကို ကောက်ကာ သူ့ထံ ပစ်လေသည်။

"နေကြပါဦး…နေကြပါဦး"

ဖိုက်နှင့်ဒီက တားမြစ်ကြသော်လည်း လူအုပ်ကြီးသည် မရပ်နား ကြပေ။

အဆစ်သည် လူအုပ်ကြီးရှေ့တွင် ငေးမှိုင်၍နေလေသည်။ သူ အဆစ်ကို စိတ်ပူမိ၏။ အဆစ်ထံ ခဲမိုးတွေရွာချနေပြီ ဖြစ်သည်။

"အဆစ်…အဆစ်…"

ရန်းရင်းဆန်ခတ်ဖြစ်နေသည့်ကြားမှ သူ အဆစ်လက်ကို ဆွဲ လိုက်သော်လည်း အဆစ်သည် ဝိညာဉ်မဲ့နေသလို အေးဆေးစွာ သူ့ထံ ကြည့်လာ၏။

အဆစ်မျက်ဝန်းမှ မျက်ရည်အချို့ကို သူ တွေ့ရသည်။

အဆစ်ရယ်…ငါ တောင်းပန်ပါတယ်။ ငါ့ကြောင့်ပါ…ငါ့ကို ကယ်ခဲ့လို့ မင်း အခုလိုဖြစ်ရတာပါ…ငါ့ကြောင့်။

"နေကြပါဦး…နေကြဦး"

ဒီခေါင်းမှ သွေးများယိုစီးနေပြီ ဖြစ်၏။ အခြေအနေက ထိန်းချုပ် မရနိုင်အောင် ဖရိုဖရဲနိုင်သွားဘသည်။

"ဘာလက်ပိုး…မင်း ပြေးတော့…အဆစ်ကိုခေါ်ပြီး ပြေးပါ။



www.burmeseclassic.com

www.burmeseclassic.com



သူတို့ အဆစ်ကိုလည်း ချမ်းသာပေးကြမှာ မဟုတ်ဘူး…ပြီးတော့ မင်း ထွက်လမ်းကိုတွေ့အောင် အဆစ် ကူညီနိုင်ပါလိမ့်မယ်။ ပြောတော့ ပြော"

"ဟင့်အင်း…ဇိုက်…ငါ မပြောဘူး။ ဒီအချိန်မှာ ငါသာ ထွက်ပြောလိုက်ရင် သူတို့ရှာပဲ့တာတွေ တကယ်ပါလို့ သူတို့ ယုံကြည် သွားမှာပေါ့…ငါ မပြောဘူး"

"အဆစ်…မင်း…ပြောရတာ ကတ်သီးကတ်သတ်နိုင်လှချည် လား…သူတို့ မင်းကို သတ်ကြလိမ့်မယ်။ နားလည်လား…အထင် လွဲတယ်ဆိုတာ ဖြေရှင်းဖို့နည်းလမ်းရှိပေမယ့် လူတစ်ယောက် သေပြီး သွားရင် ဘာမှလုပ်လို့ မရဘူးကွ…သိရဲ့လား"

"ဟင့်အင်း…ငါ မပြောဘူး။ ဇိုက်…မပြောဘူး"

အဝေးမှ ခဲဖြင့် လှမ်းပစ်နေသော လူအုပ်ကြီးသည် ညီညီညာ ညာပင် ချီတက်လာကြလေသည်။

"ဘာလက်ပတိုး…အဆစ်ကို မင်းခေါ်ပြီး ပြေးတော့…မင်းတို့ ခေါင်းမှာ သွေးတွေယိုကျနေတယ်…ရော့…ငါ့အိတ်လွယ်သွား… တောထဲရောက်လို့ သက်သောင့်သက်သာရှိသွားရင် ဆေးလိမ်းလိုက် ပါ…သွားတော့…သွား"

"ဟင့်အင်း…ဇိုက်…ငါ မသွားဘူး…ငါ ကိုယ်လွတ်ရုန်း သွားရင် အမေ့ကို ဘယ်လိုလုပ်မလဲ…သူတို့ အမေ့ကို အလွတ်ပေး ကြမှာမဟုတ်ဘူး"

"အဓိုးကို ငါ ကာကွယ်ပေးပါ့မယ် အဆစ်…ငါ့ကို ယုံပါ"





ဇိုက်က ထိုသို့ ခိုင်မာစွာ ပြောပြီး အဆစ်လက်ကို သူ့လက်ထဲ သို့ ထည့်ပေးသည်။

"ရွာသားတွေက မင်းကို မလိုလားကြပေမယ့် လရှူးရှုနော့် ကတော့ မင်းကို လိုအပ်တယ်…ဘာလက်ပတိုး…မင်း…ပြန်လာလိမ့် မယ်လို့ ငါ ယုံကြည်ပြီး စောင့်နေပါ့မယ်။ ကဲ…သွားတော့"

ဇိုက်သည် သူ့အား ငယ်ပေါင်းကြီးဖော်တစ်ယောက်ပမာ ပခုံးကို ဖက်ပြီး ရင်းရင်းနှီးနှီး နှုတ်ဆက်လေသည်။

သူ့ရင်ထဲ ဝမ်းနည်းလာသလို ခံစားရ၏။ ခွဲခွာခြင်းအတွက် ဝမ်းနည်းမှုမျိုးသည် သူ့ဘဝမှာ ပထမဆုံး ခံစားရခြင်း ဖြစ်၏။ ဘာကြောင့် သူ ဝမ်းနည်းနေရတာလဲ။ သူ…ဒီရွာကို ပြန်လာမှာပဲ။ ဇိုက်တို့နှင့် ထပ်ဆုံရဦးမှာပဲ။ ဘာလို့ ဒီလောက်ထိ ဝမ်းနည်းနေရမှာ လဲ။

"ငါတို့ရဲ့အဆစ်ကို စောင့်ရှောက်ပေးပါ…ဘာလက်ပတိုး… ငါ တောင်းဆိုပါတယ်"

"စိတ်ချပါ ဇိုက်…ကျွန်တော် ဆစ်ကို စောင့်ရှောက်ပါ့မယ်"

"သွားတော့…သူတို့ မင်းတို့ကိုမိသွားရင် မင်းတို့ တစ်ခုခု ဖြစ်လိမ့်မယ်…သွားတော့"

"ခင်ဗျားတို့ အဆင်ပြေပါ့မလား…ခင်ဗျားနဲ့ဒီ"

"သူတို့ ငါနဲ့ဒီကို တစ်ခုခုလုပ်မှာ မဟုတ်ပါဘူး။ ငါတို့က ဘုန်းကြီးရဲ့မွေးစားသားတွေ…ပြီးတော့ ငါမရှိရင် ဆေးကုပေးမယ့်သူ မရှိသလို ဒီမရှိရင် အနာဂတ်ကို ပြောနိုင်မယ့်လူ မရှိဘူး။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ငါတို့ကို တစ်ခုခုဖြစ်အောင် မလုပ်ပါဘူး…သွားကြတော့"

ဖိုက်သည် သူနှင့်အဆစ်ကို တွန်းလွှတ်လေသည်။

သူသည် နောက်ဆုံးနှုတ်ဆက်သည့်အနေနှင့် လရှူးရှုနော်ကို မြဲကာကြည့်သည်။ ပြီးနောက် အဆစ်၏လက်ကို တင်းကျပ်နေအောင် ဆွဲသည်။

"အဆစ်…ကျွန်တော်တို့ သွားကြရအောင်"

အဆစ်သည် မရုန်းကန်ပေ။ သူ ဆွဲခေါ်ရာနောက်သို့ပါလာ၏။

ဖိုက်သည် သူနှင့်အဆစ်နောက်တွင် မားမားကြီးရပ်ကာ ရွာသားများကို ရင်ဆိုင်ဖို့ အသင့်ပြင်နေသည်။

ငါ…အားနာပါတယ်…ဖိုက်…ငါ ရောက်လာခြင်းက မင်းတို့ သူငယ်ချင်းသုံးယောက်ကို ပြဿနာဖြစ်သွားစေတယ်။ ငါ တောင်းပန် ပါတယ်။

"အဆစ်…အဆစ်"

သူနှင့်အဆစ်တို့ တောထဲဝင်ခါနီးအချိန်တွင် နာမည်အော်ခေါ်သံ တစ်ခုကြောင့် သူတို့ လှည့်ကြည့်သည်။

သူတို့ထံပြေးလာနေသော မင်းကို တွေ့ရ၏။

ဘာလုပ်မလို့လဲ…မင်းက ဘာကိစ္စရှိလို့ လိုက်လာတာလဲ။ ပြဿနာတွေ ပြေလည်သွားလို့ ဖိုက်က ပြန်ခေါ်ခိုင်းလိုက်တာလား။

"ရော့…မင်းရဲ့အိတ်ကျန်ခဲ့လို့ ငါ လိုက်ပေးတာ"

မင်းကို သူ ဘယ်တုန်းကမှ ခင်မင်သလို မခံစားခဲ့ရဖူးပေမယ့် ယခုတော့ သူငယ်ချင်းတစ်ယောက်လို ခင်မင်သွားမိသည်။





သူ့ကို ဂရုမစိုက်သလို ဆက်ဆံခဲ့တဲ့ မင်းရဲ့စိတ်ထဲ သူ့အတွက် တွေးပေးလိမ့်မည်ဟု မထင်ခဲ့တာအမှန်ပါ။ အခုတော့ အန္တရာယ်ကြား ထဲမှ သူ့ရဲ့ ကျန်ရစ်ပစ္စည်းကို တောစပ်ထိ အပြေးအလွှားလိုက်ပေး တယ်ဆိုပါလား။

"ကျေးဇူးပဲ…မင်း"

"ဘာတွေ ဘယ်လိုဖြစ်ကုန်သလဲဆိုတာ ငါ အသေအချာမသိ ပေမယ့် အဆစ်…မင်းနဲ့သူက သူတို့စွပ်စွဲသလို မဟုတ်ဘူးဆိုတာ ငါ သိတယ်။ အဲဒီနေ့က မင်းကိုမင်း အိမ်မှာလာရှာတာ ငါ ပါတယ်။ ငါက ပြေးလိုက်လာလို့ ငါ့နောက်က သူ ပါလာတာပါ။ တကယ်တမ်း ပြောရမယ်ဆိုရင် ငါ့အပြစ်လည်း မကင်းဘူး။ ဒါပေမယ့် သူတို့ဗာ တစ်ယူသန်တွေ…ကလေးတွေကလည်း သူနဲ့ငါ အတူပြေးလာတာကို မြင်ရဲ့နဲ့ ဘာကြောင့် ငါပါတာကိုတော့ မပြောကြတာလဲ။ အဝါ့အမေ ခေါ်လုံးပုံရဲ့လက်ချက်ပဲ ဖြစ်ရမယ်။ သူတို့ သက်သက်ချဲ့ကား တာ… ငါ့ကို ခွင့်လွှတ်ပါ အဆစ်ရယ်…ငါက ကြားက ရှင်းပြရမှာ ဆိုပေမယ့်…ငါ…ငါ…"

"ငါ…နားလည်ပါတယ် မင်း…ဒီအချိန်မှာ မင်း သူတို့ကို သွားရှင်းပြနေလည်း မင်းပါရောယောင်ပြီး သူပုန်ဖြစ်မှာပဲ။ သူတို့က ဖိုက်နဲ့ဒီကိုသာ အန္တရာယ်မပေးကြပေမယ့် မင်းကတော့ မတူဘူး။ မင်းတို့တစ်မိသားစုလုံး ရွာထဲမှာနေလို့မရအောင် ဒုက္ခပေးကြလိမ့်မယ်။ မင်း မှန်ပါတယ်"

"အရိုးအိမ်ကို စိတ်ချပါ…အဆစ်…အရိုးကို ငါ တုန်းကြီး



www.burmeseclassic.com

www.burmeseclassic.com



ကျောင်း ပို့ထားလိုက်ပြီ…ဘုန်းကြီးက အရိုးကို ကာကွယ်ပေးမှာပါ။ သွားကြတော့နော်…တော်ကြာ…သူတို့ရောက်လာရင် ဒုက္ခဖြစ်ကုန်လိမ့်မယ်”

မင်းသည် ပြောပြောဆိုဆိုပင် ဝတ်ထားသော အပေါ်ဝတ်အင်္ကျီကို ချွတ်ကာ အဆစ်၏နဖူးတွင် စီးကျနေသော သွေးများကို သုတ်ပေးရှာသည်။

သူ့ရင်ထဲ ထိခိုက်သွား၏။ အဆစ်အပေါ်ထားသော မင်း၏ သံယောဇဉ်ကို သိလိုက်ရ၍ ရင်ထဲ နွေးခနဲ ဖြစ်သွားသည်။

“သွားတော့နော်…အဆစ်…ဒါပေမယ့် ရွာကိုပြန်မလာဘဲတော့ မနေပါနဲ့…ငါတို့…ငါတို့ မင်းကို မျှော်နေမယ်”

မင်းသည် ပြောရင်းဆိုရင်းပင် ချာခနဲ လှည့်ထွက်သွားသည်။ အဆစ် ငိုနေသည်။ အဆစ်ကျောလေးများသည် သိမ့်သိမ့်တုန်နေ၏။

အဆစ်ကို သူ ဘယ်လိုနှစ်သိမ့်ရမှန်း မသိတော့ပေ။

“အဆစ်”

“ကျွန်မ…ဒီမှာ ခဏနေပါရစေ…ကျွန်မကို ဒီမှာ ခဏနေခွင့်ပြုပါ”

“အဆစ်ရယ်”

“ကျွန်မကို မကြည့်ပါနဲ့…မကြည့်နဲ့…မကြည့်နဲ့”

အဆစ်ရဲ့အသံများက လုံးထွေးနေလေသည်။

အဆစ် ဝမ်းနည်းနေမယ်ဆိုတာ သူ သိတာပေါ့။

ဟန်ဆောင်မနေပါနဲ့ အဆစ်ရယ်…မင်း ဝမ်းနည်းနေတယ်ဆို





တာ ငါ သိတာပေါ့။ မျက်ရည်ကျတာက ရှက်စရာမှ မဟုတ်တာပဲ။ ငိုလိုက်ပါ အဆစ်…အားရအောင် ငိုလိုက်ပါ။

တသိမ့်သိမ့် ရှိုက်ငိုနေရှာသော အဆစ်ကို ပွေ့ဖက်ကာ သူ့ရင်ခွင် ထဲ နှစ်သိမ့်ပေးသည်။

အဆစ်သည် ကလေးငယ်တစ်ဦးပမာ အားပါးတရ အော်ဟစ်ငိုကြွေးတော့၏။

မိန်းကလေးတစ်ယောက်၏ ဝမ်းနည်းမှုကို ထိုမိန်းကလေးနှင့် ထပ်တူခံစားမိခြင်းသည် သူ့ဘဝမှာ အဆစ်နဲ့မှသာ ပထမဆုံး ခံစားမိခြင်း ဖြစ်တော့၏။

●



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၁၃)

တောနက်ကြီးထဲတွင် နှစ်ရက်လုံး ယောင်လည်လည်သွားလာခဲ့ကြသော်လည်း ဒီနေရာကိုသာ ပြန်ပြန်ရောက်နေ၍ ထူးဆန်းမိသည်။ အံ့လည်းအံ့ဩမိသည်။ လမ်းရှိလို့ လမ်းမှားနေခြင်းမျိုးမဟုတ်ပေ။

လက်ယာရစ်သွားသောအခါ ဤနေရာသို့ ပြန်ရောက်လာ၍ လက်ဝဲရစ်ပြန်သွားတော့လည်း ဤနေရာမှ ခွာလို့မရပေ။

သူတို့အိပ်စက်စဉ်က ဖိုထားခဲ့သောမီးက တငွေ့ငွေ့ တောက်လောင်နေဆဲသာ ဖြစ်သည်။

"ရှင် လက်မလျှော့သေးဘူးလား ဘလက်ဟိုး"

"မဟုတ်သေးဘူး အခဆစ်...ငါတို့ တစ်ခုခုတော့ မှားနေပြီ"





သူ မကျေနပ်ပေ။ ဘာကြောင့် ဒီလိုဖြစ်ရတာလဲ။

သစ်ပင်များကို သူ ပြန်ရူးစမ်းမိသည်။ ခက်သည်က သစ်ပင်သည် သူနှင့်စိမ်းသောအရာမို့ နာမည်ကို မသိပေ။ ထို့ကြောင့် အရွက်နှင့်လုံးပတ်အရွယ်အစားကိုသာ မှတ်သားမိသည်။ သို့သော် ထူးဆန်းသည်က သစ်ပင်၏လုံးပတ်များသည် တစ်ဆိုဒ်တည်းဖြစ်နေသလားဟု ထင်ယောင်ထင်မှား ဖြစ်ရသည်။

"ကျွန်မတို့ လပြည့်ညကိုပဲ စောင့်ရတော့မယ်"

"ကျွန်တော်တို့မှာ အချိန်မရှိဘူး အခဆစ်...ညကလည်း လျှင်နှစ်ခါလုပ်တယ်မဟုတ်လား။ ခင်ဗျားကို ကျွန်တော် ပြောသားပဲ။ အဲဒီရေပူစမ်းကတောင်ကြောင့် ရွာမှာ အန္တရာယ်ရှိနေပြီလို့"

"ဒါပေမယ့် ဘယ်လိုမှမတတ်နိုင်ဘူးလေ။ ထွက်လမ်းမှ ရှာမတွေ့နိုင်တာပဲ။ ရှာတွေ့တယ်ပဲထားပါဦး...အဲဒီသဘာဝဘေးဒဏ်ကြီးကို ရှင် ဘယ်လိုတားဆီးမှာလဲ"

"တားဆီးလို့မရပေမယ့် လူတွေကိုတော့ ရှင်သန်အောင် ကယ်တင်လို့ရတယ် အခဆစ်"

"မဖြစ်ဘူး...ကျွန်မတို့ရွာက လူတွေက ဘယ်လိုလူမျိုးတွေလဲဆိုတာ ရှင် သိနေတာပဲ။ အဲဒီလိုလူတွေကို အပြင်လောကဆီ ထွက်ခွင့်မပေးနိုင်ဘူး"

"အခဆစ်...ဘယ်လိုပြောလိုက်တာလဲ။ သူတို့ အဲဒီမှာ ဒီအတိုင်းနေလို့တော့ သေကုန်ကြမှာပေါ့"

အခဆစ်သည် ဝိညာဉ်မဲ့သွားသလို ငေါင်စင်းသွားသည်။ အခဆစ်



www.burmeseclassic.com

www.burmeseclassic.com



မျက်ဝန်းသည် တောက်ပမှုတော့ မရှိတော့ပါချေ။ အဆစ် ဘာဖြစ်သွားတာလဲ။

"အာ…မသော်ခင် ပြောသွားတဲ့စကားက မှန်နေပြီနဲ့တူတယ် ဘလက်ဟိုး"

"မင်းရဲ့အဘက ဘာပြောသွားလို့လဲ"

"မျုးမကြာခင်ကာလမှာ မြေကြီးတွေ တုန်ခါလာပြီး ကျွန်တော့်ရွာက မြေကြီးအောက်ရောက်သွားလိမ့်မယ်တဲ့"

"ဒါပေမဲ့ လူတွေ အသက်ရှင်ကျန်ရစ်တယ်ဆိုရင်ပဲ…"

"မဖြစ်ဘူး…ဘလက်ဟိုး…ရှင် တွေ့ကြုံလိုက်ရတာထက် ပိုဆိုးတဲ့ဖြစ်ရပ်မျိုးတွေ ကျွန်မတို့ရွာမှာ ဖြစ်ဖူးတယ်။ စုန်းတစ်ယောက် က ဘယ်လောက်စွမ်းသလဲဆိုတာ ကျွန်မလည်း မသိနိုင်သလို ဘယ်သူမှလည်း မသိနိုင်ဘူး။ သူတို့ ပြင်ပလောကကို ထွက်ခွင့်ရရင် ကမ္ဘာမြေကြီးကို ဒုက္ခပေးလိမ့်မယ်။ ကမ္ဘာ့လူသားတွေကို ဒုက္ခပေးလိမ့်မယ်။ လူတွေ အထိတ်တလန့် ဖြစ်ကုန်လိမ့်မယ်။ ရှင်တို့ ကြည့်ဖူးတဲ့ ရုပ်ရှင်တွေထဲက ဖြစ်ရပ်ထက် ဆိုးတာမျိုးကို တိမ်ညွှန့်စားတဲ့ စုန်းတွေက လုပ်နိုင်တယ်။ တိမ်ညွှန့်စားတဲ့ စုန်းက ကျွန်မတို့ရွာ ဘယ်သူဘယ်ဝါဖြစ်တယ်ဆိုတာ ဘယ်သူကမှ မပြောနိုင်ဘူး။ သူ သိုသိပ်တယ်။ ပညာတတ်ဆန်တယ်။ အကြံကြီးတယ်"

"တိမ်ညွှန့်စားတဲ့စုန်း…ဟုတ်လား"

"သူက နိမ့်ကျတဲ့စုန်းတွေရဲ့သခင် ဖြစ်သည်။ သူက စုန်းတွေ အားလုံးကို အမိန့်ပေးနိုင်တယ်။ သူက လက်သည်းရှက်ထား





ကြောင်နဲ့တူတယ်။ သူ့ကိုသာ ကျွန်မတို့ ကယ်တင်မိရင် ကမ္ဘာကြီးကို ဒုက္ခပေးတဲ့လူက ကျွန်မတို့ပဲ ဖြစ်လိမ့်မယ် ဘလက်ဟိုး…မဖြစ်ဘူး"

"တိမ်ညွှန့်စားတဲ့စုန်းဆိုတာ ဘယ်လိုသိနိုင်မလဲ"

"သူက လမ်းလျှောက်ရင် အသံမထွက်ဘူး။ ပြီးတော့ သူ မအိပ်ဘူး။ ဘယ်လောက်ပဲ ဆောက်တဲ့တောင်ဖြစ်နေပါစေ ပေါ့ပေါ့ပါးပါးပဲ…လမ်းလျှောက်သလို တက်နိုင်တယ်။ အပူအအေးကိုလည်း သူ မခံစားတတ်ဘူး"

အဆစ်က တစ်လုံးချင်း အေးဆေးစွာပြောလျှင် ဘာကြောင့်မှန်း မသိ သူ့အာရုံထဲ ဇိုက်ကိုသာ မြင်ယောင်မိနေသည်။

အဆစ်စကားများသည် ဇိုက်ကို ရည်ညွှန်းပြီး ပြောနေသလို ခံစားရ၏။

"အဲ့ဒီလို…စုန်းတွေက မိန်းမတွေလား…ယောကျ်ားတွေလား"

"ယောကျ်ားလည်း ဖြစ်နိုင်သလို…မိန်းမလည်း ဖြစ်နိုင်တယ်။ ဒါပေမယ့် ငါ့အဘ မသော်ခင်က ပြောသွားတာက ယောကျ်ားတွေသာ တိမ်ညွှန့်စားခဲ့ရင် ဘယ်တန်ခိုးရှင်မှ လိုက်မမှီနိုင်ဘူးတဲ့"

"ဟင်…"

သူ လန့်သွားသည်။ သူထင်တာတွေ ဖြစ်မလာပါစေနဲ့လည်း ဆုတောင်းမိသည်။

"ရှင်…ဘာဖြစ်သွားတာလဲ…ဘလက်ဟိုး"

"ဘာမှမဖြစ်ပါဘူး…ဘာမှမဖြစ်ဘူး"

"မဟုတ်ဘူး…ရှင်…တစ်ခုခု ဖြစ်သွားတယ်"



www.burmeseclassic.com

www.burmeseclassic.com



ထိုစဉ် ဝုန်းခနဲ ကြားရသောအသံနှင့်အတူ မြေကြီး တုန်ခါသွားပြန်သည်။

"ငလျင် ထပ်လှုပ်ပြန်ပြီ"

"ကျွန်မကတော့ လရှုးရှနော်မို့ အန္တရာယ်ဖြစ်ခဲ့ရင်တောင် ဒါ…ကျွန်မရဲ့ကံကြမ္မာဆိုပြီး လက်ခံလို့ရတယ်။ ဒါပေမယ့် ရှင်တော့ မတူဘူး…ဘလက်ဟိုး…ကြီးမားတဲ့အန္တရာယ်မဖြစ်ခင် ရှင့်ကို ကျွန်မပြန်ပို့ရမယ်"

"ကျွန်တော် သေရမှာကြောက်လို့ ပြန်ပြေးတာမဟုတ်ဘူး အဆစ်…အားလုံးကို ကယ်ဖို့အတွက် ပြန်တာပါ"

"ဒါက ကံကြမ္မာတစ်ခုဆိုရင် ရှင် ဘယ်လိုမှ ကယ်လို့မရဘူး ဘလက်ဟိုး"

"ဘာလို့ ကယ်မရရမှာလဲ…ဒီလောက် ငလျင်လှုပ်နေပုံထောက်ရင် အနုချိန်လောက်ဆို ငလျင်တိုင်းတာရေးစခန်းကလည်း အလုပ်လုပ်နေလောက်ပြီ။ မင်းတို့မြို့လေးကို သူတို့ မကြာခင် ရှာတွေ့သွားကြမှာပါ။ ကျွန်တော်လည်း ကျွန်တော်တတ်နိုင်တဲ့နည်းလမ်းနဲ့ အစွမ်းကုန် အကူအညီခေါ်မယ်။ ကျွန်တော့်မိဘတွေကို ပွင့်ပွင့်လင်းလင်းပြောပြီး သူတို့ဆီက အကူအညီတွေ ယူမယ်။ ကျွန်တော့်ကို ယုံပါ…အဆစ်…ကျွန်တော် မင်းကိုရော လရှုးရှနော်ကိုပါ ကယ်တင်ချင်တယ်"

"ကျွန်မကို…"

"ဟုတ်တယ် အဆစ်…မင်း…ကျွန်တော့်ကို ကယ်တင်ခဲ့တာ





တစ်ကြိမ်မကခဲ့ပေမယ့် ကျွန်တော်က လုပ်ပေးနိုင်တဲ့ကိစ္စ ဘာမှမရှိခဲ့ဘူး။ အကယ်၍ မင်းသာ ကျွန်တော့်ကို မကယ်ခဲ့ရင် အခုချိန် ကျွန်တော်က ဒီလောကကြီးထဲမှာ ရှိတော့မှာမဟုတ်ဘူး။ ဘယ်လိုရောက်ပါပြီး ဘယ်လိုဆုံလို့ ဒီနေရာကို ဘယ်လိုရောက်ခဲ့မှန်း မသိပေမယ့် ကျွန်တော် ကျေနပ်ပါတယ်။ အသက်အန္တရာယ်နဲ့ အကြိမ်ကြိမ်အခါခါ ကြုံခဲ့ပေမယ့် ဒုက္ခလို့လည်း မတွေးဘူး။ မင်းနဲ့ဆုံခဲ့ရတာကိုလည်း ကျေးဇူးတင်တယ်။ ပြီးတော့ လရှုးရှနော်…လရှုးရှနော်က ကျွန်တော့်အတွက်တော့ ဂန္ဓဝင်မြို့တော်တစ်ခုပါ။ ကျွန်တော့်ကို လာလည်ခွင့်ပေးတဲ့အတွက် မင်းကို ကျေးဇူးတင်ပါတယ် အဆစ်"

အဆစ်သည် သူ့ကို စိုက်ကြည့်နေလေ၏။

အဆစ်ရဲ့မျက်ဝန်းအကြည့်လေးများသည် သိပ်ကို နူးညံ့သိမ်မွေ့လှသည်။ လမိုက်ညတွင် မြင်တွေ့ရသည့် ကြယ်လေးအလားတောက်ပလင်းလက်လွန်းတဲ့ အဆစ်ရဲ့မျက်လုံးလေးများကို သူ ငေးကြည့်နေမိသည်။

"ရှင့်ဒဏ်ရာ…မကောင်းသေးဘူး…ဘလက်ဟိုး…ရှင့်နဖူးပေါ် သွေးတွေစီးကျနေတယ်"

အဆစ်သည် ပြောပြောဆိုဆိုပင် သူ့နဖူးမှ သွေးများကို အင်္ကျီလက်ဖတ်နှင့် သုတ်ပြန်သည်။

"ခဏနော်…ရှင့်ကို ကျွန်မ ဆေးလူးပေးမယ်"

အဆစ်သည် ပြောပြောဆိုဆိုပင် စိုက် ပေးလိုက်သောလွယ်အိတ်ထဲ နှိုက်ပြန်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဖိုက်က လိမ်းဆေးဖော်စပ်တဲ့နေရာမှာ သိပ်ကျွမ်းကျင်တာ… ကျွန်မတို့ လရှူးရှနော်က ဖိုက်မရှိလို့ မဖြစ်ဘူး"

အဆစ်သည် ပြောဆိုနေရင်းပင် မျက်နှာပျက်သွားသည်။

အဆစ် ဘာဖြစ်သွားတာလဲ။ ဖိုက်ရဲ့အိတ်ထဲ အဆစ် ဘာစမ်းမိလိုက်လို့လဲ။

အဆစ်သည် ပျာပျာသလဲပင် ဖိုက်ရဲ့အိတ်ကို မြေပြင်ပေါ် သွန်ချလိုက်သည်။

"ဟင်"

သူရော်အဆစ်ပါ ထိတ်လန့်သွားသည်။ ဖိုက်ရဲ့အိတ်ထဲတွင် ဆံပင်မွေးများကို တွေ့ရ၏။

ခါတိုင်းနေ့ ဘာလို့ သူတို့ ထိုဆံပင်မွေးတွေကို သတိမပြုမိပါလိမ့်။

သူ တွေးနေရင်းမှာပင် အဆစ်သည် သံဘူးလေးတစ်ဘူးကို ဖွင့်သည်။

"ဒါတွေက အဖုံးပွင့်သွားလို့ ထွက်လာတာပဲ"

အဆစ်သည် ပြောပြောဆိုဆိုပင် ဗလာကျင်းလွတ်နေသော သံဘူးထဲ ဆံပင်မွေးများကို ပြန်ကောက်ထည့်သည်။

ထည့်နေရင်းပင် အဆစ်က သူ့ထံ လှမ်းကြည့်လာ၏။ အဆစ် မျက်လုံးထဲတွင် မျက်ရည်ဥတို့ ခိုတွဲကပ်ညိနေသည်။

"ဘလက်ဟိုး…ကျွန်မတို့ ဖိုက်ကို ဘယ်လိုလုပ်ကြမလဲ"

"ဖိုက်…ဘာဖြစ်လို့လဲ…အဆစ်"





"ဒီဆံပင်ချည်တွေက အားလုံးကို ထိန်းချုပ်ဖို့ သူ သိမ်းထားတာလေ…သူ စုန်းအားလုံးကို ထိန်းချုပ်ဖို့ ယူထားတာလေ။ ဒါကြောင့် သူ ရှေ့ညီညီကို အသည်းအသန် ရှာနေတာပေါ့။ ရှေ့ညီညီက ထိန်းချုပ်ဖို့အတွက် အကောင်းဆုံး အထောက်အကူပစ္စည်းလေ။ ရှေ့ညီညီတွေနဲ့ စုန်းမရဲ့ဆံပင်တွေကို လဲလိုက်ရင် အဲဒီစုန်းမတွေကို သူ ထိန်းချုပ်နိုင်ပြီ။ ဖိုက်ကို…ဖိုက်ကို…ကျွန်မ သံသယရှိခဲ့သေမယ့်…ပေမယ့်…မဟုတ်… မဟုတ်"

"ဟင်…"

"ဒီကို ဘယ်လိုလုပ်ရမလဲ…သူက ဖိုက်ကို သိပ်ခင်တာ။ ဖိုက် ခိုင်းတာမှန်သမျှ လုပ်တယ်။ ဒီလို နက္ခတ်နားလည်တဲ့လူကို ဖိုက်သာ စုန်းအဖြစ် ဖန်တီးလိုက်ရင် ကျွန်မတို့ရဲ့ လရှူးရှနော်…ကျွန်မတို့ရဲ့…"

အဆစ်သည် ဝမ်းပန်းတနည်း ငိုကြွေးနေသလို သူလည်း ထိတ်လန့်တုန်လှုပ်သွားသည်။

မဖြစ်ပါစေနဲ့ဟု ဆုတောင်းနေသောကိစ္စကြီးက ဖြစ်လာခဲ့ပြီဖြစ်၏။

အဆစ်ပြောခဲ့စဉ်က ထိုစကားလုံးတိုင်း၌ ဖိုက်ကိုသာ မြင်ယောင်ခဲ့သည်။ တောင်တက်ရာတွင် သာမန်လူထက် ပို၍ သက်သောင့်သက်သာဖြစ်နေသော ဖိုက်…ပြီးနောက် သူ အဆစ်နှင့်ဖိုက်တို့ သုံးယောက် တောထဲမှာ အိပ်ခဲ့ကြစဉ်က ဖိုက်သည် တစ်ညလုံး မအိပ်ဘဲ မီးဖိုနေမှန်း သူ သိသည်။



www.burmeseclassic.com

www.burmeseclassic.com



ပြီးနောက် ညကင်းလှည့်၍ မိုးသောက်ယံ၌ ဇိုက် ပြန်လာတိုင်း သူ မသိခဲ့ပေ။ ဇိုက်ရဲ့ခြေလှမ်းများသည် ညင်သာလွန်းလှသည် သူ သတိပြုမိခဲ့သည်။

ပြီးနောက် ဇိုက်နှင့်သူ ရေပူစမ်းသွားကြစဉ်က ပူသောရေ ဇိုက်က လက်နှိုက်လိုက်သည်ကို သူ အသည်းကျိန်းခဲ့ဖူးသည်။ သို့သော် ထူးဆန်းတဲ့ လရှုးရှနော်ရွာသားမို့ ဇိုက်ရဲ့ထူးခြားမှုကို သာ ဟုသာ သူ ထင်မြင်ယူဆခဲ့သည်။

ဒါ…ဒါဆို…သူ လရှုးရှနော်ကို ရောက်ရောက်ချင်း ရွှံ့အိမ် ထဲ တည်းနေရင်းက ဝင်လာရမလားဆိုပြီး ခြေသံကြားခဲ့ရတာ ဘယ်သူလဲ…။

"ဘလက်ဟိုး…ကျွန်မတို့ ဘယ်လိုလုပ်ကြမလဲ"

"ဇိုက်က မင်းသုံးနေတဲ့ထွက်လမ်းကို သိသလား"

သူ့မေးခွန်းကြောင့် အဆစ်မှာ ငေးမှိုင်သွားလေသည်။

"ကျွန်မအဘက မသေခင်က စုန်းတွေ ရွာပြင်မထွက်အောင် ကာကွယ်ဖို့ ကျွန်မကို တာဝန်ပေးခဲ့တယ်။ အခုတော့ ကျွန်မ တိ စားတဲ့စုန်းကိုမှ လမ်းပေါက်ပြပေးခဲ့မိပြီ"

"ဟင်…ဒါဆို…ဇိုက်က…"

"သူ လမ်းကြောင်းကိုပဲ သိတာပါ။ ဇိုက် ပြင်ပလောကာ ခုချိန်ထိ မရောက်ဖူးသေးဘူး။ လပြည့်ညတိုင်း မြူတွေဆိုင်း ရှိတယ်။ အဲဒီအချိန် ကျွန်မတို့ ဒီနေရာမှာ ဒီလိုပဲ သွားလာနေကြ ကျွန်မ မျက်စိလည်သွားရင် ဇိုက်နဲ့ လူချင်းကွဲသွားတယ်။ ပြီးရင် ကျွ





ချောက်တစ်ခုတည်း ပြုတ်ကျသွားပြီး ကျွန်မ မသိတဲ့နေရာကို ရောက်သွားတော့တာပဲ"

"ပြန်လာတော့ရော"

"ဒီလိုပဲ…ကျွန်မ မှန်းဆပြီး ပြန်လာရင်းက ဇိုက်နဲ့ ပြန်တွေ့ရတာပါ။ ဒါကြောင့် ထွက်လမ်းက ဒီနေရာမှာပဲ ရှိတယ်ဆိုတာ ဇိုက် သိနေတယ်"

"ဟင်…ဒါဆို…ဇိုက် ဒီနေရာကို လိုက်လာနိုင်တယ်ပေါ့"

သူ့စကားကြောင့် အဆစ်မျက်လုံးများသည် ပျာယာခတ်ကုန်သည်။

"ဒီတစ်ခါသာ လပြည့်လို့ကတော့ ပြင်ပလောကထွက်ရမယ့် နေရာကို ဇိုက် အလွတ်ခံတော့မှာမဟုတ်ဘူး။ ကျွန်မ ဘယ်လိုလုပ်ရမလဲ…ဘလက်ဟိုး"

"ဘယ်လိုလုပ်ရမှာလဲ…ဇိုက် ရောက်မလာခင် ငါတို့ အပြင်ရအောင် ထွက်ရမှာပေါ့"

"ဘယ်လိုထွက်မလဲ…ကျွန်မတို့ ထွက်လမ်းမှရှာမတွေ့တာ"

"ထွက်ပေါက်က ချောက်ကမ်းပါးပဲ ဖြစ်ရမယ် အဆစ်… မြူတွေဆိုင်းနေလို့ မြင်ကွင်းကို မင်း သဲသဲကွဲကွဲ မမြင်ရတာ ဖြစ်မယ်။ ငါတို့ ချောက်ကို တွေ့အောင်ရှာမယ်။ အကယ်၍ တွေ့ခဲ့ရင် အဲဒါ ငါတို့အတွက် ထွက်ပေါက်ပဲ"

အဆစ်ရော သူပါ အားတက်သွားကြသည်။

"ဒါနဲ့ ချောက်ကမ်းပါးအကြောင်း ဇိုက်ကို ပြောမိသေးလား"



www.burmeseclassic.com

www.burmeseclassic.com



အဆစ် ခေါင်းခါပြသည်။

သူ သက်ပြင်းချလိုက်၏။ ထိုစဉ်…

“အဆစ်…အဆစ်…မင်း ဘယ်မှာလဲ…အဆစ်”

“ဟင်”

ခပ်လှမ်းလှမ်းမှ အော်ခေါ်နေသောအသံတစ်ခု ဖြစ်သည်။ ထိုအသံသည် ဇိုက်၏အသံဖြစ်မှန်း သူရောအဆစ်ပါ သိကြသည်။

“သူ လိုက်လာပြီ…ဘလက်ဟိုး၊ သူ့အိတ်ထဲ အမှတ်တမဲ့ ပါခဲ့တဲ့ပစ္စည်းကို သူ သတိရပြီး လိုက်လာတာဖြစ်မယ်”

“အဆစ်…အဆစ်”

အော်သံသည် ပို၍နီးကပ်လာသလို ခံစားရသည်။

“ဘလက်ဟိုး…ရှင် ပြေးတော့…ချောက်ကမ်းပါးကို တွေ့ရင် ရှင့်အတွက် ထွက်ပေါက်ကို တွေ့မှာပါ…ရှင်…သွားတော့”

“မရဘူး အဆစ်…ကျွန်တော် မင်းကိုထားပြီး ဘယ်ကိုမှ မသွားနိုင်ဘူး။ အသက်ရှင်ဖို့ထက် လူပီသဖို့က ကျွန်တော့်တဝအတွက် ပိုအရေးကြီးတယ်”

သူသည် ခိုင်မာစွာဆိုပြီး အဆစ်ရဲ့လက်ကို တင်းနေအောင် ဆုပ်ကိုင်ထားလေသည်။

“ဇိုက်က ကျွန်မကို ခင်တယ်။ ဒါကြောင့် ကျွန်မကို ဘယ်တော့မှ အန္တရာယ်ပေးမယ့်လူမျိုး မဟုတ်ဘူး။ ဒါပေမယ့် ရှင်တော့ မဟုတ်ဘူး ဘလက်ဟိုး…ဒါကြောင့် ရှင် ပြန်ပါ…ရှင့်ကြောင့် ဇိုက်သာ ထွက်လမ်းကို သိသွားခဲ့မယ်ဆိုရင် ကျွန်မတစ်သက်လုံး နောင်တရလို့





ဆုံးတော့မှာမဟုတ်ဘူး…ရှင်…သွားပါတော့”

“ဒါပေမယ့်…အဆစ်ရယ်…ကျွန်တော်က ဘယ်လိုလုပ်…”

သူတို့ အချေအတင် ပြောနေဆဲမှာပင်…

“အဆစ်”

ဇိုက်၏အသံက နီးတာထက်ပါ နီးလာသည်။

“ရှင်…သွားတော့”

အဆစ်သည် သူ့ကို အားနှင့်ဆောင့်ကာ တွန်းလွှတ်လိုက်သည်။

သူ လုံးဝမထင်ထားသည့်အတွက် ဟန်ချက်ပျက်သွားသည်။ ထို့ကြောင့် ဆွဲမိဆွဲရာ လှမ်းဆွဲလိုက်ရာ အဆစ်လက်ထဲမှ ဇိုက်၏အိတ်ကို ဆွဲမိသွားသည်။

သူနှင့်အဆစ်ကြား ဇိုက်၏အိတ်သည် ပေါင်းကူးတံတား ဖြစ်သွားလေသည်။

အဆစ်သည် သူ့ကို မျက်ရည်များကြားမှ တစ်ချက်မျှသာ စိုက်ကြည့်ပြီး အိတ်ကို လွှတ်ချလိုက်သည်။

သူ မြေပြင်ပေါ်လဲကျသွားသည်။

သူ့ရဲ့ အဆစ်မှာမူ သူ့ကို ထပ်လှည့်မကြည့်တော့ဘဲ ချာခနဲ လှည့်ထွက်သွား၏။

“အဆစ်”

သူ ခေါ်လိုက်သည်။ သို့သော် အဆစ်သည် သူ့ထံ မလှည့်တော့ဘဲ လစ်ခနဲ ထွက်ပြေးသွား၏။

သူ ရုတ်တရက် ထရပ်ကာ အဆစ်နောက်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



ထိုအချိန်တွင် မြူများသည် မျက်လှည့်ပြသလို လွှမ်းမိုးလာလေသည်။

"အဆက်"

မြင်ကွင်းသည် သိပ်မသဲကွဲတော့ချေ။ ရှေ့မှသစ်ပင်များကိုလည်း မမြင်ရတော့သလို အဆက်ကိုလည်း မတွေ့ရတော့ပေ။

"အဆက်..."

အဆက် ထွက်သွားရာနောက်သို့ အဆောတလျင် ပြေးလိုက်မိရာ သူ့ခြေလှမ်းများသည်...

"အား..."

သူ့အော်သံသည် တောတောင်တစ်ခုလုံး ပဲ့တင်ထပ်သွားလေ၏။ သူ နောက်ဆုံးသိလိုက်သည်က သူသည် မြေပြင်တလျှောက် ဒလိမ့်ခေါက်ကွေး လိမ့်ကျနေခြင်းသာ ဖြစ်တော့၏။

●





## အခန်း (၁၄)

သူ မျက်လုံးဖွင့်ကြည့်လိုက်သောအခါ ဖြူလွှသောမျက်နှာကျက်တစ်ခုကို တွေ့ရသည်။

"သတိရလာပြီ...သူ သတိရလာပြီ"

အသံများကို ကြားရသည်။

မျက်စိကျိန်းလောက်အောင်လင်းနေသော မီးလုံးများသည် သူ့အမြင်အာရုံကို ဖြူလွှသွားစေသည်။

"အစ်ကို...အစ်ကို...ကျွန်တော့်ကို မြင်သလား...ကျွန်တော် ဘာရန်ဒီးလေ"

ဟုဆိုသဖြင့် ထိုလူကို သူ လှမ်းကြည့်လိုက်သည်။

အသားနီစပ်စပ်နှင့်လူတစ်ဦး ဖြစ်သည်။ ဘယ်သူလဲ...၊ ထိုလူကို သူ မသိသည်မှာ အမှန်ပါ။



www.burmeseclassic.com

www.burmeseclassic.com



"ဒီမှာလေ…ဘကြီး…ဦးလဂျား…သူလည်း အစ်ကို့ကို စိတ်ပူနေတယ်"

"သားလေး…သား…"

ထပ်ပြီး ကြားရသောအသံသည် မေမေ့အသံ ဖြစ်သည်။ ထိုအခါမှ သူ အားတက်သွားလေသည်။

"သားရယ်…တော်ပါသေးရဲ့…မသေကောင်းမပျောက်ကောင်း ကွယ်…ဒါကြောင့် ခရီးသွားရင် တစ်ယောက်တည်း မသွားပါနဲ့လို့ မေမေ အတန်တန်ပြောနေတာပေါ့"

"ခရီးသွားတယ်…ဟုတ်လား…မေမေ"

"အေးလေ…အခု မြစ်ကြီးနားဆေးရုံမှာလေ…သား ဒဏ်ရာ ရတယ်ဆိုပြီး အကြောင်းကြားလို့ မေမေ လိုက်လာခဲ့တာ။ သားအတွေး ဆို သားရဲ့သတင်းကြားပြီး အိပ်ရာထဲ လဲနေပြီ"

"ဗျာ"

"ဒီလိုမိတ်ဆွေကောင်းတွေနဲ့ တွေ့ရလို့သာပေါ့…ဒီက ဦးလေး နဲ့တူလေးကိုလည်း ကျေးဇူးတင်ပါတယ်ကွယ်…ကျွန်မသားမှာ ကျေးဇူးရှင်တွေပေးတဲ့အသက်ပဲ ရှိပါတော့တယ်"

"သူတို့က ဘယ်သူတွေလဲ…မေမေ"

သူ့စကားကြောင့် မေမေ့မျက်နှာ ပျက်သွားလေသည်။

"အစ်ကို…ကျွန်တော်လေ…ဘရန်ဒီးပါ…မြစ်ကြီးနားမြို့ထဲ အစ်ကိုနဲ့ ကျွန်တော် ရက်တွေ အတော်ကြာ လည်ပတ်ခဲ့ကြတယ်လေ။ ပြီးတော့ ရှဝါးက ဦးလဂျားအိမ်မှာ တည်းခိုခဲ့ကြတယ်လေ"





"ရှဝါး…ဟုတ်လား…သူ ဘာတွေပြောနေတာလဲ…မြစ်ကြီး နားဆိုတာ ကျွန်တော်…အား"

သူ ခေါင်းတွေကိုက်ခဲလာလေသည်။

"သား…ဘာဖြစ်တာလဲ…သား"

"ခေါင်းတွေကိုက်တယ် မေမေ"

ရိုးသားပုံရသော အဘိုးကြီးနှင့် သူနှင့် သက်ရွယ်တူကောင် တစ်ကောင်ကိုတော့ အားနာမိသည်။ သို့သော် သူ့ခေါင်းတွေ နလန် မထူနိုင်တာ အမှန်ပါ။

"လူနာကို အနားပေးလိုက်ကြပါ"

"ဆရာ…ကျွန်မသားကို ရန်ကုန်ပြန်ခေါ်သွားချင်တယ်။ ကျွန်မကို ကူညီပါ…ဆရာ"

"ရပါတယ်ခင်ဗျာ…ကျွန်တော် အစစအရာရာ အဆင်ပြေ အောင် ကူညီပါ့မယ်…ကူညီပေးဖို့အတွက် အစ်မရဲ့အမျိုးသား ကိုမျိုးညွန့်ကလည်း ကျွန်တော့်ကို ဖုန်းဆက်ထားပါတယ်"

မေမေနှင့်ဆရာဝန်ကြီးတို့ အပြန်အလှန်ပြောနေကြသည်ကို သူ ကြားနေရ၏။

သူ ခေါင်းထဲ တဆစ်ဆစ် ထိုးကိုက်နေ၍ သူ့မျက်လုံးတွေကို ဖွင့်လို့မရချေ။

သူ့အာရုံထဲ တောအုပ်ကြီးနဲ့ တောင်တန်းကိုသာ မြင်နေရသည်။ ပြီးနောက် မီးခိုးတွေ တလူလူထွက်နေသော တောရွာလေး။ ဘာတွေ လဲ…ဘာတွေလဲ…သူ မြင်နေရတာတွေက ဘာတွေလဲ…။



www.burmeseclassic.com

www.burmeseclassic.com



"သား…သား…နေသာရဲ့လား…သား"

"ကျွန်တော် ခေါင်းတွေကိုက်နေတယ် မေမေ"

သူ ထိုသို့ပြောလိုက်စဉ်မှာပင် လျှော်တစ်ခု ဖြတ်ပြေးသွားသလို သူ့အိပ်နေရာကုတင်ကြီး တုန်ခါလာသည်။

"အခုတလော မြေလျှော်တွေ ခဏခဏလှုပ်နေတယ်။ ဘယ်နေရာ ဘာဖြစ်နေမှန်းမသိဘူး"

ခပ်လှမ်းလှမ်းမှ အသံတစ်ခုကို ကြားရလေ၏။

သူ့ခေါင်းတွေ ကိုက်ခဲလာလေသည်။

မြေလျှော်ဆိုသောစကားစုသည် သူ့ဦးနှောက်ကို အပ်နှင့် ထိုးဆွနေသလို နာကျင်မိသည်။

"သား…နေသာရဲ့လား…သား"

"ကျွန်တော့်ကို အိပ်ဆေးတစ်လုံးလောက် ထိုးပေးလို့ရမလား ဆရာ…ကျွန်တော် အိပ်ပျော်မှဖြစ်မယ်"

သူ တောင်းဆိုလိုက်သောအခါ ဆရာဝန်ကြီးက ခေါင်းညိတ်နေလေသည်။

သိပ်မကြာလိုက်ပါ။ သူ့ရဲ့ခြေတွေလက်တွေ လေးလံထိုင်းမှိုင်းလာသည်။

အကြားအာရုံတွေပင် တဖြည်းဖြည်း နှေးကွေးဝေဝါးလာသည်။

သို့သော် ကြယ်လေးတစ်ပွင့်နှင့်တူသော မျက်လုံးလေး…

ပြီးနောက် မီးခိုးတလူလူ ထွက်နေသော ရွာကလေး…

ပြီးနောက် တရားထိုင်နေသော ဘုန်းကြီးတစ်ပါး…





ပြီးနောက် မီးတုတ်တွေ ကိုင်ထားသော လူအုပ်ကြီး…

ပြီးနောက် သူ့လက်ကိုဆုပ်ကိုင်ထားသော လက်တစ်စုံ…

ပြီးနောက် သူ့ရင်ခွင်ထဲမှ မိန်းကလေး…

ဘယ်သူတွေလဲ…ဘာတွေလဲ…ဘယ်နေရာတွေလဲ…။

●



www.burmeseclassic.com

www.burmeseclassic.com

# အခန်း (၁၅)

"သား…နေသာရဲ့လား…သား…ခေါင်းမူးတာတို့ဘာတို့ ဖြစ်သေးလား"

သူ ဒဏ်ရာရပြီးနောက်ပိုင်းမှ မေမေရောမေမေပါ သူ့ကို အရိပ်တကြည့်ကြည့် လုပ်လာကြရ၍ ရင်ထဲ၌တော့ ကျေနပ်မိသားပင်။ ဒဏ်ရာရတာ နောက်ကျလိုက်တာဟုပင် မတွေးကောင်းသည့်အတွေး ကို တွေးမိလေသည်။

"ကောင်းသွားပါပြီ မေမေ…ကျွန်တော် ဘာမှမဖြစ်တော့ပါ ဘူး…ဒဏ်ရာပျောက်တာပဲ နှစ်လကျော်နေပြီ"





"ဒါဆို…သား…အပြင်လေးဘာလေး သွားပြီး သူငယ်ချင်း တွေနဲ့ သွားတွေ့လေ…အိမ်ထဲမှာချည်း ငြိမ်နေတော့ မေမေ စိတ်မချမ်း သာဘူး"

သူ ပြုံးမိသည်။ တစ်ချိန်က အပြင်ထွက်လွန်းသည့် သူ့ကို အပြင်မသွားရန် တားမြစ်ခဲ့တာလည်း မေမေပဲ ဖြစ်၏။ အခု သူ အိမ်ထဲငြိမ်နေပြန်တော့လည်း ငြိမ်နေလို့ စိတ်ထိခိုက်ပြန်တော့လည်း မေမေပဲ ဖြစ်နေပြန်သည်။

"သား ပျောက်သွားတဲ့ အဲဒီဆယ့်ငါးရက်လောက်အချိန်တွေ ကို တကယ်ပဲ သား ဘာမှမမှတ်မိဘူးလား"

"ကျွန်တော် မြစ်ကြီးနားကို ဘယ်လိုရောက်နေသလဲဆိုတာ တောင် သတိမရပါဘူး မေမေ…စဉ်းစားရင်လည်း ခေါင်းတွေပဲ ကိုက်လာတယ်"

"ဒါဆို…မစဉ်းစားနဲ့တော့ သား…အဲဒီဆယ့်ငါးရက်ကို မေမေ တို့ မသိရရင်လည်း ဘာမှဖြစ်မသွားဘူး။ ကဲ…သား…နားပါ။ good night…မေမေလည်း နားတော့မယ်"

"good night…မေမေ…"

မေမေ့ကို နှုတ်ဆက်လိုက်သော်ငြား သူသည် အိပ်ချင်စိတ် မဖြစ်သေးချေ။

ထို့ကြောင့် ဝရန်တာကို ထွက်ရပ်ပြီး ကောင်းကင်ကြီးကို မော့ကြည့်မိသည်။

သူ ပြုံးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



လင်းလက်တောက်ပနေသော ကြယ်များကိုကြည့်ပြီး တစ်စုံတစ်ယောက်ကို သတိရလာသလို ခံစားရသည်။

ဘယ်သူလဲ…သူနဲ့ ကြယ်အတူတိုင်ကြည့်ပေးခဲ့သူက ဘယ်သူလဲ…သူ စဉ်းစားသည်။ သို့သော် အတွေးမပေါ်ချေ။ သူ့ခေါင်းတွေ တဆစ်ဆစ် ကိုက်နေသည်။ သူ့စိတ်ထဲ၌ တစ်ခုခု ပျောက်ဆုံးနေသလို ခံစားရသည်။

အရေးကြီးသည့်ကိစ္စတစ်ခုကို မေ့လျော့နေသလို ခံစားရသည်။ ဘာလဲ…သူ ဘာလုပ်ဖို့ လိုနေတာလဲ။

စဉ်းစားလေ ခေါင်းကိုက်လေ ဖြစ်လာ၏။

ထို့ကြောင့် ခေါင်းကြည်သွားရန် သံပရာရည်သောက်ပစ်ဖို့ အိမ်အောက်ထပ်သို့ ဆင်းလာသည်။

"ဟင်…မြေးလေး…မအိပ်သေးဘူးလား"

အဘွားသည် အထုပ်လေးတစ်ထုပ် ဆွဲ၍ အခန်းထဲမှ ထွက်လာသည်နှင့်ဆုံသည်။

"ဘာတွေလဲ…ဘွား…ညကြီးသန်းခေါင် ဘာတွေသိမ်းဆည်းနေတာလဲ"

"ဘာရယ်မဟုတ်ပါဘူး…မြေးရဲ့ပစ္စည်းတွေပါ။ ကင်မရာ အကျီအပဲ့တွေနဲ့…ကချင်အဘိုးကြီး ပေးလိုက်တယ်ဆိုတဲ့ စာအုပ်စုတ်ပါ"

"ကချင်အဘိုးကြီး…ဟုတ်လား"

သူ စဉ်းစားသည်။ ထိုစဉ် ခေါင်းရုံမှ အဘိုးအိုရဲ့မျက်နှာကို





မြင်ယောင်လာမိသည်။

"ပေး…ကျွန်တော် သွားပစ်ပေးမယ်"

"ရပါတယ်…ဘွားဟာဘွား ပစ်မယ်"

"ဒါဆိုလည်း ထားလိုက်ပါ အဘွားရယ်…မနက်မှ ပစ်လည်း ရတဲ့ဟာကို"

ဘွားအေလက်ထဲမှ အိတ်ထုပ်ကို ဆွဲယူပြီး စားပွဲပေါ်တင်လိုက်သည်။

"အိပ်တော့လေ…ဘွား…လာ…ဘွားကို ကျွန်တော် နှိပ်ပေးမယ်"

"ဆယ့်ငါးရက်လောက် အိမ်ကနေ ပျောက်သွားပြီးတာနဲ့ နတ်ရေကန်ထဲက ပြန်တက်လာတဲ့လူလိုပဲ အချိုးတွေပြောင်းနေတယ်။ ကြိုက်လှပါချည်ရဲ့ဆိုတဲ့ KFC ကြက်ကြော်လည်း လုံးဝ မစားတော့ဘူး"

"မုန့်ဖိုးများ ပိုပေးမလားလို့ပါ"

"မုန့်ဖိုးမလုပ်နဲ့…မင်းရဲ့အဖေက မင်း ပုံမှန်ဖြစ်သွားရင် သူ့ကုမ္ပဏီမှာ အလုပ်သင်ဝင်လုပ်ရမယ်လို့ မနက်က အမိန့်ချသွားတယ် မဟုတ်လား"

"သင်စရာမလိုပါဘူး ဘွားရယ်…ကျွန်တော်က တတ်ပြီးသားပဲ"

သူသည် ပြောပြောဆိုဆိုပင် ရီမုခ်ကို ကိုင်ပြီး တီဗွီကို ဖွင့်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



မြန်မာနေရှင်နယ်ရုပ်သံလိုင်းမှ သတင်းလာနေ၏။

ကချင်ပြည်နယ်မှ တောင်တန်းတွေကြားတွင် မီးတောင်လေး တစ်ခုက အသေးစားပေါက်ကွဲမှုဖြစ်ခဲ့တဲ့သတင်း ဖြစ်သည်။ သူရော ဘွားအေပါ တိတ်ဆိတ်ပြီး သတင်းကို နားထောင်နေကြသည်။

သတင်းကြေညာသူသည် မလွန်တောင်တန်းဟု ပြောသွားသဖြင့် သူ့စိတ်ထဲ တွေးစရာဖြစ်သွားသည်။

ထိုနာမည်သည် သူနှင့် ရင်းနှီးနေသလို ခံစားရ၏။

ဘယ်မှာလဲ…ဘယ်တုန်းက ရင်းနှီးခဲ့တာလဲ…။

လူသူနေထိုင်ရာအရပ်ဒေသနှင့် ဝေးသောနေရာမှ ပေါက်ကွဲမှု ဆိုပါလား…။

"မြေဆီလွှာပြောင်းလဲမှုနှင့် မြေငလျင်များကြောင့်ဟု သိပ္ပံ သုတေသီများက ခန့်မှန်းပြောဆိုထားပါတယ်ရှင်…အဆိုပါပေါက်ကွဲ မှုကြောင့် လူအသေအပျောက် မရှိဘူးလို့တော့ သက်ဆိုင်ရာအာဏာ ပိုင်များက သတင်းထုတ်ပြန်ခဲ့ပါတယ်ရှင်…ဆက်လက်ပြီး…"

ရီမုခ်ဖြင့် တီဗွီကို ပိတ်ချပစ်လိုက်သည်။

သူ့ရင်ထဲ ဝမ်းနည်းနေသလို ခံစားရသည်။ ကိစ္စကြီးတစ်ခုကို သူ မေ့နေတယ်ဟုလည်း ခံစားရသည်။

အသေးစားပေါက်ကွဲမှုလေးကို သူ ဘာကြောင့် ထိထိခိုက်ခိုက် ခံစားနေရတာလဲ…ဘာကြောင့်လဲ…။

●





## အခန်း (၁၆)

"အစ်ကိုလေး…ဒီအထုပ်က ပစ်ရမှာလား…စားပွဲပေါ်တင် ထားလို့"

သူ မနက်စာစားနေသောအချိန်တွင် အိမ်အကူ မပုက အထုပ် ကြီးတစ်ထုပ်ကို ပြလာ၍ သူ ကြည့်သည်။

ညတုန်းက အခွားက ပစ်ဖို့ထုတ်လာသောအထုပ် ဖြစ်နေသည်။

"ပစ်လိုက်လေ…ပစ်ဖို့ အခွား ထုတ်လာတာပဲ"

"ဒါပေမယ့်…အစ်ကိုလေးရဲ့ပစ္စည်းတွေပါတယ်"

"မကောင်းတော့တဲ့ဟာတွေမဟုတ်လား"

"ဟုတ်…"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို…ပစ်လိုက်တော့"

သူသည် သာမန်ကာလျှံကာသာ ပြောပြီး ကော်ဖီကို တစ်ငုံမျှ ငုံ့သောက်သည်။

"အစ်ကိုလေး…ခရီးသွားတုန်းက သုံးခဲ့တဲ့ပစ္စည်းတွေမို့ပါ"

ဟုဆိုပြီး မပုက လှည့်ထွက်ဖို့ကြံနေလျှင် သူသည် သောက်လက်စ ကော်ဖီခွက်ကို ချလိုက်သည်။

"မပု…ခဏ"

ရပ်နေသော မပုထံ သူ လျှောက်သွားပြီး မပုလက်ထဲမှအထုပ်ကို လှမ်းယူသည်။

"ကျွန်တော် ပစ္စည်းတွေ စစ်လိုက်ဦးမယ်"

သူသည် ထိုအထုပ်ဆွဲယူပြီး အပေါ်ထပ်သို့ တက်လာသည်။ ပြီးနောက် အခန်းတံခါးကို လော့ချကာ အိတ်ကို ကြမ်းပြင်ပေါ် သွန်ချသည်။

ပစ္စည်းပစ္စယတွေ တော်တော်များများ ထွက်လာပြီးနောက် နောက်ဆုံးတွင် ဟောင်းနွမ်းသော စာအုပ်တစ်အုပ် ထွက်လာသည်။ သူသည် ထိုစာအုပ်ကို ကိုင်ကြည့်သည်။

"လရှုးရှနော်…နာမည်ကြီးကလည်း ဘာလဲ"

ထူးဆန်းသောနာမည်ကြောင့် စာမျက်နှာအချို့ကို လှန်လှောပြီး ဖတ်သည်။

စာရေးသူမှာ ဦးသောင်းကြည်ဖြစ်ပြီး မလှန်တောင်တန်းတွေကြားမှ လရှုးရှနော်ရွာလေးအကြောင်း ရေးထားခြင်းဖြစ်သည်။





စာရေးသူသည် လရှုးရှနော်ဆိုသည့်ရွာသို့ မျက်စိလည်ပြီး ရောက်သွားခဲ့သည်။ စာရေးသူ ရောက်သွားသောအချိန်၌ ရွာသည် ဒုက္ခသရဲစီး၍ လူသေကောင်ခေါင်းတလားဟု ခြောက်လန့်ခြင်းကို ခံနေရချိန် ဖြစ်သည်။

သူ လန့်သွားသည်။ ဤအရာသည် ပုံပြင်သက်သက်သာဖြစ်သော်ငြား သူ လက်တွေ့ကြုံခဲ့ရသလို ခံစားရ၏။

ပြီးနောက် စက်ပစ္စည်းဆိုတာ ဘာမှန်းမသိကြောင်း၊ ဖယောင်းတိုင်မသုံးဘဲ ရိုးရာမပျက် မီးတုတ်များကိုသာ သုံးကြကြောင်း၊ ဆန်ဖွတ်မောင်းထောင်းကြကြောင်း၊ စုန်းတွေပေါကြောင်းကို တခမ်းတနား ရေးသားထားသည်။

ထိုစာအုပ်သည် ကလေးပုံပြင်စာအုပ်ဖြစ်သော်ငြား သူ့အတွက်တော့ ထိခိုက်ခံစားရစေသည်။ ထိုစာအုပ်ထဲမှ အကြောင်းအရာများသည် သူဖြစ်ခဲ့ဖူးသောအကြောင်းအရာများဟု ခံစားရသည်။

စာအုပ်ထဲမှ စုန်းများအကြောင်းကို ဖတ်နေဆဲမှာပင် ကြောင်သေတစ်ကောင်ကို မြင်ယောင်မိလာသည်။ ပြီးနောက် ရေပူစမ်းတစ်ခု… ပြီးနောက် လှုပ်ရှားနေသော လူသေကောင်ခေါင်းတလားတစ်ခု။

"ငါ…ဘာတွေမြင်နေတာလဲ"

စာအုပ်ကို သူ ဆက်ဖတ်သည်။ စုန်းကဝေများ၏ ကြောက်စရာကောင်းကြောင်းကို သူ ဖတ်ရသည်။

သူ့လက်ဖျံတွင် ကြက်သီးမွေးညှင်းများ ထလာသည်။

"ငါ…ဘာဖြစ်နေတာလဲ"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတွင် စာရေးသူသည် ချောက်ကမ်းပါးတစ်ခုမှ ပြုတ်ကျခဲ့ကြောင်း ရေးသားထားသည်။

"ချောက်ကမ်းပါး…"

သူ ထိတ်လန့်သွားသည်။

သူ့အာရုံထဲ မြူခိုးတွေဝင်လာသည်။ ပြီးနောက် စိမ်းလန်းသော တောအုပ်…ပြီးနောက် ကြယ်တွေကို ရေတွက်နေသူ…ပြီးနောက် သူနှင့် ရေအတူချိုးနေသူ…

သူသည် ရေးကြီးသုတ်ပျာပင် အပုံလိုက်ပျက်စီးနေသော အမှိုက်ထဲမှ ရှာဖွေမိသည်။

လွယ်အိတ်စုတ်တစ်လုံးကို တွေ့လိုက်ရ၏။

ထိုအိတ်ထဲ သူရှာဖွေလိုက်ရာ ဆပ်ပြာတစ်တုံးနှင့် ခေးဘူးအချို့ကို တွေ့ရသည်။

ထိုဆပ်ပြာတုံးကို ကိုင်ကြည့်သောအခါ သူနှင့် ရေအတူ ရေချိုးနေသူကို မြင်ယောင်မိလာသည်။ ပြီးနောက် သူ့ကိုစိုက်ကြည့်နေသော မျက်လုံးလေး…။

သူသည် ရေးကြီးသုတ်ပျာပင် ကင်မရာကို ရှာသည်။

ကင်မရာသည် သုံးစားလို့မရလောက်အောင်ပင် ပျက်စီးနေသော်ငြား ထိုအထဲမှ မန့်ဘိုရီကဒ်ကို သူ ရရှိလိုက်၏။

ထိုမန့်ဘိုရီကဒ်ကို ကွန်ပျူတာထဲထည့်ပြီး ရှာဖွေကြည့်လိုက်သောအခါ…

"ဟင်…"





သူ မှင်တက်သွားသည်။

သားအမိနှစ်ယောက် ဆန်ဖွတ်မောင်းထောင်းနေပုံများနှင့် လရှုးရှုနော်…

"အဆစ်"

သူ နာမည်တစ်လုံးကို ရေရွတ်လိုက်မိသည်။

သူ့ရင်ထဲ ပျောက်ဆုံးနေသော နာမည်လေး ဖြစ်၏။

"အဆစ်ရယ်…"

မျက်ရည်များ စီးကျလာလေသည်။

အံကိုတင်းနေအောင် ကြိတ်ထားမိသည်။ နောင်တရမိသည်။ နာကျင်မိသည်။

"အဆစ်ရယ်…"

သူ၏မျက်ရည်များသည် ကွန်ပျူတာကီးဘုတ်ပေါ်သို့…

●



www.burmeseclassic.com

www.burmeseclassic.com



# အခန်း (၁၇)

"ဒါ...မင်း သိပ်တွေ့ချင်တဲ့ လရှုးရှုနော်ပဲ ကောင်လေး"

ဦးလဂျားသည် မလွန်တောင်ထိပ်၌ ရပ်ပြီး ချော်ရည်ခဲများ လွှမ်းမိုးထားသော မြေစိုင်မြေခဲများကို သူ့အား ညွှန်ပြသည်။

သူသည် စိတ်ပျက်လက်ပျက်ပင် မြေကြီးပေါ် ထိုင်ချလိုက်၏။

"အခုတော့...သူတို့တစ်ရွာလုံး မြေကြီးအောက် ရောက်ကုန်ပါပြီ။ လရှုးရှုနော်ဆိုတာ ဒီကမ္ဘာကြီးမှာ မရှိတော့ပါဘူး"

"ကျွန်တော့်အများတွေပါဗျာ...ကျွန်တော် အသုံးမကျလို့ပါ"

"မင်းက ဘုရားသခင်ဖြစ်ခဲ့မယ်ဆိုရင်တောင် အဲဒီမီးတောင်ကြီးကို မတားဆီးနိုင်ပါဘူး။ ဒါကြောင့် မင်းကြောင့်ဖြစ်တယ်ဆိုပြီး မခံစားနေပါနဲ့"





သူ့ရင်ထဲ နာကျင်နေမိသည်။

ဒါ သူသိခဲ့သော လရှုးရှုနော်မှ ဟုတ်ပါလေစ...။

အဆစ်ရယ်...ကတိမတည်နိုင်ခဲ့တဲ့ ငါ့ကို မင်း ခွင့်မလွှတ်ပါနဲ့တော့။

"ကဲ...ကောင်လေး...မကြာခင် မြူတွေဆိုင်းလာတော့မယ်။ ငါတို့ ပြန်ကြရအောင်"

"ကျွန်တော် ခဏနေချင်သေးတယ် ဘကြီး"

"နောက်နေ့တော့ ပြန်လာပေါ့ကွယ်...မြူတွေကျလာရင် ဘယ်လောက်အခြေအနေဆိုးသလဲဆိုတာ မင်းလည်း ကိုယ်တွေ့ကြုံခဲ့ပြီးပြီပဲ"

ဟုဆိုတော့မှ သူသည် ဒူးထောက်ထိုင်နေရာမှ ထရပ်လိုက်သည်။

"သူတို့ တစ်ယောက်မှ အသက်မရှင်ကြဘူးလား ဘကြီး"

လှည့်ထွက်ဟန်ပြင်နေသော ဦးလဂျားသည် သူ့ထံ လှည့်ကြည့်လာသည်။

"ဝက်ပါပတ်လမ်းဆိုတာ မင်းလည်း သိနေတာပဲ"

သူ စိတ်ဓာတ်ကျသွားသည်။

အဆစ်ရဲ့ကျေးဇူးတွေကို သူ ဘယ်လိုဆပ်ရမလဲ...။

ကျေးဇူးဆိုတာထက် ကတိမတည်နိုင်ခဲ့ခြင်းကို ပို၍ ဝမ်းနည်းသည်။

အကယ်၍ တမလွန်ဘဝဆိုတာရှိခဲ့ရင် တစ်နေ့ သူ သေဆုံးပြီး



www.burmeseclassic.com

www.burmeseclassic.com



တမလွန်မှာ အဆစ်နဲ့တွေ့ရင် သူ ဘယ်လိုရင်ဆိုင်ရမလဲ။

"ဒါပေမယ့် လူတချို့တော့ ရှင်သန်ကြတယ်"

"ဗျာ…လူတချို့…ဟုတ်လား"

"သူတို့ အခု ငါ့အိမ်မှာ တည်းခိုနေကြတယ်"

"ဗျာ"

သူ့တစ်ကိုယ်လုံး လေထဲမြောက်တက်သွားသလို ခံစားရသည်။

"အဲ့ဒီအထဲမှာ မင်းနဲ့သိတဲ့လူတွေ ပါချင်ပါနေမှာပေါ့"

သူသည် ဦးလဂျားကို မစောင့်နိုင်တော့ပါဘဲ တောင်ပေါ်မှ ပြေးဆင်းသည်။

သူ မမောနိုင်ပါချေ။

သူ့အတွေးတွေထဲ လရှူးရှုနော်က ပြည့်သိပ်နေသည်။ အသက်ရှင်သူတွေထဲ အဆစ်မှပါရဲ့လား။

အဆစ်ပါ..ပါစေ…ဟု အကြိမ်ကြိမ် ဆုတောင်းမိသည်။

သူ့ဆုတောင်းကို နတ်မင်းအပေါင်းတို့က လစ်လျူမရှုခဲ့ပေ။

ဦးလဂျား၏နေအိမ်ဝင်းထဲ ဝင်ဝင်ချင်းမှာပင် ပေါင်းမြက်နုတ်နေသော အဆစ်ကို တွေ့ရလေ၏။

သူ ပျော်ရွှင်သွားသည်။

သူ့စိတ်တွေ တက်ကြွလာသည်။

မတွေ့ရတော့ဘူးဟု ထင်ထားသော လူတစ်ယောက်ကို ခုလို မျက်ဝါးထင်ထင် တွေ့လိုက်ရ၍ သူက သူ မဟုတ်သလို ခံစားရ၏။

"အဆစ်…"





သူ့အသံကြောင့် အဆစ်သည် သူ့ထံ လှမ်းကြည့်သည်။

"အဆစ်…"

"ဘုရားသခင်…ရှင်…" 

"အဆစ်ရယ်…ကျွန်တော် ဝမ်းသာလိုက်တာဗျာ"

သူသည် သိက္ခာတွေ၊ စောင့်စည်းမှုတွေကို မေ့လျော့သွားပြီး အဆစ်ကို ပွေ့ဖက်ပစ်လိုက်သည်။

"ကျွန်တော့်ကို ခွင့်မလွှတ်ပါနဲ့ အဆစ်ရယ်…ကျွန်တော်လေ"

"ဦးလဂျားပြောပြလို့ ရှင့်ရဲ့ကျန်းမာရေးအကြောင်း ကျွန်မ သိပြီးပါပြီ…ရှင့်ကို ကျွန်မ အပြစ်မတင်ပါဘူး။ ဒါကြောင့် အပြစ်ရှိတယ်လို့ မခံစားပါနဲ့"

"မင်းတစ်ယောက်တည်းလား"

"မဟုတ်ဘူး…ဒီနဲ့မင်းလည်း ပါတယ်။ သူတို့ တောင်ခြေမှာ ရေသွားခတ်ကြတယ်"

"အဒေါ်…အဒေါ်ဒေါ်သဲအိမ်ရော"

"အမေကတော့ သူတို့နဲ့အတူ ပါသွားတယ်"

"အဆစ်ရယ်…"

"ကျွန်မ ထင်ပါတယ်။ ရှင် ပြန်ကောင်းလာမယ့်နေ့…ရှင်…လရှူးရှုနော်ကို ပြန်လာမှာပဲလို့ ကျွန်မ ယုံကြည်နေခဲ့တယ်။ ပြန်လာပေးတဲ့အတွက် ကျေးဇူးပါပဲ"

"အဆစ်ရယ်…"

သူသည် အဆစ်ကို နွေးထွေးစွာ ပွေ့ဖက်ထားမိတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ ရန်ကုန်ကို ပြန်ရအောင်နော်"

"ကျွန်မတို့ ပြင်ပလောကနဲ့ မကျွမ်းဝင်ပါဘူး။ ရှင့်ကိုပဲ အားကိုးပြီး နေရမှာပါ...ဘလက်ဟိုး"

"အဲဒီလိုပြောပေးတဲ့အတွက် ကျေးဇူးပါပဲ အခဆစ်ရယ်... ငါ အသက်ရှင်နေသမျှကာလတစ်လျှောက်လုံး မင်းတို့ကို ငါ အသက်နဲ့ ထပ်တူ စောင့်ရှောက်ပါ့မယ်"

ဟု သူ့ရင်ထဲမှစကားလုံးကို လှိုက်လှဲစွာ ပြောပစ်လိုက်သည်။

ထိုအခါ ပြုံးသွားသော အခဆစ်၏နှုတ်ခမ်းလေးသည် ပွင့်ဟာကာစ နှင်းဆီလေးနှင့်တူလှသည်။

တောက်ပလှသော အခဆစ်ရဲ့မျက်လုံးလေးများသည် လမိုက်ညတွင် လင်းလက်လေ့ရှိသော ကြယ်လေးများပမာ...

ရသတို့နှင့် ပြည့်စုံပါစေ...။

မယ်နိုင်



www.burmeseclassic.com